
www.burmeseclassic.com

# ဝင်းဖော်(သစ်တော)



## မုဆိုးမြားမှန်
## သေနတ်ကျည်ထိ

နှင့် အခြားဝတ္ထုတိုများ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၈၆/၂၀၀၄ (၆) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၆၇၃/၂၀၀၄ (၇) |
| ထုတ်ဝေကာလ | – | ၂၀၀၄ ခုနှစ်၊ **အောက်တိုဘာလ** |
| အုပ်ရေ | – | ( ၁၀၀၀ ) ပထမအကြိမ် |
| တန်ဖိုး | – | ၈၀၀ ကျပ် |
| ကွန်ပျူတာစာစီ | – | **စာဝန်းချီ** (ကွန်ပျူတာစာစီနှင့်ဒီဇိုင်း) ၁၁၈၊ အင်္ဂနော်ရထားလမ်း။ ဖုန်း ၂၈၁၉၀၉ |
| မျက်နှာဖုံးပုံနှိပ်သူ | – | ဦးဇော်မင်းအေး (၀၇၁၂၅) ဇော်ပုံနှိပ်တိုက်၊ အမှတ် (၃၈၆)၊ အင်းကြင်းမြိုင်လမ်း၊ သုဝဏ္ဏ။ |
| အတွင်းပုံနှိပ်သူ | – | ဒေါ်မြင့်မြင့်ဦး (၀၆၅၆၁) သဂ်ဟာပုံနှိပ်တိုက်၊ အမှတ် (၂၅)၊ လမ်း ၄၀(ထက်)၊ ကျောက်တံတား။ |
| ထုတ်ဝေသူ | – | ဦးခင်မောင်သန်း (၀၁၄၅၄) သန်းစာပေ၊ အမှတ် (၆၃/ခ)၊ (၁)လမ်း၊ (၁၁)ရပ်ကွက်၊ တ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | – | မိုးပြည့်စုံစာပေ၊ အမှတ် (၃၀)၊ ဓောတိကလမ်း၊ ကျောက်မြောင်း၊ တာမွေစာတိုက်၊ ရန်ကုန်မြို့။ |

* * *

BURMESE CLASSIC .com

ဝင်းဇော် (သစ်တော)

# မုဆိုးမြားမှန် သေနတ်ကျည်ထိ
# (နှင့်)
# အခြားဝတ္ထုတိုများ

ဖြန့်ချိရေး

မိုးပြည့်စုံစာပေ
အမှတ် (၃၀)၊ ဓောတိကလမ်း၊
ကျောက်မြောင်း၊ တာမွေစာတိုက်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ဝင်းဖေ (သစ်တော)

## ရေးသားထုတ်ဝေပြီးသောကျမ်းစာအုပ်များ

၁။ ဗေဒင်မေးသောသူများအကြောင်း

၂။ တားရော့ဒ်ဟောခြင်း

၃။ အချစ်နှင့်အိမ်ထောင်ရေးတားရော့ဒ်

၄။ နှလုံးသားလမ်းကြောင်းပေါ်မှာ ကျွန်းပါသူများအကြောင်း

၅။ စီးပွားရေးနှင့်လုပ်ငန်းအတွက်တားရော့ဒ်

BURMESE CLASSIC .com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မှဆိုးပြွားမှန် သေနတ်ကျည်ထိ | ၈ |
| ၂။ | ချစ်တတ်ခြင်းသည် နှလုံးသားကိုဆိုးဝါးစွာ ထိခိုက်စေပါသည်။ | ၂၁ |
| ၃။ | ရွှေပေလွှာ လူကြုံပါးတယ် စိုးထိတ်နဲ့ကွယ် | ၄၃ |
| ၄။ | မောင်ငွေဘိန်းမှန့် | ၆၀ |
| ၅။ | ကံ့ကော်ဝတ်ဆံများနှင့်ကခုန်ခြင်း | ၇၅ |
| ၆။ | ကတ္တားနှင့်ကံ | ၉၅ |
| ၇။ | ခရမ်းရင့်ရောင်ပန်းတစ်ပွင့်၏လွှမ်းပုံပြင် | ၁၀၀ |
| ၈။ | ပန်းတစ်ပွင့်၏ ကျောက်ဖြစ်ရုပ်ကြွင်း | ၁၁၇ |
| ၉။ | နှလုံးသားအက်ကွဲကြောင်းတစ်ခု၏ နက်ရှိုင်းမှုကို တိုင်းတာခြင်း။ | ၁၂၈ |
| ၁၀။ | ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့ | ၁၃၉ |
| ၁၁။ | အရိပ်မဲ့ အိုအေစစ် | ၁၅၂ |
| ၁၂။ | မောင်ဖိုးစိ ပြန်လာပြီ | ၁၆၉ |
| ၁၃။ | တိုက်ဆိုင်မှု | ၁၈၂ |
| ၁၄။ | အသုဘမွေးနေ့ | ၁၈၉ |
| ၁၅။ | ငါ့ဝပ်းပုဆော | ၁၉၃ |
| ၁၆။ | လေးဆင့်ဂျိုင့် | ၁၉၈ |
| ၁၇။ | အတောင်တစ်ဖက်နှင့် ပျံသောငှက် | ၂၀၂ |


www.burmeseclassic.com

www.burmeseclassic.com



# မိုးပြည့်စုံစာပေ

အမှတ် (၃၀)၊ ဇောတိကလမ်း၊
ကျောက်မြောင်း၊
တာမွေစာတိုက်၊ ရန်ကုန်မြို့။





www.burmeseclassic.com

www.burmeseclassic.com



# မုဆိုးပြေးမှန် သေနတ်ကျည်ထိ

မြို့တော်မဟာရန်ကုန်၏ စည်ပင်သာယာ နယ်နိမိတ်အတွင်း၌ နေထိုင်ကြကုန်သော ပုပုကွကွ၊ နနရှုရှု၊ ဝဝဖိုင့်ဖိုင့်၊ ပိန်ပိန်ညှောင်ညှောင်၊ ဝမ်းဗိုက်စူစူ၊ ခါးတုတ်တုတ် စသည့် ခန္ဓာကိုယ် အတ္တဘောပုံသဏ္ဌာန်အမျိုးမျိုးရှိကြကုန်သော ဣတ္ထိယကြီးငယ်၊ ရွယ်လတ်အချို့တို့၌ 'ပလာဇာ'တည်းဟူသော ရောဂါဆန်းကြီးတစ်မျိုး ပူးကပ်စီးမိုးဝင်လျက်ရှိလေ၏ ...။

ဤမည်သော 'ပလာဇာ' ရောဂါရှိသည့် အမျိုးသမီးတို့သည် 'ယုဇနပလာဇာ'၊ 'လပြည့်ဝန်းပလာဇာ'၊ 'ရန်ကင်းစင်တာ ပလာဇာ'၊ 'ဂျမ်းရှင်းအိပ်ပလာဇာ'၊ 'ဘလယ်ဖွန်ပလာဇာ' စသော ပလာဇာများသို့ တစ်လလေးကြိမ် တစ်ပတ်တစ်ကြိမ်အနည်းဆုံး မှန်မှန်မသွားရသည်ရှိသော် ခေါင်းမူးခေါင်းကိုက်ဖြစ်ခြင်း၊ ပို့အန်ခြင်း၊ အိပ်မပျော် စားမဝင်ဖြစ်ခြင်း၊ ကိုယ်လက်အင်္ဂါ ယားယံခြင်း၊ ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းခြင်း၊ သွေးတက်သွေးကျဖြစ်ခြင်း၊ ဇက်ကြောတက်၊ မျက်ကြောကိုက်



ဖြစ်ခြင်း၊ ခြေဆစ်လက်ဆစ်များ နာခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း၊ အကြောဆွဲခြင်း၊ အသံဝင်ပြီး လျှာလိပ်ခြင်း၊ မေ့တာရာသီသွေးဖောက်ပြန်ခြင်းစသည့် ရောဂါဝေဒနာများကို အပြင်းအထန် ခံစားရရှာကုန်၏။

ထို့ပြင်တဝ ယင်းတို့၏ အိမ်ဦးနတ်သခင်၊ အတောင်နှစ်ဆယ်ဝတ်၊ ဆုကြီးပန်ခွင့်ရှိသော လင်ယောကျ်ားများအပေါ်၌လည်း ကဲ့ရဲ့ပြစ်တင်ခြင်း၊ ငြူစူစောင်းမြောင်းခြင်း၊ ရန်လိုခြင်း၊ မယားဝတ္တရားများပျက်ကွက်ခြင်းစသော အပြုအမူများကိုပင် ပြုလုပ်လာကြလေ၏။

ကျွန်တော်၏ ဇနီးချောချော၊ သွားခေါ်ခေါ်၊ တံခွန်တိုင်ရှာသူ ခင်ခင်ဖြူ၌ ပလာဇာရောဂါဆိုးကြီး ကပ်ညိနေသည်မှာ နှစ်, နှစ်ခန့်ကြာပြီဖြစ်၏။ ကံအားလျော်စွာပင် ကျွန်တော့်နေအိမ်၏ အနောက်မြောက်ရူးရူး နှစ်ပြခန့်ဝေးသောအရပ်၌ ယုဇနပလာဇာကြီးသည် ခန့်ငြားထည်ဝါစွာတည်၍နေသတည်း။ ယဉ်ကျေးသိမ်မွေ့ ချစ်စရာအပြည့်ရှိသော အကြင် ခင်ခင်ဖြူသည် ရက်သတ္တတစ်ပတ်လျှင် တနင်္ဂနွေနေ့တိုင်း ထိုယုဇနပလာဇာသို့ မှန်မှန်သွား၏။ ဝယ်စရာရှိလျှင်သွား၏။ ဝယ်စရာမရှိလျှင်လည်း သွား၏။ ပလာဇာသို့သွားခြင်းကို ဂုဏ်ဒြပ်တစ်မျိုးဟု ယူဆနေဟန်တူ၏။

❖ ❖ ❖ ❖ ❖ ❖

တစ်နေ့ ကောင်းကင်ပြင်၌ မိုးတိမ်မဲများ လိပ်ကာ တက်လာပြီး ကိုရွှေမိုးသည် သံကြီးမဲကြီး ရွာဟန်ပြင်နေ၏။ မုတ်သုန်လေသော်လည်း မြင်းရိုင်းတစ်ကောင်ပမာ ကဆုန်ပေါက်၍နေ၏။ တဝုန်းဝုန်း တဒိုင်းဒိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခါးကြီးပါတီတ်က ဟိုကလာတာ၊ တစ်ဝတ်စာ တစ်သောင်းခွဲလောက် ပေးရတယ်''

''အားပါး ...၊ ဟိုကပဲလာလာ၊ ဒီကပဲလာလာ၊ ထမီတစ်ထည် တစ်သောင်းခွဲဆိုတဲ့ငွေဟာ နည်းသလားကွ၊ မင်းလည်း အသိပဲ၊ ဒီရက်အတွင်း ဗေဒင်မေးတဲ့လူ သုံးလေးယောက်တောင် အနိုင်နိုင်၊ ငါကလည်း တစ်ခါဟောမှ ငွေကိုးဆယ်ထဲယူထားတယ်၊ ခုချိန်မှာ အိမ်ဈေးတွေ၊ ကားဈေးတွေကျပြီး ငါခါတ်ရိုက်လည်း ကားတွေ၊ အိမ်တွေ မထွက်ဘူးလေကွာ၊ အဲဒီတော့ ငါးရာတန်သည်၊ တစ်ထောင်တန်သည် စိုစိုပိုပိုလေး ကန်တော့တဲ့သူလည်း ဘယ်လာတော့မလဲ''

''ဪ ... ရှင့်ပညာက သိပ်စွမ်းပါလား၊ ကားဈေး၊ အိမ်ဈေး အရောင်းအဝယ်ကောင်းမှတော့ ရှင့်ဆီမှာခါတ်ရိုက်လည်း ဘာထူးမှာလဲ၊ ခါတ်မရိုက်လည်း ကားတွေ၊ အိမ်တွေ အရောင်းအဝယ် သူ့ဟာသူဖြစ်နေတာပဲ၊ ရှင်က ယတြာမှ မရိုက်ဘဲ၊ သူတို့ကိစ္စ အောင်မြင်ချင်အောင်မြင်၊ မအောင်မြင်ချင်နေ၊ ယတြာရိုက်ပြီး ငွေယူထားရတယ်တော့ ... ရှင်းပြီလား''

''ဟေ့...မင်းပါးစပ် ပိတ်ထားစမ်း၊ ငါဗေဒင်ဟောလာတဲ့ သက်တမ်းမှာ ယတြာဖိုး ဘယ်တော့မှမယူဘူး၊ လှူပေါ် မြက်ပေါက်ပါစေ၊ ဝတ်လိုသေချင်သေပါစေ၊ ယတြာဖိုးယူပြီးသေရင် ပြိတ္တာဖြစ်ခံမယ့်ဆရာမျိုးမဟုတ်ဘူးကွ၊ မင်းလို မိန်းမမျိုးတွေကြောင့် အပါယ်လေးဘုံမှာ ယောက်ျားတွေ အများကြီးရောက်နေတာပေါ့''

''ရှင်ဟာ တစ်နေ့တခြား တုံးတုံးလိုက်လာတဲ့ လူတုံး၊ လုံးအကြီးပဲ။ ရှင် လောကနီတိမသင်ဖူးဘူးလား၊ သီလမရှိတဲ့ ရသေ့၊ ရှက်တတ်တဲ့ ပြည့်တန်ဆာမ၊ ဝီရိယနည်းတဲ့ မင်းခစား၊ ဥယျာဉ်မှူးမရှိတဲ့



ပန်းဥယျာဉ်၊ အအိပ်မက်တဲ့ တံခါးစောင့်၊ မြေသြဇာမကျွေးတဲ့ စိုက်ခင်း၊ ပေါင်းမသင်တဲ့ လယ်မြေ၊ ရယ်စရာမပြောတဲ့ ကျူရှင်ဆရာ၊ အင်တာဗျူးမပါတဲ့ ဂျာနယ်၊ ရေမရောတဲ့ အရက်ဆိုင်၊ ဆေးသကြားမသုံးတဲ့ မုန့်ဟင်းခါးဆိုင်၊ အစားကြူးတဲ့ မော်ဒယ်ဂဲလ်၊ ကြော်ငြာမထည့်တဲ့ ကုန်ပစ္စည်း၊ ခြေကြွခမယူတဲ့ ဆေးဆရာ၊ ရေမထိုးတဲ့ ကြက်သား၊ အလေးမခိုးတဲ့ ငါးသည်၊ ယတြာမရိုက်တဲ့ ဗေဒင်ဆရာ ပျက်စီးရာ၏တဲ့''

''အောင်မယ်.... မင်းက ဘယ်လောက်တတ်လို့ လောကနီတိတွေ ဘာတွေပြောနေရတာလဲ။ ဟိုတစ်လောလောက်က ငါ့အသိဗေဒင်ဆရာတစ်ယောက် ယတြာဖိုးအယူကောင်းလို့ အစာအိမ်သွေးကြောပေါက်ပြီး ဆေးရုံတင်လိုက်ရတယ်။ အဝင်ကောင်းရင် အထွက်ကောင်းတယ်၊ အေးအေးနေ၊ ရိုးရိုးဝတ်၊ သန့်သန့်စားမှ သံသရာခရီးကောင်းမှာ''

''ရှင့်ကို ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ယတြာဖိုးယူတာနဲ့ အစာအိမ်သွေးကြောပေါက်တာ ဘာဆိုင်လို့လဲ၊ ဥပဿကာကြီးရဲ့။ ကျုပ်က အေးအေးမနေလို့ ရပ်ကွက်ထဲ ရန်လိုက်ထောင်နေလို့လား။ ရိုးရိုးမဝတ်လို့ ကျုပ်က ဟိုနှစ်အိမ်ကျော်က ကောင်မလေးတွေလို ဆံပင်အနီဆိုးပြီး ထဘီဘေးကွဲတွေ ဝတ်နေလို့လား၊ သန့်သန့်မစားရအောင် ကျုပ်က ဘယ်တုန်းကများ လက်မဆေးဘဲ ထမင်းစားတာ ရှင်မြင်လို့လဲ.၊ ကဲ ကျုပ် ပလာဇာသွားဦးမယ်။ ရှင်နဲ့ပြောနေရင် လေကုန်တယ်၊ ဒါပဲနော်၊ ခါးကြီးပါတီတ်ဖိုးရအောင် ဒီရက်အတွင်း ရအောင်ရှာထား ...''

အမျိုးမှန်၊ အဖိုးတန် ဇနီးချောအိမ်ပေါ်မှ ဆင်းသွားသည်နှင့် ကျွန်တော့်ရင်မှာပေါ့ပါးသွားသည်။ စီပလပ်အချိုရည်ဗူး ငယ်ဗူးကို တစ်ထိုင်တည်း သောက်လိုက်ရသကဲ့သို့ ခေါင်းမှာလည်း ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ထိုစဉ် ရွာရန်ပြင်ဆင်နေသော ကိုရွှေမိုးက သဲသဲမဲမဲရွာချ လိုက်ပါတော့သတည်း။

✤ ✤ ✤ ✤ ✤ ✤

နောက်ရက်များ၌ ကျွန်တော်မကြိုက်သော ဘဲဥကို သဘော မဖြူသော တောသူမ ခင်ခင်ဖြူသည် ငှက်ကြော်တစ်ဖုံ၊ ပြုတ်၍တစ်မျိုး၊ ချက်၍တစ်လီ၊ နည်းမျိုးစုံနှင့် တည်ခင်းကျွေးမွေးပြီး ဟညာပေးလေ တော့သည်။ အိမ်ရှေ့မှာထိုင်လျှင် အိမ်ရှေ့လိုက်လာ၊ အိမ်နောက် ထိုင်လျှင် အိမ်နောက်လိုက်လာပြီး သကာလ တဗျစ်တောက်တောက် မြည်တွန်လေ၏။ ဤကမ္ဘာပေါ်တွင် မိန်းမရကံဆိုးသော ပုရိသစာရင်း၌ ကျွန်တော်ထိပ်ဆုံးက ပါလိမ့်မည်ဟု ထင်မိသည်။ နောင်ခါလာနောင်ခါ ဈေး သံသရာက နောက်မှတွေ့မည်။ မယားဆိုးရန်က လက်တစ်ကမ်း ပေမို့ ယတြာဖိုးယူပြီး ဓါးကြီး၊ ဓါးလတ်၊ ဓါးသေးပါတိတ်များ ဝယ်ပေး လိုက်မည်ဟု ဆုံးဖြတ်ချက်ချလိုက်ရပါတော့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုရက်များ၌ ကားဒုက္ခ၊ အိမ်ဒုက္ခ သည် အပေါင်းတို့သည်လည်းကောင်း၊ ကြွေးပူ၊ ကြွေးထူသူများသည် လည်းကောင်း၊ ငါးစာမြင်ပြီး ငါးမျှားချိတ်မမြင်သော ဦးအတိုးမက်၊ ဒေါ်အတိုးမက်တို့သည်လည်းကောင်း၊ ဒေါ်လာဈေးကျ၊ ရွှေဈေးကျသော ကြောင့် ငိုမလို၊ ရယ်မလိုဖြစ်နေကြသူများသည်လည်းကောင်း၊ နိုင်ငံခြားမသွားရလျှင် ရေမရှိတဲ့ ချောင်း နွားခေါင်းပေါ်သေတော့မည့်အူ အပေါင်းသည်လည်း ကောင်း ကျွန်တော့်ထံသို့ ဗေဒင်မေးရန်အလို့ငှာ



ရောက်လာ ကြကုန်၏။

ထိုအခါ၌ ကျွန်တော်သည် အိမ်အနီးအနားတွင်ရှိသော တရုတ်လေးကုန်စုံဆိုင်မှ ခြောက်တိုင်ထုပ် ဖယောင်းတိုင်များကို တစ်ဦး တည်း အဝယ်စာချုပ်ဖွင့်လိုက်ရပါလေတော့သတည်း ...။

✤ ✤ ✤ ✤ ✤ ✤

အိမ်ရှေ့မှာရှိသော ဇန်ဒါပင်မှာ ကျိုးသာသည်။ ကျိုးသာသော ထိုနေ့မှာပင် တံခွန်တိုင်ရွာမှ ကျွန်တော့်ယောက္ခမကြီးနဲ့အတူ ခယ်မကြီး၊ ခယ်မငယ်၊ ခယ်မပိစိကွေးတို့ ရောက်လာကြသည်။ လက်ချည်းလာကြ သည်မဟုတ်ပါ။ ငါးပိ၊ငါးချဉ်၊ ကောက်ညှင်းဆန်တစ်ခုမှ မပါသော်လည်း ရွာမှသတင်းစုံ၊ အဖျင်းပေါင်းစုံတော့ ပါလာပါသည်။ ညီမတွေ ခေါင်း ချင်းဆိုင်ပြီး တစ်ရွာလုံးအကြောင်းကို ဝိုင်းဖွဲ့အတင်းပြောကြသည်။ အိုကြီးအိုမ ယောက္ခမကြီးကပါ သမီးတွေနဲ့အတူ ဝင်ပြောသည်။

အဝီစိသို့ အလျားလိုက်၊ ဒေါင်လိုက်၊ မှောက်လျက်၊ ပက် လက်၊ ဖောက်ထိုး၊ ကျွမ်းပြန်ကျမည့် ကျွန်တော့်ဖနီး ဗေဒင်ဆရာ ကတော် ခင်ခင်ဖြူမှာ ပျော်မဆုံးဆုံး၊ မော်တပြုံးပြုံးဖြစ်နေသည်။ သူ အဝီစိကျလျှင် ကျွန်တော်အဖို့ကား အဝီစိထက် ယှဉ်ရနာတစ်ရာပိုနက် သောနေရာသို့ လေထီးမပါဘဲဆင်းသက်ရမည်မှာ သေချာသည်။ ကြက် သတ်သူနှင့် ကြက်သားဟင်းစားသူနှစ်ဦး ပြစ်ဒဏ်အလေးအပေါ့ချင်း မတူညီနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တတွေ လပြည့်ဝန်းပလာဇာသို့ တစ်နေ့၊ ဘာလယ် ဖွန်ပလာဇာသို့တစ်ရက် စသည်ဖြင့် ရန်ကုန်မြို့ရှိ ပလာဇာပေါင်းစုံသို့ အလှည့်ကျ လျှောက်ကြည့်ကြသည်။ နေ့လယ်ထမင်း စားပြီးသည်နှင့် အိမ်မှထွက်သည်။ ညနေစောင်းမှ အိမ်ပြန်ရောက်သည်။ အိမ်ပြန်ရောက်သည်နှင့် ပလာဇာတွေမှာ တွေ့ခဲ့သည့် အဝတ်အထည်၊ လက်ကိုင်အိတ်၊ မိတ်ကပ်၊ နှုတ်ခမ်းနီဗူးစသည့် မိန်းမအသုံးအဆောင်ပစ္စည်းတွေ အကြောင်းကို ညီမတွေ ခေါင်းချင်းဆိုင်ပြီး ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေကြသည်။ ယောက္ခမကြီးကပါ မကြီးမငယ်နှင့် ပလာဇာကို 'ပလာတာ'ဟု ဝင်ဝင်ပြီးပြောသည်။

ရန်ကုန်မြို့ရှိ ပလာဇာတွေစုံပြီး နောက်ဆုံးနေ့မှ ယုဇနပလာဇာသို့ သွားကြမည်။ ကျွန်တော့်ဇနီးက ယုဇနပလာဇာကို ပို၍ကျွမ်းသည်။ ယုဇနပလာဇာမှာ ဈေးဝယ်ကြမည်။ ထိုနေ့က သူတို့ထွက်သွားသည်နှင့် ကျွန်တော်လည်း အိမ်ထဲမှာတစ်ယောက်တည်းနေရသည်ကို ငြီးငွေ့သောကြောင့် တစ်လမ်းကျော်က ကျွန်တော့်မိတ်ဆွေတစ်ဦးအိမ်မှာ ဂြိုဟ်တုစလောင်းသွားကြည့်သည်။ ညနေစောင်းမှ အိမ်ပြန်ရောက်သည်။ ကျွန်တော် အိမ်ပြန်ရောက်သည်နှင့် မရှေးမနှောင်းမှာ သူတို့တတွေပြန်ရောက်လာကြသည်။ ပြန်ရောက်လာသည်နှင့် အိမ်ရှေ့ခန်းမှာ ဝယ်လာသည့် အင်္ကျီ၊ ထဘီတွေကို ကိုယ်မှာကပ်ကြည့်၊ ခါးမှာကပ်ကြည့်နှင့် အလုပ်ရှုပ်ကုန်ကြသည်။ ပြောလိုက်သည့်စကားသံတွေက ငရဲအိုးပွက်သည့်အလား ဆူညံနေသည်။ ပြီးတော့ အိမ်နောက်ဖေးခန်းသို့ ဝင်သွားကြသည်။ သိပ်မကြာပါ...။ ခင်ခင်ဖြူတစ်ယောက် အိမ်ရှေ့ခန်းသူ့ထဘီစွန်တောင်စွဲကာ ခုနစ်သံချီနှင့်အော်ပြီး ထွက်လာပါတော့သည်။ သူ့နောက်မှလည်း ညီအစ်မတစ်သိုက်ကြွက်မြီးတန်းသလို ပြေးထွက်လာ



ကြသည်။

''ကုန်ပါပြီတော်...ကုန်ပါပြီ။ ကျုပ်ဟာတွေတော့ သူခိုး ခိုးလို့ ကုန်ပါပြီတော့ ...''

''ဟေ့ ...ဟေ့...ဘာတွေကုန်တာလဲ။ တိုးတိုးပြောစမ်းပါကွာ''

''သူခိုးခိုးခံရတာ မအော်လို့ ခြင်ထောင်သံလေးနဲ့ပြောရမှာလားတော့...၊ ရှင့်ကို အိမ်စောင့်ခိုင်းတာ ဘယ်သွား သေဝေထိုးနေတာလဲ။ ကျုပ်နောက်ဖေးမှာ လှမ်းထားတဲ့ အင်္ကျီတွေ၊ ထဘီတွေအားလုံး ကုန်ပါပြီတော် ဟီး..ဟီး..ဟီး..''

ကျွန်တော်လည်း အိမ်နောက်ဖက်သို့ ဝင်ကြည့်သည်။ ခင်ခင်ဖြူက နောက်မှလိုက်လာသည်။ မီးဖိုချောင်မှ စည်ပင်လမ်းကြားသို့ ဆင်းသောတံခါးပွင့်နေသည်။ မသင်္ကာဖြစ်သည်နှင့် အိပ်ခန်းထဲသို့ ဝင်ကြည့်လိုက်တော့မှ အဝတ်ဗီဒိုကြီး တံခါးပွင့်ပြီး ဟောင်းလောင်းဖြစ်နေသည်။ ကျွန်တော်တို့ လင်မယားရှိသမျှ အဝတ်အထည်တွေ တစ်ခုမှ မကျန်တော့ပါ။ ရွှေ၊ ငွေနှင့် ဒေါ်လာများ ပါမသွားပါ။ မရှိသောကြောင့် ဖြစ်ပါသည်။

''ကုန်ပါပြီတော်...ကုန်ပါပြီ။ ဗီဒိုထဲရှိသမျှပစ္စည်းတွေပါ အကုန်ခိုးသွားပြီ အရပ်ကတို့ရေ... ဟီး...ဟီး ...''

''ဟေ့ ... တိုးတိုးအော်စမ်းပါကွာ၊ အဝတ်အထည်တွေပဲ ခိုးသွားတာပါ။ ရှိသမျှပစ္စည်းတွေဆိုတော့ စိန်တွေ၊ ရွှေတွေ၊ ငွေတွေ၊ ဒေါ်လာတွေလို့ အိမ်နီးချင်းတွေက ထင်နေပါဦးမယ်''

''ရှင်ကလည်းတစ်မျိုး၊ အော်ပါတယ်ဆိုကာမှ တိုးတိုးအော်လို့ ရပါ့မလားရှင့်၊ ဒီလိုအချိန်မျိုးမှာ ချော်လဲရောထိုင်ပြီး မှုတ်တဲ့ပစ္စည်းကို

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြီးကြွားရမှာတော့''

''ကဲ ... မင်းဘာသာ မင်းဆက်ကြွားနေပေတော့၊ ငါတော့ ရဲစခန်းမှာ တိုင်ချက်သွားဖွင့်လိုက်မယ် ...''

''ဖွင့် . . . မြန်မြန်သွား ဖွင့်စမ်းပါတော်။ ဒီသူခိုးကို မိလို့ကတော့ ဓါးကြီးကြီးနဲ့ မွှန်းပစ်လိုက်မယ်''

''တော်စမ်းပါကွာ၊ ဒီဓါးကြီးဆိုတဲ့စကားကို ငါ့ကိုလာ မပြောစမ်းပါနဲ့ ...''ဟု ပြောပြီး ကျွန်တော်လည်း အိမ်ရှေ့ခန်းသို့ ထွက်သည်။ ပြီးတော့ အိမ်ပေါ်မှဆင်းသည်။ အိမ်ရှေ့မှာ အိမ်နီးနားချင်း စပ်စုမကြီး၊ စပ်စုမလတ်၊ စပ်စုမငယ်၊ စပ်စုမ ပိစိကွေးအပေါင်းတို့ ရောက်ရှိစုဝေးနေကြကုန်၏။ ကျွန်တော် အိမ်ရှေ့လှေကားအောက်ရောက်သည်နှင့် ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတစ်ဦး လေယာဉ်ပေါ်မှ ဆင်းလာသည်ကို မိုက်ခွက်ကိုယ်စီ ကိုင်ထားသော သတင်းထောက်များ ပလူအုံ တုတ်နှဲ့ထိုးလိုက်သကဲ့သို့ ယှုပ်လှုပ်ရွရွဖြစ်ပြီး မေးခွန်းပေါင်းစုံကို တစ်ယောက်တစ်ပေါက် မေးကြသကဲ့သို့ ...

''ဘယ်အချိန်က သူခိုးဝင်သွားတာလဲ''

''ထဘီ ဘယ်နှစ်ထည် ပါသွားသလဲ''

''မဖြူ ဟိုတစ်လော ဝတ်ဝတ်နေတဲ့ ပါတိတ်ခရမ်းပြာဝမ်းဆက်ကော ပါသွားသေးလား''

''ဘေထုပ်တန်းကဝယ်တဲ့ အဝတ်တွေများမှာပေါ့နော်''

''လက်ဝတ်လက်စားတွေကတော့ ပါမယ်မထင်ပါဘူးနော်၊ ဘာဖြစ်လို့လဲဆိုတော့ မဖြူဝတ်တာ တစ်ခါမှမတွေ့ဖူးဘူး''

ကျွန်တော်လည်း စိတ်မရှည်တော့ပါ။

''ခင်ဗျားတို့ဘာသာ အိမ်ပေါ်တက်ပြီး သူ့ကို အင်တာဗျူးကြပေတော့။ ကျုပ်က စခန်းမှာတိုင်ချက်ဖွင့်ရဦးမယ်'' ဟု ဆိုကာ မိန်းမတစ်သိုက်ကြားမှ တိုးဝှေ့ထွက်လာရသည်။ ဤသို့နှင့် မပြီးသေးပါ။ လမ်းထိပ်သို့ရောက်သည်နှင့် ကုန်စုံဆိုင်မှ တရုတ်ကလေးနှင့်ပင် ပက်ပင်းတိုးပါတော့သည်။



''အာစရိ ...ဒီလောက်တောင် အရေးကြီးသုတ်ပြာနဲ့ ဘာဖြစ်လို့လဲ၊ အာစရိအတွက် ခြောက်တိုင်ထုပ် ဖယောင်းတိုင်တွေ ရောက်နေပြီလေ''

''အေး ...အေး ဝယ်မယ်။ ဒီတစ်ခါ များများဝယ်မယ်၊ မဝယ်လို့မဖြစ်တော့ဘူး၊ ငါတို့ လင်မယားမှာ ဝတ်စရာအင်္ကျီ၊ လုံချည်တွေ မရှိတော့ဘူး၊ ကျီးထိုးတော့မယ် ...''

တရုတ်ကလေးမှာ ကျွန်တော့်စကားကို အဓိပ္ပါယ်မဖော်နိုင်သောကြောင့် ခေါင်းကုတ်ပြီး ကျန်ခဲ့ပါတော့သတည်း ...။

*မသူတော်ဘေးက ကင်းဝေးကြပါစေ*

*ဝင်းဇော် (သစ်တော)*

www.burmeseclassic.com

www.burmeseclassic.com







# ချစ်တတ်ခြင်းသည် နှလုံးသားကို ဆိုးဝါးစွာ ထိခိုက်စေပါသည်။

ဒီနှစ်နွေသည် ပြီးခဲ့သောနှစ်များထက် ပို၍ပူပြင်းသည်။ ဒီနှစ်နွေမှာ ထိုနေ့က အပူဆုံးဖြစ်သည်။ 'မနောကြာဖြူ' မဂ္ဂဇင်းတိုက်သို့ စာမူသွားပို့ရန် ရည်ရွယ်ပြီးကာမှ နေပူဒဏ်ကိုကြောက်သောကြောင့် အိမ်ပြင်သို့မထွက်ရန် ဆုံးဖြတ်လိုက်ရတော့သည်။

ပြီးခဲ့သော မိုးတွင်းကမှဝယ်ခဲ့သော ထီးကလည်း ကိုင်းတွေကျိုးပြီး အရွက်ကစုတ်နေသောကြောင့် အားကိုးရန်မဖြစ်နိုင်တော့ပါ။ နောက်ဆုံးတော့ နံရံတွင် လိပ်၍ထောင်ထားသည့် သင်ဖြူးဖျာစုတ်ကို ကြမ်းပြင်ပေါ်ဖြန့်ခင်းပြီး ကျောခင်းချလိုက်မိသည်။ ပြာပူပေါ်သို့ ရေထဲမှငါးတစ်ကောင်ကိုဆယ်ပြီး တင်လိုက်သကဲ့သို့ ကျွန်တော့် တစ်ကိုယ်လုံး ဖျတ်ဖျတ်လူးသွားသည်။ မျက်နှာကျက်ပေါ်တွင် ကပ်၍ နေကြသော ပုရွက်ဆိတ်များလည်း အပူဒဏ်ကို မခံနိုင်သောကြောင့် ကျွန်တော့်ကိုယ်ပေါ်သို့ တဖွဲဖွဲကျဆင်းလာကြသည်၊ 'တီ' ဆားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပက်သလို ကျွန်တော့်တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးနေသည်၊ အကျိုးတော့နည်းပါပြီ၊ အရှင်လတ်လတ် ငရဲခံနေရသည့်ပမာနယ်...။ ငရဲ၌အဆပေါင်း ထောင်သောင်းမက ပို၍ပူလိမ့်မည်ဟု ကျွန်တော် တွေးပြီး ကြောက်သွားမိသည်။ မခံနိုင်သည့်အဆုံး၌ လှဲနေရာမှထထိုင် ကာ ကြမ်းပြင်ပေါ်တွင် ချထားသော ဆေးပေါ့လိပ်တိုကို မီးညှိလိုက် သည်။ 'ဆမ်ဆောင်း' အဲယားကွန်းတစ်ခုလုံးကို မျက်စိထဲမှာ အတွေး ပုံရိပ်ထင်အောင် အာရုံသွင်းပြီး နံရံကိုကျောမှီကာ ဆေးပေါ့လိပ်တိုကို ဖွာရှိုက်လျှက် ဇိမ်ယူ၍နေလိုက်ရပါတော့သတည်း။

"ဒေါက် ...ဒေါက်"

"ဒေါက် ...ဒေါက်"

တံခါးခေါက်သံကြောင့် ကျွန်တော် ဇိမ်ပျက်သွားသည်။ ကျွန်တော့် အတွေးပုံရိပ်ထဲမှာ 'ဆမ်ဆောင်း' အဲယားကွန်းကြီးလည်း ကျွန်တော့်ကို နှုတ်မဆက်၊ လက်မပြတော့ဘဲ ထွက်ခွာသွားလေတော့ သည်။

ကျွန်တော် ထိုင်နေရာမှထပြီး တံခါးဝသို့သွားကာ တံခါးဖွင့် ပေးလိုက်သည်။ တံခါးခေါက်သည့်သကောင့်သားက အခြားသူမဟုတ် ပါ။ ဝဝဖိုင့်ဖိုင့်၊ အရပ်ပုပုပြတ်ပြတ်၊ အသားမဲမဲ၊ ပါးစပ်ပြဲပြဲ လူငယ်တစ်ဦး။ သူ့အမည်က လှမျိုး။ သူ့ပုခုံးသကျောက်မှာ ရက်ကြာနေသော မုန့်လုံး ကြီးကို ဆီတူးအောင် ပြန်ကြော်ထားသည်နှင့်တူသည်။ သူ့နားထင်ပေါ်မှ ချွေးစီးချွေးပေါက်များက သူ့ပါးပြင်ပေါ်သို့ အစင်းလိုက်စီးကျနေသည်။ သူ့အကျႌမှာလည်း ရေစွတ်ထားသကဲ့သို့ချွေးများရွှဲရွှဲစိုနေသည်။ နေပူမျက်မှန်တပ်ထားသည့် သူ့မျက်နှာမှာ သပိတ်ဖင်ကို အိုးမည်း သုတ်ထားသည့်နှင့် တူလှသည်။ အရုပ်ဆိုးသူများကို ရွေးပြီး အကျည်း



တန် ပြိုင်ပွဲလုပ်လျှင် သူပထမရမည်မှာ သေချာသည်။

"ဟလို ...မင်္ဂလာပါ အာစရိ၊ အပေါ်က အကျႌမပါ၊ အောက် က လုံချည်စုတ်နဲ့ ဘာဖြစ်လို့များ ...ဒီလောက်တောင် ရှိုးကောင်းနေ ရတာလဲ ..."

"ဒီလောက်တောင် ပူလောင်အိုက်စပ်ရတဲ့အထဲမှာ လာ နှောက်မနေစမ်းပါနဲ့ကွာ၊ ဒါနဲ့နေစမ်းပါဦး။ နေခြစ်ခြစ်တောက် ပူနေ တာ၊ မင်းမို့ကွာ ဦးထုပ်မပါ၊ ထီးမပါနဲ့ လမ်းထွက်လာတယ်လို့ ဘယ် လောက်များ အရေးကြီးလို့ ငါ့ဆီကို လာရတာလဲ ..."

"အပြင်က အပူက သိပ်မှုစရာမလိုပါဘူး၊ အသေးအဖွဲ့ပါ အာစရိရာ၊ ကျွန်တော့်ရင်ထဲက အပူကမှ အပြင်က အပူထက် ယယ်ဆ လောက်ပူနေတာ၊ ဒါကြောင့် အာစရိဆီကို ရောက်လာတာပေါ့ဗျာ"

"ကဲ ...ဒီလိုဆိုရင်လဲ အေးအေးဆေးဆေး စကားပြောရ အောင် အိမ်ထဲဝင်ထိုင်ဦး၊ မင်းကိုတော့ ဧည့်ခံစရာ ဘာမှမရှိဘူး၊ ရေသောက်ချင်ရင်တော့ ဟောဟိုမှာ ရေအိုးရှိတယ်၊ ရေကတော့ လက်ဖက်ခြောက်ခပ်လိုက်ရုံပဲ၊ ရေနွေးနီးပါး လောက်ပူလိမ့်မယ်"

"နီး...နီး...ကျွန်တော်က ရေသန့်ပဲသောက်တယ် အာစရိ"

"ကြီးကျယ်လိုက်တာ၊ ရေသန့်က မနေ့တစ်နေ့ကမှ ပေါ်လာ တာပါကွာ၊ အဲဒီ ရေသန့်မပေါ်ခင်က မင်းဘာရေကို သောက်ခဲ့သလဲ၊ ဘုံပိုင်ရေပဲမဟုတ်လား... ဘုံပိုင်ရေ၊ မြစ်ရေ၊ ချောင်းရေ၊ မိုးရေ၊ စိမ့်ရေ၊ စမ်းရေ၊ တောင်ကျရေ၊ တွင်းရေ၊ ကန်ရေ၊ အင်းရေ၊ အိုင်ရေ၊ ကျုံးရေ၊ အဝီစိရေ ဒီရေတွေကိုပဲ အားလုံးသောက်ခဲ့ကြရတာပဲ မဟုတ် လား၊ အဲဒီရေတွေကို စံချိန်စံညွှန်းမမှီလို့ အပိတ်ခံရတယ်ဆိုတာ မရှိခဲ့ ဖူးပါဘူးကွာ။ ရေသန့်တွေ ရေမသန့်လို့ အပိတ်ခံရတာ ကြားဖူးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခုခေတ်မှာတော့သွားလေရော ရေသန့်ဗူးလေးတွေက တကိုင်ကိုင်နဲ့ ရှိုးတစ်မျိုးဖြစ်နေတယ်''

''ဒါကတော့ အာစရိရာ၊ ရေသန့်သောက်တော့ ရောဂါကင်းတာပေါ့ ...''

''ဘာရောဂါကင်းရမှာလဲ၊ ညနေပိုင်းဆိုရင် ရွှေဘုံသာလမ်းက ဆေးခန်းပေါ့ရှေ့မှာ အထူးကုဆရာဝန်ကြီးတွေကို ရောဂါပြဖို့ အလှည့်ကျစောင့်နေတဲ့ လူမမာတွေ သွားကြည့်ပါလား။ ရေသန့်ဗူးလေးတွေကိုင်လို့၊ ငါပြောပြမယ် လုပ်မိုးဦး။ မနှစ်ကမှ ဆုံးသွားတဲ့ငါ့အမေ လှူပြည်မှာ ဒေါင်ဒေါင်ပြည်လို့ အသက်ရှစ်ဆယ့်ငါးနှစ်အထိ နေသွားတယ်။ ဘုံပိုင်ရေပဲ ပွေးကတည်းက သောက်ခဲ့တယ်။ ရေသန့်ကို တစ်ခါမှ ....''

''ပြီးတော့ ငါ့အဖေ၊ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်ကမှ အသက်ကိုးဆယ်နီးပါးမှာဆုံးသွားတယ်၊ အဖေ့ဘဝမှာ ဆေးရုံတစ်ခါမှ မတက်ခဲ့ရဘူး။ အဖေလည်း ရေသန့်မသောက်ခဲ့ဘူး။ ငါ့အဘိုး အဘွားတွေဆိုရင် ဧရာဝတီမြစ်ရေကိုပဲ သောက်ခဲ့တယ်၊ အသက်ရှစ်ဆယ်ကျော်၊ ကိုးဆယ်ကျော်အထိနေသွားကြတယ်ကွ။ ကုန်ကုန်ပြောမယ်ကွာ အဲဒီ အဘိုးအဘွားတွေဆိုရင် နန်းတွင်းမှာနေပြီး ရွှေခွက်နဲ့ သောက်ရေ သောက်တာတောင် ကန်ရေပဲ သောက်ကြရတာကွ''

''ဒီလိုဆိုရင် အာစရိရဲ့ အဘိုးရဲ့အဘိုး၊ အဲဒီ အဘိုးရဲ့ အဘိုး၊ အဲဒီအဘိုးရဲ့ အဘိုး၊ ဟိုး ...ပဝေသဏီက ကမ္ဘာဦးက ချင်ပန်ဇီကြီးတွေလည်း ရေသန့်မသောက်ခဲ့ဘူးမဟုတ်လား ...''

''ဟော့ကောင် ...တော်တော့၊ ငါက ကုန်းဘောင်ခေတ်လောက်အထိပဲ ပြောတာကွ၊ လူသားအစပိုင်းကို ပြောတာမဟုတ်ဘူး၊ တော်တော်ဂွကျတဲ့ကောင်ပဲ''



''အာစရိကစပြီး ... ဂွစကားပြောတာကိုးဗျ ...''

''ပြောရတာပေါ့ကွ၊ မင်းက ငါ့ကို နားကလောအောင် လာပြောတာကိုးကွ၊ နေပူတဲ့အထဲ မင်းနဲ့စကားပြောရတာ သိပ် စိတ်မရှည်ချင်တော့ဘူး ...''

''အာစရိကလဲဗျာ၊ ဒီလောက်လေး ပူတာများမခံနိုင်ဘူးလား၊ ငရဲမှာ ဒီထက်ပူတယ်ဗျ၊ ဒါကြောင့် အာစရိကို ငါးပါးသီလ လုံအောင် ထိန်းလို့ ကျွန်တော်သတိပေးရတာပေါ့၊ ကျွန်တော် သိရသလောက်တော့ အာစရိနဲ့ ငါးပါးသီလ မိုင်ငါးရာကျော်လောက် ဝေးနေပြီ ...''

''ဟော့ကောင်.. ငါ့ကို ဆရာလာမလုပ်နဲ့၊ မင်းထက်ငါ ပိုသိတယ်၊ ငရဲကနောက်မှပူမှာကွ၊ ခုပူနေတာက ပိုဆိုးတယ်...''

''ဒီလောက်တောင် အပူဒဏ်မခံနိုင်ရင်လည်း အဲယားကွန်း တစ်လုံးလောက် ဝယ်တပ်ထားမှပေါ့ အာစရိရာ ...''

''ငါ့မှာ အဲယားကွန်း မပြောနဲ့၊ နတ်ကွန်းအသေးလေး တစ်ခုတောင် 'အင်ဒိုး'နတ်အတွက် ဆောက်မပေးနိုင်လို့ ရီကွက်(စ်)လုပ်ထားရတယ် ...''

''ဘယ်က 'အင်ဒိုး'နတ်လဲ ... အာစရိ၊ ကျွန်တော်ကတော့ ဧျဒိုးနတ်ပဲ ကြားဖူးတယ် ...''

''မင်းကလဲကွာ အင်္ဂလိပ်စာညံ့လိုက်တာ၊ 'အင်ဒိုး'နတ် ဆိုတာ အိမ်တွင်းနတ်ကို ပြောတာပေါ့ကွ၊ အင်္ဂလိပ်လို အင်ဒိုးနဲ့ မြန်မာလို အိမ်တွင်းဆိုတဲ့စကားလုံးက အတူတူပဲလေကွာ၊အသံ ထွက်ချင်းလည်း ဆင်တယ်မဟုတ်လား ...''

''အာစရိကတော့ ...ပေါက်တက်ကရပြောတဲ့နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်မရှိဘူး၊ အာစရိကိုသာ တိုးရစ်လမ်းပြလုပ်ခိုင်းရင်တော့ အားလုံးငါးပါးမှောက်ကုန်တော့မယ် ...''

ကျွန်တော့်ရှေ့၌ထိုင်ပြီး ကျွန်တော့်ကို ယင်းကဲ့သို့ပမာမခန့်ပြောနေသော လူမျိုးဦးမှာ လွန်ခဲ့သော ငါးနှစ်ကျော်ခန့်ကစပြီး ကျွန်တော့်ဆီကို ဗေဒင်လာမေးနေကျ ဗေဒင်ဖောက် သည်တစ်ဦးဖြစ်သည်။ ကျွန်တော့်တူအရွယ်၊ သားအရွယ်မျှသာရှိသော်လည်း ကျွန်တော်က သူ့ကို ငယ်ပေါင်းသူငယ်ချင်းလို ပြောဆိုဆက်ဆံမိသည်။ ဤသည်က ကျွန်တော့်အမှား။ ကြာတော့ ကျွန်တော့်အပေါ် အရိုအသေတန်လာသည်။ သူမရိုသေလည်း အကြောင်းမဟုတ်ပါ။ ကိုယ့်အကြောင်းကို သိသည်။ ကျွန်တော်ကလည်း ဆရာတစ်ဆူ၊ ဂူတစ်လုံးလုပ်ပြီး သူများရိုသေအောင် မနေတတ်ပါ။ ရိုသေစရာလည်း ကျွန်တော့်မှာ ဟိတ်ဟန်ဘစ်ပြားမှ မရှိပါ။

လူမျိုးဦးမှာကောင်းသောအချက်ရှိသည်။ ခိုင်းစရာရှိလျှင် သူ့အလုပ်ကိုဖျက်ပြီး လာလုပ်ပေးသည်။ ကျွန်တော့်ကို မခန့်လေးစားပြောသည်၊ ကျွန်တော်က သူ့ကို ဆဲဆိုမာန်မဲသည်။ ဤသည်မှာ ကျွန်တော်တို့နှစ်ယောက်၏ လူမှုဆက်ဆံရေးဖြစ်သည်။

''ကဲ... ငါ့ဆီကို မင်းဘာကိစ္စနဲ့လာတာလဲ။ ငွေချေးဖို့လာတယ်ဆိုရင်တော့ ဆောရီးပဲ၊ အကြံဉာဏ်တောင်းဖို့ဆိုရင်တော့ အကြံကောင်း၊ ဉာဏ်ကောင်းတွေရမယ်၊ ခုတစ်လော ငါ့ရဲ့အိုင်ကျူတွေ အမြင့်ဆုံးအမှတ်ကို ရောက်နေတယ်... ''

''ဟား...ဟား..ငွေချေးရအောင် အာစရိက ဘယ်လောက်ချမ်းသာလို့တုံး။ ငွေနှစ်ရာတန်တောင် မမြင်ဘူးတာကြာပြီ မဟုတ်လား။ အကြံဉာဏ်တောင်းဖို့ကတော့ ဝေးသေးတယ်၊ အာစရိအကြံပေးလို့



ကျွန်တော်ဒုက္ခရောက်ပေါင်းများပြီ''

''ဒီလိုဆိုရင် ယတြာချေဖို့လိုလား''

''ပိုဝေးသေးတာပေါ့''

ကျွန်တော် ကျွဲမြီးတိုလာသည်။

''ဒီလိုဆိုရင် မင်း ဘာလာလုပ်တာလဲ ပြောလေကွာ''

''ဖြည်းဖြည်းပေါ့ အာစရိရာ ပြောမှာပေါ့။ မပြောခင်မှာ တော့ဟောဒီဖိတ်စာကို ဖတ်ကြည့်ပေတော့''

လူမျိုးဦးက ပခုံးသိုင်းပြီး လွယ်ထားသော လွယ်အိတ်ထဲမှ ဖိတ်စာတစ်စောင်ကိုထုတ်ပြီး ကျွန်တော့်ကို လှမ်းပေးလိုက်သည်။

''ဟော့ကောင်..မင်္ဂလာဆောင်ဖိတ်စာဆိုရင်တော့ ပြန်ထည့်ထားလိုက်ပေတော့၊ အလှူဖိတ်စာဆိုရင်တော့ လာဖြစ်အောင် လာမယ်... ''

''လက်ဖွဲ့ဖို့မတတ်နိုင်တာနဲ့ အကျီအဝတ်အစားကောင်းကောင်းမရှိတာနဲ့ အာစရိတစ်ယောက် ဘယ်မင်္ဂလာဆောင်မှ မသွားဘူးဆိုတာ ကျွန်တော်သိပါတယ်...''

''မဟုတ်ပါဘူးကွာ၊ မင်္ဂလာဆောင်တွေကိုသွားရင် ဟိုတုန်းကအင်းလျားလိပ်ဟိုတယ်မှာ ငါ တခမ်းတနား မင်္ဂလာဆောင်ခဲ့တာကို ပြန်သတိရလို့ပါ... ''

''လာပြီးမနေပါနဲ့ အာစရိရာ၊ တံခွန်တိုင်ရွာမှာ ဝါးလုံးတိုင်ထူအုန်းလက်ကာ၊ ကျူထရံအကျဲမိုးပြီး မင်္ဂလာဆောင်မဏ္ဍပ်လုပ်၊ မင်္ဂလာဆောင်ခဲ့တာကို မသိဘူးများ ထင်လို့လား။ အာစရိ[illegible]ပြောပြလို့ ကျွန်တော်သိထားပြီးပါပြီဗျာ၊ ဒါနဲ့ အာစရိကတော်ကို[illegible]ည်း မတွေ့ပါလား။ ဘယ်သွားနေတာလဲ...''

www.burmeseclassic.com

www.burmeseclassic.com



''ငါ့ကို စိတ်ကောက်ပြီး သူ့ရွာကို ပြန်သွားတာ နှစ်ရက်လောက်ရှိပြီလေ၊ မင်းပဲ စဉ်းစားကြည့်စမ်းပါကွာ၊ နေ့တိုင်းလမ်းထိပ်ကုလားဆိုင်က ပဲဟင်းတစ်ခွက်ကို ကြွပ်ကြွပ်အိတ်နဲ့ဝယ်နေတဲ့ မိန်းမ၊ထူးထူးဆန်းဆန်း အဲဒီနေ့က ခြင်းတောင်းဆွဲပြီး ဈေးသွားတယ်။ ငါကတော့ ဟင်းကောင်းစားရတော့မယ်လို့ ကျိန်းသေတွက်ထားတာပေါ့၊ ငါမပြောချင်တော့ပါဘူးကွာ၊ ထမင်းပိုင်းကျမှ ငါးပုဏ္ဏားနဲ့အာလူးရောတဲ့ဆီပြန်ဟင်းတဲ့၊ အဲဒီတော့ ငါက သူ့ကို 'စားကြမယ်ခေါ်ခေါ်'လို့ လှမ်းခေါ်လိုက်မိတယ်၊ အဲဒီကစ စိတ်ကောက်ပြီး နေ့လယ်ပိုင်းရောက်တော့ သူ့အမေအတွက် အိပ်မက်မကောင်းဘူးဆိုပြီး တံခွန်တိုင်ရွာကို ပြန်သွားလေရဲ့''

''ဟဲ... ဟဲ... ၊ ဘာပဲပြောပြော ခုတော့ အာစရိ တစ်ယောက် လွမ်းနေပြီပေါ့... ''

''လွမ်းတော့ လွမ်းတာပေါ့ကွာ၊ ဒါပေမယ့်... ''

''ဒါပေမယ့်တွေ ဘာတွေ ညာတွေ လုပ်မနေပါနဲ့ အာစရိ...၊ လွမ်းတယ်ဆိုကတည်းက အာစရိရဲ့ကတော်ကို ချစ်လို့ပဲ မဟုတ်လား...''

''ငါ့မိန်းမကို ငါမချစ်ဘူးလို့ တစ်ခါမှ မပြောမိပါဘူးကွာ၊ သူ့ဟာသူ သွားပဲခေါ်ခေါ်၊ နှုတ်ပဲမောက်မောက်၊ နှာယောင်ပဲ ကောက်ကောက်၊ မီးယပ်ပိန်၊ မီးယပ်ခြောက်ပဲဖြစ်ဖြစ်၊ ငါ့အချစ်က ဘယ်တော့မှ လျော့မသွားဘူး၊ ဒါပေမယ့် အဲဒီအချစ်ဟာ မကောင်းဘူး။ မီးလိုပူတယ်၊ တောမီးလိုလည်း တဟုန်းဟုန်းနဲ့ တောက်လောင်ပူပြင်းတတ်တယ်၊ မီးတောင်ထဲက မီးလိုပဲ တငွေ့ငွေ့နဲ့ အရှိန်ပြင်းစွာ တောက်လောင်တတ်တယ်၊ လှမျိုးဦး မင်းက ငယ်သေးတယ်၊ မှတ်ထားပေတော့၊ 'ချစ်တတ်

www.burmeseclassic.com



ခြင်းဟာ နှလုံးသားကို ဆိုးရွားစွာ အက်ကွဲထိခိုက် ကျိုးပဲ့ကြေမွ လောင်မြိုက်ပျက်သုဉ်းစေတယ်ကွယ့်...''

''မှန်လိုက်တာ အာစရိ၊ ဒီတစ်ခါတော့ အာစရိရဲ့စကားကို ကျွန်တော်လက်ခံတယ်။ အခု ကျွန်တော့်နှလုံးသားလည်း နည်းနည်းအက်သံပါနေပြီ။ အကြောင်းစုံ သိချင်ရင်တော့ စောစောက ကျွန်တော်ပေးလိုက်တဲ့ အာစရိလက်ထဲက ဖိတ်စာကို ဖတ်လိုက်ပေတော့''

ကျွန်တော်က မင်္ဂလာဆောင်ဖိတ်စာကို အသံထွက်ပြီး ဩဘာစာဖတ်သည့်အသံမျိုးနှင့် ဖတ်လိုက်သည်။

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ...လမ်း၊
တိုက်အမှတ်( )၊ အခန်းအမှတ်( )နေ၊
ဦးဝင်းမြင့်(ငြိမ်း၊စာတိုက်နှင့်ကြေးနန်း)+ဒေါ်ခင်ခင်လှတို့၏သား
မောင်လှမျိုးဦး- ခေတ္တ( KAMAKALOTE )

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ...လမ်း၊ အိမ်အမှတ်( )နေ၊
ဦးတင့်လွင် (လွင်ပွဲရုံ)၊ ဒေါ်ကြည်မြင့်တို့၏သမီး
မမျိုးမျိုးလွင် B.A (History) တို့ကို
မိဘတို့ဝတ္တရားရှိသည်နှင့်အတိုင်းလက်ထပ်ထိမ်းမြားမင်္ဂလာ
ပြုလုပ်ပေးမည်ဖြစ်ပါသောကြောင့် တစ်ဖက်ပါ
အစီအစဉ်အတိုင်းမပျက်မကွက်ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာ
ဖိတ်ကြားအပ်ပါသည်။

နှစ်ဖက်သောမိဘများ

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နေစမ်းပါဦး၊ ဖိတ်စာထဲက မင်းနာမည်အောက်မှာ ရေးထားတာက ဘယ်တိုင်းပြည်လဲ၊ ဘယ်မြို့လဲ၊ ငါတော့တစ်ခါမှ မကြားဖူးဘူး။ ခေတ္တ(U.S.A)တို့၊ ခေတ္တ(U.K)တို့၊ ခေတ္တ(Tokyo) တို့ပဲ မင်္ဂလာဆောင်ဖိတ်စာတွေမှာတွေ့ဖူးတယ်။ မင်းဖိတ်စာထဲက (Kamakalote) ဆိုတာ အာဖရိကားက တိုင်းပြည်လား၊ ဆီနီဂေါနားကလား..."

"ဟား...ဟား၊ အာစရိတစ်ယောက်ကတော့ ဒေသန္တရ ဗဟုသုတခေါင်းပါးတာကိုးဗျ။ Kamakalote ဆိုတာ ကမာကလုတ်ရွာကို ပြောတာလေ၊ ရန်ကုန်နဲ့ သိပ်မဝေးဘူး။ ကျောက်တန်းကနေ ပဲ့ထောင်နဲ့ နှစ်နာရီလောက်သွားရင်ရောက်တယ်"

"မင်း...အဲဒီ ကမာကလုတ်ရွာနဲ့ ဘယ်လိုပတ်သက်နေတာလဲ..."

"သိပ်ပတ်သက်တာပေါ့ အာစရိရာ၊ ကျွန်တော် အာစရိဆီကို မရောက်တာ လေးလလောက်ရှိပြီလေ။ အဲဒါ ကမာကလုတ်ရွာကို ရောက်နေလို့ပေါ့၊ ကျွန်တော်တို့ ကုမ္ပဏီက ငါးမွေးမြူရေးပါ လုပ်နေတော့ အဲဒီရွာကို ကျွန်တော့်ကို ကြီးကြပ်ရေးမှူးအနေနဲ့ ပို့ထားတယ်။ တစ်နှစ်၊ နှစ်နှစ်လောက် နေရဦးမယ်၊ ကမာကလုတ်ရွာလေးကို ကျွန်တော် သံယောဇဉ်ရှိတယ်၊ ရွာသူရွာသားတွေက ရိုးသားပြီး အလုပ်ကြိုးစားတယ်၊ အဲဒီရွာမှာ ရောက်နေတာကို ဂုဏ်ယူပြီး (Kamaka-lote)လို့ ဖိတ်စာထဲမှာ ထည့်လိုက်တာပေါ့ အာစရိရာ၊ ကျွန်တော့်မှာ ထည့်စရာဘွဲ့မရှိလို့ပါ..."

"အေး...ကောင်းတယ်ကွာ၊ ဒီတစ်ခါတော့ မင်းကို ငါ အမှတ်ပြည့်ပေးလိုက်ပြီ။ ကိုယ့်တိုင်းပြည်၊ ကိုယ့်မြို့၊ ကိုယ်လူမျိုးတွေနဲ့မဆိုင်



တဲ့ U.S.A တို့၊ Tokyo တို့၊ U.K တို့ကို ခေတ္တပဲ ရောက်ရောက်၊ သေတဲ့အထိပဲနေနေ ဂုဏ်ယူစရာအနေနဲ့ ကြွားစရာမဟုတ်ဘူးကွ"

"ဒီတစ်ခါတော့ အာစရိတစ်ယောက် တည့်တည့်တွေးပြီး တည့်တည့်မြင်တတ်လာပြီ..."

"ငါပြောဦးမယ် နားထောင်၊ လူ့ဘဝဆိုတာ ရခဲတယ်ကွ၊ ရှေ့ဘဝက ကုသိုလ်ကောင်းလို့ လူဖြစ်ရတာ၊ မွေးရာပါ ဒုက္ခိတဘဝနဲ့ လူဖြစ်လာတောင် ကုသလဝိပါက် ဥပေက္ခာသန္တီ ရဏ အဟိတ်ပဋိသန္ဓေနဲ့ လူဖြစ်လာရတယ်လို့ ကျမ်းဂန်အဆိုရှိတယ်၊ အဲဒီ လူ့သက်တမ်းကလည်း ကမ္ဘာသက်တမ်းနဲ့ နှိုင်းစာလိုက်ရင် ခေတ္တခဏလေးပဲ၊ သံသရာနဲ့ယှဉ်ပြောရင်တော့ လူဖြစ်ရတာ မျက်စိတစ်မှိတ်လောက်ပဲ ကြာလိမ့်မယ်၊ အဲဒီတော့ နောက်တစ်ခါ ငါမင်္ဂလာဆောင်ခဲ့ရင်လည်း မောင်ဝင်းဇော် (ခေတ္တ– လူ့ပြည်)လို့ ဖိတ်စာထဲမှာ ထည့်ရေးလိုက်မယ်"

"ဟာဗျာ...အာစရိက ခေါင်းဖြူဆွယ်ကျိုးဖြစ်တော့မယ်၊ မင်္ဂလာဆောင်ချင်ရင်တော့ နောက်ဘဝမှာ ဆောင်ပေတော့၊ အဲဒီကျရင်တော့ ခေတ္တ(သိဉ္ဇိုးငရဲ)၊ ခေတ္တ(ကာဠသုတ်ငရဲ)၊ ခေတ္တ(သံဃာတငရဲ)၊ ခေတ္တ(ရောရုဝငရဲ)၊ ခေတ္တ(မဟာရောရုဝ ငရဲ)၊ ခေတ္တ(တာပနငရဲ)၊ ခေတ္တ(မဟာတာပနငရဲ)၊ ခေတ္တ(အဝီစိ ငရဲ)ဆိုပြီး ငရဲကြီးရှစ်ထပ်ထဲက ငရဲတစ်ထပ်ရဲ့အမည်ကိုထည့်ရမှာ ကျိန်းသေတယ်..."

"ဟေ့ကောင်...လှမျိုးဦး၊ မင်း ငရဲမရောက်အောင် သီလ လုံခြုံအောင် နေစမ်းပါကွာ၊ မနှစ်က မင်းကုမ္ပဏီကို ဘောင်ချာအတုတွေလုပ်ပြီး ငွေပိုတောင်းတာ ငါမသိဘူးများ ထင်လို့လား၊ အဲဒါလည်း ခိုးခြင်းတစ်မျိုးပဲ"

"လုပ်မနေပါနဲ့ဗျာ၊ အဲဒီတုန်းက ဒီအိမ်မှာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဘောင်ချာအတုတွေ လာရေးတာကို ခင်ဗျားတွေ့လို့ မဟုတ်လား။ အဲဒီငွေတွေနဲ့ အာစရိတောင် စားသောက်ဆိုင်မှာ လိုက်စားသေးတယ်လေ၊ အာစရိလည်း ကြုံရာပါပဲ''

''ကဲ...ကဲ...တော်တော့ကွာ၊ ဆက်မပြောနဲ့တော့၊ မင်းစကားကြားရတာ ငါကျောပူလာတယ်။ မင်းလာရင်းကိစ္စက ဖိတ်စာပို့တာ မဟုတ်လား။ ငါဝေဖန်ရရင်တော့ မင်းရဲ့မင်္ဂလာဆောင်ဖိတ်စာမှာ လက်ဖွဲ့ခြင်းသီးခံပါဆိုတဲ့ စာကြောင်းလေး ပါမလာတာ အားနည်းချက်ပဲ''

''အာစရိကလည်းဗျာ၊ အရေးထဲမှာ စကားကောင်းကောင်းပြောစမ်းပါ၊ ကျွန်တော့်မှာ ခေါင်းမီးတောက်နေပြီ၊ ဖိတ်စာကမ်းခါနီးမှာ ယောက္ခထီးကြီးက ဒီရက်အတွင်း ဆမ်ဆောင်း အဲယားကွန်းတပ်မပေးရင် သူ့သမီးနဲ့ သဘောမတူဘူးတဲ့၊ ကျွန်တော့်မှာလည်း ကုမ္ပဏီကတိုထားရှိထားတာလေးတွေကို ခန်းဝင်ပစ္စည်းဝယ်တာ၊ မင်္ဂလာခန်းမငှားတာနဲ့ ကုန်ပြီ၊ အစတုန်းကတော့ ကြည်ကြည်ဖြူဖြူ သဘောတူပြီးတော့ဗျာ''

''အဲဒါ ငါနဲ့ဘာဆိုင်လို့လဲကွ၊ ငါအကြံပေးရရင်တော့ ဆမ်ဆောင်းအဲယားကွန်း မတပ်နိုင်ရင်တောင် ဝက်စ်တန်းမယ် တော်နတ်ကွန်းလေးနဲ့ တင်တောင်းကွာ၊ ကွန်းခြင်းအတူတူပဲ၊ နတ်ကွန်းကပြည်တွင်းဖြစ်စစ်စစ်၊ နတ်မ,ရင် ချမ်းသာလိမ့်မယ်၊ မင်း အဲယားကွန်းကရာသီဥတု အတုကြီးပါကွာ...''

''မနောက်ပါနဲ့ အာစရိရာ၊ အာစရိဆီက အကူအညီ တောင်းချင်လို့ပါ၊ လွန်ခဲ့တဲ့နှစ်က လမ်းကြုံလို့ အာစရိဆီကို ကျွန်တော်ဝင်လာလည်တော့ ကောင်မလေးတစ်ယောက်ပါလာတယ်လေ၊ အဲဒီတုန်းက



အာစရိုစပ်စုပြီး ဘယ်နှစ်တန်းလဲ၊ ဘယ်မှာနေလဲ၊ ဘယ်သူ့သမီးလဲမေးတော့... နောက်ဆုံး အာစရိရဲ့ သူငယ်ချင်းသမီးဖြစ်နေတယ်လေ၊ ကျွန်တော်နဲ့ လက်ထပ်မယ့် မျိုးမျိုးလွင်ဆိုတာ အဲဒီကောင်မလေးပဲ''

''ဟုတ်ပြီ...ဟုတ်ပြီ၊ ဖိတ်စာဖတ်တုန်းက ငါ့သူငယ်ချင်းနာမည်ကို တွေ့လိုက်မိသေးတယ်၊ ဒါပေမယ့် ခေတ္တ (Kamaka-lote)ဆိုတဲ့စာကြောင်းက ငါ့ခေါင်းထဲရောက်နေတာကိုးကွ''

''ကျွန်တော် အာစရိနဲ့ ရင်းနှီးမှန်း ယောက္ခထီးကြီး မသိသေးဘူး သူ့သမီးကလည်း ပြောပြမထားမိလို့ တော်သေးတာပေါ့၊ အဲဒီတော့ မနက်ဖြန် သူ့အိမ်ကိုသွားပြီး အာစရိ ဗေဒင်တွက်ပေးပါ''

''သူတို့ကို အဲယားကွန်းဝင်အောင် ငါက ယတြာချေပေးရမှာလား''

''ဟာ...အာစရိကလဲ၊ အိုင်ကျူနည်းလိုက်တာ၊ ခုတလောကျွန်တော့်ယောက္ခထီးလောင်းကြီးက ကံဇာတာ ညံ့နေတယ်၊ ဒီလထဲမှာ သူ့ကားက သူများကို သွားတိုက်မိလို့ တစ်သိန်းလျော်လိုက်ရပြီးပြီ၊ ပြီးခဲ့တဲ့ တနင်္ဂနွေက သူ့ပွဲရုံစာရေးဇော်ဝင်းက ငွေလိမ်ထုတ်သွားလို့ ခန်းမှာ အမှုဖွင့်ထားရသေးတယ်၊ တစ်နေ့ညကလည်း မူးမူးနဲ့ဆေးမှားသောက်မိလို့ ဆေးရုံမရောက်တာကံကောင်းပဲ''

''ဒီလောက်ဆို ငါသိပြီ၊ သူ့ကို ဗေဒင်တွက်ပေးပြီး ယတြာဖိုးနှိပ်ရမှာလား''

''မဟုတ်ပါဘူးဗျာ။ သူ့ကို ဗေဒင်တွက်ပေးပြီး ဒီရက်အတွင်း ဝက်ပစ္စည်းဝင်ရင်နိုက်မယ်၊ ညံ့မယ်လို့ ဟောပေးပါ၊ ယောက္ခထီးကြီးရှေ့ ယောက္ခမကြီးပါ ဗေဒင်တော်တော်ယုံတယ်ဗျ...''

''ဩော်...လက်စသတ်တော့ မင်းက ငါ့ကို အရှုပ်ဒါနာကာ

www.burmeseclassic.com

www.burmeseclassic.com



ကို ကျူးလွန်ဖို့ လာပြောနေတာကိုးကွ...''

''မှသာဝါဒါကံပါဗျာ။ ဒါကြောင့် အာစရိကို ငါးပါးသီလနဲ့ သိပ်ဝေးနေတယ်လို့ ကျွန်တော်ပြောတာပေါ့...''

''ဟဲ...ဟဲ...ငါမှားသွားလို့ပါကွာ၊ အေး...အဲဒီ မုသာဝါဒကံကို တစ်သက်လုံးထိန်းဖို့ ဒီနေ့မနက်ပဲ ငါဆုံးဖြတ်လိုက်ပြီ...''

''ဒါကတော့ အာစရိ ကျွန်တော့်ကို သက်သက်ညစ်တာပဲ''

''မညစ်ပါဘူးကွာ...၊ တိုက်ဆိုင်မှုတစ်ခုပါ''

''အာစရိ ပေဒင်ဆရာလုပ်ပြီး ဗြဟ္မဏတွေရဲ့ ဝေဒကျမ်းတွေ မဖတ်ဖူးဘူးလား...''

''ခု မင်းပြောမှ ငါကြားဖူးတယ်...''

''မဖတ်ဖူးရင် ကျွန်တော်ပြောပြမယ်။ သစ္စယုဂခေတ်မှာ လူတွေအားလုံး သစ္စာစကားပြောတယ်။ ဒွါပရယုဂခေတ်မှာ လူတွေအားလုံးရဲ့ တစ်ဝက်ပဲ သစ္စာစကားပြောတယ်၊ ကလိယုဂခေတ်မှာတော့ လူတွေအားလုံးရဲ့ လေးပုံတစ်ပုံနဲ့ လေးပုံတစ်ပုံအောက်ပဲ အမှန်ပြောကြတော့တယ်။ ဒီခေတ်လူသားတွေဟာ ကလိယုဂခေတ်ထဲမှာ ရောက်နေတာ...''

''လူမျိုးဦး...မင်း ငါ့ကို ကျမ်းတွေ၊ ပျဉ်ခင်းတွေနဲ့ လာမခြောက်နဲ့ တောင်းတောင်းပန်ပန်ပြောရင် ကူညီမယ်''

''ကျွန်တော်မှားပါတယ် အာစရိရာ၊ ဒီတစ်ခါ အာစရိမှ မကူညီရင် ကျွန်တော်မိန်းမရတော့မှာမဟုတ်ပါဘူး''

''မင်း စိတ်ချလက်ချနဲ့ပြန်ပေတော့၊ မနက်ဖြန်မနက် စောစော ငါလမ်းလျှောက်ရင်းနဲ့ တင့်လွင်အိမ်ကို ဝင်လိုက်မယ်''

''ကျွန်တော် ပြောထားတဲ့ အချက်အလက်တွေကို မမေ့မနေနဲ့



နော် အာစရိ...''

''စိတ်ချပါကွာ။ ငါလုပ်စားလာတာ ကြာပါပြီ...''

ကျွန်တော့်စကားဆုံးသည်နှင့် လူမျိုးဦးတစ်ယောက် ကျွန်တော့်ကို နှုတ်ဆက်ပြီး အိမ်ပေါ်မှ ကဆုန်ပေါက်ဆင်းသွားပါတော့သည်။

❖ ❖ ❖ ❖ ❖ ❖

နောက်တစ်နေ့ နံနက်စောစောထပြီး တင့်လွင်အိမ်သို့ ကျွန်တော် အရောက်သွားခဲ့သည်။ အိမ်ရှေ့ခန်းမှာ ပုလင်းထောင်နေသော တင့်လွင်ကို အဆင်သင့်တွေ့ရသည်။ သူက ကျွန်တော့်ကို အားရဝမ်းသာစွာ ကြိုဆိုသည်။

''သူငယ်ချင်း စောစောစီးစီး အလာထူးလှချည်လား၊ တိုက်တိုက်ဆိုင်ဆိုင်ကွာ၊ ဒီမနက်ပဲ ငါလည်းမင်းဆီကိုလာပြီး ဇာတာစစ်မလို့။ ဓါ နည်းနည်းစောသေးလို့ မောနင်းပက်ကိုင်နေတာ''

''မင်း ဒီအရွယ်ရောက်တာတောင် အရက်မဖြတ်သေးဘူးလားကွာ၊ ငါသိရသလောက်တော့ မနက်ပိုင်း မင်းမသောက်ပါဘူး၊ ကျန်းမာရေးရှုထောင့်ကပဲ ကြည့်ကြည့်၊ လူမှုရေး၊ အိမ်ထောင်ရေးရှုထောင့်ကပဲ ကြည့်ကြည့်မကောင်းမှန်းလည်း သိသားပဲကွာ၊ ဘာသာရေးအရကြည့်ရင်တော့ သူရာမေရယကံဟာ ကျန်တဲ့ကံလေးပါးကို ချိုးဖောက်ဖို့ နှင်တံနဲ့တူတယ်ကွ... မင်းတို့ ငါတို့အရွယ်တွေဟာ တရားဘက်လိုက်ရမယ့် အရွယ်တွေဖြစ်နေပြီ...''

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ ငါကြိုးစားပြီး ဖြတ်ပါ့မယ်... ခုတစ်လော ငါညှိုနေတယ်...ဘာလုပ်လုပ် အဆင်မပြေဘူး၊ ငါ့ကို ဇာတာလေး ဘာလေး စစ်ပေးပါဦး၊ မင်းဆီမှာ ဗေဒင်လာမတွက်တာလည်း တစ်နှစ် ကျော်သွားပြီ"

"ခု မင်းဆီကို ငါလမ်းကြုံလို့ ဝင်လာတာမဟုတ်ဘူး၊ တမင် သက်သက်လာတာ၊ ညက ငါအိပ်မက်မက်တယ်... အိပ်မက်ထဲမှာ အဝတ်ကောင်းလှလှတွေဝတ်ပြီး ငါ့အိမ်ကို လာလည်တယ်လို့ မက်တယ် ကွ..."

"မင်း အိပ်မက်အရဆိုရင်တော့ ငါကံကောင်းတော့မှာပေါ့"

"ဒီလိုကွ၊ အိပ်မက်ထဲမှာ လူတစ်ယောက်ကို အဝတ်အစား လှလှပပတွေ ဝတ်ထားတာတွေ့ရင် အဲဒီလူ ကျန်းမာရေး ညှိုးတတ် တယ်လို့ အိပ်မက်ကျမ်းတွေထဲမှာပါတယ်၊ ဒီနေ့မနက် အိပ်ရာကနိုး တော့ မင်းကိုစိတ်ပူပြီး မင်းအတွက် ဗေဒင်ထတွက်ကြည့်သေးတယ်။ မင်းမွေးနေ့သက္ကရာဇ်ကို ငါမှတ်မိတယ်လေ။ တစ်ထောင့်ကိုးရာငါးဆယ့် တစ်ခု၊ ဇန္နဝါရီလ၊ ခြောက်ရက်၊ ဗုဒ္ဓဟူးနေ့ မဟုတ်လား။ ငါ့ထက် သုံးလနဲ့လေးရက်ပဲကြီးတယ်လေကွာ၊ မင်းက ရာဟုသက်ရောက်ထဲမှာ ရောက်နေတယ်၊ အင်္ဂါက 'ပြ'ခွင်ရောက်ပြီး...အင်္ဂါနဲ့တွေ့ခိုက်နေတယ်"

"အေးပါကွာ... ငါလိုက်မှတ်ထားပါ့မယ်... ယတြာကောင်း ကောင်းပေးပါ။ ငါချေပါ့မယ်၊ တို့သူငယ်ချင်းတွေထဲမှာ မင်းကို ငါ အလေးစားဆုံးပဲ၊ မင်းဇာ ရိုးတယ်၊ မင်းက မဟုတ်တာ ဘယ်တော့မှ မပြောတတ်ဘူးဆိုတာ ငါသိတယ်"

တင့်လွင်က ကျွန်တော် ဗေဒင်ဟောသမျှကို လိုက်မှတ်ရန် စာရွက်နှင့်ဘောလ်ပင်ကို စားပွဲပေါ်မှာတင်လိုက်သည်။



"အင်္ဂါညှိုတော့ အင်္ဂါသား အောက်လက်ငယ်သား တစ်ယောက် သစ္စာဖောက်မယ်..."

"မှန်တယ်...သူငယ်ချင်း မှန်တယ်"

"ကားတိုက်မှု ဖြစ်မယ်"

"သိပ်မှန်တာပဲကွာ"

"ဆေးမှားမယ်..."

"မှန်နေပြန်ပြီ... သူငယ်ချင်း"

"သားသမီးတစ်ယောက် မင်္ဂလာဆောင်ရလိမ့်မယ်"

"သွေးထွက်အောင်မှန်တယ်ကွာ"

"စက်တစ်မျိုး ဒီရက်အတွင်းဝင်မယ်၊ ဝင်ရင် ကျန်းမာရေး ညှိုးလိမ့်မယ်၊ အင်္ဂလိပ်စာလုံးနဲ့ အေတို့ အီးတို့နဲ့ကစတဲ့ စက်ဝင်ရင် ပိုဆိုးမယ်..."

"ဟုတ်တယ်ကွာ၊ ဒီရက်အတွင်းမှာ အဲယားကွန်း တစ်လုံးဝင် မှ ရှိတယ်၊ အဲယားကွန်းဆိုတော့ အေနဲ့စတာပေါ့ သူငယ်ချင်း"

"အဲဒီ အဲယားကွန်းဝင်ရင် လေဖြတ်မယ်၊ အထက်လှန် အောက်လျှောဖြစ်မယ်၊ အစာအိမ်ပေါက်မယ်၊ အူယောင်မယ်၊ အသဲကြီး မယ်၊ အဆုပ်ပွမယ်၊ နှလုံးသွေးကြောကျဉ်းမယ်၊ ဆီးကျိတ်ယောင်မယ်၊ ကျောက်ကပ်ထဲမှာ ကျောက်တည်မယ်၊ လိပ်ခေါင်းထွက်မယ်၊ ဗရင်ဂျီ နာပေါက်မယ်၊ ဦးနှောက်အမြှေးပါးယောင်မယ်၊ ဦးနှောက်အကျိတ် ပေါက်မယ်၊ အေပိုး၊ ဘီပိုး၊ စီပိုးတွေတွေ့မယ်၊ ခွာနာလျှာနာဖြစ်မယ်၊ ဝက်ရူးပြန်မယ်၊ အေအိုင်ဒီအက်စ်ဖြစ်မယ်၊ ဒေါင့်သန်းပိုးတွေ တွေ့ မယ်..."

"တော်ပါတော့ သူငယ်ချင်းရာ၊ ခြောက်တဲ့နေရာမှာတော့

www.burmeseclassic.com

www.burmeseclassic.com



မေ့ဆောင်ရာပီသပါပေတယ်၊ အဲဒီ အဲယားကွန်းဝင်ရင် သေမယ်ပေါ့ကွာ” ကျွန်တော်က ခြောက်ပြီးပြောသည်။ သူက ကြောက်ပြီးလိုက်မှတ်သည်။ သူက ယကြာမေးသည်။ ကျွန်တော် က ယကြာပေးသည်။ ဤသို့နှင့်–

“ဟောဒီမှာ မင်းကိုရည်ရွယ်ပြီး ဉာဏ်ပူဇော်ခကိုတောင် ငါ့အိတ်ကပ်ထဲမှာ ထည့်ထားသေးတယ်၊ ပညာက ပညာပဲ၊ အဲဒီ ဉာဏ်ပူဇော်ခကိုတော့ လက်ခံကွာ...”

ကျွန်တော့်ပါးစပ်က ငြင်းဆန်နေသော်လည်း ကျွန်တော့် ညာဘက်လက်က သူလှမ်းပေးသော စာအိတ်ဆီသို့ ရောက်သွားမိသည်။

❖ ❖ ❖ ❖ ❖ ❖

နေ့လယ်ပိုင်းမှာတော့ ကျွန်တော်ထင်ထားသည့်အတိုင်း လှမျိုးဦးတစ်ယောက် ကျွန်တော်အိမ်သို့ မှိုရသောမျက်နှာနှင့် ပေါက်ချလာသည်။

“အာစရိ ဟောကွက်ကတော့ ပိုင်လိုက်တာ အာစရိရာ၊ ဒီနေ့မနက် ကိုးနာရီလောက်မှာ ယောက္ခထီးကြီးက ကျွန်တော့်ကို ဖုန်းဆက်ပြီး အဲယားကွန်းမဝယ်နဲ့တော့၊ မင်္ဂလာဆောင်ဖိတ်စာတွေဝေလိုက်လို့ ရာဇသံပေးလိုက်တယ်။ ကျေးဇူးကြီးပါပေတယ် အာစရိရယ်...”

“ဟေ့ကောင်... ပိုင်မနေနဲ့၊ တင့်လွင် ငါ့ကို ဉာဏ်ပူဇော်ခ ထည့်ပေးလိုက်တဲ့ စာအိတ်ထဲမှာ စာတစ်စောင်ပါတယ်၊ အဲဒီစာကို ဖတ်ကြည့်တော့”

ကျွန်တော်က အင်္ကျီအိတ်ကပ်ထဲမှ စာကိုထုတ်ပြီး လှမျိုးဦးကို ပေးလိုက်သည်။ လှမျိုးဦးက အသံထွက်ဖတ်သည်။



သူငယ်ချင်း ဝင်းဇော်

မနေ့ညထဲက ငါဒီစာကို ကြိုပြီးရေးထားတာပါ။ ဒီနေ့ မနက်မှာ ငါ့ဆီကို မင်းရောက်လာမယ်ဆိုတာ ငါသိနေတယ်လေ။ ဒီလိုကွ... ငါ့သမက်လောင်းလေးက အရည်အချင်းရှိပါတယ်။ ဒါပေမယ့် လူငယ်ဆိုတော့ အသုံးအဖြုန်းကြီးတယ်။ ငွေတန်ဖိုးကို မသိရှာဘူး။ ငွေမရှိတဲ့အချိန်မှာ အခက်အခဲကြုံရင် ဘယ်လို အကျပ်အတည်း ရှိတတ်တယ်ဆိုတာ ပညာပေးချင်လို့ ငါနဲ့ ငါ့သမီးတိုင်ပင်ပြီးတော့ အဲယားကွန်း ဇာတ်လမ်းဆင်ရတာပေါ့ကွာ။ သူဝယ်မပေးနိုင်ရင်လည်း မင်္ဂလာပွဲတော့ ပျက်မှာမဟုတ်ပါဘူး။ ငါနဲ့ စီးပွားဖက်တစ်ယောက်က သူတို့ မင်္ဂလာပွဲအတွက် လက်ဆောင် အဲယားကွန်းတစ်လုံး ဒီနေ့ညနေပဲလာလက်ဖွဲ့ဖို့ ငါမှာထားတယ်။ ဒီဇာတ်လမ်းမှာ မင်းဝင်ပါလာတာကတော့ တိုက်ဆိုင်မှုသက်သက်ပဲပေါ့ကွာ။ မင်းတို့နှစ်ယောက်သိနေမှန်း အစကတော့ ငါမသိပါဘူး။ ငါ့သမက်လောင်းက မင်းဆီမှာ အကူအညီတောင်းဖို့ ငါ့သမီးနဲ့ တိုင်ပင်တယ်။ ငါ့သမီးကပါ သဘောတူလိုက်တယ်။ ပြီးတော့ ငါ့ကို သမီးက ကြိုတင်သတင်းပို့ထားတယ်လေကွာ။ ဒီအကြောင်းကိုတော့ ငါ့သမက်လောင်းကို မပြောပါနဲ့ကွာ။ တော်ကြာ ကောင်လေးတစ်ယောက် [illegible]တတ်နေဦးမယ်။ မင်းကတော့ ငါ့ကို မျက်နှာပူစရာမလိုပါဘူးကွာ။ သူငယ်ချင်းချင်းပဲ။ မင်္ဂလာဆောင်ကိုတော့ လာဖြစ်အောင်လာခဲ့ပါ သူငယ်ချင်း...

ခင်မင်လျက်

တင့်လွင်

www.burmeseclassic.com

www.burmeseclassic.com



''အာစရိရေ...ကျွန်တော်တို့နှစ်ယောက်တော့ အလိမ်ပေါ်ပြီပေါ့။ ဒါကြောင့် မဟောသဓာဇာတ်တော်ကြီးထဲမှာ လျို့ဝှက်အပ်သော စကားကို ဖနီးမယားကို မပြောရဘူးလို့ ပါတာပေါ့။ ဒီတစ်ခါတော့ သင်ခန်းစာပေါ့ အာစရိရာ...''

''မင်းက သင်ခန်းစာရသွားတယ်။ ငါက ငါ့သူငယ်ချင်းမျက်နှာကို ဘယ်လိုကြည့်ရမှန်းတောင် မသိတော့ဘူး...''

''ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ကို အာစရိက စိတ်ရောကိုယ်ပါ ကူညီတာ ကျေးဇူးတင်ပါတယ်၊ ဒါကြောင့် အာစရိအတွက် ရမ်စစ်စစ် တစ်ပုလင်းရှာဝယ်လာတယ်၊ ဟောဒီမှာ မြည်းဖို့ လက်ဖက်သုပ်လည်း ပါတယ်''

''ဒီလောက်နဲ့တော့ ကျေနပ်ရမှာလားကွ၊ ငါ့မှာ အလိမ်ပေါ်လို့ အရှက်လည်းကွဲ၊ သိက္ခာလည်းကျသေးတယ်''

''ဒီတစ်ခါတော့...ဒီလောက်နဲ့ပဲ ကျေနပ်ပါ အာစရိရာ၊ ဒီရမ်ပုလင်းတောင် အစစ်ရအောင် အသိဆိုင်ကိုရှာပြီး ဝယ်လာရတာ၊ ကလီယုဂခေတ်လူသားတွေက သိပ်စိတ်မချရဘူး၊ ရမ်အတု၊ ရေမွှေးအတု၊ ဆေးအတုတွေလုပ်ပြီး မသမာတဲ့နည်းနဲ့ စီးပွားရှာတတ်ကြတယ်...''

''ငါတစ်ယောက်တည်းကွာ၊ မင်းလည်း တစ်ခွက်တစ်ဖလားလောက် ဝင်ကိုင်လိုက်ပါဦး''

''ကျွန်တော် ဖိတ်စာတွေ ဆက်ဝေရဦးမယ်၊ အာစရိတစ်ယောက်ထဲပဲ ရမ်အစစ်လေးသောက်ပြီး တံခွန်တိုင်ရှာသူ ဒေါ်ခင်ခင်ဖြူကို လွမ်းရစ်ဝေနေပေတော့...''

အူမြူးနေသော လှမျိုးဦးတစ်ယောက် ကျွန်တော့်ကို နှုတ်ဆက်



ပြန်သွားခါမှ ကျွန်တော့်နားထဲမှာ လှမျိုးဦးပြောသွားသော 'ကလီယုဂခေတ်လူသားတွေက သိပ်စိတ်ချရတာ မဟုတ်ဘူး' ဆိုသည့်စကားကို ပြန်လည်ကြားယောင်မိပြီး ကျွန်တော့် ရှေ့စားပွဲပေါ်မှ ရမ်ပုလင်းအဖုံးကိုဖွင့်ကာ အနံ့နမ်း၊ အရက်နှံ့မန်။ တစ်ကျိုက်မော့ကြည့်မိသည်၊ လည်ချောင်းမပူ။ နှစ်ကျိုက်မော့ကြည့်သည် မထူးခြား။ သုံးကျိုက်မော့ကြည့်သည်။ ရေနှင့်ခွဲမရ။ လေးကျိုက်၊ ငါးကျိုက်မော့သည်။ ရမ်အတုကြီးဖြစ်နေသည်။


လှမျိုးဦးကပဲ တမင်သက်သက် ဈေးပေါပေါနှင့် ရမ်အတုဝယ်လာသည်လား။ ဆိုင်ကပဲ လှမျိုးဦးကို ရမ်အတု ညာရောင်းလိုက်သည်လား။ ကျွန်တော် ဝေခွဲ၍မရတော့ပါ။ 'ကလီယုဂခေတ်' လူသားတို့၏ အဆင့်မြင့်လိမ်နည်းပညာများကို ကျွန်တော်ဆက်၍ ဆည်းပူးရန်မှတစ်ပါး အခြားမရှိပြီတကား...

လူအချင်းချင်း လှည့်ပတ်ခြင်း
ကင်းရှင်းကြပါစေ။
ဝင်းဇော် (သစ်တော)

www.burmeseclassic.com

www.burmeseclassic.com







# ငွေပေလွှာကျကြဲပါးတယ် ရိုးထိတ်နဲ့ ဂျယ်

လူတစ်ယောက်က ကျွန်တော့်ကိုရှာနေသည်။ ကျွန်တော်က သူ့ကိုကွေ့ပတ်၍ရှောင်နေသည်။ မတွေ့ချင်သူကို ရှောင်ရသည်မှာ နှင်းကုန်မြို့က ကျဉ်းလွန်းလှသည်။ တွေ့ချင်သူကို ရှာလျှင်တော့ နှင်းကုန်မြို့က ကျယ်ပြောလှသည်။ သူ့ကို ကြာကြာရှောင်၍မရမှန်း ကျွန်တော်သိသည်။ ကျွန်တော့်ဝန်းကျင်ကို သူ့ဖြန့်ကျက်လိုက်လျှင်တော့ ကျွန်တော်ပြေးပေါက် ပိတ်သွားနိုင်သည်။ တတ်နိုင်သမျှတော့ သူ့ကို ကျွန်တော့်ဝေ့ဝိုက် ကွေ့ပတ်တိမ်းရှောင်နေရမည်။

သည်လိုနှင့်... တစ်နေ့။ ထိုနေ့တစ်နေ့မှာလည်း သိပ်မကြာသေးပါ။ ပြီးခဲ့သော ကဆုန်လဆန်း ရရက်နေ့က ဖြစ်ပါသည်။ အချိန်က ညဦးပိုင်း။ သူလာမည့်နေရာသို့ ကျွန်တော် ရောက်သွားခဲ့သည်။ ထိုနေရာသို့ သူမဖြစ်မနေရောက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ ကျွန်တော်လည်း ထိုနေရာသို့ မသွားမဖြစ်သော အခြေအနေမျိုးဖြစ်နေသည်။ ထိုနေရာ၌ပင် သူ့ကို ကွေ့ပတ်ပြီးရှောင်နေလျှင် ရှောင်တိမ်းနိုင်သောအနေအထားမျိုးရှိသည်။ အမှောင်ထုနှင့် သစ်ပင်ရိပ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



အားကိုးရမည်။ ထို့ကြောင့် ငှက်မျိုးစုံအိပ်တန်းဝင်သော အချိန်ရောက်မှ ထိုနေရာသို့ ကျွန်တော် အရောက်သွားခဲ့သည်။ အမှောင်ထုနှင့် ရောထွေးယှက်တင်မည့် မှိုင်းပျသောအကျီနှင့် လုံချည်ကို ရွေးချယ်ပြီး ဝတ်သွားသည်။ ထိုနေရာမှာ အရိုင်းဝင်ခါစသရက်ပင်ကြီးများ၏ ရွက်အုပ်များက ညမှောင်ကို ပို၍နက်ရှိုင်းစေရန် ပံ့ပိုးပေးထားသောကြောင့် ရာသူနှင့်ပုန်းသူ၊ ပုန်းရှောင်သူ ကျွန်တော့်ဘက်က ပို၍အခွင့်အလမ်းသာသည်။

ကျွန်တော် သရက်ပင်ကြီးတစ်ပင်အောက်မှာရပ်ပြီး ခပ်လှမ်းလှမ်းသို့ ငေးမောကြည့်ရှုနေမိသည်။ ထိုခပ်လှမ်းလှမ်းနေရာလေးမှာ သစ်ပင်ကြီးတွေကျဲနေသည်။ မရမ်းပင်ပျိုနှင့် ငှက်ပျောရိုင်းများသာ ကျိုးကျိုးကျဲကျဲပေါက်နေသည်။ ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်နေသော်လည်း ထိုနေရာကွက်လပ်လေးမှာ လင်းထိန်နေသည်။ ငှက်ပျောပင်ရိုင်းများကို ရစ်ပတ်ထွန်းညှိထားသော ဖြူ၊ နီ၊ ပြာ၊ ဝါ ရောင်စုံမီးပွင့်များက လင်းတစ်ခါ မှိန်တစ်လှည့် ပြိုးပြိုးပြက်ပြက်ဖြစ်နေသည်။ မရမ်းပင်ပျိုတစ်ပင်မှသည် တစ်ပင်သို့ ကူးလူးယှက်သွယ်ထားသည့် ရောင်စုံမီးတန်းများက ထိန်ထိန်ညီးနေသည်။ ကိုင်းဖျားကိုင်းနားတွင် သွယ်တန်းချိတ်ဆွဲထားသော ဖြူ၊ နီ ကြက်လျှာစွန်းအလံငယ်များမှာ လေအဝှေ့ကြောင့် ရောင်စုံမီးပန်းများကိုယှဉ်ပြီး ဖျပ်ဖျပ်လူးလွန့်နေကြသည်။

ထိုနေ့ နေ့လယ်ပိုင်းက ရာသီဥတုမှာ ပူပြင်းခြောက်သွေ့လွန်းလှသည်။ ညသည့် တစ်နေ့တာ၏ အပူငွေ့များကို ကောင်းစွာ စုပ်ယူနိုင်ခြင်းမရှိသေးပါ။ လေပူများက သစ်ပင်များကြားမှာ ပြေလျော့စွာ ဖြတ်သန်းနေကြသည်။ ကျွန်တော့တစ်ကိုယ်လုံး ချွေးဒီးဒီးကျနေပြီး အကျီ



မှာ ရေဆွတ်ထားသလို စိုရွှဲနေသည်။ ရေဆာသောကြောင့် အာခေါင်များ ခြောက်လာသည်။ ခံတွင်းချဉ်လာသောကြောင့် လန်ဒန်စီးကရက်တစ်လိပ်ကို ထုတ်ပြီး မီးညှိဖွာ ရှိုက်လိုက်သည်။

သရက်ပင်ပေါ်မှ အိပ်တန်းမဝင်သေးသော ငှက်တို့၏ ကျစ်ကျစ်မြည်သံကို ကြားနေရသည်။ ကျွန်တော်နှင့်ခပ်လှမ်းလှမ်း မှောင်ရိပ်ထဲမှာ စမ်းတဝါးဝါးနှင့် သစ်ရွက်ခြောက်များကို ချွတ်နင်းပြီး သွားလာနေကြသော လူအချို့ကို သတိထားပြီး ကြည့်လိုက်မိသေးသည်။ ထိုခဏမှာပင် ကျွန်တော့်နောက်ဘက်ကျောမှ သစ်ရွက်ခြောက်များ ချွတ်ချွတ်မြည်သံကိုကြားလိုက်ရသည်။ ကျွန်တော့်ကိုယ်ကို နောက်ဘက်သို့လှည့်ညည် အပြုမှာပင် ကျွန်တော့်ပခုံးပေါ်သို့ ပူနွေးသောလက်တစ်ဖက်က ဖိကပ်လိုက်သည်။ မည်သို့မှ မတတ်နိုင်တော့ပါ။ ကျွန်တော့်ကိုယ်ကို တဖြည်းဖြည်းချင်း ငဲ့စောင်းပြီး ရောက်လာသူကို မျက်နှာချင်းဆိုင်လိုက်သည်။ ရွက်အုပ်ကြားမှ ဖြာဆင်းလာသောလရောင်ကြောင့် သူ့မျက်နှာကို သဲသဲကွဲကွဲမြင်ရသည်။ သူကျွန်တော့်ကို ရှာတွေ့သွားပြီ။ လာမည့်ဘေး ပြေးတွေ့ရုံသာရှိတော့သည်။

✣ ✣ ✣ ✣ ✣ ✣

``ကိုဝင်းဇော်...မှောင်ရိပ်ခိုပြီး ဒီမှာ တစ်ယောက်တည်း ဘာဖြစ်လို့ လာရပ်နေတာလဲ။ ဟိုမှာ အခမ်းအနားစတော့မယ်''

သူက ရောင်စုံမီးတွေ ဖြာနေသောနေရာသို့ လက်ညှိုးညွှန်ပြပြီး ပြောလိုက်သည်။

``အချိန်နည်းနည်းလိုပါသေးတယ်။ လူတွေကြားထဲမှာ

www.burmeseclassic.com



ဆေးလိပ်သောက်ရတာ အားနာစရာကောင်းတယ်။ ပြီးတော့ နေရထိုင်ရတာလည်း မွန်းကျပ်အိုက်စပ်တယ်ဗျာ''

''ကျုပ် ခင်ဗျားကိုရှာနေတာကြာပြီ။ ခင်ဗျားအိမ်ကို နှစ်ခေါက်တောင်ရောက်သေးတယ်။ အိမ်ကလူတွေ မပြောကြဘူးလား။ ပြီးတော့ ပြည်မြန်မာဗီဒီယိုမှာလည်း သွားရှာတယ်။ ကိုစိုးနဲ့တွေ့ရင် မေးကြည့်။ သူ့ကိုလည်း မှာခဲ့သေးတယ်။ ကဲ... ဟိုနေရာမှာ သွားထိုင်ပြီး စကားပြောကြရအောင်''

ကျွန်တော်တို့ရပ်နေသည့်နေရာနှင့် ခပ်လှမ်းလှမ်းမှာ တောင်သရက်ပင်ပုဝပ်ဝပ်ကြီး တစ်ပင်ရှိသည်။ ထိုတောင်သရက်ပင်၏ ပင်စည်ခြေရင်းကို ပတ်ဝန်းထားသည့် သမံတလင်းကျောက်ခုံဝိုင်းကြီးရှိသည်။ ထိုနေရာသို့ ထိုသူက ညွှန်ပြခြင်းဖြစ်သည်။

သူက ရှေ့ကသွားနှင့်သည်။ ကျွန်တော်က လက်ထဲမှ စီးကရက်တိုကို မြေပေါ်မှာချနင်းပြီး သူ့နောက်က လိုက်သွားသည်။

ကျောက်ခုံဝိုင်းမှာ သူကထိုင်နှင့်နေပြီ။ ကျွန်တော့်ဖင် ကျောက်ခုံဝိုင်းနှင့် မထိခင်မှာပင် သူက...

''စာမူလိုချင်လို့ ခင်ဗျားကိုလိုက်ရှာနေတာ။ ခင်ဗျားအိမ်မှာ ကျွန်တော်ရေးပေးသွားတဲ့ စာထဲမှာလည်း ထည့်ရေးထားသေးတယ်။ ဒီလိုဗျ... လာမယ့်လမှာ 'ရောင်ပြန်မဂ္ဂဇင်း' အုပ်တစ်ရာပြည့် အထိမ်းအမှတ်ထုတ်မယ်။ ရောင်ပြန်အတွဲ(၁)၊ အမှတ်(၁)မှာပါခဲ့စာရေးဆရာတွေရဲ့ စာမူတွေအားလုံးရပြီးပြီ။ ခင်ဗျားတစ်ယောက်ထဲပဲ ကျန်တော့တယ်။ အဲဒီတုန်းက ခင်ဗျား ဂျစ်ပစီအဆောင်တွေအကြောင်း ရေးဖူးတယ်မဟုတ်လား။ အဲဒီလို ဂမ္ဘီရဆောင်းပါးတစ်ပုဒ်ပဲဖြစ်ဖြစ်၊ လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတစ်ပုဒ်ပဲဖြစ်ဖြစ် ရေးပေးပါ။ အဲဒီနောက်ပိုင်း ခင်ဗျား



ရောင်ပြန်မှာ မရေးတော့ဘူးမဟုတ်လား''

သူက ကရားရေလွှတ် ပြောနေသည်။ သူက စာပေ အသိုင်းအဝန်းမှာ စာမူမှုဆိုးအဖြစ် နာမည်ကြီးနေသော ရောင်ပြန်မဂ္ဂဇင်းမှ ထုတ်လုပ်သူအယ်ဒီတာဦးသန့်ဆိုသူဖြစ်သည်။

''အဲဒီ ဂျစ်ပစီအဆောင်အကြောင်းရေးတုန်းက ဘာရယ်လို့မဟုတ်ပါဘူးဗျာ။ နိုင်ငံခြားစာအုပ်လေးတစ်အုပ်ထဲက ဘာသာပြန်ပြီး အညှပ်လိုက်တာပါ။ ကျွန်တော်က ဂမ္ဘီရဝတ္ထုတွေ၊ လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတွေ မရေးတတ်ပါဘူး။ ဝါသနာလည်း မပါပါဘူးဗျာ။ ဂါထာမန္တန်အကြောင်းတွေဆိုရင် ပိုလို့တောင်မရေးတတ်ဘူး။ ခင်ဗျားတို့ ရောင်ပြန်ဇင်းက လိုင်းတစ်မျိုးလေဗျ။ ကျွန်တော်က အချစ်ဝတ္ထုနုနုရွရွလေးတွေ ရေးချင်တယ်။ ဘဝသရုပ်ဖော်ဝတ္ထု ရင့်ရော်ရော်တွေကို လက်တွေ့တယ်'

''မဟုတ်ဘူးလေဗျာ။ တစ်ပုဒ်တော့ ရေးကိုရေးမှဖြစ်မယ်။ တားရော့ဒ်အကြောင်းတွေရေးဗျာ။ တားရော့ဒ်လည်း ဂမ္ဘီရပဲ''

''မလုပ်ပါနဲ့ဗျာ။ ဗေဒင်မေးသော သူများအကြောင်း စာအုပ်ထဲမှာ တားရော့ဒ်အကြောင်းရေးထားတဲ့ ဆောင်းပါးတစ်ပုဒ်ထည့်မိတာရယ်၊ တားရော့ဒ်အဆောင်တွေထည့်မိတာရယ်ကို ခုထိ နောင်တရနေတုန်းပဲ။ အဲဒီတုန်းကလည်း ထုတ်ဝေသူကြောင့်ပါဗျာ''

သူက လန်ဒန်စီးကရက်ဗူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ပြီး ကျွန်တော့်ကိုပေးသည်။ သူက တစ်လိပ်ထုတ်ပြီး မီးညှိဖွာရှိုက်လိုက်သည်။

''ကိုဝင်းဇော်...ခင်ဗျား သဘောလိုက်ဖူးတယ်။ အစ်တောမှာလည်း အလုပ်လုပ်ဖူးတယ်ဆိုတော့ နေရာအမျိုးမျိုးရောက်ခဲ့ဖူးမှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက သရဲခြောက်ခံရဖူးလား။ ခံရဖူးရင်လည်း သရဲခြောက်တဲ့ အကြောင်း ရေးပေါ့။ အဲဒါ ဂမ္ဘီရပဲ''

''သရဲဆိုတာ ဖြူသလား၊ မည်းသလားတောင် မသိပါဘူးဗျာ''

''ဒီလိုဆိုရင် သဘော်နစ်မလို့ပဲဖြစ်ဖြစ်၊ သစ်ပင်ပိသေမလို့ပဲ ဖြစ်ဖြစ်၊ အဲဒီဖြစ်တဲ့အခါမှာ ဂါထာတန်ခိုးကြောင့် အသက်ဘေးက လွတ်တာမျိုး မကြုံခဲ့ရဘူးလား''

''သဘော်လည်း နစ်မလို့ မဖြစ်ခဲ့ပါဘူး။ သစ်ပင်လည်း ပိမလို့ မဖြစ်ခဲ့ပါဘူး။''

''သေဘေးနဲ့တော်တော်နီးတဲ့လူပဲ။ အသက်ဘေးက သီသီလေး ကံကောင်းထောက်မပြီး လွတ်လာတာမျိုးမရှိဘူးလား''

''မရှိပါဘူးဗျာ။ ထူးဆန်းတဲ့အဖြစ်အပျက်တွေကို တစ်ခါမှ မကြုံခဲ့ရပါဘူး''

''မကြုံလည်း ကြုံတယ်ဆိုပြီးရေးပျာ။ တစ်ခုခုတော့ ရေးမှ ဖြစ်မယ်''

သူစိတ်မရှည်တော့ပါ။ ကျွန်တော်ကလည်း ထူးဆန်းတွေလာကို ဝါသနာမပါပါ။ လူမှုဝန်းကျင်မှာ ဖြစ်လေ့ဖြစ်ထရှိသော သာမန် ဖြစ်ရိုးဖြစ်စဉ်များကို ပုံကြီးချဲ့ပြီး တွေးခေါ်တတ်သည့်ဉာဉ် ကျွန်တော့် မှာရှိသည်။

''တစ်ခုတော့ရှိတယ်။ တော်တော်ထူးဆန်းတယ်၊ အဲဒီ အဖြစ်အပျက်က သိပ်မကြာသေးဘူး၊ ကျွန်တော့်ကိုယ်တွေ့ပဲ၊ ဘာတွေ ဘယ်လို ထူးထူးဆန်းဆန်းဆက်ဖြစ်ဦးမလဲ မသိဘူး''

ကျွန်တော့်စကားကြောင့် သူ့မျက်လုံးမှာ အရောင်လက် သွားသည်။



''ထူးဆန်းရင်ရတယ်. . . ရေးတော့၊ မနက်ဖြန် စာမူ လာပို့ ပေးတော့''

''နေဦးလေဗျာ။ ကျွန်တော်ပြောတဲ့စကားကိုလည်း နားထောင် ပါဦး''

''ပြောဗျာ. . .ပြော။ တိုရင်းလိုရှင်းပဲပြော၊ အချိန်သိပ် မရှိဘူး၊ စာရေးရင်တော့ စိကာပတ်ကုံးရေးပေါ့ဗျာ''

''အဲဒီအကြောင်းတွေကိုတော့ လျှောက်မပြောပါနဲ့ဗျာ''

''ခင်ဗျားကလည်း တစ်မျိုးပဲ၊ စာထဲတောင် ထည့်ရေးဦး မယ့်ဟာပဲ''

''ဒီလိုလေဗျာ၊ ဝတ္ထုရေးရင်တော့ ဖတ်တဲ့သူတွေက စိတ်ကူး ယဉ်လို့ပဲ ထင်ကြမှာပေါ့၊ ကျွန်တော့်ကပြောတဲ့စကားဆိုရင်တော့ ကြား တဲ့ လူတွေက ကျွန်တော်ကို ပေါက်သွားပြီလို့ ပြောကြမှာပေါ့ဗျာ''

''ကဲဗျာ. . .ပြောမှာသာ ပြောပါ၊ ကျွန်တော်က ခင်ဗျားပြော မယ့် စကားကို သိပ်နားထောင်ချင်တာမဟုတ်ဘူး၊ ခင်ဗျားဆီက စာမူ ကိုပဲလိုချင်တာ''

သူစိတ်မရှည်တော့ပါ။ စီးကရက်ကိုပဲ တွင်တွင်ချည်း ဖွာရှိုက် နေသည်။

''ကျွန်တော်ပြောတာကို ခင်ဗျားယုံမလားမသိဘူး၊ ဒီ အကြောင်းကို ကျွန်တော်ဘယ်သူ့ကိုမှ မပြောခဲ့ဘူး၊ ပြောရင်လည်း ယုံကြမှာ မဟုတ်ဘူးလေ''

''ယုံတယ်ပ်ထားလိုက်ပါတော့၊ ပြောမှာသာပြောပါ၊ ကျွန်တော် မိုက်ဆာလာပြီ၊ ဟိုမှာ မိတ်ဆက်စကားပြောပြီးတာနဲ့ ထမင်းစားကြ တော့မှာ၊ စာရေးဆရာတွေလည်း စုံနေပြီ''

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက မရမ်းတလင်းတော၊ အယူတော်မင်္ဂလာ ခြံထဲမှာ 'မနောမယ' ဂျာနယ်စောင်ရေတစ်ရာမြောက် မိတ်ဆုံထမင်းစားပွဲ ကျင်းပနေခြင်းဖြစ်သည်။

''ခင်ဗျား ကျွန်တော့်သူငယ်ချင်း ကိုထွန်းသျှောင်ကို သိတယ် မဟုတ်လား''

''သိပါတယ်ဗျာ... ၊ရောင်ပြန်မဂ္ဂဇင်းတိုက်ကို ခင်ဗျားနဲ့ပါပါ လာတဲ့ ထိပ်ပြောင်နဲ့လူမဟုတ်လား၊ ခါကာဘိုရာဇီတောင်ကို မှတ်တမ်းတင်ဓါတ်ပုံတွေ အများကြီးရိုက်ထားတဲ့ ဓါတ်ပုံဆရာလေ၊ အဲဒီ ကိုထွန်းသျှောင်နဲ့ ခင်ဗျားပြောမယ့် ထူးထူးဆန်းဆန်း အဖြစ်အပျက်နဲ့ ဘာဆိုင်လို့လဲ''

''ဒီလိုဗျ... ပြီးခဲ့တဲ့ ၂၀၀၂ခုနှစ်၊ ဒီဇင်ဘာလတုန်းက ကားလမ်းပေါ်က 'အုန်းချော'ရွာကို ရောက်သွားကြတယ်၊ အဲဒီရွာမှာ သူ့ဘကြီးအိမ်ရှိတယ်၊ အမှန်ကတော့ အလည်အပတ် သဘောမျိုးထက် ဆီးခြံတွေကို နည်းနည်းလေ့လာချင်လို့ပါ၊ အဲဒီမှာ တရုတ်ဆီးသီးမျိုးတွေ အကြီးအကျယ်စိုက်ပြီး အရောင်းအဝယ် ကောင်းတယ်ဆိုတော့ စုဆောင်းထားတာနည်းနည်းနဲ့ အရောင်းအဝယ်လုပ်ကြည့်မလားလို့ဗျာ၊ ဗေဒင်ဟောရတာလည်း ခါးချိနေပြီ''

သူက လန့်ဒန်စီးကရက်တစ်လိပ်ကို လှမ်းပေးရင်း...

''တိုရှင်းလိုရင်း ပြောပါဗျာ၊ ရာသီဥတုက သိပ်ပူတယ်၊ ကျွန်တော် သိပ်စိတ်မရှည်ချင်တော့ဘူး''

''ကဲ... တိုတိုပဲ ပြောတော့မယ်၊ အဲဒီရွာရောက်ပြီး နောက်တစ်နေ့ညမှာ ကျုပ်တို့နှစ်ယောက် အိပ်မပျော်တာနဲ့ စကားတပြောပြောနဲ့ ရွာနောက်ဘက်ကို လျှောက်သွားတယ်၊ ရွာနောက်ဘက် ပဲခင်း



ကျော်သွားပြီး တစ်မိုင်ကျော်ကျော်လောက်မှာ ရွှေစာရံဘုရားကို ရောက်တော့တာပဲ၊ အချိန်ကတော့ တော်တော်ညဉ့်နက်နေပြီ၊ ဆယ့်တစ်နာရီကျော် ဆယ့်နှစ်နာရီလောက်ရှိနေပြီ၊ ဘုရားပရဝဏ်မှာ ရှင်းနေတာပဲ ကျွန်တော်တို့နှစ်ယောက်ပဲ ရှိတယ်၊ ဒီလိုအချိန်မျိုးမှာ ဘယ်[illegible] ရှိမလဲဗျာ၊ ကိုထွန်းသျှောင်ကတော့ အဓိဋ္ဌာန်ပုတီးပတ်မပြည့်သေးလို့ စနေထောင့်မှာ ပုတီးစိပ်တယ်၊ ကျွန်တော်ကတော့ ဘုရားဝတ်ပြုပြီးတာနဲ့ ဘုရားကုန်းတော်တစ်ပိုက် လှည့်ပတ်ကြည့်တယ်၊ ကိုထွန်းသျှောင်ကတော့ နှစ်ခါလောက် ရောက်ဖူးတယ်တဲ့၊ ကျွန်တော်ကတော့ အဲဒီအကြိမ်ဟာ ပထမဆုံးအကြိမ်ပဲ၊ ဒီလိုညမျိုးမှာ တစ်ယောက်တည်းလာရဲမှာမဟုတ်ဘူး၊ ဘုရားကုန်းတော်ပေါ်က ကြည့်လိုက်ရင် ရွှေစာရံကိုတော့ လှမ်းမြင်နေရပြီ၊ ကျွန်တော့်တို့တည်းတဲ့ အုန်းချောရွာနဲ့ကတော့ တော်တော်လှမ်းနေတယ်''

ကျွန်တော့်စကားကို သူစိတ်ဝင်စားပုံမပေါ်ပါ။ အားနာသောကြောင့် နားထောင်သည့်ပုံမျိုးပေါ်နေသည်။ ထမင်းလည်း ဆာနေသည်မှာ[illegible]မသိ။ မီးရောင်စုံလင်းနေသော နေရာဆီသို့ လှမ်းလှမ်းကြည့်နေသည်။

''အဲဒီနေ့က လပြည့်ကျော်တစ်ရက်နေ့ဆိုတော့ လပြည့်ဝန်းကြီးကလည်း ထိန်ထိန်သာနေတာပေါ့ဗျာ၊ ရွှေစာရံဘုရားက ဒုဋ္ဌဝတီမြစ်ဘေးမှာ ကပ်ပြီး တည်ထားတာဆိုတော့ ဘုရားအုတ်တံတိုင်းပေါ်က ကျော်ပြီး ကြည့်လိုက်ရင် ငွေရောင်တဖိတ်ဖိတ် တောက်နေတဲ့ ဒုဋ္ဌဝတီမြစ်ကို စီးပြီးမြင်နေရတယ်၊ မြစ်ရဲ့ ဟိုဘက်ကမ်းက ကျောက်နဂါးတောင်ကလည်း ဒီဘက်ကမ်းကို လှမ်းပြီးမိုးထားသလိုပဲ၊ တော်တော်သာယာတယ်''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စကားကိုဖြတ်၍ စီးကရက်မီးညှိလိုက်သည့် အခိုက်အတန့်မှာ သူက စကားဖြတ်ပြီး...

"စာရေးတော့မှ ရှုခင်းတွေ၊ မြင်ကွင်းတွေကို အသေးစိတ် မှမ်းပါဗျာ၊ ကဲ... ဒီတော့ ဥစ္စာစောင့်မနဲ့တွေ့တယ် မဟုတ်လား"

"ဟုတ်တယ် ... တကယ်ပဲဗျို့၊ ဥစ္စာစောင့်မနဲ့ ကျုပ် စကားတောင်ပြောလိုက်ရသေးတယ်၊ ပြီးတော့ အဲဒီဥစ္စာစောင့်မက အဲဒီဘုရားက မဟုတ်ဘူးဗျ၊ အဖြူရောင် ရှုပါဆလွန်းကားနဲ့ ဘုရားလာဖူးတာ၊ သူမောင်းလာတဲ့ ကားနံပါတ်ကိုတောင် ကျုပ် အခုထိ မှတ်မိတုန်းပဲ၊ ၂က/...ဗျ၊ ကဲ... ဘယ်နဲ့လဲ၊ စိတ်ဝင်စားစရာ မကောင်းဘူးလား"

ကျွန်တော့်စကားကြောင့် သူစိတ်ပျက်သွားပုံရသည်။

"ခင်ဗျားက ဥစ္စာစောင့်မကိုတွေ့၊ ပြီးတော့ ဥစ္စာစောင့်မက ပျောက်သွားတယ်ဆိုရင်တော့ လက်ခံနိုင်သေးတယ်၊ ဥစ္စာစောင့်မက ရှုပါဆလွန်းကားမောင်းပြီး ညကြီးအချိန်မတော် ဘုရားလာဖူးတယ်ဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူး၊ ထူးထူးဆန်းဆန်း အကြောင်းပဲရေးပါဗျာ၊ ထူးဆန်းတာထက် ပိုတဲ့ ထူးဆန်းတာမျိုးတော့ မလုပ်ပါနဲ့ဗျာ"

"ဒါကြောင့်-ကျွန်တော်ပြောပြရင် ခင်ဗျားယုံမလားလို့ မေးခဲ့တာပေါ့"

"ထားပါတော့...၊ ကျွန်တော်ယုံတယ်၊ မြန်မြန်ဆက်ပြောပေတော့၊ ထမင်းစားပြီးရင် ရန်ကုန်ပြန်ရဦးမှာနော်"

"ကဲ...လိုရင်းပဲပြောတော့မယ်၊ ကျွန်တော် ဘေးက ရှုခင်းတွေကြည့်ပြီး ဘုရားကုန်းတော်ပေါ်ပတ်နေတုန်း ရာဟုထောင့် ရောက်



တော့ မိန်းမပျိုလေးတစ်ဦး ဘုရားပန်းတွေ ကပ်နေတာကိုးဗျ၊ ထိုင်နေတဲ့ပန်းတွေက သစ္စာပန်းနီနီရဲရဲကြီးတွေ၊ လှလိုက်တာ မပြောနိုင်တော့ဘူး၊ အဲဒီမိန်းမပျိုလေးကတော့ အဝေးကမြင်ရုံနဲ့ တော်တော်လှနေပြီ၊ အင်္ကျီအစိမ်း၊ ထဘီအစိမ်း ဝတ်ထားတယ်၊ သူ့အင်္ကျီ၊ ထဘီတွေကလည်း ဖဲသားလား၊ ဘရိုကိတ်သားလား မသိဘူး၊ ပြောင်ပြောင်လက်လက်နဲ့၊ အသားအရောင်ကတော့ ဝင်းနေတာပဲဗျို့၊ ကျွန်တော် သူ့နောက်မနီးမဝေးမှာရပ်ပြီး သူ့ကို ကြည့်နေတာကို သူသိသလား မသိဘူး"

ကျွန်တော်က စကားကိုရပ်ပြီး စီးကရက်ဖွာလိုက်သည်။

"ဥစ္စာစောင့်မလေးရဲ့ အလှအပတွေကို အသေးစိတ် မပြောနိုင်တော့ဘူး၊ အချိန်သိပ်မရှိဘူး၊ စာရေးမှ အသေးစိတ် ရေးပေတော့၊ အဲဒီ ဥစ္စာစောင့်မလေးက ခင်ဗျားကိုတွေ့သွားပြီး ခင်ဗျားနား လျှောက်လာခဲ့တယ်၊ အနားရောက်တော့ အစွယ်ကြီးနဲ့ ကြောက်စရာမျက်နှာကြီး ဖြစ်သွားတယ် မဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားပြောတာမှန်တယ်၊ ကျွန်တော့်နား လျှောက်လာတယ်၊ လက်ထဲမှာ ဖယောင်းတိုင်လေးတစ်တိုင် ကိုင်ထားတယ်၊ ကျွန်တော့်ဆီမှာ ဖယောင်းတိုင်ထွန်းဖို့ မီးခြစ်လာ တောင်းတာ၊ ကျွန်တော်က မီးခြစ်ခြစ်ပြီး သူကိုင်ထားတဲ့ဖယောင်းတိုင်လေးကို မီးထွန်းပေးလိုက်တယ်၊ သူက 'ကျေးဇူးတင်ပါတယ်'လို့တောင် ပြောသွားတယ်၊ အနားကပ်ကြည့်တော့ သူ့မျက်နှာလေးက ပိုလို့တောင် လှသေးတယ်ဗျာ၊ ခင်ဗျား တလောကပြသွားတဲ့ ကလေးချင်းမှားတဲ့ ကိုရီးယားရုပ်ရှင် ကြည့်လိုက်ရတယ်မဟုတ်လား၊ အဲဒီရုပ်ရှင်ထဲက 'အွန်စော'ဆိုတဲ့ မိန်းကလေးနဲ့တူတယ်၊ သူက ပိုချောတယ်၊ 'အွန်စော'

www.burmeseclassic.com

www.burmeseclassic.com



ထက် နှစ်ဆပိုချောတယ်''

''ဟာဗျာ... ခင်ဗျားရဲ့ ဥစ္စာစောင့်အကြောင်းထဲမှာ ကိုရီးယားမင်းသမီးတွေရော၊ ဂျပန်ကားတွေရော ရှုပ်နေတာပဲ၊ ဖတ်တဲ့သူတွေ ယုံပါ့မလားဗျာ''

''မယုံလည်း မတတ်နိုင်ဘူးလေဗျာ၊ ဒါ ကျွန်တော့်ကိုယ်တွေ့ပဲ၊ ကျွန်တော်ကိုယ်တိုင် တကယ်ကြုံခဲ့ရတာကို ပြောနေတာ၊ အယ်ဒီတာကတောင် မယုံဘူးဆိုရင် ကျွန်တော်မရေးရုံဘဲရှိတော့တာပဲ''
ကျွန်တော်က ဈေးကိုင်လိုက်သည်။ ဖာတ်လမ်းက အရှိန်တက်နေပြီ။ သူနားမထောင်ဘဲ မရတော့မှန်း ကျွန်တော်သိသည်။

''ကဲ... ပြောပါ၊ ဆက်ပြောပါ၊ ခင်ဗျားစကား နားထောင်ရတာနဲ့ ကျွန်တော့်ဗိုက်ထဲမှာ လေခံပြီး ထမင်းဘားချင်တဲ့စိတ်တောင် မရှိတော့ဘူး''

''ပြောဖို့တစ်ခုကျန်သေးတယ်၊ သူဝတ်လာတဲ့ ရတနာပစ္စည်းတွေကတော့ လရောင်အောက်မှာ ဖိတ်ဖိတ်တောက်နေတာပဲ၊ စိန်တွေ၊ မြတွေ၊ ပတ္တမြားတွေ၊ နီလာတွေ စုံနေတာပဲဗျ၊ ကျွန်တော် သတိထားမိလိုက်တာကတော့ သူပန်ထားတဲ့ နားကပ်ပဲ စိန်နားကပ်၊ စိန်တစ်လုံးတည်းနားကပ်၊ ဆန်းတာက ညာဘက်နားမှ နားပေါက်ရှိပေမယ့် နားကပ်မရှိဘူးဗျ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ် ဒီခေတ်မိန်းကလေးတွေ နားကပ်တစ်ဖက်ပဲပန်တာကို ကျွန်တော်တွေ့ဖူးတယ် စတိုင်ပေါ့ဗျာ။

အဲဒီမိန်းမပျိုလေးက ကျွန်တော့်ဆီက မီးကူးသွားတဲ့ ဖယောင်းတိုင်မီးနဲ့ ရာဟုထောင့်မှာ ဖယောင်းတိုင်လေးတွေကို ထွန်းညှိပြီး ဘုရားမီးပူဇော်နေတာကိုးဗျ။ ဖယောင်းတိုင်နှစ်ဆယ့်ငါးတိုင်ဆိုတော့ သူ့အသက်က နှစ်ဆယ့်ငါးနှစ်ပဲ ရှိလိမ့်မယ်။



ဆီမီးပူဇော်ပြီးတော့ သူကုန်းတော်ပေါ်က ဆင်းသွားတယ်။ ကျွန်တော်လည်း သူ့နောက်ကမယောင်မလည်လိုက်သွားတယ်။ စောင်းတန်းက သိပ်မမြင့်ဘူးဗျ။ အဲဒီဘုရားစောင်းတန်းအောက်မှာ ကျွန်တော်စောစောကပြောခဲ့တဲ့ အဖြူရောင်စူပါဆလွန်းကားလေး ရပ်ထားတာကိုးဗျ။ ကျွန်တော်က စောင်းတန်းအလယ်လောက်က ရပ်ပြီးကြည့်နေတာပေါ့။ ကားတံခါးသော့ဖွင့်ပြီး သူကားမောင်းသွားတဲ့အထိ ကျွန်တော်စောင့်ကြည့်နေတယ်။ လရောင်ကြောင့် သူ့ကားနံပါတ်ကို ကျွန်တော်သဲသဲကွဲကွဲ မြင်လိုက်ရတယ်။

ဘုရားကုန်းတော်ပေါ် ကျွန်တော်ပြန်တက်ပြီး သိပ်မကြာပါဘူး ကိုထွန်းသျှောင် ပုတီးစိပ်ပြီးသွားတယ်။ ကိုထွန်းသျှောင်ကို ကျွန်တော်က အဲဒီအကြောင်းပြောပြတော့ ကိုထွန်းသျှောင်က ရယ်တယ်''

''ကိုထွန်းသျှောင်ရော ယုံလား''

သူက စကားဖြတ်ပြီး ဝင်မေးသည်။

''မယုံလို့ ရယ်တာပေါ့ဗျာ၊ သူမယုံပေမယ့် ကျွန်တော့်မှာ သက်သေပြဖို့ ကားနံပါတ်ကရှိသေးတာကိုးဗျ။ ဒါကြောင့် နောက်တစ်နေ့လေးရောက်တော့ မန္တလေး က. ည. န. ရုံးက ကိုထွန်းသျှောင်ရဲ့ သူငယ်ချင်းတစ်ယောက်နဲ့ လိပ်စာကိုရှာခိုင်းတော့ ကားပိုင်ရှင်လိပ်စာကို ရတယ်၊ အဲဒီလိပ်စာအတိုင်းလိုက်သွားပြီး အနီးအနားအိမ်တွေကို စုံစမ်းမေးမြန်းကြည့်တော့ အဲဒီကားပိုင်ရှင်က အငြိမ်းစားအဖိုးကြီး၊ အဲဒီအိမ်မှာကလည်း အိမ်သားများများမရှိဘူး။ ဇနီးအဘွားကြီးရယ်... နှစ်ယောက်တည်းပဲရှိတယ်၊ သားသမီးတွေက ရန်ကုန်မှာတဲ့။ သမီးမိန်းကလေးမရှိဘူးတဲ့။ သားနှစ်ယောက်ပဲရှိတယ်။ အဲဒီကားက ဝင်းရှော့မှာ အင်ဂျင်ချထားတာလည်း တစ်ပတ်လောက်ရှိနေပြီတဲ့''

www.burmeseclassic.com

www.burmeseclassic.com



''ဒီတော့ ကိုထွန်းသျှောင်က ခင်ဗျားကို ဘာပြောသလဲ''

''အတည်ပေါက်နဲ့ တော်တော်နောက်တဲ့လူလို့ ပြောတာပေါ့ဗျာ''

''ကားနံပါတ်အမှတ်မှားသွားတာရော မဖြစ်နိုင်ဘူးလား''

''မမှားနိုင်ဘူး။ ကျွန်တော်သေသေချာချာကြည့်တာပါ ဗျာ။ ကားနံပါတ်ကို သဲသဲကွဲကွဲမြင်ရတယ်''

''ခင်ဗျားအမှန်အတိုင်းပြောရင်တော့ တကယ့်ကမ္ဘာ့ရဖာတ်လမ်းတစ်ပုဒ်ပဲ။ မိန်းကလေး နုနုထွတ်ထွတ်လေးတစ်ယောက်ဟာ အဖိုးတန်လက်ဝတ်ရတနာတွေဝတ်ပြီး ဒီလောက်ချောင်ကျတဲ့နေရာမှာ ဘုရားလာဖူးတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ သူစီးလာတဲ့ကားနံပါတ်ကို စုံစမ်းကြည့်တော့လည်း အဲဒီကားက အင်ဂျင်ချုထားတာ တစ်ပါတ်လောက်ရှိပြီဆိုရင်တော့ ပိုပြီးဆန်းတာပေါ့ဗျာ။ ကဲ...ရေးပေတော့။ အိမ်ပြန်သွားတာနဲ့ ရေးပေတော့ ကိုဝင်းဇော်''

''နေပါဦးဗျာ... ကျန်ပါသေးတယ်။ ဒီထက်ဆန်းတာ ကျန်သေးတယ်။ ကျွန်တော် ရန်ကုန်ရောက်ပြီး တစ်ပါတ်လောက် အကြာမှာ အဲဒီမိန်းမပျိုလေးက ကျွန်တော့်ဆီကိုရောက်လာတယ်။ ဗေဒင်လာကြည့်တာ။ သူမောင်းလာတဲ့ကားက ရွှေစာရံဘုရားမှာ ကျွန်တော်တွေ့ခဲ့တဲ့ ရူပါဆလွန်းကားမဟုတ်တော့ဘူး။ အပြာရောင်... ကားအမျိုးအစားကတော့ ကျွန်တော်မသိဘူး။ ရူပါဆလွန်းကားနဲ့ ပုံစံချင်း တခြားစီပဲ''

''ဥစ္စာစောင့်က ဗေဒင်လာကြည့်တယ်... ဟုတ်လား''

သူတော်တော်စိတ်ဝင်စားသွားပါသည်။

''သူမှ သူပဲဗျာ။ ကိုယ်နေဟန်ထား သွယ်လျတာရော၊ မျက်နှာရော တူမှတူပဲဗျာ။ ဒါပေမယ့် အဲဒီဗေဒင်လာကြည့်တဲ့မိန်းကလေးက ဒီခေတ်စတိုင်မျိုး ဝတ်ထားတာဗျ။ လက်ဝတ်ရတနာတွေလည်း မဝတ်ထားဘူး။ သူ့နာမည်က 'စောယုမွန်'တဲ့။ အသက်ကလည်း နှစ်ဆယ့်ငါးနှစ်ပဲရှိသေးတယ်''



''ဥစ္စာစောင့်မလေးက လူယောင်ဖန်ဆင်းပြီး ခင်ဗျားနောက်လိုက်လာတာများလား မသိဘူး''

''ဘယ်က ဥစ္စာစောင့်မ ဖြစ်ရမှာလဲဗျ။ အဲဒီကောင်မလေးက မနေ့ကမှ ဘန်ကောက်ကပြန်လာတာတဲ့။ အေဘက်(ABAC) တက္ကသိုလ်မှာ 'မိုက်ခရိုအီလက်ထရွန်းနစ်'ဘာသာနဲ့ တတိယနှစ်ရောက်နေပြီ။ ကျွန်တော်က ဗေဒင်ဟောရင်းနဲ့ ရွှေစာရံဘုရားအကြောင်း တီးခေါက်မေးကြည့်တော့ သူလည်း မရောက်ဖူးဘူး။ ကြားလည်းမကြားဖူးဘူးတဲ့။ တစ်ခုတော့ရှိတယ်။ နားပေါက်က နားနှစ်ဖက်လုံးမှာရှိပေမယ့် ညာဘက်နားမှာ နားကပ်တို့၊ နားဆွဲတို့ မရှိဘူး။ ဘယ်ဘက်နားမှာတော့ ချယ်နားကပ်ခပ်သေးသေးလေးပန်ထားတယ်''

''အဲဒီကောင်မလေးက ဘာအကြောင်းသိချင်လို့ ခင်ဗျားဆီမှာ ဗေဒင်လာမေးတာလဲ''

''ထွေထွေထူးထူး မဟုတ်ပါဘူးဗျာ။ သူက ဘွဲ့လွန်ဆက်တက်ချင်သေးတာ။ ဘွဲ့လွန်တက်ဖြစ်မဖြစ် လာမေးတာဗျ''

''ဇာတ်လမ်းလေးကတော့ စိတ်ဝင်စားစရာပဲ။ အဲဒီအတိုင်းရေးဗျာ။ ဇာတ်သိမ်းပိုင်းလေးကို လှအောင်ရေးပေါ့။ ခင်ဗျား ဒီလောက်တော့ ရပါတယ်။ ဒီလောက်တောင်စဉ်းစားပြီး စိတ်ကူးယဉ်ထားမှတော့ ရေးလိုက်ရင် ခဏလေးပါ။ သိပ်တော့ မရှည်စေနဲ့ဗျာ။ စာမျက်နှာသိပ်မပေးနိုင်ဘူး''ဟု ပြောပြောဆိုဆို သူက ထိုင်ရာမှထသည်။ ကျွန်တော် သူ့ကို ဆက်၍ပြောပြချင်ပါသေးသည်။ အမြန်တစ်နေ့ဘ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆီသို့ ပေးသူ လိပ်စာမတပ်ထားသော စာတစ်စောင် ရောက်လာခဲ့ပါသည်။ ထိုစာမှာ ကျွန်တော့်အင်္ကျီအိတ်ထဲမှာ ရှိပါသည်။ ထိုစာကို ကျွန်တော်ထုတ်ပြလိုက်ပါက သူကျွန်တော့်စကားကို ယုံသွားလိမ့်မည်။ 'စောအိမ့်မွန်' ဆိုသော မိန်းကလေးတစ်ဦးက လာမည့် တန်ဆောင်မုန်းလပြည့်နေ့ညမှာ ရွှေစာရံဘုရားသို့လာရန် ဖိတ်ခေါ်ချိန်းဆိုထားသော စာဖြစ်ပါသည်။ ထိုစာကို ကျွန်တော် အမှတ်တရသိမ်းထားခြင်း ဖြစ်ပါသည်။ 'စောအိမ့်မွန်' ကို ကျွန်တော် မသိပါ။ ရွှေပေလွှာဆန်သော ထိုစာမျိုးကို ကျွန်တော်မယုံပါ။ သူချိန်းဆိုထားသောနေရာသို့ ချိန်းဆိုထားသည့် နေ့ရက်အချိန်အတိုင်း မရောက်လာပါက ကျိန်စာတိုက်ထားသည်မှာ ကြောက်စရာကောင်းလှသည်။ ကျိန်စာသင့်ကာမှ သင့်ရော။ ကျွန်တော်တစ်ယောက်တည်း မသွားရဲသည်ကတော့ အမှန်ပါ။ သို့သော် လာမည့်တန်ဆောင်မုန်းလပြည့်နေ့မတိုင်မီ . မည်သို့ထူးထူးဆန်းဆန်းတွေ ကြုံလာမည်ကိုတော့ ကျွန်တော်မသိနိုင်ပါ။

သူက ကျွန်တော့်နားမှ ထသွားပြီ။ ကျွန်တော်က ထိုင်လျက် ကျန်ခဲ့ပြီး အင်္ကျီအိတ်ထဲမှစာကို ထုတ်ဖတ်နေမိပါသည်။ ထိုစာကိုလည်း မည်သူ့ကိုမှမပြရန် ကျွန်တော့်ထံမှ တစ်ဖက်သက် ကတိယူပြီးပြပါက မည်သို့ဆိုးကျိုးများ သက်ရောက်စေမည်ဟု ကျိန်တွယ်ထားပါသည်။ သူ့ (ဦးသန့်)ကို ထိုစာထုတ်မပြလိုက်မိသည်ကိုပင် ကျွန်တော်ကံကောင်းသည်ဟု ဆိုရမည်။ ကျွန်တော် စာကို အင်္ကျီအိတ်ထဲ ပြန်ထည့်ပြီး ထိုင်ရာမှ မထမီမှာပင် ထိုအကြောင်းကို ဝတ္ထုမရေးရန် ဆုံးဖြတ်လိုက်ရပါတော့သတည်း။

ဝင်းဇော် (သစ်တော)





www.burmeseclassic.com

www.burmeseclassic.com

# ယောင်ငွေအိန်းမှုန့်

ခုတလော ...ကျွန်တော်နှင့် ခင်မင်ရင်းနှီး သိကျွမ်းခဲ့ကြသော ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားကြပြီဖြစ်သည့် သူငယ်ချင်း၊ အသိမိတ်ဆွေအချို့တို့၏ အကြောင်းများကို ကျွန်တော့် အတွေးအာရုံထဲမှာ ပြန်လည်ထင်ဟပ်ပြီး အမှတ်တရ ဖြစ်လာတတ်သည်။ သူတို့ကို သတိရလွမ်းဆွတ်တမ်းတခြင်းမျိုး မဟုတ်ပါ။ အသေစော၍ သူတို့အတွက် ``ဖြစ်မှဖြစ်ရလေ...'' ဟု နှမြောတသ ဖြစ်ခြင်းမျိုးလည်း မဆိုသာပါ။ သူတို့ အသက်ရှင်စဉ်တုန်းက ပြုမူခဲ့ကြသည့် အမူအကျင့်နှင့် ပြောဆိုခဲ့ကြသည့် စကားများကို ပြန်လည်သတိရခြင်းမျိုးသာဖြစ်ပါသည်။

အသက်ကြီးလာသည်နှင့် စောစောသေသွားသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများကို မကြာခဏ ပြန်လည်အမှတ် ရတတ်သည်ဟု ကျွန်တော့်အဖေက ကျွန်တော့်ကို မကြာခဏပြောလေ့ရှိသည်။ ယခုတော့... အဖေမရှိတော့ပါ။ အဖေဆုံးသွားခဲ့သည်မှာကြာပြီ။



ကျွန်တော်လည်း အသက်အရွယ်ရလာသည်။ အသက်အရွယ်ရလာသည်မို့လား...မသိပါ။ သေသောသူများအကြောင်းကို ပြန်လည်အမှတ်ရတတ်သည့် ဉာဉ်။ ကျွန်တော့်မှာ စွဲကပ်လာသည်။

သည်ရက်ပိုင်းအတွင်း၌ သေဆုံးသွားသည့် လူနှစ်ယောက်အကြောင်းကိုမှ ထူးထူးခြားခြား ပို၍ ကျွန်တော့်ခေါင်းထဲမှာ အတိတ်ပုံရိပ်များ ပြန်လည်စွန်းထင်းလာသည်။ တစ်ယောက်က ကျွန်တော်နှင့် သက်တူရွယ်တူ ကျွန်တော့်သူငယ်ချင်း 'ဝင်းမော်သိန်း'။ နောက်တစ်ယောက်က ကျွန်တော့်ဦးကြီး၊ ဘကြီးအရွယ်လောက်ရှိသော အငြိမ်းစားတောအုပ်ကြီး... 'ဦးကြီးမောင်ပု'။ သူ့ကောင်းမှုကြောင့် သစ်တောပညာဘွဲ့ရခဲ့သည်ဟုပြောလျှင် ပြောလို့ရသည်။ ကျွန်တော် ဆယ်တန်းအောင်ပြီး၊ အောင်မှတ်လေး ကိုးလိုးကန့်လန့်နှင့် တောင်ငူသား၊ မြောက်စဉ်းစားဖြစ်နေတုန်းမှာ 'ဦးကြီးမောင်ပု'အကြံပေးသောကြောင့် သစ်တောပညာ အဝိကတက်ရန် လျှောက်မိခဲ့ခြင်းဖြစ်သည်။

'ဝင်းမော်သိန်း'ကို အမှတ်ရနေသည့်အကြောင်းကို ကျွန်တော်အရင်ပြောပါမည်။ 'ဝင်းမော်သိန်း'က ကျွန်တော်နှင့် နှစ်အိမ်ကျော်မှာနေပါသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအထိ ကျွန်တော်တို့နှစ်ယောက် ကျောင်းသွားအတူ၊ ကျောင်းပြေးအတူ၊ ကျောင်းပြန်အတူနေခဲ့ကြသည်။ ဆယ်တန်းမှာ ကျွန်တော်က နှစ်ချင်းပေါက်အောင်သည်။ 'ဝင်းမော်သိန်း'က ကျသည်။ နောက်တစ်နှစ်ပြန်ဖြေသည်။ မအောင်တော့ ... ကျောင်းဆက်မတက်တော့ပဲ၊ သုံးဘီးကားမောင်းသည်။ သုံးဘီးကား စမောင်းပြီး သိပ်မကြာလှပါ။ သူ့အိမ်ရှေ့တည့်တည့်အိမ်သို့ အညာဘက်ကပြောင်းလာသည့် 'ရင်ရင်မြ'နှင့် အိမ်ထောင်ကျသည်။ 'ဝင်းမော်သိန်း'မိသားစုက အိမ်ရောင်းပြီး ကျိုက်လက်ကို ပြောင်းသွား

www.burmeseclassic.com

www.burmeseclassic.com



ကြတော့... 'ဝင်းမော်သိန်း'တစ်ယောက် ယောက်ခမအိမ်တက်နေပြီး လမ်းထဲမှာကျန်ခဲ့သည်။ ကျွန်တော့်သူငယ်ချင်း 'ဝင်းမော်သိန်း' ကံကောင်းသည်ဟုဆိုနိုင်သည်။ 'ရင်ရင်မြ'ဘက်မှာက မိသားစုများများ စားမရှိ။ လက်ချိုးရေမှ နှစ်ယောက်တည်းရယ်...။ 'ရင်ရင်မြ'နှင့် အမေ မုဆိုးမကြီး 'ဒေါ်ယမုံ'။ 'ဒေါ်ယမုံ'ကလည်း အေးလိုက်သည်မှာ ရေခဲတုံး က အမေခေါ်ရလိမ့်မည်။ ရင်ရင်မြက စက်ချုပ်သည်။ လက်ရာကောင်း ပြီး ရက်ချိန်းမှန်တော့ ချုပ်ထည်အပ်သည့် ဖောက်သည်များသည်။ သားအမိနှစ်ယောက်က အနေကျစ်သည်။ ခြိုးခြိုးခြံခြံစားပြီး ချွေသည်။ ကျွန်တော့်သူငယ်ချင်း 'ဝင်းမော်သိန်း'ကလည်း ခေသူမဟုတ်ပါ။ မိုးလင်းက မိုးချုပ်ထိ သုံးဘီးကားပေါ်မှ ဆင်းသည်ဟူ၍မရှိ။ ရသမျှငွေ အိမ်ကိုသယ်လာပြီး မိန်းမကိုအပ်သည်။ အိမ်ထောင်သက်ရလာကြပေ မယ့် သားသမီး မထွန်းကားတော့ သူတို့စားအိုးက ကြီးမလာပါ။ သို့မို့ ကြောင့်လည်း သူတို့လင်မယား စီးပွားဖြစ်သည်။ အငှားသုံးဘီးမှ အပိုင် သုံးဘီးဖြစ်လာသည်။ ရင်ရင်မြလက်မှာ ရွှေကျင်လို့ရသည်။ ဒေါ်ယမုံကြီး တစ်ယောက် ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီး‹ကိုဖွာပြီး၊ အိမ်ဦးခန်းမှာ မိန့်မိန့်ကြီးထိုင်နေနိုင်သည်။

တစ်ခုတော့ရှိသည်။ 'ဝင်းမော်သိန်း'က သုံးဘီးမောင်းတော့ လူပေါင်းစုံလာသည်။ ခိုင်လုံသော အကြောင်းပြချက်ကတော့ အညောင်း သမားမို့ ဆေးအဖြစ် ဝါးအဖြစ် မှီဝဲသည်ဟု ဆိုသည်။ ညနေစောင်း အိမ်ရှေ့မှာ သုံးဘီးထိုးပြီးသည်နှင့် ဝင်းမော်သိန်းတစ်ယောက် လမ်းထိပ် က ဘုံဆိုင်မှာ (အရက်ဖြူဆိုင်)ကြီးသို့ရောက်နေပြီ။ မူးမူးရူးတော့ မဟုတ်ပါ။ တစ်ခွက်တစ်ဖလား အာဆွတ်ရုံမျှသာဖြစ်သည်။ ဝိုင်းမှာလူစုံ သည့်နေ့နှင့်ကြုံသွားလျှင်တော့၊ ရေချိန်ကျော်ပြီး ဒယိမ်းဒယိုင်လေးနှင့်



သိုင်းကွက်နင်းပြီး အိမ်ပြန်သည်။ လူကတော့ လူအေး။ မသောက်လည်း သည့်စိတ်၊ သောက်လည်းသည့်စိတ်။ သွေးဆိုးသည့်အထဲမှာမပါ။ သောက်ဖေါ် သောက်ဖက်များက 'ဝင်းမော်သိန်း'ကို ခင်ကြသည်။ အရက်ဝိုင်းမှာ မြွေဖမ်းသည့်လူစားမျိုးထဲမှာ 'ဝင်းမော်သိန်း' တစ် ယောက် မပါပါ။ သူပါလျှင် ယမကာဝိုင်းက ပိုပြီးစိုသည်။ သူက ရယ်စရာ ပုံတိုပတ်စအပြောကောင်းသည်။ သူတစ်ပါးပြောလျှင်လည်း မှန်း မမှန်ပြန်၍ ငြင်းသည်ဟူ၍မရှိ။ မူးလာလျှင် သီချင်းကလည်း ဆိုနိုင်သေးသည်။ သူ့အာလုတ်သံကြီးနှင့် သီချင်းဆိုရင်တော့ တစ်ဆိုင် လုံး နားငြီးရတော့သည်။

ကျွန်တော် 'ဝင်းမော်သိန်း'နှင့် မကြာခဏတွဲသောက်ဖူးသည်။ သည့်တုန်းက ကျွန်တော် တက္ကသိုလ်မှာ စတုတ္ထနှစ်ရောက်နေပြီ။ မစို့မပို့ သောက်၊ အမြည်းများများစားပြီး အသောက်သင်ခါစ အချိန်ရှိသေး သည်။ 'ဝင်းမော်သိန်း'တစ်ယောက် အရက်ဝိုင်းကို ဒုက္ခမပေးသလို၊ သူ့အိမ်မှာလည်းမူးပြီး ဆူဆူညံညံ၊ ဆူဆူလောင်လောင် လုပ်သည်ဟူ၍ ကြားမိပါ။ 'ရင်ရင်မြ'ကို မူးရမ်းပြီးရိုက်လား၊ နှက်လားလုပ်ဖို့ကတော့ ဆလာဝေး။ လက်ဖျားနှင့်ပင်မထိ။ သူက အိမ်ပေါ်တက်သည်နှင့် အသံ ထွက်တော့ပါ။ ငြိမ်ငြိမ်လေးစားပြီး အေးအေးလေးခွေသွားသည်။ သို့သော် ပြောစရာတော့ရှိသည်။ ထိုပြောစရာကလည်း တစ်ခါတစ်ခါ မှာ တစ်ခါတစ်ခါဆိုပေမယ့်လည်း စာတင်လောက်သည့် တစ်ခါတစ်ခါ။

ထိုတစ်ခါတစ်ခါဆိုသည်က သည်လိုပါ။

ညနေငါးနာရီကျော်သည်နှင့် 'ဝင်းမော်သိန်း' တစ်ယောက် သူ့အိမ်ရှေ့မှာ သုံးဘီးကားကို ခေါင်းတည့်ရပ်ပြီး အလုပ်သိမ်းသည်။ ရင်ရင်မြကို ပိုက်ဆံအပ်သည်။ သုံးဘီးကားတစ်စီးလုံးကို ရေဆေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးလျှင် သူက ရေချိုး မျက်နှာသုတ်၊ အဝတ်လဲ၊ ခေါင်းဖြီးသည်။ မီးဖိုချောင်သို့ဝင်ပြီး ဟင်းအိုးဖုံးကို လှန်ကြည့်သည်။ ပြီးလျှင်တော့... ယမကာ ညနေချမ်းဝိုင်းသို့ လှမ်းသဘည်း...။

ရင်ရင်မြတစ်ယောက် ဟင်းကောင်းကောင်း မချက်မိသောနေ့ဖြစ်ပါက 'ကိုကြီးကျော် ပြန်မယ့်လမ်းမှာ ပန်းရန့်တွေ မမွှေး' တော့ပါ။

''ဟော့ဒီမှာ အရက်ကတို့၊ ရပ်မိရပ်ဖအပေါင်းတို့ ခင်ဗျား... အိမ်နံပါတ်ဆယ့်တစ်... လမ်းမှာနေတဲ့ ဒေါ်ယမုံနှင့် သမီးရင်ရင်မြတို့ အိမ်မှာ ဒီနေ့ည အာလူးရေလုံပြုတ်ဟင်းချက် ပါတယ်ဆိုတဲ့အကြောင်း ကျွန်တော်ဝင်းမော်သိန်း လေးစားစွာ အသိပေးအပ်ပါတယ် ခင်ဗျား...''

တစ်လမ်းဝင်တစ်လမ်းထွက်၊ တစ်ရပ်ကွက်လုံးနှံ့အောင် ပုဆိုးကို ခေါင်းမြီးခြုံပြီး သူ့အသံပြကြီးနှင့် အော်ပါတော့သည်။ သူ့အိမ်ပေါ် ပြန်တက်ခါနီးမှ အအော်ရပ်သည်။ အိမ်ပေါ်ရောက်တော့ အသံတိတ်ကားရိုက်သည်။ အိုးလှန်ခွက်လှန်ပြီး ရှိသမျှနှင့် လွေးသည်။ ပြီးတော့ ခြင်ထောင်လှန်ပြီး ငြိမ်ငြိမ်လေး အိပ်တော့သည်။

ဝင်းမော်သိန်း၏ ဗျို့ဟစ်သံကိုကြားရသူအပေါင်းတို့က ရယ်ကြသည်။ တစ်ချို့အိမ်တွေက ဝင်းမော်သိန်း၏အော်သံကိုကြားပြီးလျှင် 'နက်ဖြန်တော့ ဈေးထဲမှာ ကြက်သားဈေးတက်တော့မယ်' ဟု အရွှန်းဖောက်ကြသည်။ မှန်ပါသည်။ နောက်တစ်နေ့မှာ 'ရင်ရင်မြ' တစ်ယောက် ခါတိုင်းနေ့များထက် အိပ်ယာစောစော ထပြီး ဈေးသွားသည်။ ဈေးအပြန်... ခြင်းတောင်းထဲမှာ ကြက်ခြေထောက်နှစ်ချောင်းက ထိုးထိုးထောင်ထောင်ပါလာသည်။ ရပ်ကွက်ထဲက ဈေးသွားဈေးပြန်ကြုံကြသည့် မိန်းမတွေက ရင်ရင်မြကို ပြုံးစိစိနှင့်ကြည့်ကြသည်။

မလိမ္မာ တစ်ခါမိုက်မဟုတ်ပါ။ ကျွန်တော်အကြိမ်ကြိမ်



[illegible]ခဲ့ပါသည်။ 'ဝင်းမော်သိန်း'နှင့် တွဲမိသောကြောင့် ကျွန်တော်လည်း [illegible]၍ လိုက်ရဖူးပေါင်းများလှပြီ။ သူအော်သလိုတော့ လိုက်၍ [illegible]ပါ။ ကြာတော့... ကျွန်တော်စာတတ်လာသည်။ သူသောက်ဖို့ လာခေါ်လျှင် သူ့အိမ်မှာဘာဟင်းချက်သလဲဟု အရင်မေးရသည်။ ဟင်းကောင်းလျှင်လိုက်သည်။ မကောင်းလျှင်တော့... အကြောင်းပြပြီး [illegible]ရှောင်ရတော့သည်။ 'ဝင်းမော်သိန်း'နှင့် သောက်ဖော်စားဖက် ယမကာဝိုင်းတော်သားများက ပါးနပ်လိမ္မာကြကုန်၏။ ဝိုင်းအသိမ်းမှာ 'ဝင်းမော်သိန်း'ကို အိမ်မှာ ဘာဟင်းချက်သလဲဟု ဝိုင်းဗျူးကြသည်။ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်ကလီစာ၊ ငါးမြင်းစသည့် ဟင်းကောင်းဖြစ်လျှင် သူနှင့်အတူ ရပ်ကွက်ထဲသို့ တွဲပြန်ကြသည်။ ဟင်းမကောင်းလျှင်တော့... အလျိုလျိုလူစုခွဲပြီး ပြန်ကြသည်။ လာလမ်းသာပြီး ပြန်လမ်း မဖြောင့်ကြတော့ပါ။ ဤသို့ဤနှယ် ရှိစေကာမူ 'ဝင်းမော်သိန်း' တစ်ယောက် သူ့ဝသီကို မဖျောက်ပါ။

သုံးဘီးကားတွေက ရန်ကုန်မြို့တော်ကြီးကို စွန့် ခွာသွားချိန်မှာ 'ဝင်းမော်သိန်း'တို့မိသားစုလည်း ပဲခူးသို့ပြောင်း သွားကြသည်။ ပဲခူးမှာ သုံးဘီးဆက်မောင်းနေသည်ဟု ကြားမိပြီး နောက်တစ်နှစ်အကြာမှာ ဝင်းမော်သိန်းတစ်ယောက် ဆုံးပါးသွားပြီဟု သတင်းထပ်ရပြန်သည်။ လွန်ခဲ့သော ဆယ်နှစ်စွန်းလောက်က ရင်ရင်မြကို သိမ်ကြီးဈေးနားမှာ အမျိုးသားတစ်ဦးနှင့်တွဲလာသည်ကို ကျွန်တော်တွေ့လိုက်မိသည်။ 'တစ်ပင်လဲ၊ တစ်ပင်ထူ' သည်မှာ ဓမ္မတာသဘာဝပေမို့ ရင်ရင်မြကို အပြစ်မဆိုသာသော်လည်း၊ ဟင်းကောင်းကြိုက်သည့် ဝင်းမော်သိန်းကိုတော့ ထိုနေ့ထိုအချိန် က သတိရမိခဲ့သေးသည်။

ခုရက်များမှာလည်း ဝင်းမော်သိန်းကိုမှ မှတ်မှတ်ရရ သတိရ

www.burmeseclassic.com

www.burmeseclassic.com



နေသည်မှာ အကြောင်းရှိသည်။ ထိုအကြောင်းရင်းကား အခြားမဟုတ်ပါ။ ကျွန်တော့်ဇနီးချောချော၊ သွားခေါ်ခေါ်၊ တံခွန်တိုင် ရွာသူ 'ခင်ခင်ဖြူ'မှာ ဈေးသို့လည်းမသွား၊ ဟင်းကောင်းလည်း မချက်၊ ပဲရေကျဲနှင့် ကန်စွန်းရွက်ချဉ်ရည်ကျဲကို တစ်နေ့စီ ပြောင်းချက်နေသည်မှာ ရက်ပေါင်းကိုးဆယ့်ငါးရက်တိတိရှိပြီ ဖြစ်သော်လည်း၊ သူ့ခမျာမှာ ဥစ္စာခနေတိုးမလာပဲ၊ ခရဆံကျွတ် ဖွတ်မွဲပြာစုပြီး ဂဏာန်းနှုလုံးရောဂါ ပြင်းထန်သည့် ဝေဒနာဆိုး ထနေသောကြောင့် ဖြစ်ပါသည်။

✣ ✣ ✣ ✣ ✣ ✣

နောက်တစ်ယောက်က ဦးကြီးမောင်ပု။ ဦးကြီးမောင်ပုအကြောင်းပြောလျှင်တော့ အချိန်ယူပြီးပြောရမည်။ တိုရင်း လိုရင်းပြောလျှင်တော့ ဦးကြီးမောင်ပုက သာယာဝတီသားစစ်စစ်၊ အသက်ခြောက်ဆယ်ပြည့်သည်အထိ သစ်တောဌာနမှာ အမှုထမ်းခဲ့သည်။ တောအုပ်ကြီးရာထူးနှင့် အငြိမ်းစားယူသည်။ ဆယ့်ရှစ်နှစ်သားအရွယ်မှစပြီး တောခေါင်းလေးဘာဝနှင့် မြန်မာပြည်အနှံ့ သစ်တောကြိုးဝိုင်းများစုံအောင် လှည့်လည်တာဝန်ထမ်းဆောင်ခဲ့သည်။ သူမရောက်ဖူးသည့် သစ်တောကြိုးဝိုင်းဆို၍ မရှိသလောက် ရှားသည်။ ကိုလိုနီခေတ်သစ်တောဌာနအကြောင်းကို ကောင်းကောင်း သိမှီခဲ့သူတစ်ဦးဖြစ်သည်။ မျက်နှာဖြူ သစ်တောမင်းကြီးဒေါက်တာဗရန်းဒစ်လက်ထက်မှာ သူ တောခေါင်းစဖြစ်နေပြီဟု ဦးကြီးမောင်ပု ကျွန်တော့်ကို မကြာခဏပြောဖူးပါသည်။ ဦးကြီးမောင်ပုပြောပြခဲ့သည့် ကိုလိုနီခေတ်သစ်တော



လုပ်ငန်းများအကြောင်းနှင့် မျက်နှာဖြူဗျူရိုကရက်သစ်တောအရေးပိုင်တို့၏ အကြောင်းများကို ကြားရသောအခါ ရင်ထုမနာဖြစ်ဖို့လည်းကောင်းသည်။ စိတ်ဝင်စားစရာလည်း ကောင်းသည်။ သည်နေ့သည်ရက်များ၌ 'ကိုလိုနီခေတ် မြန်မာနိုင်ငံသစ်တောများသမိုင်း' အကြောင်းကို ရှာဖွေစုဆောင်းနေသော ကျွန်တော့်အတွက် ဦးကြီးမောင်ပု ပြောပြခဲ့သည့် အကြောင်းအရာများမှာ များစွာတန်ဘိုးရှိနေပါသည်။

ထိုအချိန်တုန်းက ကျွန်တော်ပိုပြီး စိတ်ဝင်စားခဲ့သည့် အကြောင်းအရာကတစ်မျိုး။ လှည်းဘီးလောက်ကြီးမားသည့် ပျားအုံကြီး၊ ထန်းပင်လုံးပတ်ထက်ကြီးသော မြွေကြီး၊ အလံတစ်ရာခန့်ရှိသည့် ချောမကင်းခြေများကြီး၊ နွားပေါက်တစ်ကောင်လောက် အရွယ်အစားရှိသော တောကြက်ဖကြီး၊ ကြွက်စုတ်တစ်ကောင် သာသာလောက်ရှိသည့် ရေဆင်အကြောင်းနှင့် သစ်တောမိုလ်တဲများပေါ်မှ တစ္ဆေသရဲများအကြောင်း စသည့် ဘကြီးမောင်ပု ပြောပြသည့် ထူးဆန်းထွေလာများကို ကျွန်တော်တအံ့တသြ နားထောင်ခဲ့ရပါသည်။

ဦးကြီးမောင်ပုက ကျွန်တော်တို့အိမ်၏ ရှေ့တည့်တည့် မျက်နှာချင်းဆိုင်အိမ်မှာ နေသည်။ သူအငြိမ်းစားယူပြီး ငါးနှစ်ခြောက်နှစ်လောက်ကြာမှ ထိုအိမ်သို့ပြောင်းလာခြင်းဖြစ်သည်။ သူက တစ်ကိုယ်တော်၊ တစ်ယောက်တည်း အထီးကျန်နေသော်လည်း သားထောက်သမီးခံကောင်းသည်။ ဆွေမျိုးအသိုင်းအဝိုင်းတောင့်သည်။ ကျွန်တော်တက္ကသိုလ်ပထမနှစ်တက်စဉ် အချိန်က ဦးကြီးမောင်ပု၏သမီးအကြီးဆုံးက မန္တလေးတက္ကသိုလ်မှာ လက်ထောက်ကထိကဖြစ်နေပြီ။ သားအငယ်ဆုံးက ဇေယျဝတီသကြားစက်မှာ အင်ဂျင်နီယာ။ ကျန်သမီးလတ်က နိုင်ငံခြားရောက်နေသည်။ သားသမီးသုံးယောက်လုံးက သားဆိမှာနေ

www.burmeseclassic.com

www.burmeseclassic.com



ပါ' 'သမီးနဲ့ အတူနေပါ' အတန်တန်ပြောကြသော်လည်း ဦးကြီးမောင်ပုက ခေါင်းမာသည်။ ကိုယ်တိုင်ဈေးသွား၊ ကိုယ်တိုင်ချက်ပြီးစားသည်။ သူ့ဘဝက အေးချမ်းသည်။ ကျန်းမာရေးလည်း ကောင်းသည်။ အသက်ကြီးသော်လည်း နားစေး၊ ချောင်းဆိုးဖြစ်သည်ဟူ၍ တွေ့ရခဲသည်။ ဦးကြီးမောင်ပု ရှစ်ဆယ့်သုံးနှစ်မှာ ကွယ်လွန်သည်။ ကျွန်တော်သစ်တောသိပ္ပံဘွဲ့ရပြီး နှစ်နှစ်ကျော်အကြာမှာ ဦးကြီးမောင်ပု ကွယ်လွန်သွားခြင်းဖြစ်သည်။

ကျွန်တော်တို့ လမ်းထဲကလူတွေက ဦးကြီးမောင်ပုကို ကွယ်ရာမှာ အန်ကယ်ဘုကြီးဟု ကင်ပွန်းတပ်ထားကြသည်။ ဦးကြီးမောင်ပု၏ ခန္ဓာကိုယ်ပေါ်မှာ ဘုကြီးတစ်လုံး အသားပို ထွက်နေသောကြောင့် မဟုတ်ပါ။ ဦးကြီးမောင်ပုကို စကားပြော ဘုကျသူဟု အထင်မှားနေသောကြောင့်ဖြစ်သည်။ ဦးကြီးမောင်ပုက လူတစ်မျိုး၊ ဘယ်သူ့မျက်နှာကိုမှ မထောက်။ အမှန်ကိုအမှန်တိုင်း အရှိကိုအရှိတိုင်း ပြောတတ်သည်။ သူ့ကို ဝေ့ဝိုက်ပြော၍မရသလို သူကလည်း သွယ်ဝိုက်၍ ဘယ်သူ့ကိုမှမပြော။ မကြိုက်လျှင် မကြိုက်၊ ကြိုက်လျှင်ကြိုက်သည်ဟု ပြောသည်။ ပြီးတော့ မဟုတ်မခံစိတ်ဓါတ်ရှိသည်။ စိတ်မရှည်၊ စိတ်တိုတတ်သည်။ ဤသည်ကိုပင် ဦးကြီးမောင်ပုဘုကျသည်ဟု အများက မြင်ကြသည်။ အမှန်တော့ 'ဦးကြီးမောင်ပု'က ပြတ်သားသည်။ ဟန်ပန်လုပ်သည်ကို မကြိုက်ရေးချ မကြိုက်။ လူတွေကို အပေါ်ယံကြောမဆက်ဆံ။ ပွင့်ပွင့်လင်းလင်းဆက်ဆံသည်။ သို့မို့ကြောင့် လမ်းထဲကလူတွေက ဦးကြီးမောင်ပုကို ခပ်တန်းတန်း၊ ခပ်မှန်မှန် ဆက်ဆံသည်။ ဦးကြီးမောင်ပုကလည်း မမှုရေးချမမှု။

ကျွန်တော့်ကိုတော့ ခင်သည်။ တူ၊ သား၊ တပည့်ရင်း တစ်ဦးဗမာနယ် ရင်းရင်းနှီးနှီးဆက်ဆံသည်။ ပြောစရာရှိလျှင်တော့ အကြွေးမထား။ ကျွန်တော်က သူ့ကိုဘကြီးအရင်းတစ်ယောက်လိုချစ်သည်။ ဦးကြီးမောင်ပု ကျွန်တော်ကို ခင်မင်ရင်းနှီးသည့်အကြောင်းက သစ်တောသမားချင်းတူ၊ ဘဝတူ၊ လိုင်းတူလို့လည်း ဖြစ်နိုင်သည်။ နောက်တစ်ကြောင်းက ကျွန်တော့်ကို လက်ကသုံးတောင်ဝေး နိုင်းရလို့လည်း ဖြစ်နိုင်သည်။ ဦးကြီးမောင်ပုဆောင်ရန်ရှိသည့် မီတာခများကို မီတာရုံးသို့ လစဉ် ကျွန်တော်သွားပြီးဆောင်ပေးရသည်။ လမ်းထိပ်စာတိုက်မှာ စာထည့်ချင်လျှင် ကျွန်တော့်ကိုပဲနိုင်းသည်။ မြန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုးဆိုသော စကားအတိုင်းပင်။ ဦးကြီးမောင်ပု ဆုံးပါးသွားချိန်မှာ သူ့သွေးရင်းသားသမီးများကဲ့သို့ ကျွန်တော့်ရင်မှာလည်း ဆို့နင့်ကြေကွဲခဲ့ရပါသည်။



ခုတစ်လော ဦးကြီးမောင်ပုကို ကျွန်တော် ပြန်လည် အမှတ်တရဖြစ်နေရသည့်အကြောင်းက ဦးကြီးမောင်ပု ပြောခဲ့သော စကားတစ်ခွန်းကြောင့်ဖြစ်သည်။ ထိုစကားသည် ကျွန်တော့်ခေါင်းထဲမှာ သံမှိုဆွဲသကဲ့သို့ ယနေ့တိုင်အောင် မြဲမြဲနေပါသည်။ ဦးကြီးမောင်ပု ပြောသည့်စကားက တိမ်မယောင်နှင့်နက်သည်။ လွယ်မယောင်နှင့်ခက်သည်။ ဒသနဆန်သည်။ ဦးကြီးမောင်ပု ပြောခဲ့သောစကားသည် ကျွန်တော်၏ လူမှုဝန်းကျင်ရှုမြင်သုံးသပ်ပုံကို တန်ဘိုးတက်စေခဲ့ပါသည်။

ဦးကြီးမောင်ပုပြောခဲ့သည့် စကား။ ဦးကြီးမောင်ပု ထိုစကားကို ဘာကြောင့်ပြောရသည်ဆိုသည့် အကြောင်းကိုတော့အရင်မပြောလို့မဖြစ်ပါ။ ထိုစကားမြစ်ဖျားခံရာ အစသည်ကား...။

တစ်နေ့။ ထိုတစ်နေ့က ကြာခဲ့ပါပြီ။ မှတ်မှတ်ရရ ဆိုပါက ကျွန်တော်သစ်တောပညာ အဓိက ပဥ္စမနှစ်အောင်သည့်နေ့ကဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကျွန်တော်စာမေးပွဲအောင်စာရင်းကြည့်ပြီး အပြန်မှာ ကျွန်တော့်အိမ်ပေါ်သို့ တန်းမတက်ပဲ ဦးကြီးမောင်ပုအိမ်သို့ အရင်ဝင်သည်။ စာမေးပွဲအောင်သည့်အကြောင်း ဝင်ပြောသည်။

''ဝမ်းသာတယ်ကွာ...၊ ဝမ်းသာတယ်၊ ဆက် ကြိုးစားထားဦး...၊ နောက်တစ်နှစ်ပဲ ကျန်တော့တယ်၊ ငါ မသေခင် မင်းကို သစ်တောအရာရှိ စာရေးဆရာတစ်ယောက်အဖြစ်နဲ့ မြင်ချင်သေးတယ်၊ မင်း... စာရေးရင် ဝင်းဇော် (သစ်တော)ဆိုတဲ့ ကလောင်နာမည်နဲ့ ရေးပေါ့ကွာ၊ မင်းကို ကြုံကြိုက်တုန်း စကားတစ်ခွန်းပြောမယ်၊ မင်းတို့အရွယ်မှာ ဘဝအတွက် ရွေးချယ်တဲ့ လမ်းမမှားစေနဲ့၊ မှားလိုက်တာနဲ့ ဆယ်နှစ်လောက် ယောင်ချာချာ ဖြစ်သွားလိမ့်မယ်''

ဦးကြီးမောင်ပု စကားမှန်ပါသည်။ ကျွန်တော့် ဘဝလမ်းခရီးအတွက် ကျွန်တော်ရွေးချယ်မှုမှားခဲ့သည်။ ဆယ်နှစ်မက အနှစ် နှစ်ဆယ်လောက် ယောင်ချာချာဖြစ်ခဲ့ရသည်။ သစ်တောအရာရှိတစ်ဦး ဖြစ်မလာသလို၊ စာရေးဆရာလည်းဖြစ်မလာပါ။

''ငါ့သမီးကြီး မန္တလေးကနေ လူကြုံနဲ့ ကျောက်မဲ ဈက်ခြောက်တွေ မနေ့ကပို့လိုက်တယ်၊ ရေနွေးကြမ်းနဲ့ မြည်းဖို့ မုန့်သွားဝယ်ကွာ၊ မင်း မုန့်ဝယ်နေတုန်း ငါရေနွေးအိုး တည်ထားမယ်၊ မင်းစာမေးပွဲအောင်တဲ့အတွက် ငါကျွေးမယ်၊ မင်းကိုငါ ရွှေဘိုခရိုင် ချပ်သင်းကြိုးဝိုင်းထဲမှာ ငါတောခေါင်းဖြစ်ခါစက တောခြောက်ခံရတဲ့အကြောင်းကိုလဲ စားရင်း သောက်ရင်းပြောပြမယ်...။

ဦးကြီးမောင်ပုက ကျွန်တော့်ကို ကျပ်တန်နှစ်ရွက်လှမ်းပေးသည်။ ကျွန်တော်က ထိုကျပ်တန်နှစ်ရွက်ကိုယူပြီး...



''ဘာမုန့်ဝယ်ရမလဲ ဦးကြီးမောင်ပု''

''မောင်ငွေဘိန်းမုန့်ပေါ့ကွာ''

ဦးကြီးမောင်ပုစကားကြောင့် ကျွန်တော်အံ့အားသင့်သွားသည်။ ဦးကြီးမောင်ပုနှင့် ဘိန်းမုန့်ရောင်းသည့်မောင်ငွေက ကမ္ဘာ့ ရန်။ မောင်ငွေက ဦးကြီးမောင်ပုအိမ်၏ ခေါင်းရင်းဘက်ကပ်လျက် အိမ်မှာနေသည်။ မောင်ငွေအိမ်ပြင်ဆောက်တော့ ဦးကြီးမောင်ပုအိမ်၏ ရေတံလျှောက်က မောင်ငွေ့အိမ်၏ ခြံစည်းရိုးဖက်ရောက်နေသည်ဆိုပြီး မောင်ငွေကဖျက်ခိုင်းသည်။ ဦးကြီးမောင်ပုက မဖျက်။ မောင်ငွေက ခါးကြိမ်းကြိမ်းသည်။ ဦးကြီးမောင်ပုကမမှု။ ရပ်ကွက်ကောင်စီရုံးသို့ ရောက်သွားကြသည်။ ရပ်ကွက်လူကြီးတွေက ဖြန်ဖြေသည်။ မရ။ မြေတိုင်းစာရေးတွေခေါ်ပြီး မြေတိုင်းကြ သည်။ ဦးကြီးမောင်ပုမှန်သည်။ မောင်ငွေက မှားသည်။ ထိုအချိန်မှစ၍ ဦးကြီးမောင်ပုက မောင်ငွေ့အပေါ် အညိုးဖွဲ့သည်။ မောင်ငွေကလည်း ဦးကြီးမောင်ပုအပေါ် အခဲမကျေ။ ဦးကြီးမောင်ပုနှင့် မောင်ငွေတို့၏ မုန်းစမှာတို့၍မလာပါ။ တိုး၍သာ ရှည်လာပါတော့သည်။

သိပ်မကြာပါ။ ဦးကြီးမောင်ပုက ဘိန်းမုန့်ဖုတ်သည့် ညှော်နံ့ကြောင့် အိမ်နီးနားချင်းဝန်းကျင်နေ သူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်ဟု စာရေးပြီး သက်ဆိုင်ရာများသို့တိုင်သည်။ ထိုအကြောင်းကို မောင်ငွေသိသွားပြီး ယမ်းပေါ်မီးကျဖြစ်သည်။ အဖေရွယ်၊ အဖိုးရွယ်ကို တိုင်းထွာပြီး မောင်ငွေကဆဲသည်။ ဦးကြီးမောင်ပုအိမ်ပေါ်သို့ ခဲမိုးရွာသည်။ ဦးကြီးမောင်ပုက ရဲစခန်းသို့တိုင်သည်။ မောင်ငွေကို ရဲစခန်းက အရေးယူသည်။ ဤသို့ဤနှယ်... ရန်ကိုရန်ခြင်း တုန့်ပြန်ခြင်းဖြင့် အမုန်းအဆိုင်အခဲကြီးကို ထုထည်ကြီးမားလာအောင်

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် တည်ဆောက်ကြတော့သည်။

မောင်ငွေက အသက်သုံးဆယ်ကျော်ကျော်လောက်ရှိသည်။ အရပ်ပုပု၊ အသားမဲမဲ၊ ဗလကောင်းကောင်းနှင့် စကားပြောလျှင် ဟောင်ဖွာ၊ ဟောင်ဖွာပြောတတ်သည်။ ကွမ်းနံ့နှင့်အရက်နံ့က သူ့ပါးစပ်ထဲမှာ တလှည့်စီနေရာယူထားသည်။ မောင်ငွေဘိန်းမုန့်က နာမည်ကြီးသည်။ အလုပ်သမားလေးငါးယောက်နှင့် ဖုတ်ရသည်။ အိမ်မှာ ဘိန်းမုန့်ဖုတ်ပြီး၊ လမ်းထိပ်ဓမ္မာရုံရှေ့မှာ ဆိုင်ထွက်သည်။ တစ်နေ့တစ်နေ့ မုန့်ဗန်းနှစ်ဆယ်ကျော်၊ နှစ်ဆယ့်ငါးဗန်းလောက် ဖုတ်ရသည်။ တခြားရပ်ကွက်များမှ တကူးတက ကိုယ်ပိုင်ကားများနှင့်ပင် လာဝယ်ကြသည်။ ဘိန်းမုန့်ဆိုင်ဘေးမှာ စားပွဲပု၊ ထိုင်ခုံသေးလေးများ ဖြန့်ခင်းထားသည်။ ရေနွေးကြမ်းနှင့်အမြည်းလုပ်ပြီး လာစားကြသူတွေကလည်း ညဦးပိုင်းဆိုလျှင် အနမတင့်။ မောင်ငွေစီးပွားဖြစ်သည်။ စီးပွားဖြစ်တော့ ခြေဖျား ထောက်လာသည်။ ခြေဖျားထောက်တော့ အောက်ခြေလွတ်လာသည်။ အောက်ခြေလွတ်လာတော့ ဘယ်သူ့မှ လူမထင်သည့် အရိုင်းစိတ်ဝင်လာသည်။ စိတ်ရိုင်းတော့ လူပါရိုင်းလာသည်။ ရပ်ကွက်ထဲကလူတွေက ဦးကြီးမောင်ပုနှင့် မောင်ငွေတို့ရန်ပွဲကို ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ကြသည့်ပွဲဟု ပြောကြသည်။ သူတို့နှစ်ဦး၏ ရန်မီးပွားကလည်း မငြိမ်းသေးပါ။ မောင်ငွေက ဦးကြီးမောင်ပုသေလျှင် သူ့အိမ်ရှေ့မှာဆိုင်းဗိုင်းခံမည်ဟု လူတိုင်းကိုပြောသည်။ ဦးကြီးမောင်ပုက မောင်ငွေသေလျှင် ဆိုင်ဝိုင်းနှင့်လိုက်ပို့မည်ဟု ပြန်ပြောသည်။ သူပါးကိုက်လျှင်၊ ငါနားကိုက်မည်ဟူသော ရန်လိုမုန်းထား အကျိုးမများသည့်စိတ်ဓါတ်သည် သူတို့နှစ်ဦး၏ နှလုံးသားဝယ် အမြစ်တွယ်လျက်ရှိသည်။

"မောင်ဝင်းဇော်... မင်းဘာတွေ စဉ်းစားနေတာလဲ...၊



ရေနွေးကြမ်းကောင်းကောင်းနဲ့ မြည်းဖို့ကတော့ မောင်ငွေဘိန်းမုန့်က အကောင်းဆုံးပေါ့ကွာ..."

ဦးကြီးမောင်ပု စကားဆုံးသွားသည်နှင့် ကျွန်တော်က မဝံ့မရဲ ပြန်မေးမိသည်။

"မောင်ငွေဘိန်းမုန့်ကို ဦးကြီးမောင်ပုက ဘာဖြစ်လို့ ဝယ်နိုင်းတာလဲ။ မောင်ငွေက ဦးကြီးမောင်ပုရဲ့ ရန်သူလေ..."

ကျွန်တော့်စကားကြောင့် ဦးကြီးမောင်ပုတစ်ယောက် ဟက်ဟက်ပက်ပက် ရယ်ပါတော့သည်။

"ဟား..ဟား...ဟား...မင်းနဲ့ကွာ တက္ကသိုလ်က ဘွဲ့ရတော့မယ်၊ ခုထိ ကလေးစိတ်မပျောက်သေးဘူး၊ မောင်ငွေနဲ့ငါ ရန်ဖြစ်တာ ဘိန်းမုန့်နဲ့ငါ ရန်ဖြစ်တာမှမဟုတ်ပဲ၊ မောင်ငွေက ငါ့ရန်သူ၊ ဘိန်းမုန့်က ငါ့ရန်သူမဟုတ်ဘူး၊ မောင်ငွေက မိုက်ရိုင်း တယ်၊ ဒါပေမယ့် မောင်ငွေဖုတ်တဲ့ဘိန်းမုန့်က စားလို့ကောင်း တယ်၊ ကဲ...ကဲ သွားဝယ်တော့၊ ငါရေနွေးအိုး တည်လိုက်ဦး မယ်..."

ကျွန်တော် မောင်ငွေဘိန်းမုန့်သွားဝယ်သည်။ ဘိန်းမုန့် ဆိုင်မှာ ဆယ်မိနစ်ကျော်လောက်စောင့်ပြီး ဝယ်ရသည်။ ဘိန်းမုန့် ဝယ်ပြီး ပြန်လာတော့၊ ဦးကြီးမောင်ပုတစ်ယောက် အိမ်ရှေ့ခန်းမှာ ရေနွေးကြမ်းအိုး ပူပူနွေးနွေးနှင့် အဆင်သင့်စောင့်နေသည်။

ဦးကြီးမောင်ပုက ဘိန်းမုန့်မြည်းလိုက်၊ ရေနွေးကြမ်း သောက်လိုက်နှင့် ရွှေဘိုခရိုင်ချပ်သင်း သစ်တောကြိုးဝိုင်းမှာ သူ တောခြောက်ခံခဲ့ရသည့်အကြောင်းကို ပြောပြသည်။ ထိတ်လန့်စရာ၊ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ယုံနိုင်ဖွယ်ရာမရှိသော ထူးဆန်းထွေလာဖြစ်ရပ်ဆန်းတစ်ခုဖြစ်သည်။ သို့သော်... ထိုအချိန်က

www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးမောင်ပု ပြောပြနေသော တောခြောက်ခံရသည့်အကြောင်းကို ကျွန်တော် စိတ်ဝင်စားမှုနည်းနေသည်။ ``မောင်ငွေနဲ့ ငါရန်ဖြစ် တာ၊ ဘိန်းမုန့်နဲ့ငါ ရန်ဖြစ်တာမှမဟုတ်ပဲ။ မောင်ငွေက ငါ့ရန်သူ။ ဘိန်းမုန့်က ငါ့ရန်သူမဟုတ်ဘူး။ မောင်ငွေက မိုက်ရိုင်းတယ်။ ဒါပေမယ့် မောင်ငွေဖုတ်တဲ့ဘိန်းမုန့်က စားလို့ကောင်းတယ်'' ဟုပြောသော ဦးကြီးမောင်ပု၏စကားသံများသည်သာ ကျွန်တော့် နား ထဲသို့ အကြိမ်ကြိမ်ဝင်ရောက်ရိုက်ခတ် နေခဲ့ပါသည်။ ။

ဝင်းဇော် (သစ်တော)





www.burmeseclassic.com

www.burmeseclassic.com



# ကံ့ကော်ဝတ်ဆံများနှင့် ကခုန်ခြင်း

''ဟလို. . အာစရိ၊ အစုတ်ပလုတ်တွေကို ဘယ်အမှိုက်ပုံမှာ သွားပစ်မလို့လဲ''

နောက်ဖက်မှအသံကြောင့် ကျွန်တော့်ပခုံးနှစ်ဖက်တွန့်သွားသည်။ ပြီး... ကျွန်တော့်ကိုယ်ကို နောက်ဖက်သို့လှည့်လိုက်မိသည်။ အသံရှင်ကား...အခြားသူမဟုတ်၊ပုပု၊ဝဝ၊ဗိုက်ရွှဲရွှဲ၊ အသားမည်းမည်း၊ သွားကျဲကျဲ၊ စပ်ဖြဲဖြဲနိုင်လှစွာသော ကျွန်တော့်တပည့်ကျော် လှမျိုးဦးဖြစ်နေသည်။

''မင်း ဘယ်အချိန်က အိမ်ပေါ်ရောက်နေပြီး၊ ငါ့နောက်က အသံမပေး၊ ဘာမပေးနဲ့ ရပ်ကြည့်နေရတာလဲကွ''

''သိပ်မကြာသေးပါဘူးအာစရိ...၊ဟောဒီ မြွေရေခွံ အိတ်စုပ်၊ အိတ်ပေါက်ထဲကို အရောင်အဆင်းမပေါ်တော့တဲ့ လုံချည်ဟောင်းနှစ်ထည်ကို ပထမဦးဆုံး အာစရိစထည့်တုန်းက ကျွန်တော် အာစရိနောက်ကို ရောက်နေပြီ၊ နောက်... စွပ်ကျယ်စုတ် နှစ်ထည်၊



ဆင်ချေးတုံးဆပ်ပြာတုံး တစ်တုံး၊ပိန်လိန်နေတဲ့ ဒန်ခွက်ပေါက် တစ်လုံး၊ ချည်တွေထွက်နေတဲ့ မျက်နှာသုတ်ပုဝါအပြဲတစ်ထည်၊ ပြီးတော့...''

''ဟေ့ကောင်...ဆက်မပြောနဲ့တော့၊ မင်းဟာ တိုးတက်နေတဲ့ လူယဉ်ကျေးမှုနည်းဗျူဟာတွေနဲ့ ယှဉ်ဖနောတစ်ရာလောက် အလှမ်းကွာနေတဲ့ကောင်ပဲ၊ ငါ့ကိစ္စ၊ ငါ့အလုပ်ကို ငါလုပ်နေတာ... မင်းက ငါ့အိမ်ပေါ်တက်ပြီး ခိုးကြောင်ခိုးဝှက်နဲ့ ဘာကြောင့် ကြည့်နေရတာလဲ...၊ မင်းကိုယ်မင်းများ အနောက်နိုင်ငံတွေက မီဒီယာတစ်ယောက်လို့ ထင်နေလို့လား...''

လှမျိုးဦးက စပ်ဖြဲဖြဲမျက်နှာပေးနှင့် ကျွန်တော့်ကို လေချိုပြန်သွေးသည်။

''အာစရိကလဲဗျာ... ဒေါသဖြစ်စရာမဟုတ်တာကို ဒေါသဖြစ်နေရတယ်လို့ဗျာ၊ ကျွန်တော်က အာစရိအလုပ်ပျက်သွားမှာ စိုးရိမ်လို့ အသံမပေးဘာပါ၊ ကဲ...ကဲ...ထည့်စရာရှိတဲ့ အစုတ်ပလုပ်တွေကို ဆက်ထည့်စမ်းပါ၊ ကျွန်တော်ပြန်ရင် အဲဒီ အမှိုက်အိတ်ကြီးကိုယူသွားပြီး၊ အမှိုက်ပုံရှိတဲ့နေရာမှာ ပစ်ပေးပါ့မယ်၊ နိုင်ငံကျော်ပြီး လူမသိသေးတဲ့ ဗေဒင်ကဝိပညာရှိကြီးကိုယ်တိုင် အမှိုက်သွားပစ်တယ်ဆိုရင် ကြားလို့မတော်၊ ကျော်လို့မကောင်းဖြစ်ပြီး၊ မရှိတဲ့သိက္ခာတွေ တစ်ပြားမှတောင် ကျန်မှာ မဟုတ်တော့ဘူး''

''လှမျိုးဦး...မင်း... အရမ်း စွပ်မပြောနဲ့၊ အမှိုက်စုတ်တွေထည့်နေတာမဟုတ်ဘူးကွ၊ ငါ... ဒီညနေ ခရီးထွက်ဖို့ လိုအပ်တာတွေကို ပြင်ဆင်နေတာ... ကိုယ့်လူ''

ကျွန်တော့်စကားကြောင့် လှမျိုးဦးတစ်ယောက် အံ့အားသင့်သွားသည်။ ပြီးနောက်...လက်နှစ်ဖက်နှင့် ဗိုက်ကိုနှိပ်ပြီး ခွက်ထိုး

www.burmeseclassic.com

www.burmeseclassic.com



ခွက်လှန်ရယ်ပါတော့သည်။ သူ့ရယ်သံသည် ပြိတ္တာရယ်သံနှင့်လည်း တူသည်။ မှင်စာမြူးသံနှင့်လည်း တူသည်။ ကြားရသူအပေါင်းကို နားမချမ်းသာဖြစ်စေနိုင်သော ရယ်သံမျိုးဖြစ်သည်။

''ဟား...ဟား...အာစရိ ခရီးထွက်တာကလဲ၊ ဖုန်းတောင်းယစကာတစ်ယောက် ခရီးထွက်တာလောက်တောင် ခမ်းနားထည်ဝါမှု မရှိပါလား။ ကျွန်တော့်ကတော့ အာစရိကို သိပ်ပြီး နှိမ်မပြောချင်ပါဘူး။ ဘယ့်နှယ်ဗျာ...အာစရိတစ်ယောက်ကတော့ နုံပြီးချာ၊ ချာပြီးစုပ်၊ စုပ်ပြီးနုပ်လှချည်လား။ 'နုံချာစုတ်နုပ်' ဆိုတာ အာစရိလိုလူမျိုးကို ပြောတာပဲဖြစ်ရမယ်''

''ဟော့ကောင်...လှမျိုးဦး၊ မင်း ဘာသိလို့လဲ၊ ငါ့အကျို့ လုံချည်အကောင်းတွေ အားလုံး အဟောင်းတန်းရောက်သွားပြီ၊ ရှိသမျှ အိုးခွက်ပန်းကန်တွေလဲ ပြောင်ပြီ၊ ငါတောင် အဟောင်းတန်းကို မရောက်အောင် အိမ်တိုင်ကိုဖက်ထားရတယ်ကွ''

''အာစရိကို 'ခရုဆံကျွတ်၊ ဖွတ်မွဲပြာစု' ဖြစ်ပြီး အိမ်တိုင်ပါ ကျွတ်အောင် မ,စတဲ့သူတစ်ယောက်တော့ မုချကေန်ရှိလတ္တံ့လို့ ကျွန်တော်ဗေဒင်ဟောလိုက်မယ်''

''မှန်လှချည်လား လှမျိုးဦးရာ၊ မင်းကတော့ ... အာထဗ္ဗဏာ ဗေဒင်ကျမ်းကို ခေါင်းအုံးပြီး အိပ်နေတယ်ထင်တယ်၊ ငါ့ကို အရှင်လတ်လတ် မ,စနေတဲ့သူက ဘယ်သူဖြစ်ရဦးမှာလဲ၊ မြွေဆိုးမြွေဟောက် ကိုက်ပြီးပြီးချင်း ဆင်နင်းလို့သေဦးမယ့် သွားခေါ်၊ ဖင်ကောက်၊ နဖူးမောက်တဲ့ငါရဲ့ ကြင်ရာသက်ထားဇနီး မယားပေါ့ကွာ...''

''အာစရိရဲ့ မဟေသီဒေဝီကြီးက အသစ်တွေသုံးချင်လို့ အဟောင်းတွေကို ရောင်းပစ်တာဖြစ်မှာပါ''



''မင်း...ဘာသိလို့လဲ... ငါ့မိန်းမက မိုးလင်းတာနဲ့ ထီးစုတ်တစ်ချောင်းနဲ့ ရပ်ကွက်ထဲလှည့်ပြီး 'စတော့ရှယ်ယာဈေးကွက်'ကို စနည်းနာထွက်တယ်၊ ညနေစောင်းတော့ အိမ်ပြန်ပြီး လဒမှိုင်,မှိုင်ကယ်၊ ဒီလို...ဒီလိုနဲ့ တစ်စတစ်စ ပြောင်လာတော့တာပဲကွာ၊ ဒါကြောင့် နေ့လည်ဖြစ်ဖြစ်၊ ညမိုးချုပ်ပဲဖြစ်ဖြစ် အိမ်တံခါးကို ငါမပိတ်တော့ဘူး၊ မတော်လို့များ ယောင်နနသူခိုးတစ်ယောက် ဝင်ခိုးရင်တောင် ဒါလောက်တောင် ဆင်းရဲလှချည်လားဆိုပြီး သူ့ဆီမှာပါလာတဲ့ ပစ္စည်းထားခဲ့အောင်လို့ပေါ့ကွာ''

လှမျိုးဦး မျက်လုံးပြူးသွားသည်။

''အလိုလေး...ဘယ်လို... ဘယ်လို အာစရိမိန်းမက စတော့ရှယ်ယာကစားတယ်။ ကြံကြံစည်ရာဗျာ၊ အာစရိကလဲ ကြားစရာမရှိ ကြံဖန်ကြားနေပြန်ပြီ''

''မသိပါဘူးကွာ... ငါလဲ သူပြောပြောနေတာ နားစွန်နားဖျား ကြားကြားနေလို့ပါ၊ တို့အိမ်နီးနားချင်းတွေရော၊ လဘက်ရည်ဆိုင်မှာ ထိုင်တဲ့ လူတွေရော ခုတစ်လော အဲဒီစတော့ရှယ်ယာဈေးကွက် အကြောင်းတွေကို ပြောပြောနေသံကို ငါသတိထားမိတယ်၊ နိုင်ငံတကာ စတော့ရှယ်ယာလား... တစ်ခြားတစ်နိုင်ငံရဲ့ စတော့ရှယ်ယာလား မသိပါဘူးကွာ၊ တော်တော်တော့ အလှမ်းကျယ်၊ အလယ်လတ်ပြီး ခုက္ခရောက်မဲ့လူတွေပဲကွ''

''မဖြစ်ဘူး... အာစရိ၊ မဖြစ်နိုင်ဘူး... အာစရိနဲ့ မိန်းမက အိုးခွက်ပန်းကန်အစုပ်တွေ၊ အကျီဟောင်းလုံချည်ဟောင်းတွေ ရောင်းပြီး တိုင်းပြည်တစ်ပြည်ရဲ့ စတော့ရှယ်ယာဈေးကွက်မှာ ဆင်စွာ၊ ဝင်ယှဉ်နေတာကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး''

www.burmeseclassic.com

www.burmeseclassic.com



''ဖြစ်နိုင်၊ မဖြစ်နိုင်တော့...ငါလဲ မသိဘူး၊ အဲဒီ စတော့ ရှယ်ယာကြောင့် ငါတော့ပြောင်သလင်းခါနေတာ အမှန်ပဲ၊ ကဲ... အဲဒီအကြောင်းတွေ မပြောပါနဲ့တော့ကွာ...ခေါင်းရှုပ်ပါတယ်''

ကျွန်တော်က စကားလမ်းကြောင်း ပြောင်းလိုက်သည်။

''ငါ...ဒီနေ့နေ့လည်မှာ ခရီးထွက်စရာရှိတယ်၊ နှစ်ရက်၊ သုံးရက်လောက်တော့ ကြာမယ်၊ ဇရပ်တစ်ခုခုမှာနေပြီး ဝတ္ထုသွားရေးမလို့''

''ဘယ်ဇရပ်လဲ..သံဖြူဇရပ်မှာလား၊ သိမ်ဇရပ်မှာလား''

''မင်းကလဲကွာ...ရှာရှာပေါက်ပေါက်ပြောတော့မယ်၊ သံဖြူဇရပ်၊ သိမ်ဇရပ်..အဲဒီမြို့တွေအထိ သွားနိုင်လောက်အောင် ငါ့မှာ ငွေမရှိပါဘူးကွာ၊ ရန်ကုန်တစ်ဖက်ကမ်း 'ဒလ' အလွန်လောက်မှာ ဇရပ်ပျက်ကြီးတစ်ခုရှိတယ်၊ အဲဒီ ဇရပ်ပျက်ကြီးမှာနေပြီး ငါ ဝတ္ထုရှည်တစ်ပုဒ်ရေးမလို့ကွ''

လှမျိုးဦး ဒုတိယအကြိမ်မြောက် မျက်လုံးပြူးသွားသည်။

''အလိုလေး... ဇရပ်ပျက်မှာနေပြီး ဝတ္ထုရေးမလို့တဲ့ဗျာ၊ ကြားလို့မှမတော်၊ ကျော်လို့မှမကောင်း ဖြစ်ကုန်တော့မှာပဲ၊ ကြည့်လဲ လုပ်ပါဦး... အာစရိရာ''

''စတုဒိသာ၊ လေးမျက်နှာက ရောက်လာအများ ခရီးသွားတွေ တည်းခိုနိုင်တဲ့ ဇရပ်ပေါ့ကွာ၊ အဲဒီမှာ ငါဝတ္ထုသွားရေးတာကို ဘယ်ဂျာနယ်လစ်တွေက ဝေဖန်ချင်လို့လဲ''

''အာစရိကို ဘယ်ဂျာနယ်ကမှ အရေးလုပ်ပြီး ဝေဖန်မှာလဲ မဟုတ်ဘူး၊ ဖုတ်လေတဲ့ငပိ၊ ရှိလေတယ်လို့တောင် ထင်ကြမှာ မဟုတ်ဘူး၊ ဘယ့်နှယ်ဗျာ...တစ်ချို့စာရေးဆရာတွေ 'နီကိုလ်းဟိုတယ်'၊



'စီဒိုးနားဟိုတယ်'၊ 'ထရိုတ်ဒါးဟိုတယ်'တွေမှာ တည်းပြီး စာရေးတယ်လို့ပဲ ကြားဖူးတယ်၊ အာစရိကတော့ ဇရပ်ပျက်ကြီးတစ်ခုမှာ စာသွားရေးရတယ်လို့ဗျာ၊ ရှက်ဖို့ကောင်းလိုက်တာ''

''ဟေ့ကောင်...လှမျိုးဦး၊ မင်းဟာ ကော်တော်'အိုင်ကျူ' နည်းတဲ့ကောင်ပဲ၊ မိုင်ပေါင်းများစွာခရီးကို ခြေတစ်လှမ်းနဲ့ စရတာ မဟုတ်လား၊ နောက်ပြီး...ဘာတဲ့၊ ငွေသန်းပေါင်းများစွာရဲ့ အစဟာ တစ်ပဲ၊ တစ်ကျပ် မဟုတ်လား၊ ပထမတော့ ဇရပ်ပျက်၊ နောက်တော့... အရက်ဖြူဆိုင် ပြီးတော့ တည်းခိုခန်း၊ အဲဒီလိုနဲ့ ငါ 'ဘက်ဆဲလ်လား'တစ်ယောက်ဖြစ်လာတော့ 'နီကိုးလ်ဟိုတယ်'၊ 'စီဒိုးနားဟိုတယ်'၊ 'ထရိုတ်ဒါးဟိုတယ်'တို့အထိ တဖြည်းဖြည်း တက်လာမှာပေါ့ကွာ၊ ဆွစ်ဇာလန်၊ ဟိုနိုးလူလူ၊ မီယာမီကမ်းခြေတွေမှာရှိတဲ့ ''ဟေလ်ဟာန်ဟိုတယ်' ကြီးတွေမှာတောင် တည်းပြီး ဝတ္ထုရေးဖို့အထိ ငါရည်ရွယ်ချက်ရှိတယ်၊ မင်း ငါ့အကြောင်း သိတယ်မဟုတ်လား''

''တော်စမ်းပါ... အာစရိရာ၊ လေထဲမှာ တိုက်အိမ် ဆောက်မနေပါနဲ့၊ ဒီပုံအတိုင်းဆိုရင် အာစရိတစ်ယောက် ဇရပ်ပျက်ကနေ သင်္ချိုင်းကုန်းအထိဆင်းပြီး စာရေးဖို့ပဲရှိတယ်၊ ဝတ္ထုတိုလေး တစ်ပုဒ် နှစ်ပုဒ်လောက်ရေးပြီး ကိုယ့်ကိုကိုယ်ဟုတ်လှပြီ ထင်မနေနဲ့၊ ဥင်းဒ လောက်တော့ ငှက်တိုင်းလှပါတယ်ဗျာ။ အာစရိကို ကျွန်တော် သိပ်မနှိမ်ချင်ပါဘူးဗျာ၊ ဒါပေမယ့် အာစရိရဲ့ ဖြုတ်ဦးနှောက်နဲ့ ဘာဝတ္ထုရေးရေး ကောင်းမှာမဟုတ်ပါဘူး၊ စိတ်လျှော့လိုက်ပါ''

''ဒီတစ်ခါ...မင်းငါ့ကို အမှတ်ပေးတာ နည်းလှချည်လား''

''တစ်မှတ်မှမပေးတဲ့အပြင်...အာစရိမှာ မရှိတဲ့အမှတ်တွေကို နှုတ်နေတာ''

www.burmeseclassic.com

www.burmeseclassic.com



''ကြည့်ကြသေးတာပေါ့ကွာ...ငါ...ဖရုပ်ပျက်မှာ သွားရေးမယ့် ဝတ္ထုရှည်က ကမ္ဘာကျော်လိမ့်မယ်၊ နိုင်ငံပေါင်းများစွာက ဘာသာပေါင်းများစွာနဲ့ ဘာသာပြန်ပြီး၊ စာအုပ်ရေပေါင်းများစွာကို အကြိမ်ပေါင်းများစွာ ထုတ်ဝေဖြန့်ချိရလိမ့်မယ်လို့ ငါဟောကိန်းထုတ်ပါယ်၊ ငါ အခုရေးမယ့်ဝတ္ထုအမျိုးအစားကို ''စူပါအိုဗာပိုစ်မော်ဒန်'' လို့ခေါ်ခေါ်၊ ''သာလွန်ကဲဂမ္ဘီရ''လို့ပဲပြောပြော၊ ''စိတ်နယ်လွန်မြို့ဖြစ်ရပ်ဆန်း'' လို့ပဲဆိုဆို ကြိုက်သလိုသတ်မှတ်လို့ရတယ်။ ကမ္ဘာကျော်စာပေဝေဖန်ရေးဆရာကြီးတွေတောင် ငါ့ဝတ္ထုကိုဖတ်ပြီး လက်ဖျားခါသွားလိမ့်မယ်...''

''လက်ဖျားခါမှာပေါ့...အာစရိစာအုပ်ကို ကိုင်မိတာကို လက်သနပြီး လက်ဖျားခါတာပဲဖြစ်လိမ့်မယ်၊ မြည်းတစ်ကောင်ဟာ သူ့ကိုယ်သူ အသဿဟိုရ်မြင်းလို့ထင်နေသလို၊ တီတစ်ကောင်ဟာ သူ့ကိုယ်သူ နဂါးမင်းလို့ထင်နေသလို၊ နှံစုတ်ငှက်က သူ့ကိုယ်သူ စွန်မင်းလို့ထင်နေသလို၊ ငါးဖျင်းသလက်က သူ့ကိုယ်သူ ဝေလငါးတစ်ကောင်လို့ထင်သလို၊ အာစရိလဲ...အဲဒီလိုဖြစ်နေပြီ။ အာစရိကို ကျွန်တော်နှိမ်ပြီး မပြောချင်တော့ပါဘူး။ အချိန်ရသေးရင် တစ်ခွက်တစ်ဖလားလောက်သောက်လိုက်ကြရအောင်လား''

ပြောပြောဆိုဆိုနှင့် လူမျိုးဦးက သူ့ခါးကြားမှာထိုးထားသောရမ်လေးထောင့်ပုလင်းကြီးတစ်လုံးကိုထုတ်ပြီး ကျွန်တော့်ကို ပြသည်။ သူ့လက်ထဲမှာရောက်နေသော ရမ်ပုလင်းကိုမြင်လိုက်သည်နှင့် ကျွန်တော် ဝမ်းသာအူမြူးဖြစ်သွားသည်။

''ဒီလိုတော့လဲ...မင်းက တော်တော်သိတတ်တဲ့ကောင်ပဲ။ ဒါပေမယ့် အိမ်ရှေ့မှာတော့ မသောက်ပါနဲ့ကွာ။ မီးဖိုချောင်မှာ သွားသောက်ရအောင်။ တော်ကြာ..ငါ့ကို ကြည်ညိုလေးစားတဲ့သူ တစ်



ယောက် အိမ်ပေါ်တက်လာရင် အကြည်ညိုတွေပျက်သွားပါဦးမယ်''

''တော်စမ်းပါဗျာ အာစရိကို ဒီကမ္ဘာပေါ်မှာ အထင်ကြီးလေးစားမယ့်သူ တစ်ယောက်မှမရှိဘူးဆိုတာကို ကျွန်တော် လောင်းကြေးထပ်ပြီး ပြောရဲတယ်''

ကျွန်တော်က သောက်ချင်သူ၊ သူက တိုက်မည့်သူမို့ သူ့စကားကို ကျွန်တော်နားထောင်ရမည်။

ကျွန်တော်က နောက်ဖေးမီးဖိုချောင်သို့ ခပ်သုတ်သုတ်ဝင်သည်။ နှီးဆီခွက်ဖင်ပြတ်နှစ်ခွက်ကို ယူသည်။ ဒန်ရေဖလားအပဲ့နှင့် ရေအိုးထဲမှ ရေကိုခပ်သည်။ ထွင်းအိုးဘေးမှာတွေ့သည့် သခွားသီးပိန်တစ်လုံးကို ကျွန်တော့်ပုဆိုးခါးကြားမှာထိုးလိုက်သည်။ ပြီးတော့အိမ်ရှေ့သို့ ထွက်သည်။

လူမျိုးဦးတစ်ယောက် ကျွန်တော့်အဖြစ်ကိုကြည့်ပြီး တတိယအကြိမ်မြောက် မျက်လုံးပြူးသွားသည်။ ပြီးတော့...ရယ်သည်။

''ဟား...ဟား...အာစရိတစ်ယောက် ဒီလောက် ချမ်းသာကြွယ်ဝနေလိမ့်မယ်လို့ ကျွန်တော်မထင်မိဘူး။ ဖြစ်မှဖြစ်ရလေအာစရိရာ... အာစရိရဲ့နှီးဆီခွက်နဲ့ ကျွန်တော်ဝယ်လာတဲ့အရက်နဲ့ တန်ပါ့မလားဗျာ''

''တန်တန်၊ မတန်တန်ကွာ... မင်းကိုငါပြောပြီးပြီပဲ။ ငါ့မိန်းမ ''စတော့ရှယ်ယာ''ရူးလို့ တစ်အိမ်လုံး တက်တက်ပြောင်ပါပြီလို့...ကျွန်တော့် ငါ့မိန်းမက ကမ္ဘာ့ရေနံဈေးကွက် စတော့ရှယ်ယာတွေ ဝယ်လိုက်မိတယ်... ထင်တယ်''

''တော်စမ်းပါဗျာ... ဘယ်ကလာ စတော့ရှယ်ယာ စကားများလဲ...''ထစ်လုံးနှစ်လုံး စီးပွားပြုန်း''ဆိုတဲ့စကားကို အာစရိမကြားမိ

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား၊ တစ်လုံးဆိုတာက နိုင်ငံခြားဘောလုံးပွဲတွေကို လောင်းတာ။ နှစ်လုံးကတော့ နိုင်ငံခြားတိုင်းပြည်တစ်ပြည်က စတော့ရှယ်ယာဈေးနှုန်းတွေရဲ့ ကိန်းဂဏန်းတွေကိုကြည့်ပြီး အလျော်အစားလုပ်ကြတာ၊ ရှင်းပြီလား...အာစရိ။ အာစရိရဲ့မိန်းမကြီးကို ပြောထားဦး။ ဥပဒေနဲ့ ကင်းတဲ့ကိစ္စတွေ မဟုတ်ဘူး။ ခြောက်ပြားတစ်ပဲနဲ့ အဖမ်းခံနေရဦးမယ်။ တစ်ဥစားလဲ ကြက်သွန်၊ နှစ်ဥစားလဲ ကြက်သွန်ပဲ''

''တော်စမ်းပါကွာ...အဲဒီအကြောင်းတွေကို ဆက်ပြော မနေနဲ့တော့။ ခေါင်းရှုပ်ပြီး ငါ့ရဲ့အနုပညာအဆီအနှစ်တွေ ခမ်းခြောက်ကုန်လိမ့်မယ်။ အကောင်းဆုံးကတော့ စားရင်းသောက်ရင်း ငါမင်းကို ငါရေးမယ့် ဝတ္ထုဇာတ်လမ်းအကြောင်းပြောပြမယ်။ နားထောင်ပြီး အကြံဉာဏ်ပေးပေါ့ကွာ...''

''နားထောင်ရတော့မှာပေါ့ အာစရိရာ။ ကျွန်တော့်မှာ ရွေးချယ်စရာလမ်းမှ မရှိတော့တာပဲ''

ကျွန်တော့်က အရက်ထည့်ထားသည့် နို့ဆီခွက်ဖင်ပြတ်ကို ညာလက်နဲ့ကိုင်ပြီး မြှောက်လိုက်သည်။ လှမျိုးဦးကလည်း ကျွန်တော့်နည်းတူ လိုက်လုပ်သည်။ ပြီး...နို့ဆီခွက် ဖင်ပြတ်နှစ်ခွက်ကို နှုတ်ခမ်းချင်းထိပေးလိုက်ကြသည်။

''အိုးယား...အီးယား...ငါရေးမယ့်ဝတ္ထု ကမ္ဘာကျော်ရမယ်''

ဟု ကျွန်တော်က ကြုံးဝါးလိုက်သည်။ လှမျိုးဦးကလည်း

''အိုးယား... အီးယား...အာစရိရေးတဲ့ဝတ္ထု ကမ္ဘာကျော်ပါစေ...'' ဟု ဆုမွန်တောင်းပေးသည်။

နို့ဆီခွက်ဖင်ပြတ်ထဲမှ အရက်ကို ကျွန်တော်မော့သောက်လိုက်သည်။ ပြီးနောက် ကြမ်းပြင်ပေါ်ချထားသော သခွားသီးပိန်ကို အငုံမှတစ်ကိုက်ကိုက်သည်။ လှမျိုးဦးကလည်း နို့ဆီခွက်ဖင် ပြတ်ထဲမှ အရက်များကို ကုန်စင်အောင်မော့သောက်သည်။ ကျွန်တော်ကိုက်ပြီး ကြမ်းပြင်ပေါ်ပြန်ချသည့် သခွားသီးကို အဖျားပိုင်းမှ ကိုက်သည်။ ဤသို့...ဤနှယ် ကျွန်တော့်တို့နှစ်ဦး၏ ယမကာဝိုင်းမှာ ခမ်းနားထည်ဝါလွန်းလှသည်။

''ဒီလိုကွ...လွန်ခဲ့တဲ့သုံးရက်လောက်က ငါ့ဆီကို လူတစ်ယောက် ဗေဒင်လာမေးတယ်၊ သူပြောပြတဲ့ သူ့ကိုယ်တွေ့ အဖြစ်အပျက်က တော်တော်စိတ်ဝင်စားစရာကောင်းတယ်၊ မယုံကြည်နိုင်လောက်အောင် ထူးဆန်းတယ်... ယုံရဖို့တော့ တော်တော်ခက်တယ်၊ ဒါပေမယ့်...သူပြောတဲ့စကားကို ငါယုံတယ်၊ ငါ့ဆီမှာ ဒီလူဗေဒင်လာမေးနေတာ ငါးနှစ်ကျော် ခြောက်နှစ်လောက်ရှိပြီ၊ ဒီလိုစကားမျိုး တစ်ခါမှမပြောဖူးဘူး၊ ခုလဲ... သူ့အဖြစ်အပျက်က ထူးဆန်းလွန်းလို့ ဗေဒင်တွက်ပြီး ယတြာချေဖို့ သူလာတာပါ''

ကျွန်တော်က စကားကိုရပ်ပြီး ကြမ်းပြင်ပေါ်ချထားသည့် ဆေးပေါ့လိပ်တိုကို မီးညှိဖွာရှိုက်လိုက်သည်။

''အာစရိကလဲ...စကားပလ္လင်ခံမနေစမ်းပါနဲ့ဗျာ။ အာစရိရေးမယ့် ဝတ္ထုဇာတ်လမ်းကိုသာ ပြောစမ်းပါ''

''အဲဒီအကြောင်းကို အရင်မပြောလို့မဖြစ်ဘူး...ကိုယ့်လူ၊ ငါရေးမယ့်ဝတ္ထုဇာတ်လမ်းက အဲဒီလူကစတာပဲ၊ ဒီလူ့နာမည်က ကိုအောင်သူတဲ့။ တောင်ဥက္ကလာမှာနေတယ်၊ စီးပွားရေးကတော့ ဒီဗီဒီအခွေဆိုင်ဖွင့်တယ်လို့ ပြောတာပဲ၊ မန္တလေးမှာလည်း သူ့ဗီဒီယိုဆိုင်ခွဲတွေရှိတယ်၊ မန္တလေးနဲ့ရန်ကုန်ကတော့ သွားလိုက်၊ လာလိုက်ပဲ၊ အဲဒီကိုအောင်သူရဲ့ တကယ့်ကိုယ်တွေ့အဖြစ်အပျက်ကို ဇာတ်ကျောရိုး



www.burmeseclassic.com

www.burmeseclassic.com



ယူပြီး ငါ့ရဲ့အနုပညာစွမ်းအားနဲ့ ဖန်တီးခြယ်မှုန်းရမှာပဲ''

''တော်စမ်းပါ...အာစရိရာ၊ နားကြားပြင်းကတ်စေမယ့် စကားတွေကို မပြောပါနဲ့ဗျာ''

လုမျိုးဦးက ပြောပြောဆိုဆိုနှင့် နို့ဆီဖင်ပြတ်နှစ်ခွက်ထဲသို့ ပုလင်းထဲမှ အရက်ကိုထည့်သည်။ ကျွန်တော်က ဒန်ဖလားစုပ်ထဲမှ ရေကို ငုံ့စောင်းပြီး ရေလိုက်ရောသည်။ တစ်မော့စီမော့ကြပြန်သည်။ သခွားသီးကို အရင်းနှင့်အဖျားပိုင်းခွဲပြီး တစ်ကိုက်စီ ကိုက်ကြပြန်သည်။

''အဲဒီကိုအောင်သူမှာတဲ့ ကြိုးလိုင်းဖုန်းရှိတယ်၊ ဖုန်းနံပါတ်တော့ ပြောသွားတယ်၊ ဒါပေမယ့် ငါမေ့သွားတယ်၊ ဖုန်းနံပါတ်က အရေးမကြီးပါဘူး၊ ထားပါတော့... သူက 'ဂျီအက်(စ်)အမ်'ဖုန်း သိပ်ကိုင်ချင်တယ်၊ သူ့လုပ်ငန်းနဲ့ကလည်း လိုအပ်နေတာကိုးကွ၊ အဲဒါနဲ့ သူက 'ဂျီအက်(စ်)အမ်'ဖုန်း လျှောက်လွှာကို တင်လိုက်တယ်၊ တင်ပြီး သိပ်မကြာပါဘူး၊ ဂျီအက်(စ်)အမ်ဖုန်း မဲပေါက်တဲ့အကြောင်းကြားစာ သူ့ဆီကိုရောက်လာရော''

''ဟာဗျာ...အာစရိကလဲ... ဂျီအက်(စ်)အမ်ဖုန်းမဲ ပေါက်တာ ဘာဆန်းလို့လဲ၊ ဝတ္ထုဇာတ်လမ်းမှ မဟုတ်တာပဲ၊ အာစရိဆီကို လာလာနေတဲ့ ပန်းချီကိုကျော်ဦးဘောင် မနှစ်က ဂျီအက်(စ်)အမ်ဖုန်း ရသွားသေးတယ်မဟုတ်လား''

''အေး... အဲဒီ ဂျီအက်(စ်)အမ်ဖုန်းရတာက မဆန်းဘူး၊ ဆန်းတာက လျှောက်လွှာတင်ပြီး မန္တလေးက နတ်ကတော်တစ်ယောက်ဆီမှာ သူကနတ်မေးတယ်တဲ့၊ အဲဒီနတ်ကတော်ကို ပုပ္ပါးမယ်တော်က ဝင်ပူးပြီး 'သားတော်ကြီးကို ဖုန်းကံတက်အောင် မယ်တော် မ,စမယ်၊ သားတော်ကြီး ဖုန်းကံတိုးရင် မယ်တော်ရဲ့ ပုပ္ပါးနန်းမှာ ပွဲလာထိုးရ



မယ်'လို့ အမိန့်ချလိုက်တယ်''

''ဟာဗျာ...အာစရိကလဲ... ဂျီအက်(စ်)အမ်ဖုန်း မဲနှိုက်ပေးတာက ကွန်ပျူတာစနစ်နဲ့ပါဗျာ၊ ပုပ္ပါးမယ်တော်က ဘယ်လိုလုပ်လို့ ရမှာလဲ...အာစရိ''

ကျွန်တော့်ရှေ့တွင် ချထားသော နို့ဆီခွက်ဖင်ပြတ်ကို ကျွန်တော်လှမ်းကိုင်လိုက်ပြီး လက်ကျန်ဖြတ်လိုက်သည်။

''မင်း ယုံချင်ယုံ၊ မယုံချင်နေ၊ တိုက်ဆိုင်မှုလို့ပဲ ပြောပြော... သူကတော့ ပုပ္ပါးမယ်တော် မ,တယ်လို့ပဲ ခံယူထားတယ်''

''ကဲဗျာ...တိုက်ဆိုင်မှုပဲထားထား၊ မယ်တော်မ,တယ်လို့ပဲဆိုဆို...အဲဒါ ဘာဆန်းလို့လဲ''

''နားထောင်ဦးလေကွာ၊ ဆက်ပြောမှာပေါ့...၊ တိုတိုပြောရရင်တော့... ဆက်သွယ်ရေးရုံးက ဂျီအက်(စ်)အမ်ဖုန်းကိုထုတ်ပြီး တာနဲ့ ကိုအောင်သူ ပုပ္ပါးကိုပြေးတော့တာပဲ၊ ပုပ္ပါးရောက်တော့ နတ်ကွန်းမှာ ကန်တော့ပွဲဆက်တယ် ပဒဲဆက်တယ်၊ ပြီးတော့.. ပုပ္ပါးတောင်ကလပ် ပေါ်ကို ဘုရားဖူးတက်တာပေါ့ကွာ၊ ကဲ... အဲဒီမှာ လာပြီ... လာပြီ''

''ဘာလာတာလဲ...အာစရိ''

''ဇာတ်လမ်းပေါ့ကွာ...ဇာတ်လမ်း၊ အဲဒီမှာ ဇာတ်လမ်း စပြီ၊ ပြီးတော့... မျောက်တွေလဲလာပြီ၊ အဲဒီမျောက်တွေကလဲ အမိကပဲ''

ကျွန်တော့်စကားကြောင့် လုမျိုးဦး၏ဂဏန်းမျက်လုံးနှင့် တူလှစွာသော မျက်လုံးနှစ်လုံးမှာ ပို၍ ပို၍ ပြူးကျယ်သွားလေ၏။

''အာစရိ...မမူးသေးပါဘူးနော်''

''ငါ မမူးသေးပါဘူး...နည်းနည်းပဲမှန်ရုံရှိသေးတယ်''

ကျွန်တော်တို့နှစ်ယောက် တစ်ကျိုက်စီမော့ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်တွင်ချထားသော သခွားသီးပိန်က ပိန်ချိတ်လာသည်။

''ကိုအောင်သူက မျောက်တွေကို မြေပဲကျွေးရင်း တောင်လှေခါးပေါ်တက်သွားတုန်းမှာ တောင်အလယ်လောက်ရောက်တော့ မျောက်တစ်ကောင်က ခါးကြားမှာချိတ်ထားတဲ့ ဂျီအက်(စ်)အမ် ဖုန်းကို ဆွဲပြီးပြေးပါလေရော''

''သူမလိုက်ဖူးလား...အာစရိ''

''လိုက်တာပေါ့ကွာ။ မျောက်စာရောင်းတဲ့ ကလေးသုံးလေးယောက်ပါ ဝိုင်းလိုက်ပေးကြတယ်။ မင်းပဲ စဉ်းစားကြည့်။ မျောက်ပြေးတာ လူက ဘယ်လိုက်လို့မှီမှာလဲ...။ ပြီးတော့... တောင်ပေါ်က ကျောက်တုံးကျောက်ခဲတွေကြားမှာ ပတ်ပြေးသွားမှာပေါ့။ ပြီးတော့... မျောက်တွေကလဲ အများကြီး။ ဘယ်လိုလိုက်လို့ရမှာလဲ။ တောင်ပေါ်က ပြုတ်ကျရုံပဲရှိတော့တယ်။ လှေခါးလက်ရမ်းကိုကိုင်ပြီး တက်တာတောင် ပုပ္ပါးတောင်က မတ်စောက်ကြီးဖြစ်နေလို့ မနည်းသတိထားပြီး တက်နေရတာ မင်းလဲသိသားပဲ''

''ဒါ ဘာဆန်းလို့လဲဗျာ....၊ အဲဒီမျောက်တွေက လူတွေလက်ထဲမှာ ကိုင်ထားတဲ့ သူတို့ကျွေးမယ့် မြေပဲထုပ်တွေကိုတောင် လုလုပြီးပြေးတာ ကျွန်တော်တွေ့ဖူးပါတယ်၊ သူ့ခါးကြားမှာ ချိတ်ထားတဲ့ ဂျီအက်(စ်)အမ်ဖုန်းကိုလဲ အစာထုပ်ထင်ပြီး လုသွားတာ ဖြစ်မှာပေါ့၊ အဲဒါ.. ဆက်သွယ်ရေးရုံးမှာ ဖုန်းနံပါတ်သွားပိတ်ပြီး၊ အသစ်ထပ်ထုတ်ပေါ့ဗျာ''

''ဒါကို သူလဲသိတာပေါ့ကွာ... ဒါကြောင့်လဲ သက်စွန့်ဆံဖျားလိုက်မရှာတော့ပဲ၊ ရန်ကုန်ကို ပြန်လာခဲ့တယ်၊ သောကြာနေ့ ညနေပိုင်း ရန်ကုန်ကိုရောက်တော့...နောက်နေ့တွေက စနေ၊ တနင်္ဂနွေရုံးပိတ်ရက်



ဖြစ်ရက်နဲ့ခံနေတာနဲ့...အဲဒီအကြောင်းကို သူက မေ့မေ့ပျောက်ပျောက်ပဲထားလိုက်တာပေါ့ကွာ၊ ဒါနဲ့ စနေနေ့မနက်ရောက်တော့ သူ့အိမ်ကိုဖုန်းခေါ်တယ်၊ အဲဒီမှာ လာပြီ... လာပြီ''

''ဘာလာတာလဲ...အာစရိ၊ အာစရိပြောတဲ့ ဇာတ်လမ်းက ဘာမှစိတ်ဝင်စားစရာ မကောင်းသေးပါဘူး၊ တယ်လီဖုန်းရှိရင် တယ်လီဖုန်းခေါ်သံလာမှာပဲ၊ အဲဒါ ဘာဆန်းလို့လဲ''

''လာပြီ...လာပြီဆိုတာ ထူးဆန်းတဲ့အကြောင်း၊ လာပြီလို့ငါပြောတာ၊ သူ့ဆီက ဂျီအက်(စ်)အမ်ဖုန်းလုသွားတဲ့ ပုပ္ပါးတောင်ကလပ်ခေါ်ကမျောက်က သူ့အိမ်ကကြိုးဖုန်းကို အဲဒီဂျီအက်(စ်)အမ်ဖုန်းနဲ့ဆက်တာကို ငါပြောပြမှာ...ကိုယ့်လူရေ...''

လှမျိုးဦး၏ ဂဏန်းမျက်လုံးများမှာ ပဋ္ဌမအကြိမ်မြောက် ပြူးသွားသည်။

''အာစရိ...နည်းနည်းလျှော့သောက်တော့။ အာစရိများနေပြီ၊ ဘယ့်နှယ်ဗျာ...မျောက်က ဂျီအက်(စ်)အမ်ဖုန်းကို ဘယ်လိုလုပ်ပြီး သုံးတတ်မှာလဲ၊ ပြီးတော့...အဲဒီလူအိမ်က ကြိုးဖုန်းနံပါတ်ကို ဘယ်လိုလုပ်ပြီး သိနေရတာလဲ...၊ လုံးဝအဓိပ္ပါယ် ယုတ္တိမရှိဘူး၊ အဲ...ထားပါတော့...မျောက်က ဖုန်းဆက်ပြီး မျောက်စကားနဲ့ပြောတာလား''

''ဘယ်ကလာ...မျောက်စကားနဲ့ပြောရမှာလဲ၊ လူစကားနဲ့ပြောတာပေါ့''

''မျောက်က လူစကားကို ဘယ်လိုလုပ်ပြီး ပြောနိုင်မှာလဲ အာစရိရာ...၊ ဒါကြောင့် ကျွန်တော်ပြောတာပေါ့၊ အာစရိတစ်ယောက် အရင်လိုမဟုတ်ဘူး...၊ အရက်မူးရင် ပေါက်တတ်ကရတွေ ပြောတတ်

www.burmeseclassic.com

www.burmeseclassic.com



လာပြီ''

''ဟော့ကောင်…ငါမမူးသေးပါဘူး၊ ခုမှ နည်းနည်းတက်ရုံပဲ ရှိသေးတယ်''

ကျွန်တော်တစ်ကျိုက်မော့သည်။ မြည်းစရာ သခွါးသီးပိန်က နို့တ္တိတ်သွားပြီ။

''ငါဆက်ပြောမယ်…လူမျိုးဦး၊ ကိုအောင်သူ့ကို အဲဒီမျောက်က တောင်းပန်တာပေါ့ကွာ၊ ဂျီအက်(စ်)အမ်ဖုန်းကို အစာအောက်မေ့ပြီး သူ့အလစ်သုတ်ပြေးတာပေါ့ကွာ၊ ဒါပေမယ့်… တောင်စောင်းတစ်နေရာရောက်တော့ သေချာကြည့်တော့မှ သိပ်အသုံးဝင်တဲ့ ဆက်သွယ်ရေးကိရိယာလေးဖြစ်မှန်း သိတော့တယ်တဲ့၊ ဂျီအက်(စ်)အမ်ဖုန်းကို အဲဒီမျောက်က ပြန်ပေးမယ်လို့ ဂတိပေးတယ်။ ဖုန်းနံပါတ်ကို မပိတ်ဖို့လည်း တောင်းပန်တယ်။ တစ်လတိတိသူ့သုံးမယ်၊ တစ်လပြည့်တဲ့နေ့မှာ ပုပ္ပါးတောင်ကလပ်ပေါ်ကို တက်လာပါလို့ ရက်စွဲအတိအကျပြောပြီး ချိန်းတယ်''

ကျွန်တော့်စကားကြောင့် လူမျိုးဦးတစ်ယောက် အူတက်မတတ်ရယ်ပါတော့သည်။

''ဟား…ဟား…ဟား… မျောက်ကလဲ လူပါးဝလှချည်လား…၊ ဟား…ဟား… မဟုတ်ဘူး… မဟုတ်သေးပါဘူး၊ မျောက်ပါးဝလှချည်လား… ဟား…ဟား…''

''ဟော့ကောင် ရယ်စရာတစ်ခုမှ မပါဘူး…။ ငါဆက်ပြောမယ်…နားထောင်စမ်းပါဦး''

''ကဲ…ဆက်ပြော…ဆက်ပြော…အာစရိ၊ ဒါနဲ့ အဲဒီမျောက်က ဂျီအက်(စ်)အမ်ဖုန်းကို တစ်လယူထားပြီး ဘာလုပ်မှာလဲ''



''စတော့ရှယ်ယာကစားမလို့တဲ့…အဲဒါ မထူးဆန်းဘူး လား''

''လာပြန်ပြီလား… အာစရိ၊ ဒီစတော့ရှယ်ယာအကြောင်း… ဟား… ဟား… အဲဒီမျောက်က ဂျီအက်(စ်)အမ်ဖုန်းနဲ့ လောင်းကစားဒိုင်တွေဆီမှာ တစ်လုံးနှစ်လုံးစာစီကုံးမလို့နဲ့တူပါတယ်၊ ဟား… ဟား…အာစရိကတော့ မူးကြောင်ရူးကြောင်စကားတွေ တော်တော်ပြောတဲ့လူပဲ''

''ငါမမူးသေးဘူး၊ မရူးသေးဘူးကွ… ကိုအောင်သူက ငါ့ကိုပြောပြတဲ့အတိုင်း မင်းကိုပြောပြနေတာ၊ ဒီလူကလဲ ဗရွတ်ဗျွတ်တပြောတဲ့လူစားမျိုး မဟုတ်ဘူး၊ ငါ…သူနဲ့မင်းကို မိတ်ဆက်ပေးမယ်၊ သူကိုယ်တိုင်ပြောရင်ရော မင်းယုံမလား''

''ဘယ်သူပြောပြော ယုံနိုင်စရာအကြောင်းမရှိရင် မယုံဘူးဗျာ၊ ပြီးတော့ အာစရိပြောတဲ့ အဲဒီကိုအောင်သူဆိုတဲ့လူက စိတ်ကျန်းမာရေးဆေးရုံကဆင်းတဲ့ လက်မှတ်များကိုင်ထားသလား မသိဘူး''

''တော်စမ်းပါ… လူမျိုးဦးရာ၊ သူ့ကို မင်းက စိတ်မနှံ့ဘူးလို့ပြောချင်တာလား… စိတ်မှန်၊ လူမှန် တည်တည်တံ့တံ့လူပါကွာ''

ကျွန်တော် ကျွဲမြီးတိုသွားသည်။ ထို့ကြောင့် တစ်ကျိုက်မော့လိုက်သည်။ အမြည်းကား နတ္တိ။

''အာစရိကလဲ ဒေါသချည်းပဲ၊ စိတ်မဆိုးပါနဲ့ အာစရိရာ…။ ဒါနဲ့…အဲဒီမျောက်ချိန်းတဲ့နေ့မှာ ကိုအောင်သူက ပုပ္ပါးတောင်ကလပ်ကို သွားသလား''

''ချိန်းတဲ့နေ့အထိ ဘယ်ရောက်မလဲကွာ၊ ဆယ်ရက်လောက်ကြာတော့ မျောက်က ဖုန်းပြန်ဆက်တယ်၊ ဂျီအက်(စ်)အမ်ဖုန်းကို ပြန်ပြန်ယူပါ၊ သူနဲ့ သူ့ဆွေမျိုးမျောက်တွေ စတော့ရှယ်ယာတွေရှုံးပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်ကုန်ပြီလို့ပြောတယ်၊ ကိုအောင်သူလဲ ပုပ္ပါးကို ပြန်သွားရတော့တာပေါ့ကွာ''

''ဟိုရောက်တော့...အဲဒီမျောက်ကို တွေ့သလား''

''တွေ့တာပေါ့ကွ... သူ့ဂျီအက်(စ်)အမ်ဖုန်းလဲ ပြန်ရတယ်၊ ဒီလိုကွ တောင်ကလပ်ပေါ် မျောက်စာတွေကျွေးပြီး တက်သွားတော့ မျောက်တွေက ဝိုင်းနေတာပေါ့ကွာ၊ အဲဒီအချိန်မှာ ကြေးလှေကားခေါင်မိုးပေါ်က မျောက်တစ်ကောင်ဆင်းလာပြီး ဂျီအက်(စ်)အမ်ဖုန်းကို သူ့လက်ထဲကို ပြန်ထည့်သွားတယ်၊ ကိုအောင်သူပြောတော့ အဲဒီမျောက်ရဲ့ မျက်နှာဟာ တော်တော်ညှိုးငယ်နေတယ်တဲ့''

''အဲဒီလူက မျောက်ကို စကားမပြောလိုက်ဘူးလား''

''စကားပြောချိန်တောင် မရလိုက်ဘူးတဲ့... သူအံ့အားသင့်နေတုန်းမှာ မျောက်က ခေါင်မိုးပေါ်ပြန်တက်သွားတယ်၊ ပိုပြီး ထူးဆန်းတာက သူ့ဂျီအက်(စ်)အမ်ဖုန်းမှာ ဘက်ထရီအသစ်တောင် လဲပေးထားတယ်ဆိုပဲ. .''

ကျွန်တော့်စကားဆုံးသည်နှင့် လှမျိုးဦးက–

''ထားပါတော့ဗျာ...ထားပါတော့...၊ တော်တော် ထူးဆန်းတယ်၊ အဲဒီအကြောင်းကို အာစရိက ဘယ်လိုဇာတ်အိမ် တည်ဆောက်မှာလဲ...''

''ဒီလိုကွ...မျောက်လက်ထဲကို ဂျီအက်(စ်)အမ်ဖုန်း ရောက်သွားပြီးတဲ့နောက်ပိုင်းမှာ ပုပ္ပါးတောင်ကလပ်မှာရှိတဲ့ မျောက်ရွာမှာ မျောက်တွေ ဝရုန်းသုန်းကားဖြစ်ကြပုံအကြောင်းကို ချဲ့ပြီး ရေးရမှာပေါ့ကွာ...''

''အာစရိပြောတဲ့ဇာတ်လမ်းလဲ ပြီးပြီ၊ အရက်လဲပြောင်ပြီ။



ကျွန်တော်ပြန်တော့မယ်၊ အာစရိကို ကျွန်တော်တစ်ခုပြောချင်တယ်၊ အာစရိဘိုင်ပြတ်နေတယ်ဆိုတာ ကျွန်တော်သိတယ်၊ အရက်ဖြူတောင် ဆောက်နိုင်မှာ မဟုတ်ဘူး။ ဒီတော့...ညနေတိုင်း ကျွန်တော် အရက်လာတိုက်ပါ့မယ်၊ ရှူးနေတာမကောင်းဘူး အာစရိ၊ မူးနေတာ ကောင်းတယ်၊ အာစရိက မမူးရင်ရှူးပြီမယ်ဆိုတဲ့လူမျိုးပဲ၊ ကဲ...ကျွန်တော်ပြန်မယ်...တာ့တာ ဘိုင့်ဘိုင်''


ပြောပြောဆိုဆိုနှင့် လှမျိုးဦးတစ်ယောက် အိမ်ပေါ်မှ ကဆုန်ပေါက်၍ ဆင်းသွားသည်။ သူ့စကားကြောင့် ကျွန်တော်တစ်ယောက်လည်း ဒေါသပုန်ထ၍ ကျန်ခဲ့ပါတော့သည်။

ဝင်းဖော် (သစ်တော)

www.burmeseclassic.com

www.burmeseclassic.com







# ကမ္ဘား နှင့် ထဲ

ရန်ကုန်မြို့။
၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ၊ ၉ရက်။
ဒေသစံတော်ချိန်...၁၄း၂၅ နာရီ။

''ကလင်...ကလင်...ကလင်...ကလင်...''

လက်တစ်ဖက်က တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

''ဟလို...ပြောပါ။ မြမောင်ပါ။''

''.............................

.........................''

''ဟုတ်ကဲ့... ခင်ဗျား။ ကျွန်တော် မြမောင်ပါ။ ပြောပါ... ဆရာ။ ပြောပါ''

''.............................

.........................''

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့.... ခင်ဗျား.... ဟုတ်ကဲ့''

''..............................

.........................''

''ဟုတ်ကဲ့ ..''

''..............................

.........................''

''စိတ်ချပါ.... ဆရာ။ စိတ်ချပါ''

''..............................

.........................''

''ဟုတ်ကဲ့ပါ ခင်ဗျာ။ ဟုတ်ကဲ့''

''..............................

.........................''

''ဖြစ်ပါတယ်.... ဆရာ။ ကျွန်တော့်ကို စိတ်ချပါ''

''..............................

.........................''

''ဟုတ်ကဲ့ ''..... ခင်ဗျာ။ ကောင်းပါပြီ''

တယ်လီဖုန်းကို ဖုန်းခွက်ပေါ်သို့ ပြန်ချလိုက်သည်။

✧ ✧ ✧ ✧ ✧ ✧



ရန်ကုန်မြို့။

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ၊ ၉ရက်။

အေသစံတော်ချိန် ....၁၄း၅၅ နာရီ။

''ကလင်.....ကလင်.....ကလင်.....ကလင်...''

လက်တစ်ဖက်က တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

''ဟလိုကလင်.....ပြောပါ၊ မြမောင်ပါ''

''..............................

.........................''

''အေး.....ငါ မြမောင်ပဲ.....လိုရင်းကိုပြောစမ်း''

''..............................

..............................

.........................''

''ဘာကွ....။ ဆက်ပြောစမ်း''

''..............................

.........................''

''တောက်.... တော်တော် အသုံးမကျတဲ့ကောင်''

''..............................

..............................

.........................''

''တော်စမ်းပါကွာ.... သွားသေလိုက်ပါလား။ ပြောလိုက်ရင်တော့ ဟုတ်ကဲ့ ....ဟုတ်ကဲ့နဲ့ ....ဘာဟုတ်ကဲ့လဲ''

www.burmeseclassic.com

www.burmeseclassic.com



"........................

........................"

"မင်း...ငါ့ကို ဒီဆင်ခြေမျိုး လာမပေးနဲ့။ မင်းပထွေး မဟုတ်ဘူး"

"........................

........................

........................"

"ကဲ...ကဲ...ဒါပဲ။ ကျောက် ငါဒါမျိုး နောက်မကြားချင်ဘူး"

တယ်လီဖုန်းကို ဖုန်းခွက်ပေါ်သို့ ပြန်ချလိုက်သည်။

ဝင်းဇော် (သစ်တော)

ဤ ဤ ဤ ဤ ဤ





www.burmeseclassic.com

www.burmeseclassic.com



## ခရမ်းရင့်ရောင်ပန်းတစ်ပွင့်၏ လွမ်းပုံပြင်

ကျွန်တော် ...သူခိုး။

အမှန်ပြောတာပါ။ ကျွန်တော်သူခိုးမှ သူခိုးအစစ်။ အကျိုစုတ်၊ ထမီစုတ်ခိုးတဲ့ သူခိုးအစုတ်အနုတ် မဟုတ်သလို၊ ဖောက်ထွင်းဝိဇ္ဇာလို သူခိုးအကြီးစားကြီးမျိုးလည်း မဟုတ်ပါဘူး။ ပိုင်ရှင်အလစ်မှာ အလစ်သုတ်ပြေးတဲ့ အလစ်သမား...ဒါမှမဟုတ်ရင်၊ ခါးပိုက်နှိုက်လား...။ ဒါလည်းမဟုတ်ပါဘူး။ ဒါပေမယ့်...ကျွန်တော် သူခိုးပါ။

ခုတော့...ကျွန်တော် မခိုးတော့ပါဘူး။ ကောင်းရောင်းကောင်းဝယ် သမာအာဇီဝလုပ်စားနေတာ ကြာပါပြီ။ ကျွန်တော့ အိမ်ဘေး မြေကွက်လပ်လေးမှာ အဖီတဲလေးထိုးပြီး၊ မနက်ပိုင်းမှာ ကျွန်တော့်ဇနီးက မုန့်ဟင်းခါးရောင်းတယ်။ ညနေပိုင်းမှာ ကျွန်တော်က စာအုပ်အငှားဆိုင်ဖွင့်တယ်။ မိသားစုနည်းတော့ စားလောက်ပါတယ်။ ကျွန်တော့်မှာ သားတစ်ယောက်တည်းရှိတယ်။ ကျွန်တော့်သားက ရွှေလမှာ အဝေးသင်မြန်မာစာ ဒုတိယနှစ် ဖြေရတော့မယ်။ ဘီယာ



စက်ရုံတစ်ရုံမှာ အလုပ်လုပ်တယ်။ ငွေကြေးမစုဆောင်းမိကြပေမယ့်...မပူမပန်နေနိုင်စားနိုင်တဲ့ အဆင့်ရှိပါတယ်။

ကျွန်တော်သူခိုးဖြစ်ခဲ့ဖူးတော့...ကျွန်တော့်သား သူခိုးဖြစ်မှာကို ကျွန်တော်သိပ်စိုးရိမ်တယ်။ ကျွန်တော့်သားနာမည်က ''လင်းထက်ဇော်''။ ကျွန်တော်...လင်းထက်ဇော်ကို အမြဲပြောလေ့ရှိတဲ့ စကားရှိတယ်။ အဲဒီစကားကတော့...''လူတစ်ယောက်ရဲ့ အရည်အချင်းနဲ့ ကြိုးစားအားထုတ်မှုတွေကို ပျားရည်နဲ့တင်စားမယ်ဆိုရင် အဲဒီလူရဲ့ စာရိတ္တကို ခွက်နဲ့ပမာပြုရမယ်။ စာရိတ္တ ခွက်က စုပ်နေမယ်။ နှုတ်ခမ်းလန်နေမယ်။ ဟောင်းနွမ်းနေမယ်ဆိုရင် ပျားရည်နဲ့တူတဲ့ အရည်အချင်းနဲ့ ကြိုးစားမှုတွေဟာ ခွက်စုတ်ခွက်ဟောင်းထဲမှာ တန်ဖိုးမဲ့နေမှာပဲ။ စာရိတ္တခွက်က ပေါက်နေရင် ပိုလို့တောင်ဆိုးဦးမယ်။ အရည်အချင်းနဲ့ ကြိုးစားမှုတွေဟာ တဖြည်းဖြည်းနဲ့ ယိုစီးယုတ်လျော့သွားမှာပဲ'' ဆိုတဲ့ စကားပါပဲ။

ပြောသာပြောရပါတယ်။ ကျွန်တော့်သား ''လင်းထက်ဇော်'' က လိမ္မာပါတယ်။ ဘီယာစက်ရုံမှာ သူလုပ်နေတဲ့နေရာက နေရာကောင်း။ နေရာကောင်းဆိုတာကို ယဉ်ကျေးစွာအနက် အဓိပ္ပါယ်ဖွင့်ဆိုရရင်တော့ ခိုးလို့ဝှက်လို့ရတဲ့နေရာကို ပြောတာပါ။ ဒါပေမယ့်...သူက ခြူးတစ်ပြားမှမဟုတ်တာ မလုပ်ဖူး။ ပင်ကိုယ်ဗီဇကောင်းတယ်။ ဉာဉ်သန့်တယ်။ လူတစ်ယောက်မှာ စာရိတ္တကောင်းဖို့ဆိုတာ ပင်ကိုယ်ဗီဇရယ်၊ အသိတရားရယ်၊ ပတ်ဝန်းကျင်ရယ်...အပေါ်မှာ အများချည်းမှုတည်တယ်။

နောက်ပြီး...ကျွန်တော့်သားကို ကျွန်တော်အမြဲပြောတဲ့ စကားတစ်ခွန်းရှိသေးတယ်။ ''ရိုးရိုးကျင့်၊ မြင့်မြင့်မကြံနဲ့။ ရိုးရိုးကျင့်

www.burmeseclassic.com



ရိုးရိုးကြဲ''ဆိုတဲ့စကားပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ''ရိုးရိုးကျင့် မြင့်မြင့်ကြဲ''လို့ မြင့်မြင့်နေရာရောက်သွားရင် ဆက်ပြီး ရိုးရိုးမကျင့်နိုင်တဲ့ အဖြစ်မျိုးနဲ့ ကြုံရမှာစိုးရိမ်လို့ပါ။ ကျွန်တော်တွေ့ဖူး၊ ကြားဖူးပေါင်းများ ပြီ။ မြင့်မြင့်ရောက်ပြီး...ရိုးရိုးမကျင့်နိုင်လို့ ပြုတ်ကျခဲ့တဲ့သူတွေ ကမ္ဘာပေါ်မှာ အနမတဂ္ဂ။ နီးနီးကပ်ကပ်ပြောရရင် ကျွန်တော့်သူငယ်ချင်း တစ်ယောက်ရှိတယ်။ ဒီကောင်က တကယ့်လူရိုးလူဖြောင့်မှ လူရိုး လူဖြောင့်အစစ်။ သချိုင်းကုန်းမှာ တောင်မတွေ့နိုင်တဲ့ လူရိုးမျိုး။ စာရိတ္တ မဏ္ဍိုင်ခိုင်သလားလို့ မစမ်းနဲ့။ သံမဏိတိုင်လုံးကြီးထက်တောင် ခိုင်သေးတယ်။ ဒီကောင် ရိုးရိုးကျင့်ပြီး မြင့်မြင့်ရောက်လာတော့ သံမဏိတိုင်လုံးကြီးလို ခိုင်တဲ့ သူ့ရဲ့စာရိတ္တမဏ္ဍိုင်ကြီးဟာ ဝါးလုံး ဆွေးတိုင်လေးလောက်တောင် မခိုင်ချင်တော့ဘူး။ သူက မြင့်မြင့် ရောက်သွားတော့...ရိုးရိုးမကျင့်နိုင်တော့ဘူးလေ။ သူသိပ်ချမ်းသာ သွားတယ်။ အသောက်အစား၊ အပျော်အပါးတွေများလာတယ်။ မိန်းမတွေကို ဇယ်ဆက်သလိုယူတယ်။ နောက်ဆုံးတော့...အဲဒီ ကျွန်တော့်သူငယ်ချင်းဟာ မျဉ်းကွေးပေါ်က ဖင်လျှောပြီးဆင်းသွားရ တယ်။

သူတစ်ပါးကိုပြောမယ့် ပြောနေရတာပါ။ ကျွန်တော်က ပိုဆိုးသေးတယ်။ ကျွန်တော်ကတော့ စကတည်းက ယဉ်သကိုလို့ ပြောရမလိုဖြစ်နေပြီ။ ကျွန်တော်ကတော့ ရိုးရိုးမကျင့်ပဲ၊ မြင့်မြင့် ကြဲခဲ့တယ်။ ဒါကြောင့်ထင်ပါတယ်။ ရိုးရိုးမကျင့်လို့ မြင့်မြင့်ကို မရောက်ခဲ့ဘူး။ ခွေးခြေကုလားထိုင်လောက်မြင့်တဲ့နေရာကပဲ ပြုတ် ပြုတ်ကျခဲ့တာ အကြိမ်ပေါင်းမနည်းတော့ဘူး။

ပြုတ်ကျမှာပေါ့ဗျာ...ကျွန်တော်က ခိုးတာကိုး။ ''လင်း



ထက်ဇော်''တို့အမေကိုတောင် ကျွန်တော်က လူကြီးမိဘတွေနဲ့ တောင်းရမ်းယူခဲ့တာမဟုတ်ဘူး။ ခိုးပြေးခဲ့တာပါ။ အဲဒီအချိန်တုန်းက အယောက်ဖနှစ်ယောက်ရဲ့ဓါးစာ မမိအောင် မနည်းရှောင်ခဲ့ရတယ်။ သူတို့ဘက်က သဘောမတူတာလည်း အဆိုးမဟုတ်ပါဘူး။ ကျွန်တော် က ဆယ်တန်းကို နှစ်နှစ်ဖြေတာတောင် မအောင်သေးဘူး။ ''လင်းထက်ဇော်''အမေ့ဘက် စီးပွားရေးတောင့်တယ်။ ကျွန်တော့် ဘက်က နွမ်းပါးတယ်။ ကျွန်တော့်အမေ မုဆိုးမကြီးက ပုဖွန်တောင် ဈေးရုံကြီးဘေးက လမ်းမပေါ်မှာ ဟင်းသီးဟင်းရွက်ကို ဗန်းခင်းပြီး ရောင်းရရှာတယ်။ ကျွန်တော်ကတော့ လတ်လျားလတ်လျား။ မနက်ပိုင်း မှာ လက်ဘက်ရည်ဆိုင်ထိုင်တယ်။ ညနေပိုင်းမှာ လမ်းထိပ်မှာရပ်တယ်။ ညပိုင်းရောက်တော့ ပုဖွန်တောင်ချောင်းဘေးနားမှာ ဂီတာတီး၊ သီချင်းဆိုပေါ့။ ဖြစ်ဖြစ်မြောက်မြောက်လည်း မဟုတ်ပါဘူး။ ကျွန်တော့်လိုလူမျိုးကို ဘယ်မိဘ မောင်ဘွားက သူတို့သမီး၊ သူတို့ နှမနဲ့ ဘယ်လိုလုပ်ပြီး သဘောတူပါ့မလဲဗျာ။

မိန်းမရပြီး လေးငါးလလောက်အထိ မိခင်မုဆိုးမကြီး ဈေး တောင်းခေါင်းရွက်လုပ်စာကို အရှက်မရှိထိုင်စားနေရသေးတယ်။ အမေ့ မောင်ဝမ်းကွဲ ဦးလေးတင်ညိုကောင်းမှုကြောင့် သတင်းစာတိုက်မှာ နေ့စားလရှင်းအလုပ်ရတယ်။ သူ့အိုးနဲ့သူ့ဆန်ပေါ့။ ကျွန်တော့်ပညာ အရည်အချင်းနဲ့ ကျွန်တော်ရတဲ့အလုပ်က တန်ပါတယ်။ ကြိုးမောင်း တက်လမ်းရှိတဲ့နေရာမျိုးပါ။ ရိုက်နှိပ် (စက်ရိုက်)ဘက်မှာ တာဝန်ကျ တယ်။ ကံကောင်းချင်တော့ အဲဒီနှစ်မှာ ဆယ်တန်းကို အပြင်ဖြေတာ အောင်တယ်။ ''လင်းထက်ဇော်''တို့ အမေကတော့ ကျောင်းဆက် မတက်နိုင်တော့ဘူး။ သူ့ကိုလည်း သူ့မိဘတွေက စိတ်နာနေတုန်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်။ ပြန်မကြည့်ကြသေးဘူး။ ဒီလိုနဲ့ သတင်းစာတိုက်မှာ နေ့စားလရှင်းနဲ့ နှစ်နှစ်လောက်ကြာတော့ စက်ရိုက်ကျွမ်းကျင်အဆင့် (၄)လေးရတော့မယ့် အချိန်မှာ ပြဿနာတစ်ခုကဝင်လာတယ်။ အဲဒီ ပြဿနာကလည်း ကိုယ်လုပ်တဲ့ပြဿနာပဲ။ ကံမကောင်းလို့ဆိုပြီး ကံကြမ္မာကို ရိုးမယ်ဖွဲ့လို့ အဓိပ္ပါယ်မရှိဘူး။ ပြဿနာကလည်း ချုံချင်ရင် ချုံလို့ ရတယ်။ ပြည်သူပိုင်ပစ္စည်း အလွဲသုံးစားမှုအထိ အမှုကြီးသွား နိုင်တယ်။ ဒီဘဝမှာ ထောင်ကျနိုင်သလို၊ နောင်ဘဝမှာလည်း ပြည်သူ အများရဲ့ပစ္စည်းကို ခိုးယူသုံးစွဲမိတဲ့ အဒိန္နာကံကောင်းကြောင့် ပြိတ္တာ ဘဝကိုလှလှကြီး ခံရဦးမယ်။

ဖြစ်ပုံက ဒီလိုပါ။ ကျွန်တော်အလုပ်က စက်ရိုက်ဆိုတော့ ညပိုင်းမှာအလုပ်ဆင်းရတယ်။ ညပိုင်းအလုပ်မပင်ခင်မှာ ကျွန်တော် နဲ့ စက်ခန်းထဲက လုပ်ဖော်ကိုင်ဖက်အချို့နဲ့ လမ်းထဲက ခါလာကြီး အရက်ဆိုင်မှာ သောက်ကြစားကြတယ်။ ၄၃ လမ်းက ခါလာကြီးဆိုင် က၊ ကျွန်တော်တို့အလုပ်လုပ်နေတဲ့ သတင်းစာတိုက်နဲ့ကလည်း သိပ် ဝေးလှတာမဟုတ်ဖူး။ လုပ်ဖော်ကိုင်ဖက်အချို့လို့သာ ပြောရတယ်။ သိပ် များများတော့ မဟုတ်ပါဘူး။ ဝင်းမြင့်၊ သန်းဇော်နဲ့ မြင့်သန်းတို့ပါ။ သူတို့က ကျွန်တော့်ထက်လုပ်သက် ပိုရင့်တယ်။ သောက်သက်ကတော့ မပြောနဲ့တော့။ သောက်တာစားတွေကတော့ ဘုံငွေပဲ။ အဲဒီဘုံငွေက လည်း ဟုတ်ရိုးလား။ သတင်းစာ ပလိပ်ပြားအဟောင်းတွေကို လစ်ရင်လစ်သလို ခိုးလို့ရတဲ့ငွေပါ။ နောက်ဆုံးတော့... ကျွန်တော်တို့ လေးယောက်စလုံး အလုပ်ပြုတ်သွားတယ်။ ဒါတောင်...ကြီးကြပ်ရေးမှူး သက်ညှာလို့ ထောင်နန်းမစံရတာပေါ့။

သတင်းစာတိုက်ကပြုတ်ပြီး၊ ခြောက်လလောက်မှာပဲ ဂို



ဒေါင်မှာ ဂိုဒေါင်စာရေးအလုပ်ရပြန်တယ်။ တစ်နှစ်ကျော်လောက် ခြင်ငြိမ်း လက်ငြိမ်နေရတယ်။ နောက်တော့ခိုးတယ်။ ပြုတ်တယ်။ ဒီ တစ်ခါတော့ ဝန်ထမ်းမှတ်တမ်းမှာ မှင်နီပါသွားပြီ။ အစိုးရအလုပ်ကို ကျွန်တော် ရာသက်ပန်မရတော့ဘူး။

ပဲဂိုဒေါင်စာရေးအလုပ်က ပြုတ်ပြီး ဟိုလိုလိုဒီလိုလိုနဲ့ ယောင် ခြောက်ဆယ်ဖြစ်နေတုန်းမှာ သူငယ်ချင်းတစ်ယောက် ဆက်သွယ်ပေး လို့ တနင်္သာရီကမ်းရိုးတန်းသွားတဲ့ ကုန်စက်လှေတစ်စီးမှာ စက်လှေ စာရေးအလုပ်ကိုရတယ်။ လခကတော့ မဆိုးပါဘူး။ တစ်နှစ်တစ်ခါ တော့ ဘောနပ်စ်လည်းရတယ်။ မိသားစုနဲ့ခွဲပြီး ခရီးထွက်ရတာပဲ ပြော ရာရှိတယ်။ အစစ အရာရာ အဆင်ပြေပါတယ်။ စက်လှေစာရေးဘဝ နဲ့ ငါးနှစ်ကျော်ခြောက်နှစ်လောက် ကြာတယ်။ သဃ်န်းကျွန်း ဇဝန ဘက်မှာ အိမ်လေးတစ်လုံးဝယ်နိုင်တဲ့ အခြေအနေထိရောက်လာတယ်။ ကျွန်တော် စားနိုင်သောက်နိုင်ဖြစ်တဲ့အချိန်မှာတော့ ကျွန်တော့်မိခင်ကြီး လှပြည်မှာမရှိရှာတော့ဘူး။

လောဘဆိုတဲ့အရာကပဲ ဒုက္ခပေးလို့လား၊ ဒါမှမဟုတ် ကျွန်တော့်ဉာဉ်ကပဲ မကောင်းလို့လားမသိဘူး။ ရွှေဥအုပေးနေတဲ့ ငန်းကို ခိုက်သတ်ချင်လာတယ်။ နည်းနည်းခိုးရတာ အားမရတော့ များများခိုး ချင်လာတယ်။ များများခိုးချင်လာတော့ များများခိုးတယ်။ များများခိုး တော့ ပြုတ်တယ်။ အလုပ်ကပြုတ်သွားတယ်။

စက်လှေစာရေးပြုတ်တော့ ကျွန်တော်မှာ စုမိဆောင်းမိလေး တော့ရှိတယ်။ ကော့သောင်းနဲ့ရန်ကုန် အသွားအပြန်တစ်နိုင်တစ် ပိုင်လောက် ရင်းနှီးပြီး ကုန်ကူးတယ်။ သုံးလေးနှစ်လောက်တော့ အားစား သောက်ပါပဲ။ နောက်တော့ သိပ်တွက်ချေမကိုက်တော့ဘူး။ တွက်ချေ

www.burmeseclassic.com

www.burmeseclassic.com



မကိုက်တာကြာတော့ အရင်းပြုတ်တာပဲ အဖတ်တင်တော့တယ်။

ကျွန်တော်ရှေ့ရေးကို ကျွန်တော်တော်တော် စိုးရိမ်တတ်လာပြီး ကျွန်တော့်သား ''လင်းထက်ဇော်''ကလည်း အရွယ်ရောက်လာပြီဆိုတော့ အရင်လိုခိုးလိုက် ပြုတ်လိုက်နဲ့ ဘဝကိုရပ်တည်လို့ မဖြစ်တော့ဘူး။ အခြေကျတဲ့အလုပ်တစ်ခုရမှ ဖြစ်တော့မယ်ဆိုတဲ့ အသိတရားက ကျွန်တော့်ခေါင်းထဲမှာ ရောက်လာတယ်...။ တောင်လိုလို...မြောက်လိုလိုဖြစ်နေတဲ့ အဲဒီအချိန်မှာ ကံကောင်းချင်တော့၊ ယုန်တစ်ကောင်ကို မုန်လာဥတောင်းစောင့်ခိုင်းမဲ့ သူဌေးတစ်ယောက်နဲ့ ကျွန်တော်တွေ့တယ်။ အဲဒီသူဌေးက ကျွန်တော့်ရဲ့အရည်အချင်းကို ဘယ်လိုသိသွားသလဲမသိဘူး။ သူ့ရဲ့ ဆောက်လုပ်ရေးလုပ်ငန်းကြီးမှာ မန်နေဂျာရာထူးနဲ့ အလုပ်ခန့်တယ်။ ဘာပြောကောင်းမလဲ... နှစ်နှစ်လောက်ကြာတဲ့အထိ ကျွန်တော် မင်းသားခေါင်းဆောင်ထားတာပေါ့ဗျာ။ နောက်ဆုံးတော့ စာရင်းတွေကွာ၊ ငွေတွေကွာနဲ့ ကံကောင်းလို့ထောင်မကျတယ်။

ဒါကြောင့်...ကျွန်တော့်ကိုယ်ကျွန်တော် သူခိုးပါလို့ ပြောတာပေါ့ဗျာ။ အဲဒီအတွက် နောင်တတွေအကြိမ်ကြိမ်ရမိတာတော့ ရှိတယ်။ ရင်ထဲမှာခံစားချက်တော့ မရှိဘူး။ ကိုယ်ကခိုးတာကို၊ ခိုးတော့ အလုပ်ပြုတ်မှာပေါ့ဆိုတဲ့ သဘောတရားကို လက်ကိုင်ထားတော့ ကျွန်တော့်ရင်ထဲမှာ စူးစူးနင့်နင့် မဖြစ်မိတာတော့ အမှန်ပဲ။ ဖြစ်မှဖြစ်ရလေခြင်းဆိုတဲ့ နောင်တဝေဒနာစွဲကြီး မဖြစ်မိဘူး... ရှေ့ဆက်ရမယ့် ဘဝခရီးမှာ ရိုးရိုးသားသားနေတော့မယ်ဆိုတဲ့ အသိစိတ်ကိုတော့ မွေးမြူမိတယ်။

ဒါပေမယ့်...တွေးမိတိုင်း ကြေကွဲဝမ်းနည်း ယူကြုံးမရ ဖြစ်ရ



လောက်အောင် ခံစားရတဲ့အဖြစ်အပျက်လေးတစ်ခုတော့ ကျွန်တော့်မှာရှိတယ်။ အဲဒီအဖြစ်အပျက်လေးကလည်း ကျွန်တော့်ရဲ့ ခိုးတတ်တဲ့ဉာဉ်ကစပြီး မြစ်ဖျားခံတယ်လို့ ဝန်ခံရမှာပဲ။ အသက်ငယ်တုန်းကတော့ အဲဒီအဖြစ်အပျက်လေးက တစ်ခါတစ်ခါမှ ကျွန်တော့်အတွေးထဲကို ဝင်ရောက်လာတတ်ပြီး၊ ကျွန်တော့်ရင်ကို စူးနင့်စေခဲ့ပါတယ်။ ခု...အသက်အရွယ်ရလာတဲ့အချိန်မှာတော့ အဲဒီအဖြစ်အပျက်လေးက ကျွန်တော့်ခေါင်းထဲကို မကြာခဏဝင်လာတယ်။ ကျွန်တော့်ရင်ထဲမှာ ပိုပြီးလဲခံစားလာရတယ်။ ပိုပြီးဆိုးတာက ဒီလထဲမှာပဲ အဲဒီအဖြစ်အပျက်လေးက ကျွန်တော့်ကို ထိတ်လန့်တုန်လှုပ်အောင် ခြောက်လှန့်လာတယ်။ ကျွန်တော့်မှာ ဖြေဆေးမရှိဘူး။ ထူးဆန်းထွေလာ အဖြစ်အပျက်တွေကို ကျွန်တော်မယုံဘူး။ လုံးဝမယုံဘူး။ တိုက်ဆိုင်မှုဆိုတာကိုလည်း ကျွန်တော်လက်မခံချင်ဘူး။ လုံးဝလက်မခံဘူးဗျာ။ ဒါပေမယ့်... ကျွန်တော်မယုံတဲ့၊ ကျွန်တော်လက်မခံတဲ့အကြောင်းအရာက ကျွန်တော့်ကို ဘာကြောင့်များ လာပါတ်သက်နေသလည်း မသိဘူး။ နှစ်ပေါင်းများစွာကြာပြီဖြစ်တဲ့ အဖြစ်အပျက်လေးတစ်ခုက ပြည်ဖုံးကားချမသွားပဲ၊ သံသရာဆက်လာတာကို ကျွန်တော်အံ့သြမိတယ်။

ဇာတ်လမ်းအစကို ကျွန်တော် ပြန်ပြောပြမှ ဇာတ်ရည်လည်တော့မယ်။ ကြာတော့ ကြာပါပြီ။ ကျွန်တော်ဆယ့်သုံးနှစ်သားအရွယ်၊ ခြောက်တန်းကျောင်းသားဘဝက ပန်းအိုးလေးတစ်လုံးကို ခိုးခဲ့မိတယ်။ ပန်းအိုးလေးက ကြွေပန်းအိုးသေးသေးလေးပါ။ လက်လေးသစ်ကျော်၊ လက်တစ်မိုက်နီးပါးလောက်ပဲမြင့်တယ်။ ပုပုဝိုင်းဝိုင်းလေး။ ပန်းအိုးလေးက လှသလို။ အဲဒီပန်းအိုးလေးထဲမှာ စိုက်ထားတဲ့ ပန်းပင်လေးက ရှုမက်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်။ ပင်စည်က ကြစုသီးကိုထောင်ထားသလိုပဲ။ အပေါ်ပိုင်း ရှူးပြီး အောက်ခြေပိုင်းက သိမ်တယ်။ ပြီးတော့ အလယ်ပိုင်း ဖောင်းကားတုတ်ခိုင်တယ်။ အမြင့်ကတော့ လက်တစ်ထွာလောက်ပဲရှိတယ်။ ပင်စည်ဘေးမှာ အကိုင်းအခက်မရှိဘူး။ ဒါပေမယ့်...အဲတိုအရှည်မညီတဲ့ဆူးတွေက ဗရပွထွက်နေတယ်။ ပင်စည်ထိပ်တည့်တည့်မှာ ကျပ်ဝိုင်းသာသာလောက်ရှိတဲ့ ပန်းပွင့်လေးတစ်ပွင့်က ငွားငွားစွင့်စွင့်ပွင့်နေတယ်။ ပန်းပွင့်လေးက ခရမ်းရောင်ရင့်ရင့်။ အဲဒီ...ခရမ်းရောင်ပန်းပွင့်လေးရယ်၊ ဆူးတွေထွက်နေတဲ့ ပင်စည်စိမ်းပုတ်ပုတ်ရယ်၊ အဖြူရောင်ကြွေပန်းအိုးလေးရယ်ကိုမြင်တိုင်း ကျွန်တော့်စိတ်ကို ထိန်းလို့မရတော့ဘူး။ သူတစ်ပါးပစ္စည်းကို ခိုးယူတာမကောင်းမှန်းသိလျက်နဲ့ ကျွန်တော်ခိုးချင်နေတယ်။ နောက်ဆုံးမှာတော့ ပန်းအိုးလေးကို ကျွန်တော်ခိုးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ခြောက်တန်းကျောင်းသားလေးဘဝကတည်းက ကျွန်တော့်မှာ မကောင်းတဲ့ ဉာဉ်ကပါလာတယ်လို့ပဲ ပြောရမှာပဲ။

ကျွန်တော်တက်တဲ့ကျောင်းက ကန်တော်ကြီးကို မျက်နှာချင်းဆိုင်ထားတဲ့ အ.ထ.က (၁) တာမွေကျောင်းပါ။ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်းတွေက မနက်ပိုင်းတက်ရပြီး ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းတွေက နေ့လည်ပိုင်းမှ တက်ရတယ်။ ကျွန်တော်က ပုဇွန်တောင်တောင်လုံးပြန်ရပ်ကွက်မှာနေတော့ အမှတ်(၁)လိုင်း ဘတ်စ်ကားကို ကျောင်းသွားကျောင်းပြန်စီးရတယ်။ ကျောင်းအလာမှာ မအူကုန်းလမ်းကျယ်မှတ်တိုင်မှာဆင်းပြီး မအူကုန်းလမ်းကျယ်အတိုင်း လျှောက်သွားရင် ကျွန်တော်တို့ကျောင်းရဲ့ဘေးက တံခါးပေါက်တည့်တည့်ကို ရောက်တယ်။ မအူကုန်းလမ်းကျယ်ရဲ့အလယ်လောက်မှာ



တစ်ထပ်တိုက်ပုလေးတစ်လုံးရှိတယ်။ အဲဒီတစ်ထပ်တိုက်ပုလေးရဲ့ အိမ်နံပါတ်ကို ကျွန်တော် ခုထိအောင် မှတ်မိနေတုန်းပဲ။ အိမ်နံပါတ် (        )။ ကျွန်တော် မေ့ရက်နဲ့သွားတူတယ်။ တိုက်ပုလေးရဲ့ ဘုရားခန်းဆောင်ကို လမ်းဘေးမြောင်းနှုတ်ခမ်းအထိ မြေကုန်ဆောက်ထားတယ်။ အိမ်ဝင်ပေါက် ဖိနပ်ချွတ်ကိုတော့ မြောင်းနှုတ်ခမ်းကနေပြီး လေးပေ၊ ငါးပေကျော်လောက် နောက်ဆုတ်ထားတယ်။ ခြံစည်းရိုးမရှိဘူး။ အိမ်ဝင်ပေါက်မှာ ဘာဂျာဆွဲတံခါးနှင့် သစ်သားတံခါးမကြီးရှိတယ်။ ကျွန်တော်ခိုးမယ့် ပန်းအိုးလေးက ဘုရားခန်းဆောင်ရဲ့ တံစက်မြိတ်အောက် အုတ်ဖိနပ်ခုံမှာ တင်ထားတယ်။ ဘုရားခန်းဆောင်ရဲ့ ပြူတင်းပေါက်အောက်တည့်တည့်မှာလို့လည်း ပြောလို့ရတယ်။

ကျွန်တော်ကျောင်းအသွားမှာ တွေ့နေကြမြင်ကွင်းကတော့ တိုက်ပုလေးရဲ့ ဘုရားခန်း ပြူတင်းပေါက်တံခါးကိုဖွင့်ပြီး အသားဖြူဖြူ ပိန်ပိန်ပါးပါး အဖွားအိုတစ်ယောက် ရေပန်းခရားသေးသေးလေးနဲ့ အဲဒီ ပန်းပင်လေးကို ရေဖျန်းနေတာပါပဲ။ စနေ၊ တနင်္ဂနွေနေ့ ကျောင်းပိတ်ရက်ကလွဲလို့ ကျန်တဲ့ကျောင်းဖွင့်ရက်တွေမှာ အဖွားအိုပန်းပင်ရေဖျန်းနေတာနဲ့ မကြုံတဲ့အခါမျိုး မရှိသလောက်ရှားပါတယ်။ မနက်ပိုင်းခြောက်နာရီကျော်ကျော်လောက်မှာ အဖွားအိုက ပန်းပင်ရေလောင်းတယ်။ ကျွန်တော်လည်း ခြောက်နာရီကျော်ကျော်လောက်မှာ အဲဒီအိမ်ရှေ့ကို ရောက်နေတတ်ပါတယ်။

ကျောင်းပိတ်ရက်တစ်ရက်မှာ ကျွန်တော်အိပ်ယာစောစောထတယ်။ မနက်ခြောက်နာရီမထိုးခင်မှာ မအူကုန်းလမ်းကျယ်က တိုက်ပုလေးရှေ့ကို အရောက်သွားတယ်။ မြောင်းနှုတ်ခမ်းဘေးကို ကပ်သွားပြီး ပန်းအိုးလေးကို ယူလိုက်တယ်။ ပြီးတော့...မအူကုန်းလမ်းကျယ်ထိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်လျှောက်ပြီး အိမ်ကိုပြန်တယ်။ ကျွန်တော်လိုချင်တဲ့ ပန်းအိုးလေးရခဲ့ပြီမို့ အဲဒီနေ့က ကျွန်တော်သိပ်ပျော်မိတယ်။ အဲဒီတုန်းက ပန်းအိုးလေးကို အဖွားအိုကြီးမတွေ့တဲ့အခါမှာ ဘယ်လိုခံစားရတယ်ဆိုတာကို ကျွန်တော်မစဉ်းစားမိခဲ့တာ အမှန်ပါပဲ။

အဲဒီပန်းအိုးလေးကို ကျွန်တော်အိမ်နောက်ဖက်က ရေတိုင်ကီနောက်မှာ ကျွန်တော့်အမေမမြင်အောင် ဝှက်ထားလိုက်တယ်။ နောက်ရက်တွေ ကျောင်းတက်တော့ မအုကုန်းလမ်းကျယ်မှတ်တိုင်မှာဆင်းပြီး၊ နောက်ဖက်ကို ပြန်လျှောက်တယ်။ ပြီးတော့မှ စက်ရုံလမ်းဘက်ကနေ ပတ်ပြီး ကျောင်းရှေ့တံခါးမကြီးက ဝင်တယ်။ ကျောင်းလွှတ်ရင်လည်း စက်ရုံလမ်းကပဲပြန်တယ်။ ဒီလိုနဲ့ လေးငါးရက်လောက် ကျောင်းတက်ပြီးတဲ့အခါမှာ ပန်းအိုးလေးကို ကျွန်တော့်အမေတွေ့သွားတယ်။ ကျွန်တော့်သူငယ်ချင်းတစ်ယောက် ပေးတာပါလို့ လိမ်ပြောတယ်။ အမေမယုံဘူး။ ကျွန်တော့်ကို ရိုက်တယ်။ နောက်ဆုံးတော့ အမှန်အတိုင်း ကျွန်တော်ဝန်ခံလိုက်တယ်။ အမေက ပန်းအိုးလေးကို ပြန်ထားခိုင်းတယ်။ ကျွန်တော်က ပြန်ထားပါ့မယ်လို့ ကတိပေးတယ်။ အမေက ''နောက်ခိုးဦးမလား'' ''ခိုးဦးမလား''ဆိုပြီး ထပ်ရိုက်သေးတယ်။

ကျွန်တော်မှတ်မိတာကတော့ တနင်္လာနေ့ကျောင်းဖွင့်ရက် မနက်စောစော ကျောင်းသွားခါနီးမှာ အိမ်နောက်ဖေးရေတိုင်ကီနောက်ဖက်မှာချထားတဲ့ ပန်းအိုးလေးကို ကျွန်တော်သွားယူလိုက်တယ်။ ပင်စည်ထိပ်မှာ တစ်ပွင့်တည်း ငွားငွားစွင့်စွင့်ပွင့်ခဲ့တဲ့ ခရမ်းရင့်ရောင် ပန်းပွင့်လေးကတော့ ပန်းအိုးလေးဘေးမှာ မြေခနေပြီ။ ပွင့်ဖတ်တွေက ရေစိုပြီး နွမ်းရိယော်နေကြတယ်။

ဘတ်စ်ကားပေါ်ကဆင်းတော့ ကျွန်တော်ကျောင်းလွယ်အိတ်



ကို ဘယ်သိုင်းလွယ်ပြီး၊ ညာဘက်လက်က ပန်းအိုးလေးကို ကိုင်တယ်။ ပြီးတော့ မအုကုန်းလမ်းကျယ်အတိုင်း အပေါ်ဖက်ကို ဆန်တက်ပြီး လမ်းလျှောက်သွားတယ်။ တစ်လမ်းလုံး နှင်းဖွေးက ဝေနေပြီး လ္ဘက်ရည်ဆိုင်တစ်ဆိုင်နဲ့ တစ်ချို့အိမ်တွေပဲ နိုးထခါစ ရှိသေးတယ်။ ဒီလိုနဲ့ တစ်ထပ်တိုက်ပုလေးရှေ့ရောက်တော့ ကျွန်တော် အံ့အားသင့်စရာ မြင်ကွင်းကို မြင်လိုက်ရတယ်။ တစ်ထပ်တိုက်ပုလေးရှေ့မှာ ကုလားဖျင်ထိုးထားပြီး ခေါက်ကုလားထိုင်တွေ ချထားတယ်။ ကုလားဖျင်ထိုးထားတဲ့ လမ်းနဲ့ အနီးဆုံးဝါးလုံးတိုင်တွေရဲ့ ဝါးလုံးတိုင်တစ်တိုင်မှာ သုံးထပ်သားပြားတစ်ချပ်ထောင်ထားတယ်။ သုံးထပ်သားပြားပေါ်မှာတော့... ''ဒေါ်ဒေစီ၊ အသက် ၈၅နှစ်'' လို့ မြေဖြူနဲ့ရေးထားတဲ့စာတမ်းကို ဖတ်လိုက်ရတယ်။ အောက်ဖက်မှာရေးထားတဲ့ စာတွေကို ကျွန်တော်ဆက်မဖတ်တော့ဘူး။ ကျွန်တော့်ရင်မှာ ထိတ်လန့်တုန်လှုပ်ပြီး တဒိတ်ဒိတ်ခုန်သွားတယ်။ ကျွန်တော် ပန်းအိုးလေးကိုကိုင်ပြီး ကျောင်းဘက်ကို သုတ်ခြေတင်ပြီး ပြေးတော့တာပါပဲ။ ကျောင်းပေါက်ဝရောက်တော့ ကျောင်းရှေ့မြောင်းထဲမှာ ပန်းအိုးလေးကို ပစ်ချလိုက်တယ်။

ဒါပါပဲ...။ သတင်းစာပလိပ်ပြားတွေပျောက်လို့ ကြီးကြပ်ရေးမှူး မသေခဲ့ပါဘူး။ ဒီလိုပဲ...ပဲကိုဒေါင်မှူး၊ စက်လှေပိုင်ရှင်၊ ဆောက်လုပ်ရေးကန်ထရိုက်တာ သူတို့လည်း မသေခဲ့ကြပါဘူး...။ ကျွန်တော်ပန်းအိုးလေးခိုးခဲ့တဲ့ ပန်းအိုးပိုင်ရှင်ဒေါ်ဒေစီကြီးတစ်ယောက်တော့ သေခဲ့ဖူးပါတယ်။ အဲဒီအကြောင်းကို တွေးမိတိုင်း ကျွန်တော် ယူကြုံးမရဖြစ်နေခဲ့ရတာဟာ ဘဝတစ်လျှောက်လုံးပါပဲဗျာ...။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့…။ အဲဒီတစ်နေ့ဆိုတာကလည်း ဒီလထဲမှာပါပဲ။ သိပ်မကြာသေးပါဘူး။ ပြီးခဲ့တဲ့ ကိုးရက်၊ ဆယ်ရက်လောက်ကပါ။ အဲဒီနေ့ ညနေခင်းပိုင်းမှာ စာအုပ်အငှားဆိုင်ရှေ့ ခုံတန်းရှည်လေးပေါ်မှာ ကျွန်တော့်နဲ့လင်းထက်ဇော်တို့အမေ ထိုင်နေကြတယ်။ ကျွန်တော်က ဝတ္ထုစာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာဖတ်နေတယ်။ လင်းထက်ဇော်တို့အမေကတော့ လုံချည်တစ်ထည်ကို အချုပ်အပြ ဖာထေးနေရင်းနဲ့ သူ့သားပြန်လာမယ့်လမ်းဘက်ကို လှမ်းလှမ်း မျှော်နေတယ်။

ကျွန်တော်ဝတ္ထုစာအုပ်ထဲမှာ စိတ်ဝင်စားနေလိုက်တာ။ ကျွန်တော့်သား လင်းထက်ဇော်တစ်ယောက် ကျွန်တော့်ရှေ့မှာ ဘယ်အချိန်က ရောက်နေမှန်းတောင် မသိလိုက်ဖူး။

``ဖေဖေ…ဟောဒီပန်းပင်လေးက ချစ်စရာမကောင်းဘူးလား…''

ကျွန်တော် ဖတ်လက်စစာအုပ်ပေါ်က မျက်နှာခွာပြီး ခေါင်းမော့မကြည့်လိုက်ခင်မှာ…``လှလိုက်တာဟယ်…ပန်းပွင့်လေးက ချစ်စရာလေး''လို့ ပြောလိုက်တဲ့ လင်းထက်ဇော်အမေရဲ့အသံကို ကြားလိုက်ရသေးတယ်။ ကျွန်တော်ခေါင်းမော့ကြည့်လိုက်တော့… ကျွန်တော့်ရှေ့မှာရပ်နေတဲ့ 'လင်းထက်ဇော်'လက်ထဲမှာ ပန်းအိုးလေးတစ်လုံးကို တွေ့လိုက်ရတယ်ဆိုရင်ပဲ ကျွန်တော် လန့်ဖျပ်တုန်လှုပ်သွားတယ်။ လက်လေးသစ်သာသာလောက်မြင့်တဲ့ ကြွေပန်းအိုးလေးတစ်လုံး။ အဲဒီပန်းအိုးလေးထဲမှာ ဆူးတွေ ဘေးက ဖြာထွက်နေတဲ့ ကြံစုသီး ပုံသဏ္ဌာန် ပန်းပင်လေးတစ်ပင်နဲ့ ကျပ်ပိုင်းသာသာလောက်ရှိတဲ့ ခရမ်းရင့်ရောင်ပန်းပွင့်လေးတစ်ပွင့်ကို မြင်ရတော့…ကျွန်တော့်ရင်ထဲမှာ ကျင်စက်နဲ့တို့လိုက်သလို စူးနင့်သွားတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း



သုံးဆယ့်ငါးနှစ်လောက်က ဒေါ်ဒေစီဆိုတဲ့ အဖွားကြီးတစ်ယောက်ရဲ့ အိမ်ရှေ့က ခိုးခဲ့တဲ့ ပန်းအိုးလေးမှ ပန်းအိုးလေးအစစ်ပါပဲ။

``မင်း…မင်း…အဲဒီ ပန်းအိုးလေးကို ဘယ်အိမ်ရှေ့က ခိုးခဲ့တာလဲ…ပြောစမ်း''

ကျွန်တော်က လင်းထက်ဇော်ကို လက်ညှိုးငေါက်ငေါက် ထိုးပြီး မေးလိုက်တယ်။ ကျွန်တော်အသံတွေက တုန်နေတယ်။ ကျွန်တော့်ကိုကြည့်ပြီး လင်းထက်ဇော်တစ်ယောက် နားမလည်နိုင်အောင် ဖြစ်နေပုံရတယ်။ လင်းထက်ဇော်အမေက အံ့အားသင့်ပြီး ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက် ငဲ့စောင်းပြီး ကြည့်နေတယ်။

``ဖေဖေကလဲ…သားဘယ်တုန်းက သူများပစ္စည်းကို ခိုးဖူးလို့လဲ။ ဒီနေ့…သားမွေးနေ့လေ…။ သားရဲ့ ကောင်မလေးက သားကို မွေးနေ့လက်ဆောင်ပေးလိုက်တာပါ''

ကျွန်တော်…မျက်လုံးစုံမှိတ်ပြီး ခေါင်းညိတ်လိုက်တယ်။ ကျွန်တော်တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတယ်။ သူတို့သားအမိ မရိပ်မိအောင် ကျွန်တော်စိတ်ကိုထိန်းထားတယ်။

``ရှင်ဘယ်လိုပြောလိုက်တာလဲ…ကိုဇော်။ ကျွန်မသားက ဘယ်တုန်းက ခိုးတတ်လို့လဲ။ ပြီးတော့ ဒီပန်းအိုးလေးကိုမြင်တာနဲ့ ရှင်က ဘာဖြစ်လို့ ဒီလောက်တောင် အထိတ်တလန့်ဖြစ်သွားရတာလဲ''

``မဟုတ်ပါဘူးကွာ…။ ဟောဒီ စုံထောက်ဝတ္ထုထဲမှာ စိတ်ရောက်နေတုန်း…ဖြုန်းဆို သားက မေးလိုက်တော့ ပြောမိ ပြောရာ ပြောလိုက်တာပါ''

ကျွန်တော်စိတ်ကို ထိန်းချုပ်ပြီး ကျွန်တော့်စကားကို ကျွန်တော် ပြန်ဖာလိုက်တယ်။ ဒီတော့မှ သူတို့သားအမိ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



သံသယပျောက်သွားတယ်။

''မေမေ...ဒီ ပန်းအိုးလေးကို အိမ်နောက်ဖက် ရေတိုင်ကီ ဘေးနားမှာ ထားလိုက်မယ်နော်...။ ပန်းပင်လေးက နတော့ နေရောင် ပြင်းပြင်းကို ကြောက်လိမ့်မယ်ထင်တယ်''

လင်းထက်ဇော် ပန်းအိုးလေးကိုင်ပြီး အိမ်ထဲဝင်သွားတယ်။ လင်းထက်ဇော်စကားကို ကြားလိုက်ရတော့...ကျွန်တော့်ရင်ထဲမှာ နင့်ခနဲဖြစ်သွားတယ်။ အပြင်းစားစူးရှတဲ့ ဝေဒနာဆိုးတစ်မျိုးက ကျွန်တော့်ရင်ထဲမှာ ဗလောင်ဆူနေပြီပေါ့ဗျာ။ ကျွန်တော့် မျက်လုံးထဲမှာတော့ ခရမ်းရင့်ရောင်ပန်းပွင့်လေးရဲ့ ပွင့်ဖတ်တွေ မြေကြီးပေါ်မှာ နွမ်းရိယော်နေတာကို ပြန်လည်မြင်လာတယ်။

''ကိုဇော်...ရှင့်ကို ပြောဖို့မေ့နေတယ်။ ရှင့်သားမှာ ချစ်သူ ရှိနေပြီတဲ့။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က သူ့မိန်းခလေးကို အိမ်ခေါ် လာပြီး ကျုပ်တို့ကို လာပြသေးတယ်။ ရှင်က မြို့ထဲ စာအုပ်ဝယ် ထွက်နေတော့ မတွေ့လိုက်ရဘူးပေါ့။

''အင်း...အင်း...အင်း''

ကျွန်တော်က အသံကိုထိန်းပြီး အင်းလိုက်နေတယ်။

''ကျွန်မကတော့ အဲဒီမိန်းကလေးကို သဘောကျတယ်။ ရှင်မြင်ရင်လဲ သဘောကျမှာပါ။ သားတို့ဒီယာကုမ္ပဏီမှာပဲ စာရင်းကိုင် လုပ်တယ်။ ဘွဲ့လည်းရပြီးပြီ။ ဖြူဖြူသွယ်သွယ် ချစ်စရာလေး... နာမည်လေးနဲ့လိုက်တယ်။ နာမည်လေးက ''ဒေစီ''...တဲ့။

လင်းထက်ဇော်တို့အမေ ဘာတွေဆက်ပြောနေသလဲ ဆိုတာကိုတော့ ကျွန်တော်နားထဲမှာ ဆက်မကြားရတော့ဘူး။ ကျွန်တော် မျက်လုံးကို စုံမှိတ်လိုက်ပြီး လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်မှာ ကပ်လိုက်



တယ်။ ကျွန်တော် ဘယ်ဘက်ရင်အုံက စူးရှနာကျင်နေတယ်။ ကျွန်တော့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတယ်။ ကျွန်တော့်လက်ထဲမှာ ကိုင်ထားတဲ့ ဝတ္ထုစာအုပ်က မြေပေါ်ကို ကျသွားတယ်။ ဘုရား...ဘုရားလို့ ကျွန်တော် အသံထွက်ပြီး ဘုရားတမိတယ်။ ကျွန်တော့်ဘုရားတသံကို ကျွန်တော်ပြန်မကြားရတော့ဘူး။ ကျွန်တော့်မျက်လုံးပြန်ဖွင့်လိုက်တယ်။ ပတ်ဝန်းကျင်တစ်ခုလုံး မဲမှောင်နေတယ်။


ကျွန်တော်သတိရတော့ ကုတင်ပေါ်ရောက်နေပြီ။ ကုတင်ဘေးမှာ လင်းထက်ဇော်တို့ သားအမိရပ်နေကြတယ်။ ပြီးတော့ ... လမ်းထိပ်ဆေးခန်းက ဒေါက်တာသန်းဦးက ကျွန်တော့်ကို သွေးပေါင်တိုင်းနေတယ်။ ကျွန်တော်အားယူပြီး ဖွင့်လိုက်တဲ့ မျက်လုံးကို ဖြည်းဖြည်းလေး ပြန်ပိတ်လိုက်ပြီး ငြိမ်ငြိမ်လေးနေလိုက်တယ်။ ကျွန်တော့် မျက်လုံးထဲမှာ ခရမ်းရင့်ရောင် ပန်းပွင့်လေးရဲ့ ပွင့်ဖတ်တွေက မြေကြီးပေါ်မှာ နွမ်းရိယော်နေတာကို မြင်နေရတယ်...။

ဝင်းဇော် (သစ်တော)

www.burmeseclassic.com

www.burmeseclassic.com







# ပန်းတစ်ပွင့်၏ ကျောက်ဖြစ်ရုပ်ကြွင်း

''ဒီမှာ...ကိုထွန်းသျှောင်... ဟိုတစ်နေ့က ခင်ဗျား ပြောတဲ့ စကားကို ကျုပ်စိတ်ထဲမှာ ဘယ်လိုမှမထားပါဘူး၊ ကျုပ်ကလည်း ကျုပ်ပဲ။ ခင်ဗျားပြောလဲ ပြောစရာပဲကိုး... ''ခင်ဗျားက ဗေဒင်ဆရာ လုပ်ပြီး ဗေဒင်စာအုပ်တွေဘာတွေဖတ်တာလည်း မတွေ့ဘူး၊ ခင်ဗျား အိမ်မှာ ဗေဒင်နဲ့ပါတ်သက်တဲ့ စာအုပ်ဆိုလို့ မှုးလို့တောင်ရှုစရာမရှိဘူး'' လို့ ခင်ဗျားပြောဖူးတယ်မဟုတ်လား၊ အဲဒါအမှန်ပဲ၊ ကျုပ်က ဗေဒင် တွက်နည်းလေး တစ်မျိုး၊ နှစ်မျိုးလောက်နဲ့ လုပ်စားနေတာဗျ၊ ဗေဒင်နဲ့ ပါတ်သက်ပြီး ဆက်ပြီး မလေ့ကျင့်ချင်တော့ဘူး၊ အဲဒါ ဘာဖြစ်လို့လည်း သိလား၊ ဝါသနာ မပါလို့ပေါ့ဗျာ...ဗေဒင်ဆရာဘဝကိုလည်း စိတ်ကုန်လှပြီ... ဘယ်နှယ့်ဗျာ၊ တစ်နေ့လာလဲ အပုသည်၊ တစ်နေ့ လာလည်း အပုသည်၊ ဗိုက်ကြီးသည်ကို ပြောတာမဟုတ်ဘူးနော်၊

www.burmeseclassic.com

www.burmeseclassic.com



သားပူ၊ သမီးပူ၊ ကားပူ၊ ရာထူးပူ၊ အပြောင်းအရွှေ့ပူ၊ အမှုပူ၊ အမွေပူ၊ ကျန်းမာရေးပူ၊ နိုင်ငံခြားပူ၊ ဂဏန်းနှစ်လုံးပူ၊ ဂဏန်းသုံးလုံးပူ၊ အဲဒီအပူသည်မျိုးတွေနဲ့ နေ့စဉ်တွေ့နေရတော့... ကျုပ်တစ်ကိုယ်လုံး လည်း အပူတွေဟပ်ပြီး ဒူလာရုပ်ပေါက်နေပြီ၊ ကျုပ်ရဲ့ ပင်ကိုယ်သဘာဝ က ကျောပူတာကို ခံနိုင်ကယ်။ နားပူတာကို မခံနိုင်ဘူး၊ ခု... ကျုပ် လုပ်စားနေတဲ့အလုပ်က နားပူခံရတဲ့အလုပ်၊ ပြဒါးတစ်လမ်း၊ သံတစ် လမ်း။ ဒီလ... သိန်းသုံးရာထိကြီးပေါက် လိုက်ရင်တော့ အဲဒီအလုပ် ကို တာ့တာပဲ။

"ကျုပ်ငယ်ငယ်တုန်းက ဘောလုံးကန်တာ သိပ်ဝါသနာပါ တယ်၊ နာမည်ကြီး ဘောလုံးသမားဖြစ်ရမယ်လို့ ရည်မှန်းချက်ထားခဲ့ တယ်၊ အဲဒီ အချိန်တုန်းက မြန်မာ့လက်ရွေးစင်လူ့ဒွေးက ကျုပ်တို့အိမ်ရဲ့ မျက်စောင်းထိုးမှာနေတယ်။ ပြိုင်ပွဲပွဲမှာ ခြေထောက်ကျိုးပြီး အနားယူ နေတဲ့အချိန်ပေါ့။ ကျုပ်က သူ့ကိုသိပ်အားကျတယ်၊ တစ်နေ့ သူ့လိုဖြစ် လာလိမ့်မယ်လို့ထင်ခဲ့မိတယ်၊ ဒါပေမယ့်...အချိန်တန်တော့ နွားပိန် (နပိန်)ကန်တာပေါ့ဗျာ၊ အင်း...ဒီလိုနဲ့တက္ကသိုလ်ရောက်တော့... စာရေးဆရာရူး ရူးတော့တာပဲ၊ ဦးချစ်လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး တစ်နေ့ ငါ စာရေးဆရာဖြစ်ရမယ်လို့ ကြုံးဝါးခဲ့တာပေါ့ဗျာ၊ ထောင်မှူး ဘဝနဲ့ ထောင်အတွေ့အကြုံတွေ ရေးနေတဲ့စာရေးဆရာ "ရန်အောင် မောင်မောင်"ကို သိပ်သဘောကျတယ်။ ကျုပ်လည်း သစ်တော အရာရှိဘဝနဲ့ သစ်တောအတွေ့အကြုံတွေရေးမယ်ပေါ့ဗျာ...။

ဒါပေမယ့်...ကံတရားက မျက်နှာသာမပေးလို့လား။ ဒါမှ မဟုတ် ကျုပ်ပဲ ညံ့လို့လားတော့မသိဘူး၊ ဘာတစ်ခုမှ ဖြစ်မလာဘူး ဒီအရွယ်ရောက်မှ အားလုံးကိုကျော်ဖြတ်ရမယ်လို့ မပြောတော့ဘဲ



အားလုံးကိုလက်လျှော့လိုက်ပြီလို့ ပြောရတော့မယ်... ကိုထွန်းသျှောင် ရေ..."

"ခင်ဗျား...ကျုပ်ကို မကြာခဏပြောတဲ့စကားရှိတယ် ဘာတဲ့ "ခင်ဗျား...စာရေးဆရာဖြစ်ချင်ရင် စာရေးပေါ့ဗျာ၊ ခင်ဗျားမှာ ကုန် ကြမ်းတွေ အများကြီးပဲ။ နေ့စဉ်နဲ့အမျှ...ခင်ဗျားဆီမှာ ဖေဒင်လာမေး တဲ့ ဧည့်သည်တွေရဲ့ လူမှုရေးဘဝတွေဟာ ရေးစရာကုန်ကြမ်းတွေ ချည်းပဲပေါ့ဗျာ"... ဟုတ်ပါတယ် ခင်ဗျားပြောတာမှန်ပါတယ်၊ ကျုပ် မငြင်းပါဘူး၊ ကျုပ်မှာ ကုန်ကြမ်းတွေ အများကြီးပါပဲ။

ဒါပေမယ့်...တစ်ခုတော့ရှိတယ်၊ သစ်ရှိပေမယ့် လက်သမား ပညာမတတ်ရင် ပရိဘောဂတွေ ထွက်လာမှာမဟုတ်ဘူး။ ရွှေရှိပေမယ့် ပန်းထိမ်ပညာမတတ်ရင် လက်ဝတ်ရတနာတွေ ထွက်လာမှာမဟုတ်ဘူး။ ကျုပ်မှာ ကုန်ကြမ်းတွေရှိပေမယ့် ကျုပ်က ကုန်ချောဖြစ်အောင် မလုပ် နိုင်ဘူးလေ။ ရေးစရာအကြောင်း အရာတွေရှိပေမယ့် ရေးတတ်မှ ဝတ္ထုဖြစ်တာဗျ။ စာရေးနည်း အတတ်ပညာ၊ ဝတ္ထုရေးနည်း အတတ် ပညာဆိုတာရှိတယ် ကိုထွန်းသျှောင်...၊ ကျုပ်က ဘာနဲ့တူသလဲဆို တော့ စပါးပုံပေါ်နားနေတဲ့ လင်းတလိုပဲ၊ အဲဒီ ရေးစရာကုန်ကြမ်းတွေ က ကျုပ်အတွက် အသုံးမဝင်ဘူးဖြစ်နေတယ်"

"ဒီတစ်ခါတော့၊ ခင်ဗျားကို ကျုပ်အကြံပေးရတော့မယ် အမြဲတမ်း ကျုပ်ကိုချည်းပဲ ခင်ဗျားဆရာလုပ်ခဲ့တာများပြီ။ ဒီတော့ ခင်ဗျား စာရေးပါ၊ ကျုပ်က ရေးစရာကုန်ကြမ်းတွေပေးမယ်။ ကဲ... ဘယ့်နှယ့်လဲ၊ ခင်ဗျားရေးရင် ဖြစ်လိမ့်မယ်လို့ ကျုပ်သိတယ်၊ ခင်ဗျားက လက်ရှိပြီးသားပဲ၊ လက်ရှိတယ်ဆိုတာက ရေးစ,ရေးနလေးရှိတာကို ပြောတာနော်၊ ခင်ဗျားသိပါတယ်...ဟိုတုန်းက ခင်ဗျားရေးတဲ့ ခရီးသွား

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးလေးတစ်ပုဒ်၊ နှစ်ပုဒ်လောက်ကို ကျုပ်ဖတ်ဖူးတယ်။ မဆိုးပါဘူး။ ရေးဟန်သွက်တယ်။ ဝတ္ထုရေးရင်လည်း ကောင်းလိမ့်မယ်လို့ ကျုပ်ထင်တယ်။ အဲဒီတော့ ခင်ဗျားဝတ္ထုရေးပါ။ ကျုပ်မှာ ကုန်ကြမ်းတွေ အများကြီးပဲ။ ကြာတယ်ဗျာ။ ကျုပ်အခုပဲ ပြောပြတော့မယ်၊ ရေးဖို့သာ ပြင်ပေတော့။ ကျုပ်ရဲ့ တကယ့် ကိုယ်တွေ့ရေမရောတဲ့ ကိုယ်တွေ့ပဲ။ ကျုပ်ဆီမှာ ဗေဒင်လာမေးတဲ့လူတွေထဲက တစ်ယောက်ရဲ့အကြောင်း ဆိုပါတော့...၊ ကဲ...နားထောင်ပေတော့...ကျုပ်ပြောတော့မယ်"

"ကြာတော့...နည်းနည်းကြာသွားပါပြီ၊ လွန်ခဲ့တဲ့ ရှစ်နှစကျော်၊ ကိုးနှစ်လောက်ကပေါ့ဗျာ။ အဲဒီတုန်းက ကျုပ်ဗေဒင် ဟောခါစလောက်ပဲရှိသေးတယ်၊ တစ်နေ့...ကျုပ်အိမ်ရှေ့ကို ဇိမ်ခံကားသစ်ကြီး တစ်စင်း ထိုးရပ်လာတယ်၊ ကားကြီးက ဝင်းလက်နေတာပဲ၊ ကားအမျိုးအစားကိုတော့ ကျုပ်မသိဘူး။ မော်တော်ကားနဲ့ ကျုပ်လက်ရှိဘဝနဲ့က တော်တော်အလှမ်းကွာဝေးတာကိုးဗျ၊ တန်ဖိုးကတော့ ကြီးမယ့်ပုံပဲ၊ အဲဒီအချိန်တုန်းက သိန်းသုံးရာ၊ လေးရာလောက် တန်လိမ့်မယ်ထင်တယ်၊ ခုချိန် ကားဈေးမျိုးနဲ့ဆိုရင်တော့ မပြောနဲ့တော့။ ကျုပ်အဖို့တော့ သိန်းသုံးရာလေးရာဆိုတဲ့ငွေကို မပြောနဲ့၊ ရှုံ့စေးတွေကို လောက်စလုံးလုံးရင်တောင် လောက်စလုံးပေါင်း သိန်းရာချီဖို့ နှစ်နှစ်ကြာ လိမ့်မယ်ထင်တယ်...ကိုထွန်းသျှောင်။ အဲဒါတွေ ထားလိုက်ပါတော့ ဆက်ပြောရရင် ကားရှေ့ခန်းက ဒရိုင်ဘာလေးတစ်ယောက်ဆင်းလာပြီး ကားနောက်ခန်းတံခါးကို ဖွင့်လိုက်တယ်ဆိုရင်ပဲ ကားပေါ်က အမျိုးသမီးတစ်ဦး ဆင်းလာတယ်၊ တော်တော်လှတဲ့အမျိုးသမီးပဲဗျာ။ အဲဒီအမျိုးသမီးကို လှတယ်ဆိုတဲ့ စကားနဲ့ စာဖွဲ့လို့မလုံလောက်သေးဘူး။ လှတာတွေ၊ ချောတာတွေ၊ ယဉ်တာတွေအားလုံးကို စုပေါင်းရောကျုံပြီး

www.burmeseclassic.com



သွန်းလောင်း ထုဆစ်ထားတဲ့ နတ်မိမယ်လေးတစ်ပါးလို့ တင်စားရင်တောင် ပိုရာမကျသေးဘူး ကိုထွန်းသျှောင်၊ တကယ်ပါဗျာ... ကျုပ်ပြောတာမဟုတ်ပါဘူး။ လှသမျှရဲ့ထိပ်ခေါင်၊ ယဉ်သမျှရဲ့ ရှေ့ဆုံး၊ ချောသမျှရဲ့ သရဖူလို့ ပြောရင်တောင် နည်းနည်းလိုလိမ့်ဦးမယ်ထင်တယ်ဗျ"

"ဘော်ငွေရောင် ကားအဖြူကြီးပေါ်က ဆင်းလာတဲ့ အမျိုးသမီးရဲ့အင်္ကျီက ဆွစ်ဇာလန်ဇာအဖြူ၊ ထမီကလည်း ငွေရောင်ကြိုးကြီးချိတ်၊ ဖိနပ်ကလည်း လေဒီရှူးအဖြူ၊ ကိုင်ထားတဲ့ လက်ဆွဲအိတ်က အဖြူ၊ ပြီးတော့ သူမရဲ့အသားအရေကလည်း ဖြူဖွေးဝင်းပနေတယ်ဆိုတော့...ကျုပ်အိမ်ရှေ့မှာ ငွေရောင်လှိုင်းတွေက တဖိတ်ဖိတ်တောက်သွားတယ်ပေါ့ဗျာ..."

"အဲဒီ အလှဘုရင်မက ကျုပ်အိမ်ပေါ်တက်လာပြီး ကျုပ်ရဲ့ဗေဒင်စားပွဲရှေ့မှာ လာထိုင်တယ်ဆိုရင်ပဲ ကျုပ်က ဗေဒင်ဟောဖို့ အသင့်ပြင်ရတော့တာပေါ့ဗျာ၊ သူ့အသက်ကိုမေးတော့ (၃၇)နှစ်ကျော်ပြီ၊ အရွယ်ကတော့ တော်တော်တင်တယ်၊ သူ့အသက်ကိုမသိရင် သုံးဆယ်စွန်းစွန်းလောက်ပဲ ထင်ကြမှာပဲ။ သူ့တစ်ကိုယ်လုံးမှာ ဆင်မြန်းထားတဲ့ စိန်တွေကတော့ တောင်အာဖရိက,က စိန်တွင်းကြီးတစ်တွင်း ကျုပ်ရှေ့မှာ လာချထားသလိုပဲဗျာ။ မျက်စိကျိန်းလောက်အောင်ကို တဖျတ်ဖျတ် တောက်နေတယ်ဗျို့၊ အင်း...အဲဒီ စိန်တွေထက်ပိုပြီး ရွှန်းလက်တောက်ပတာကတော့ သူ့ရဲ့မျက်လုံးအစုံပဲ။ မျက်ဆံက နက်မှောင်ပြီး မျက်သားက ညိုဖျော့ဖျော့၊ အိုဗျာ... ဒါတွေ ထားလိုက်ပါတော့၊ အရေးကြီးတာကိုပဲ ဆက်ပြောတော့မယ်"

"ကျုပ်က ဗေဒင်ဟောဖို့စကားတစ်လုံးမှ မဟခင်မှာ သူက

www.burmeseclassic.com



ဘာပြောသလဲ...သိလား''

"ဆရာ...ကျေးဇူးပြုပြီး ကျွန်မကို အိမ်ထောင်ရေးအကြောင်း မဟောပါနဲ့၊ ကျွန်မတို့ အိမ်ထောင်ရေးက သိပ်အဆင်ပြေတယ်၊ လင်နဲ့မယား လျှာနဲ့သွားဆိုပေမယ့် ကျွန်မတို့ လင်မယားနှစ်ယောက် တစ်ခါမှ စကားမများဘူးဖူး။ ကျွန်မခင်ပွန်းက ချမ်းသာပေမယ့် အသောက်အစား၊ အပျော်အပါးကင်းတယ်။ ကျွန်မကို ဖူးဖူးမှုတ်ထားတာ မပြောပါနဲ့တော့။ ဇနီးမယားကို ရွှေပေါ်မြတင်ထားတယ်ဆိုတာ သူ့လိုလူမျိုးကို ပြောတာထင်တယ်။ ကျွန်မအတွက် အသုံးအဆောင် ပစ္စည်းတွေ ဝယ်ရင်တောင် ဒီကနိုင်ငံ ဈေးကွက်တွေမှာမဝယ်ဘူး။ စက်သူကို တစ်နှစ်ကို သုံးလေးခေါက်လောက် ရှေ့ပင်းထွက်ပြီး ဝယ်နိုင်းတယ်၊ သားရေး၊ သမီးရေးအပူလည်း မရှိပါဘူး။ သမီးတစ်ယောက်ထဲရှိတယ်။ သမီးက စာတော်ပြီး လိမ္မာတယ်။ ခု ဆေးကျောင်းမှာ ပထမနှစ် တက်နေတယ်။ နောက်ပြီး...စီးပွားရေးအတွက် ဗေဒင်လာကြည့်တာလည်း မဟုတ်ဘူးဆရာ၊ ကျွန်မအမျိုးသားက ကုမ္ပဏီကြီးသုံးလေးခုလောက် ပိုင်တယ်၊ အဲဒီ...လုပ်ငန်းတွေကလည်း အဆင်ပြေတယ်၊ တစ်လကို ဒေါ်လာသောင်းချီပြီး ဝင်တယ်၊ အင်းလျားမြိုင်ထဲက တိုက်တစ်လုံးကိုလည်း နိုင်ငံခြားသားကိုငှားထားတာ ဒေါ်လာလေးထောင်လောက်ရတယ်၊ ဒီတော့ ဆရာ့ကို ဗေဒင်လာမေးတဲ့ အကြောင်းက...''

အဲဒီအချိန်မှာ ကျုပ်စားပွဲပေါ်မှာ တင်ထားတဲ့ သူ့ရဲ့ ဆယ်လူလာဖုန်းကမြည်တော့ စကားရပ်သွားပြီး သူက ဆယ်လူလာဖုန်းကို ကောက်ကိုင်လိုက်တယ်။

"ဟလို......ပြောပါရှင်...... အော်......မောင်လား ဖြူမမေ့ပါဘူး...... ဒီနေ့ ဖေဖော်ဝါရီ(၁၁)ရက်က ဖြူ့မွေးနေ့ပဲ၊ ဖြူဘယ်မေ့ပါ့

BURMESE CLASSIC .com



မလဲ မောင်ရယ်...... ဖြူ့အတွက် စိန်လက်ကောက်တစ်ရံ မွေးနေ့လက်ဆောင်ဝယ်ပေးတယ် ဟုတ်လား...... သိန်းငါးဆယ်ဆိုတော့ မများလွန်းဖူးလားမောင်ရယ်...... ဖြူ့မှာလည်း မောင်ဝယ်ပေးထားတဲ့ စိန်တွေ ပြည့်တောင်းနဲ့ထည့်ရင်တောင် လျှံကျတော့မယ်၊ ဒီကအပြန် ကုမ္ပဏီကို ဖြူဝင်လာခဲ့မယ်နော်....။ ဗေဒင်မေးနေတာပါ...... ကျောက်မြောင်းက ဗေဒင်ဆရာတစ်ယောက်ဆီမှာပါ...... ဟင့်အင်း ......နာမည်မရှိပါဘူး ယုံလို့တော့ မဟုတ်ပါဘူးမောင်......၊ သန်းသန်းအော ညွှန်လို့ပါ၊ အထွေထူးတော့ မဟုတ်ပါဘူး။ ဆရာမ,မကြည်တို့ရဲ့ အိမ်ကမွေးထားပြီး ရောင်းတဲ့ ''ဘူးဒေါ်''ခွေးလေးတွေကို မွေးချင်လို့ပါ။ ခွေးဝင်ရင် နိုက်မနိုက် ဗေဒင်လာမေးတာပေါ့မောင်ရယ်......ဟင့်အင်း သိပ်မများပါဘူး၊ အထီးနဲ့အမ တစ်စုံမှ ရှစ်သိန်းပဲရှိတယ် ကောင်းပါပြီရှင်......ဒါပဲနော်''

ကျုပ်အဖို့တော့ သူ့စကားတွေကြားရတာ အထူး အဆန်းပဲဗျား။ ဘာသာဗေဒတစ်မျိုးနဲ့များ ပြောနေသလားထင်မိတော့တယ် ကိုထွန်းသျှောင်...။

''ဆရာကြားတဲ့အတိုင်းပဲ။ ကျွန်မသိချင်တာက ခွေးမွေးရင် နိုက်မနိုက်ဆိုတာပါပဲ''

''ကျုပ်က သူ့အသက်ကိုရှစ်နဲ့စား။ ပြီးတော့...အကြွင်းကို အဋ္ဌလက်ခွင်မှာထောက်ပြီး ဆန်းတိုင်ထူလိုက်တယ်။ ရာဟုသက်ရောက်ဆိုတော့ တနင်္လာတန်းစီးမှာ ရောက်နေတယ်။ ဒီတော့....''

''ခွေးဝင်တာ မနိုက်ပါဘူး...မွေးနိုင်ပါတယ်''

''ဒီလိုဆိုရင်...ကျွန်မ ဝယ်သွားတော့မယ်... မောင်ကလည်း ဝယ်ခဲ့လို့ မှာလိုက်တယ်။ ဪ... ဒါနဲ့ ဆရာ့ကို ဟောခ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပေးရမလဲ''

''ကိုးဆယ်ပါ''

''အို... မနည်းလွန်းဘူးလား''

''ကျုပ်အဖို့တော့ မနည်းပါဘူး။ ကျုပ်ဆီမှာ ကြည့်တဲ့သူတွေကလည်း လက်လုပ်လက်စား မရှိဆင်းရဲသားတွေ များပါတယ်။ ဒီလောက်ပဲ ပေးနိုင်ကြပါတယ်...''

သူက လက်ပွေ့အိတ်ထဲက ကိုးဆယ်တန်တစ်ရွက်ကို ထုတ်ပြီး ကျုပ်ရဲ့စားပွဲပေါ်မှာတင်လိုက်တယ်။ အဲဒီ...ကိုးဆယ်တန်လေးက တော်တော်ဟောင်းပြီး နွမ်းညစ်နေတယ်။ ကျုပ်ကိုပေးဖို့ အဲဒီ ကိုးဆယ်တန်ဟောင်းလေးကို တမင်ယူလာမှန်း ကျုပ်သိတယ်။ ပြီးတော့ ကျုပ်မျက်နှာကို သေသေချာချာကြည့်ပြီး မဲ့ပြုံးလေးပြုံးပြီး ကျုပ်ရှေ့က ထပြန်သွားတယ်။ ဟုတ်ပြီ... ကိုထွန်းသျှောင်ရေ...အဲဒီအပြုံးလေးကို ထိအောင်မိအောင် ရေးစမ်းပါဗျာ။ အဲဒီနေရာက တကယ့်ရေးကွက်ပဲ။ ကျုပ်လည်း အဲဒီမဲ့ပြုံးလေးကို နားလည်အောင် မပြောတတ်ဘူး။ ဘယ်လို အဓိပ္ပါယ်သက်ရောက်တဲ့အပြုံးဆိုတာကိုတော့ ကျုပ်သိတယ်။ ဒါပေမယ့်...ကျုပ်ရှင်းမပြတတ်ဘူး။ သူက တမင်သက်သက် ကျုပ်ရဲ့ စိတ်ဓါတ်ကို ချိုးနှိမ်ချေမွဖို့ ရောက်လာတာဗျို့။ စောစောက ပြောတဲ့ အပြုံးလေးပေါ့...ကိုထွန်းသျှောင်...လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်လောက်က ကျုပ်အသည်းနှလုံးမှာ ရူးဝင်နာကျင်စေခဲ့တဲ့ အပြုံးလေးပေါ့ဗျာ။ ဒါပေမယ့်...ဒီတစ်ခါတော့ ကျုပ်ဘာမှ မခံစားရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ် အသည်းနှလုံးက ကျောက်ဆိုင်ကျောက်ခဲလို မာကျောသွားပြီဗျို့''

''သူ...ဘယ်သူလဲ ခင်ဗျားသိလား...၊ ခင်ဗျားဘယ်



သိပ်ါမလဲ ကိုထွန်းသျှောင်...အဲဒီအမျိုးသမီးဟာ ခေတ်သစ် ဂူဥသုဘဒ္ဒါပေါ့ဗျာ။ တကယ့်...အငြိုးကြီးတဲ့ မုဆိုးတစ်ပိုင်း၊ မိန်းမရိုင်းဆိုတာ သူပေါ့။ သူဘယ်သူလည်းဆိုတာကို ကျုပ် ပြောပြမယ် တခြားသူ ဟုတ်ရိုးလားဗျာ။ တက္ကသိုလ်တက်တုန်းက ကျုပ်ရဲ့အချစ်ဆုံး မဟေသီလေးပေါ့ဗျာ၊ အဲဒီတုန်းက တစ်ယောက်နဲ့တစ်ယောက် ခွဲလက်တွဲလို့ မခွဲစတမ်းပေါ့ဗျာ။ သူက အီးမေဂျာယူတယ်။ သူ့အသက်က ကျုပ်ထက် သုံးနှစ်လောက်ငယ်တယ်''

''ကျုပ် နောက်ဆုံးနှစ် စာမေးပွဲပြီးတဲ့နေ့မှာ ကျုပ်ကို သူက လက်ထပ်ဖို့ပြောတယ်။ အဲဒီအချိန်မှာ ကျုပ်အဖို့ ရွေးချယ်စရာလမ်း မရှိဘူးလေ။ ကျုပ်မိသားစုက ဆင်းရဲတယ်၊ ကျုပ်က ခြောက်နှစ်လုံးလုံး စတိုင်ပင်နဲ့ ကျောင်းတက်ခဲ့သူတစ်ယောက်ပါ၊ သစ်တောဌာနက အလုပ်ခေါ်တာကို စောင့်ရဦးမယ်။ ပြီးတော့...အိမ်ကို တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် လုပ်ကျွေးရဦးမယ့်တာဝန်လည်းရှိတယ် မဟုတ်လား...။ အဲဒီအချိန်ထိ ကျုပ်ဘက်က သူ့အပေါ်မှာ စည်းကျော်ဘောင်ကျော်မရှိခဲ့သေးဘူး။ မှဲ့တစ်ပေါက် မစွန်းရလေအောင် သစ္စာစောင့်ခဲ့ပါတယ်။ အဲဒီနေ့က ကျုပ်က သူ့ကို တစ်နှစ်လောက် စောင့်ဖို့ ပြောတယ်။ ကျုပ်စကားလည်းဆုံးရော၊ စောစောက... ကျုပ်ပြောသလို ကျုပ်ကို စေ့စေ့ကြည့်ပြီး မဲ့ပြုံးလေးပြုံးပြီး ကျုပ်နားကထွက်သွားတာကို ကျုပ်မျက်စိထဲမှာ မြင်တုန်းပဲဗျာ။ အမှန်တော့ ကျုပ်နောက်မှသိရတာက သူ့အိမ်က သဘောတူထားတဲ့ မိုးကုတ်သူဌေးသားတစ်ယောက်နဲ့ယူဖို့ သူက ခေါင်းညိမ့်ထားပြီးပြီ။ ကျုပ် မယူနိုင်သေးမှန်း သူသိတယ်။ ဒါကြောင့် သူ့အပြစ်လည်းလွတ်၊ ကျုပ်အပြစ်လည်းဖြစ်အောင် တမင်အကြွပ်ကိုင်တာပေါ့ဗျာ''

www.burmeseclassic.com

www.burmeseclassic.com




"ကဲ ဒီလောက်ဆိုရင်တော့ ခင်ဗျားအဖို့ ဖတ်လမ်းတစ်ပုဒ်တော့ ရလောက်ပါပြီ၊ တစ်ခုတော့ရှိတယ်။ အဲဒီ "အစွယ်ကိုလိုတဲ့ မင်းမိဖုရား" နာမည်က "ခင်ခင်ဖြူ"တဲ့။ နာမည်ရင်းအတိုင်း သွားမရေးလိုက်နဲ့ဗျာ။ တော်ကြာ ကျုပ်ကို အသရေဖျက်မှုနဲ့ တရားစွဲနေရင် ရှေ့နေငှားဖို့စရိတ် ခင်ဗျား စိုက်ထုတ်နေရဦးမယ်"

"ခင်ခင်ဖြူ"လို့ ရေးမယ့်အစား "ခင်ခင်ကြွယ်"လို့ မတီမ်းမယိမ်းလေးပြောင်းရေးလိုက်ရင်...သူ့ဘာမှတတ်နိုင်မှာ မဟုတ်ဘူး။ ကဲ... ဒီလိုဆိုရင် ရေးတော့ ကိုထွန်းငွေသျှာင်... ရေးတော့"

ရန်ငြိုးခပ်သိမ်း ငြိမ်းကြပါစေ။

ဝင်းဇော် (သစ်တော)





www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသား အက်ကွဲကြောင်းတစ်ချက် နက်ရှိုင်းမှုကို တိုင်းတာခြင်း

## နိဒါန်း (၁)

သို့

အယ်ဒီတာ

စာရုပ်စုံမဂ္ဂဇင်း

ရန်ကုန်မြို့။

နေ့စွဲ ။ ။ ၁၃၅၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ရက်

အကြောင်းအရာ ။ ။အကြံကောင်းတစ်ခုပေးပါရန် လျှောက်ထားခြင်း။

လူကြီးမင်းခင်ဗျား

ယခုဖော်ပြလတ္တံ့သော ဝတ္ထုသည်ကားတို့၏။ ဇာတ်လမ်း၊ ဇာတ်ကွက်သည်ကား ရှင်း၏။ စာကြောင်းရေ သုံးလေးကြောင်း



ရေးသာရုံမျှနှင့်ပင် ဝတ္ထုတစ်ပုဒ်လုံးပြီးလတ္တံ့။ သို့ပါသော်လည်း ... ဤဝတ္ထုမရေးသားမီ အယ်ဒီတာ အသင်တို့ထံမှ စာရေးသူ အကျွန်ုပ်ထံသို့ ဝတ္ထုဇာတ်လမ်းတွင်ပါသော ဇာတ်ကောင်နှစ်ဦး၏ အမည်များကို ပြောင်းလဲသုံးစွဲရန် သင့်မသင့်ဆိုသည့် အကြံကောင်းတစ်ခုကို ပေးပါရန် လေးစားစွာဖြင့် တောင်းခံအပ်ပါသည်။

အကြံတောင်းခံလျှောက်ထားသူ

အမည် - ဦးဝင်းဇော်

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ၁၂/တမန(နိုင်) ဝ၉၂၉၈၀

အမြဲတမ်းနေရပ်လိပ်စာ - ၃၁ ဘုံ

✧ ✧ ✧ ✧ ✧ ✧

## နိဒါန်း (၂)

## နှစ်ဝက်သဘောတူဝန်ခံ ကတိချုပ်ဆိုခြင်း

ဤဇာတ်လမ်း၌ အသက်အားဖြင့် နှစ်ဆယ့်ငါးနှစ်အရွယ်မျှသာ ရှိသေးသော ယောက်ျားလေးတစ်ဦးနှင့် မိန်းကလေးတစ်ဦးတို့ ပါဝင်ကြပါသည်။ ပူပူနွေးနွေးဖြစ်ရပ်မှန် အချစ်ဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်ပါသည်။ ထို့ကြောင့် ယင်းဇာတ်ကောင်နှစ်ဦး၏ အမည်နာမအမှန်များအား စာရေးဆရာက ထည့်သွင်းသုံးစွဲရန် သင့်၏။ မသင့်၏ကို စာရုပ်စုံမဂ္ဂဇင်း အယ်ဒီတာကိုယ်တိုင် ဆုံးဖြတ်ချက်တစ်ခု ချပေးရန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ အကယ်၍ ဇာတ်လမ်းပါ ထို နှစ်ဦးစလုံးကသော်လည်းကောင်း၊ တစ်ဦးဦးကသော်လည်းကောင်း ကျေနပ်မှုမရှိပါက ဖြစ်ပေါ်လာသည့် ပြဿနာအရပ်ရပ်ကို စာရှုပ်စုံမင်္ဂဖင်း အယ်ဒီတာကိုယ်တိုင် ကာယကံရှင်များ ကျေနပ်မှုရရှိသည့်အဆင့်တိုင်အောင် ဆောင်ရွက်ဖြေရှင်းပေးပါမည်ဖြစ် ကြောင်းကို အောက်ဖော်ပြပါ အသိသက်သေများ ရှေ့မှောက်တွင် ဝန်ခံကတိစာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။

| | | |
|---|---|---|
| အယ်ဒီတာ | အသိသက်သေများ | ဝင်းဇော်(သစ်တော) |
| (စာရှုပ်စုံမင်္ဂဖင်း) | (စာဖတ်ပရိတ်သတ်) | စာရေးဆရာ |

✣ ✣ ✣ ✣ ✣ ✣

## နိဒါန်း (၃)

ငွေနှင်းမှုန်များ လွှမ်းခြုံထားသည့် တစ်ခုသော ဆောင်းနံနက်ခင်း၌ အဖြူရောင်အဝတ်များ ဆင်မြန်းထားသည့် ''နှင်းပုလဲအလှကေရီ''လေးတစ်ပါး ကျွန်ုပ်တော့ထံသို့ ရောက်ရှိလာပါသည်။ (မှတ်ချက်။ ။ ကျွန်တော်သည် ဗေဒင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ဗေဒင်ဆရာတစ်ဦးဖြစ်ပါသည်။)

ထိုအလှ ကေရီလေး၏ မွေးသက္ကရာဇ်ကိုမေးပြီး ဇာတာစန်း၊ လက် တွက်ချက်ကြည့်သော် ''စန္ဒာခါဆို၊ ဂြိုဟ်တနင်္လာ၊ သက်ရောက်



ခါမူ၊ ယောကျ်ား၊ မိန်းမခင်ပွန်းရ၏''ဟူသော ကျမ်းဂန်လာ အဟောထွက်ပါသောကြောင့် ယခုနှစ်မှာ အိမ်ထောင်ကျကိန်းရှိပါသည်ဟု ကျွန်တော်က ဟောကိန်းထုတ်လိုက်ပါသည်။ အလှမျိုးကြွယ်သော အလှကေရီလေးက ကျွန်တော်၏ ဟောချက်၌ ကျေနပ်မှုရှိပုံမပြပါ။ ''အမှန်တကယ် အိမ်ထောင်ကျပါမည်လား''ဟု ကျွန်တော်၏ ဟောကိန်းကို ပြင်ဆင်ရန် ရေလာမြောင်းပေး စကားပြောပါသေးသည်။ သို့သော်...ကျွန်တော့်မှာ ပညာမာနရှိသည်။ အမှန်တကယ် အိမ်ထောင်ကျမည့်နှစ်ဖြစ်ကြောင်း ရဲရဲဝံ့ဝံ့ပြန်၍ ဟောပါသည်။ ထိုအခါကျမှပင် အလှကေရီလေးက ဖြစ်ကြောင်းကုန်စင် ပြောပါတော့သည်။

✣ ✣ ✣ ✣ ✣ ✣

(ဤတွင် ဇာတ်လမ်းစပြီ)

ကောင်မလေးမှာ ချစ်သူရှိသည်။ အသည်းနှင့်အောင် ချစ်ရပါသော ထိုချစ်သူနှင့် ကံ့ကော်ရနံ့သင်းကို ရှူရှိုက်ခွင့်ရသည့် နှစ်ဦးမှာပင် ဆုံတွေ့ခဲ့ကြခြင်းဖြစ်သည်။ တက္ကသိုလ်လာ မြကျွန်းသာအနီးမှာ ချစ်သူမောင်နှံ တူစုံဝဲလျက် ချစ်စားကျက်များ ဖြန့်ကျက်ခင်းခဲ့ကြသည်။

အချစ်ရက်များ ကုန်လွယ်လွန်းလှသည်တကား...။ အချိန်သည် နာရီလက်တံကို ရီးလေးခို၍ ရာသီစက်ဝန်းကိုလည်ပတ် ပြောင်းလဲစေခဲ့ပြီ မဟုတ်ပါလော...။ ဤသို့နှယ် ချစ်တုန်းမဝ ချစ်ဆဲဘဝမှာပင် ချစ်သူနှစ်ဦးအတွက် အမိတက္ကသိုလ်က ဘွဲ့အပ်ချီးမြှင့်ခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက သိပ္ပံ(ဓာတု)ဘွဲ့ရပြီး ကောင်လေးက သိပ္ပံ(ရူပ)ဘွဲ့ရရှိသည်။ ရွှေနှင့်ရွှေချင်းမို့ ဂဟေဆက်နိုင်ပါသည်။ နှစ်ဦးနှစ်ဘက် မိဘများက မရှိမရှား လူလတ်တန်းလွှာများဖြစ်ကြသည်။ တစ်ဘက်နှင့်တစ်ဘက် သဘောမတူနိုင်စရာ အကြောင်းမရှိပါ။ ပညာစုံသော်လည်း တောင်ပံမပေါက်သေးသည့်ကြောင့် နှစ်ဦးစလုံးအလုပ်ကိုယ်စီရပါမှ လက်ထပ်ကြစတမ်းရယ်လို့ သမှာခံကြသည်။

ကောင်လေးက အရင်အလုပ်ရသည်။ ဝန်ကြီးဌာနတစ်ခု၏ ကုန်လှောင်ရုံတွင် ပစ္စည်းထိန်း စာရေးတစ်နေရာ၌ အမှုထမ်းခွင့်ရသည်။ သိပ်မကြာပါ။ ကောင်မလေးလည်း အလုပ်ရသည်။ ပင်လယ်ရပ်ခြားမှ လာဖွင့်သော ကုမ္ပဏီတစ်ခုမှာ ဒါရိုက်တာတစ်ဦး၏ အတွင်းရေးမှူးမလေးအဖြစ် အရွေးခံရသည်။ ကောင်မလေးလစာက အမေရိကန်ဒေါ်လာ နှစ်ရာထဲသာရသည်။

ကောင်မလေးက ပထမဦးဆုံးထုတ်လာသည့် လစာထဲမှ ''စီတီဇင်'' နာရီလေးတစ်လုံးဝယ်ပြီး ကောင်လေးအတွက် ချစ်သက်လက်ဆောင်ပေးသည်။ နာရီလေးကလှသည်။ တန်ဖိုးက ငါးသောင်းကျော်သည်။ ကောင်လေးက နာရီလေးကို တယုတယ ကိုင်ကြည့်ပြီး ''ဈေးများလှချည့်လား အချစ်ရယ်၊ တန်ဖိုးဒီလောက်ကြီးများတာများမင်းလခထဲက ဘာလို့ ဝယ်ပေးတာလဲကွယ်'' လို့ ပြောသည်။ ဒီတော့ကောင်မလေးက ယို့ကျဲကျဲရယ်သွမ်းပြီး ''သူမရတဲ့လစာရဲ့ အစွန်းထွက်တောင်မရှိပါဘူး'' လို့ ပြန်ပြောရှာသည်။ ကောင်မလေးရဲ့စကားကြောင့် ကောင်လေး၏မျက်နှာပြင်မှာ နာကျည်းမှု အရိပ်ငွေ့များ ထင်းစွန်းသွားတော့သည်။ ကောင်လေးက ကောင်မလေး၏မျက်နှာကို ကြေကွဲဆို့နင့်သော မျက်လုံးများနှင့်စိုက်ကြည့်ပြီး သူ့လက်ထဲမှ နာရီလေးကို



ကောင်မလေး လက်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။ ပြီးတော့ ... ချာကနဲ လှည့်ထွက်၍ ကျောခိုင်း၍ သွားလေတော့သည်။ ကောင်မလေးက စေတနာမပါသော အမှားတစ်ခုရယ်ပါ။

ကောင်မလေးက ကောင်လေးအလုပ်သို့ လိုက်သွားသည်။ ကောင်လေးကရှောင်နေသည်။ အိမ်သို့ သွားရှာပြန်သည်၊ အတွေ့မခံ။ မျှားရည်တစ်စက်ကြောင့် ပြည်ပျက်သည်သို့ စကားတစ်ခွန်းရယ်ကြောင့် နှလုံးသည်းပွတ်များ ကြေပြုန်းရလေတော့သည်။ ကောင်မလေးခမျာ... ငိုချင်းရှည်လျားသော အလွမ်းရက်များကို ကြုံတွေ့ခံစားနေရရှာလေသည် တကား။

(ဂျဲန် ဓာတ်လမ်း နိဂ္ဂိတံ)

✧ ✧ ✧ ✧ ✧ ✧

(နိဂုံး)

ကျွန်တော့်မှာ သူငယ်ချင်းများသည်။ အသိမိတ်ဆွေပေါသည်။ သို့သော် တိုင်ပင်ဖော်တိုင်ပင်ဖက်ဆိုလို့ ရှေ့နေကိုလှိုင်ထွေးတစ်ဦးတည်းသာရှိသည်။ စဉ်းစားစရာအကြောင်းအရာ၊ ဆုံးဖြတ်စရာပြဿနာပေါ်တိုင်း ကျွန်တော့်အဖို့ ကိုလှိုင်ထွေးထံမှ အကြံကောင်းများရတတ်သည်ချည်းသာဖြစ်သည်။ လူဝပြီး ဗိုက်ကြီးပူသလောက် အတွေးအခေါ် အကြံဉာဏ်ကောင်းများထွက်သော သူဖြစ်သည်။ အရုပ်ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ပြင်း ကြိုက်သော်လည်း စကားပြော အလွန်ချိုသည်။ သူက ကျွန်တော့် ထက်ငါးနှစ်လောက်ကြီးသည်။ သို့သော် အရွယ်ပိုတင်သည်။ သူ့မျက်နှာက ''ယနေ့ အကြွေးမပေးပါ''ဆိုသည့် ဆိုင်းဘုတ်လေးကဲ့သို့ အမြဲတမ်း နှုတ်ပိတ်ဖျော်ထားဟန်ပါ တောင့်တင်းနေသည်။ လွန်ခဲ့သော ရက်အနည်းငယ်ခန့်က သူ့ရုံးခန်းသို့ ကျွန်တော်ရောက်သွားခဲ့သည်။

''ကိုဝင်းဇော် ခင်ဗျားမလာတာကြာပြီပဲဗျာ။ ဒါပေမယ့် ခင်ဗျားရဲ့ ပေဒင်မေးသူများအကြောင်းဆိုတဲ့ ဝတ္ထုတိုတွေကိုတော့ ဖတ်ရပါတယ်ဗျာ။ ကောင်းတယ်ဗျာ။ အိုမှာ့ခ်နရီရဲ့ တွစ်တွေလိုပဲဗျာ။ ဉာဏ်နိုးတယ်ဗျာ ဉာဏ်နက်များတဲ့လူများဟာ ဝတ္ထုအရေးကောင်းတယ်လို့ ကြားဖူးတာပဲ။ စာမူကြမ်းရေးထားတာရှိရင်တော့ ပေးဖတ်ဗျာ''

''အဲဒီ ဝတ္ထုရေးဖို့အတွက် အကြံတစ်ခုတောင်းချင်လို့ ခင်ဗျားဆီကို ကျုပ်လာခဲ့တာဗျ''

'ကျုပ်က ရှေ့နေပဲဗျ။ စာရေးဆရာမှ မဟုတ်တာဘဲ။ ဝတ္ထုရေးဖို့ အကြံဉာဏ်ကို ဘယ်လိုလုပ်ပြီး ပေးနိုင်ပါမလဲဗျာ''

''ဒီလိုဗျ၊ အခု ကျုပ်ရေးမယ့် ဝတ္ထုတိုက တကယ့်အဖြစ်အပျက်တစ်ခုဖြစ်နေတယ်။ ဒီတော့ အဲဒီဝတ္ထုမှာပါတဲ့ နာမည်တွေကို အမှန်သုံးသင့်မသင့်ကို ခင်ဗျားဆီက အကြံလာတောင်းတာပဲ''

''ဟုတ်ပြီ ဒီလောက်ဆိုရင်တော့ ကျုပ်အကြံပေးနိုင်ပါတယ်။ ကာယကံရှင်နာမည်တွေကို အမှန်အတိုင်းမရေးသင့်ဘူး။ မရေးရဘူးလို့ပဲ အကြံပေးရမှာပဲ။ မရေးသင့်ဘူးဆိုတာက ကလောင်ကျင့်ဝတ်ကြောင့်ပဲ။ ပုဂ္ဂိုလ်ရေးရာ ထိခိုက်စေမယ့် အရေးအသားကို စာရေးဆရာတိုင်း ရှောင်သင့်တယ်ဆိုတာကို ခင်ဗျားလဲ သိပါတယ်။ မရေးရဘူးဆိုတာကတော့ ဥပဒေအကြောင်းကြောင့်ပဲ။ ကာယကံရှင်တွေ မကျေနပ်ရင်



အသရေဖျက်မှုနဲ့ တရားစွဲခံရလိမ့်မယ်။ ကဲ...ရှင်းပြီလား ကိုဝင်းဇော်''

''ဒီလိုဆိုရင်လဲ နာမည်အမှန်ကို ကျုပ်ထည့်မရေးတော့ပါဘူး။ နာမည်အမှန်ထည့်မရေးရင်တော့ ပြဿနာဖြစ်စရာအကြောင်းတော့ မရှိပါဘူး။ တစ်ခုတော့ရှိတယ်။ အဲဒီဇာတ်လမ်းထဲမှာ ကောင်မလေးက စကားတစ်ခွန်းမှားသွားတာကို သူ့ချစ်သူကောင်လေးက အထင်မှားသွားတယ်။ ဒီတော့ ကျုပ်ဝတ္ထုကိုဖတ်မိပြီး ကောင်လေးက ကောင်မလေးအပေါ်မှာ စိတ်ပြေသွားစေချင်တယ်။ ကောင်လေးနဲ့ ကောင်မလေးရဲ့ နာမည်အမှန်တွေကိုရေးထားရင် ကောင်လေးကိုယ်တိုင် ကျုပ်ဝတ္ထုကိုမဖတ်မိရင်တောင် ကောင်လေးရဲ့အသိုင်းအဝိုင်းထဲက တစ်ဦးဦးဖတ်မိပြီး ကောင်လေးကို သွားပြောနိုင်တယ်။ နာမည်လွှဲရေးထားရင်တော့ ကောင်လေးကိုယ်တိုင်ဖတ်မိမှပဲ သိနိုင်မယ့် အခွင့်အရေးတစ်ခုတည်းရှိနေတယ်''

''အင်း... ဒီလိုလုပ်ဗျာ။ သူတို့နှစ်ယောက်ရဲ့ နာမည်တွေကို ဆင်တူယိုးမှားရေးပါ။ ပြီးတော့ နေရပ်လိပ်စာတွေပါနေရင် ထည့်မရေးနဲ့။ ရှင်းပြီလား။ တကယ်လို့ တရားစွဲရင်တောင် ခင်ဗျားဘက်က ကျုပ်ရှေ့နေလိုက်ရင် နိုင်နိုင်သေးတယ်''

''ကောင်လေးနာမည်က သာထူးဆင့်တဲ့ဗျ။ အဲဒါကို သာထူးမြင့်လို့ ပြောင်းပြီး ကောင်မလေးနာမည် သင်းပုံ့မွှေးကို သင်းပုံ့နွေးလို့ ပြောင်းရေးလိုက်ရင်ကော ဖြစ်ပါ့မလား''

''ဖြစ်ပါတယ်။ ခင်ဗျားရေးမယ့် ဇာတ်လမ်းကိုတော့ ကျုပ်မသိသေးဘူးနော်။ ဒါပေမယ့် ''သာထူးဆင့်''ဆိုတဲ့ နာမည်ကိုတော့ ကျုပ်စိတ်ဝင်စားတယ်။ လောကကြီးမှာ လူတူမရှား နာမည်တူမရှားဆိုပေမယ့် သာထူးဆင့်ဆိုတဲ့နာမည်က နည်းနည်းတော့ရှားတယ်။ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



အဖို့ တိုက်ဆိုင်လွန်းလှတယ်လို့လဲ ပြောနိုင်တယ်''

''သာထူးဆင့်ဆိုတဲ့ ကောင်လေးက ဂိုဒေါင်စာရေးလေးဗျ။ ဘွဲ့တော့ရပြီးပါပြီ။ တစ်ဖက်တစ်လမ်းက ဝင်ငွေရှာတယ်လို့ ပြောရမလား။ ဒါမှမဟုတ်ရင် ဖြတ်လမ်းစီးပွားရေးလိုက်တယ်လို့ ပြောရမလား မသိပါဘူးဗျာ။ ပြီးခဲ့တဲ့လက မြို့လယ်ခေါင်က ဈေးကြီးတစ်နေရာမှာ တရားမဝင် နိုင်ငံခြားငွေကိုင်ဆောင်မှုနဲ့ အဖမ်းခံလိုက်ရတယ်။ ဒေါ်လာ အရောင်းအဝယ်ပေါ့ဗျာ။ အဲဒီအမှုကို ကျုပ်လိုက်ရတယ်။ ဒါပေမယ့် အမှုကထင်ရှားနေတော့ မလွတ်ပါဘူးဗျာ။ မနေ့ကပဲ ထောင်သုံးနှစ် ကျသွားတယ်''

ကိုလှိုင်ထွေး၏စကားကြောင့် ကျွန်တော့်ရင်မှာ သိမ့်သိမ့်ခုန်အောင် ခံစားသွားရပါတော့သည်။

''ဖြစ်မှဖြစ်ရလေဗျာ၊တခြားလူမဖြစ်နိုင်ဘူး၊ အဲဒီကောင်လေးပဲ ဖြစ်မှာပါဗျာ။ ကောင်လေးမှာ ဒေါ်လာနဲ့ပါတ်သက်လို့ ခံစားချက်တစ်ခု ရှိနေတယ်ဗျ''

''ခင်ဗျားဇာတ်လမ်းက အဆန်းပဲ၊ ဘယ်က ဘယ်လို ဒေါ်လာက ပါလာတာတုန်းဗျ''

''ဝတ္ထုရေးပြီးမှပဲ ဖတ်ကြည့်ပေါ့ဗျာ။ တစ်ခုရှိသေးတယ်၊ ကျုပ်ဟောတဲ့ဗေဒင် မှားသွားတယ်။ ကောင်မလေးကို ကျုပ်က ဒီနှစ်ထဲမှာ အိမ်ထောင်ကျလိမ့်မယ်လို့ ဟောခဲ့တယ်။ ခုတော့ သူ့ကောင်လေးက ထောင်သုံးနှစ်ကျသွားပြီဆိုတော့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး''

''ခင်ဗျားဟောတဲ့ဗေဒင် မှန်ပါတယ်ဗျ။ ကောင်မလေးလဲ အိမ်ထောင်ကျသွားရှာပြီဗျ''

''ခင်ဗျားက ဘယ်လိုလုပ် သိနေတာလဲ''



''လူတူမရှား၊ နာမည်တူမရှား ဆိုပေမယ့် သင်းပုံ့မွှေးဆိုတဲ့ နာမည်ကတော့ ရှားပါတယ်ဗျ။ ဒီနေ့ သတင်းစာကြည့်ပေတော့ ကိုဝင်းဇော်'' ဟုဆိုကာ ကိုလှိုင်ထွေးက သူ့ရှေ့တွင်ချထားသည့် သတင်းစာကို ကျွန်တော့်ရှေ့သို့ တွန်းပေးလိုက်သည်။ ကြော်ငြာမျက်နှာစာမှာပါသော လက်ထပ်ပြီးစီးခြင်းသတင်းလေးက ကျွန်တော့်ရင်ကို တုန်ဟီး၍ သွားစေပါတော့သည်။

နိုင်ငံခြားကုမ္ပဏီဒါရိုက်တာကြီးနှင့် ဟိုတယ်ကြီးတစ်ခုမှာ အရှင်လတ်လတ် လက်ထပ်သွားခဲ့ရှာလေပြီတကား။

ကျွန်တော်က သတင်းစာကို စားပွဲပေါ်သို့ ပစ်ချလိုက်ကာ ထိုင်နေရာမှ ရုတ်တရက်ထလိုက်ပြီး ကမ္ဘာပေါ်မှာ ''ဒေါ်လာဆိုတာ ပေါ်မလာရင် သိပ်ကောင်းမှာပဲဗျာ'' လို့ ပြောလိုက်မိပါတော့သည်။ ဇာတ်ရည်မလည်သေးသော ကိုလှိုင်ထွေးတစ်ယောက် ကျွန်တော့်ကို ကြောင်၍ ကြည့်နေရှာလေသည်။ မတတ်သာပြီ။

''သိပ် စိတ်ကုန်သွားပြီဗျာ။ ကျုပ်ပြန်လိုက်ဦးမယ်''

ကျွန်တော် ဒေါသစိတ်နှင့် ဆောင့်၍တွန်းဖွင့်ခဲ့သော ကိုလှိုင်ထွေး၏ ရုံးခန်းအဝင်ဝက ဆင်နားရွက်တံခါးနှစ်ချပ်သည် ကျွန်တော်၏ နောက်ကျောမှာ တုန်ခါ၍ ကျန်ခဲ့ရရှာသည်။ ကျွန်တော့်ရင်မှာ ထို့ထက်ပို၍ တုန်ခါနေပါသည်။ သာထူးဆင့် (သာထူးမြင့်) ရင်မှာတော့ ဆိုဖွယ်ရာမရှိပြီတကား။

*အထင်မှားခြင်း အချင်းချင်း ကင်းရှင်းကြပါစေ*

*ဝင်းဇော် (သစ်တော)*

www.burmeseclassic.com

www.burmeseclassic.com





## ရယ်မှုင်ပြုံးတော့ ၊ မပြုံးတော့ ၊

''ကိုထွန်းသျှောင်...ခင်ဗျားနဲ့ကျုပ်နဲ့ မဆုံဖြစ်ကြတာလဲ အတော့်ကို ကြာသွားပြီဗျ။ ပြီးခဲ့တဲ့ ဒီဇင်ဘာလဆန်းပိုင်းကတော့ ခင်ဗျားအိမ်ကို ကျုပ်ရောက်သေးတယ်။ ခင်ဗျားဇနီးက ကချင်ပြည်နယ်က ထဟွန်ဒမ်းရွာကလေးကို သွားတယ်လို့ပြောတော့ ကျုပ် ခါးတောင်းကျိုက်ပြီး ပြေးတောင်လိုက်ချင်သေးရဲ့ဗျာ။ အဲဒီရွာကလေးဟာ မြန်မာနိုင်ငံရဲ့ မြောက်ဘက်အစွန်အကျဆုံးရွာလေးပေါ့ဗျာ။ တစ်ချို့က မြောက်ဆုံးရွာလို့တောင် တင်စားပြီး ခေါ်ကြသေးတယ်။ ''ပူတာအို'' အထက် ''နောင်မွန်''မြို့လေးကနေ မြောက်ကိုဆန်ပြီး ခြေလျင်ခရီးနဲ့ ဆယ့်လေးရက်လောက် သွားယူရတယ်။ ခါကာဘိုရာဇီတောင်ကြီးကို တက်မယ်ဆိုရင် အဲဒီတဟွန်ဒမ်းရွာကလေးမှ စခန်းချရတယ်။ ခင်ဗျားသိမလား မသိဘူး။ ခါကာဘိုရာဇီတောင်ထိပ်ဖျားမှာ မြန်မာနိုင်ငံ့အလံတော်ကို ပထမဦးဆုံးစိုက်ထူခဲ့တဲ့ တောင်တက်သမားကြီး နမာဂျွန်ဆင်နဲ့ သူ့အမျိုးတွေ အဲဒီရွာမှာနေကြတယ်။ ခင်ဗျားပြန်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ခါကာဘိုရာဇီ တောင်ခြေရင်းက နှင်းထုတွေ လွှမ်းနေတဲ့ ရှုခင်းဓါတ်ပုံတွေကို တစ်ဝကြီးကြည့်ရဦးတော့မယ်''

''မသွားခင်လေးမှာ ခင်ဗျားကို ကျုပ်မတွေ့လိုက်ရတာ နာတယ်ဗျာ။ ကျုပ်မှာချင်တာလေးတွေ မှာလိုက်ချင်သေးရဲ့။ ဆောင်းတွင်းမှာ ခါကာဘိုရာဇီတောင်ကြီးပေါ်ကနေဆင်းပြီး ဆောင်းလာခိုတဲ့ ဘလူးရှစ် BLUE SHIP လို့ခေါ်တဲ့ နှင်းတောင်သိုးတွေ တဟွန်ဒမ်းရွာကလေးအထက်နားဆီက တောင်ခြေတွေကို ရောက်ရောက်လာတတ်ကြတယ်။ ကမ္ဘာ့ရှားပါး တောရိုင်းသိုးရွှာန်မျိုးပဲ ကိုထွန်းသျှောင်။ ခင်ဗျား တောင်ဆိတ်တွေ မြင်ဖူးတယ်မဟုတ်လား။ တောင်ဆိတ်နဲ့လည်း မတူဘူး။ သိုးနဲ့လည်း မဆင်ဘူး။ နှင်းတောင်သိုးတွေက အမွေးပိုရှည်တယ်။ ထူးခြားတာကတော့ သူ့ရဲ့ဦးချိုပဲ။ တုတ်ခိုင်ပြီး မုန့်ကျိုးလိမ်ပုံသဏ္ဍာန်မျိုးပဲ။ အကောင်အနေအထားနဲ့စာရင် ဦးချိုကကြီးလွန်းတယ်။ အဲဒီ ဘလူးရှစ် BLUE SHIP တွေကို စားကျက်တွေမှာစောင့်ပြီး အမိအရ ဓါတ်ပုံရိုက်ခဲ့ဖို့ ခင်ဗျားကို ကျုပ်မှာလိုက်မိမှာပဲ ကိုထွန်းသျှောင်''

''နောက်တစ်ခုမှာလိုက်ချင်တာကတော့ ''ရှီးပတီး''လို့ ခေါ်တဲ့ အင်တီနာ ANTENNA ပါတဲ့ အင်းဆက်ပိုးကောင်လေးတွေကို ရှာဖို့ပဲ။ အဲဒီ အင်းဆက်ပိုးကောင်လေးတွေဟာ ချုံပင်တွေကို အပင်ဖျားကနေ အမြစ်ဆုံးအထိ အတွင်းကနေ ဖောက်စားပြီး မြေပေါ်ကိုပြန်တက်ပြီး သေလေ့ရှိတယ်။ ချုံတစ်ပင်ကို 'ရှီးပတီး'တစ်ကောင်ကနေ သုံးကောင်အထိ စားလေ့ရှိတယ်။ အပင်တွေကိုကြည့်ပြီး 'ရှီးပတီး'ရှိမရှိကို သိနိုင်တယ်။ အဲဒီ 'ရှီးပတီး'တွေစားပြီးတဲ့အပင်တွေရဲ့ဘေးနားက မြေပြင်ပေါ်မှာပဲ ဖြစ်ဖြစ်၊ ရေခဲပြင်ပေါ်မှာပဲဖြစ်ဖြစ် အင်တီနာ



ANTENNA လေးတွေ ထောင်ထွက်နေတာ တွေ့ရတတ်တယ်။ အဲဒီနေရာကို တူးဆွပြီး ယူလိုက်ရုံပဲ။ ရေခဲပြင်အောက်မှာတွေ့ရတဲ့ 'ရှီးပတီး'က အကောင်သေးတယ်။ ရေခဲနဲ့ဝေးတဲ့နေရာမှာတွေ့ရတဲ့ 'ရှီးပတီး'က အကောင်ကြီးတယ်။ တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ အင်း ဆက် INSECT တစ်မျိုးပဲ ကိုထွန်းသျှောင်။ ကျုပ်နဲ့သိတဲ့ ENTOMO-LOGIST တစ်ယောက်ကိုတော့ သုတေသနလုပ်ဖို့ တိုက်တွန်းထားသေးတယ်။ တရုတ်ပြည်ဘက်က တိုင်းရင်းဆေးဆရာကြီးတွေဆိုရင် အဲဒီ 'ရှီးပတီး'ကို ဈေးကြီးပေးပြီးဝယ်တယ်။ စွမ်းသလားလို့မမေးနဲ့ ကိုထွန်းသျှောင်။ တကယ့်ကို ဆေးဖက်ဝင်တဲ့ ပိုးကောင်လေးတွေပဲဗျ။ ခင်ဗျားဈေးကြီးပေးပြီး ဝယ်ဝယ်သောက်နေတဲ့ အနောက်တိုင်းဟော်မုန်းဆေးတွေထက် ဆယ်ဆလောက် စွမ်းတယ်။ စာရှည်မှာစိုးလို့ ခင်ဗျားနဲ့တွေ့မှပဲ ဘယ်လိုစားရမယ်။ ဘယ်လိုဆေးဖက်ဝင်တယ်ဆိုတာတွေကို ပြောပြတော့မယ်။ လွန်ခဲ့ဟဲ့ သုံးနှစ်လောက်က ကျုပ်ရှာလို့ရထားတဲ့ ပျားရည်နက်ထဲမှာ အဲဒီပိုးကောင်လေးတွေကို စိမ်ပြီးထားတယ်။ ပျားရည်နက်ဆိုလို့ ခင်ဗျားခေါင်းရှုပ်မသွားနဲ့ဦး။ ပျားရည်က အဝါရောင်မဟုတ်ပဲ နက်မှောင်နေတာဗျို့။ သစ်ခေါင်းပျားရည်လို့လဲ ခေါ်တယ်။ သစ်ပင်ကြီးတစ်ပင်ရဲ့ သစ်ခေါင်းထဲက ပျားအုံကိုရှာပြီးဖွတ်ရင် အဲဒီပျားရည်ဟာ အနက်ရောင်ရတယ်။ ရိုးရိုးပျားရည်ထက် ပိုစွမ်းတယ်။ ဒါပေမယ့် သိပ်ရှားတယ်။ ခင်ဗျားကို ကျုပ်ပြင်ဖို့ပေးထားတဲ့ ကျုပ်ကင်မရာကို မြန်မြန်ပြီးအောင် ပြင်လာခဲ့ပါ။ ခင်ဗျားကို ပျားရည်နက်နဲ့ 'ရှီးပတီး' ပိုးကောင်လေးတွေကို တစ်ဝက်ခွဲပေးမယ်... ငကျွနပ်ပြီလား...''

ကျုပ်ဒီစာကိုရေးပြီး ခင်ဗျားရဲ့တူတော်မောင် ''မောင်

www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်''ကို ခင်ဗျားလာရင်ပေးဖို့ ထားခဲ့တာကတော့ ထွေထွေထူးထူးအကြောင်း မရှိပါဘူးဗျာ။ အဲဒီနေ့က ကျုပ်တစ်ယောက်တည်း လှော်ကားဥယျာဉ်ကြီးထဲကို ဒေါင့်တန်းပင် ရှာဖို့ရောက် သွားခဲ့တယ်။ အဲဒီ ဒေါင့်တန်းပင်က နွယ်ပင်တစ်မျိုးပါ။ အပွင့် ပွင့်ချိန်ဖြစ်လို့ ဓါတ်ပုံရိုက်ပြီး မှတ်တမ်းလေးလုပ်ထားချင်လို့ပါဗျာ။ ရန်ကုန်မှာတော့ တွေ့ရခဲတယ်။ ပုပ္ပါးတောင်မကြီးမှာတော့တွေ့ ရတတ်ပါတယ်။ ကျိုက်ထီးရိုးဘုရားဖူးသွားရင် ကျီးကန်းပါးစပ် ဘက်ကို ဆင်းကြည့်။ အဲဒီ ကျီးကန်းပါးစပ်နားက ဆေးပင်၊ ဆေးမြစ်၊ ဆေးဥတွေရောင်းတဲ့ ဆိုင်တွေမှာလည်း ဒေါင့်တန်းဥတွေကို တွေ့ရလိမ့်မယ်။ ဒေသအခေါ် အဝေါ်တွေကတော့ တော်တော်လေးကွဲလွဲနေတယ်။ တစ်ချို့ဒေသတွေမှာက အဲဒီ ဒေါင့်တန်းပင်ကို တောင်နံရံ တောင်စောင်းတွေမှာ တွေ့ရတတ်ပြီး အရွက်က ကြာရွက်နဲ့ဆင်လို့ တောင်ကြာပင်လို့ခေါ်ကြတယ်။ အဲဒီ ဒေါင့်တန်းပင် (တောင်ကြာပင်)ရဲ့ဥက ဆေးဖက်ဝင်တယ်။ ဘယ်လောက်အထိ ဆေးဖက်ဝင်သလဲဆိုရင် နိုင်ငံခြားမျိုးရင်းတွေ ဖြစ်တဲ့ လင်ဖီးမှိုတို့၊ ဂျင်ဆင်းမြစ်တို့တောင် ဒေါင့်တန်းဥ (တောင်ကြာဥ)နဲ့တွေ့သွားရင် ငိုသွားလိမ့်မယ်။ ဒါပေမယ့် ဆေးအညွှန်းကတော့ လိုတယ် ကိုထွန်းသျှောင်။ သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင် ဘေးဆိုတာ ဒီလိုဆေးမြစ်ဥမျိုးကို ပြောတာပဲဖြစ်ရမယ်။ ကျုပ်ကိုယ်တိုင် ကျောက်ပျားရည်နဲ့ ဖော်ထားတဲ့ ဒေါင့်တန်းဥ (တောင်ကြာဥ) ဆေးတွေ ရှိသေးတယ်။ ဘာတွေစွမ်းသလဲဆိုတော့ မမေးနဲ့ ကိုထွန်းသျှောင်။ ကျုပ်ခေါင်းပေါ်မှာ ဆံပင်ဖြူတစ်ပင်တောင် ရောက်မလာသေးတာပဲကြည့်။ အဲဒီ ဒေါင့်တန်းပင် (တောင်ကြာဥ) အစွမ်းပဲ။ နောက်ထပ် ဆေးစွမ်းပုံတွေကို ပြောနေရင်တော့ လိုရင်းရောက်တော့



မှာ မဟုတ်ဘူး။ ခင်ဗျားစားချင်ရင် လာယူတော့...''

''ကဲ...လိုရင်းပြောရရင်တော့ လှော်ကားဥယျာဉ်ကြီးထဲမှာ တောင် ဒေါင့်တန်းဥ (တောင်ကြာဥ)ကို အတော်ရှာယူရတယ်။ တော်တော်လေးမောမှ လျှိုစပ်လေးတစ်ခုက ဖက်ဝန်းပင်ကြီးမှာ နွယ်ပြီး ပေါက်နေတဲ့ ဒေါင့်တန်းဥ (တောင်ကြာဥ) တစ်ပင်ကို တွေ့ရတော့တယ်။ အပွင့်ကတော့ ပွင့်နေပြီ။ ပွင့်ခါစမို့ အပွင့်က သိပ်မကြီးဘူး။ စိတ်ကြိုက်ဓါတ်ပုံ သုံးလေးငါးပုံလောက် ရိုက်ပြီးလာခဲ့တယ်။ လှော်ကားဥယျာဉ်ကြီးထဲက ပြန်အထွက်မှာတော့ ဂိတ်ပေါက်ဝရှေ့က မောင်အောင်ကျော်ရဲ့ ရုံးခန်းကိုဝင်ခဲ့တယ်။ ဖနီးချောချောလေး ရထားခါစမို့လားမသိဘူး။ သူ့ကိုကြည့်ရတာ ခါတိုင်းထက်ပိုပြီး ပျော်ပျော်ရွှင်ရွှင်ဖြစ်နေပုံရတယ်။ သူ့ပျော်ရွှင်မှုတောင် ကျုပ်ကို ကူးစက်သွားသေးတယ်။ မောင်အောင်ကျော်က စိတ်ထားကောင်းသလို ဖော်ရွေမှုလည်းရှိတယ်။ ကျုပ်ကို လက်ရည်ချိုု၊ အကြော်မျိုးစုံတွေနဲ့ ညှိခံရှာပါတယ်။ အဲဒီ သူ့ရုံးခန်းထဲမှာပဲ ဒီစာကိုရေးပြီး ခင်ဗျားရန်ကုန်ပြန်ရောက်ရင်ပေးဖို့ လှူကြုံပါးခဲ့တာပေါ့ဗျာ...''

''ဒီစာရေးရတာကလဲ ထွေထွေထူးထူး အကြောင်းရှိလို့တော့ မဟုတ်ပါဘူးဗျာ။ လာမယ့် လဆန်းပိုင်းမှာ ဆရာကြီး ဦးဌေးအောင် ဖွင့်တဲ့ ဝိပဿနာစခန်းကို ကျုပ်ဝင်ဖို့ရှိတယ်။ ကျုပ် ဒီအရွယ်ရောက်လာပြီ။ ဘယ်ရိပ်သာမှာမှ တရားစခန်းဝင်ဖူးတယ်ကို မရှိခဲ့ဖူးဘူး။ ဒီတစ်ခါတော့ ကျုပ်ဘဝမှာ ပထမဦးဆုံးအကြိမ် တရားစခန်းဝင်ဖူးတာပဲဗျို့။ အလုပ်မအားတာကို အကြောင်းပြုပြီး အိမ်တိုင်ကို ဖက်ထားတာပေါ့ဗျာ။ တရားမွေနဲ့ပါတ်သက်တဲ့ စာအုပ်စာတမ်းတွေကို စဖတ်လာတာတော့ လေးလကျော် ငါးလ လောက်ရှိသွားပါပြီ။ အင်း...အဲဒါကလဲ ပြန်မြန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဗီဒီယိုက ကိုမြတ်စိုးရဲ့ ကျေးဇူးကြောင့်ပေါ့ဗျာ။ ကျုပ်တို့ ခင်ဗျားတို့ အသက်တွေဟာ ဇရာဦးပိုင်းလို့ခေါ်မလား။ ဇရာအစပိုင်းလို့ ခေါ်မလား။ အဲဒီနေရာကို ရောက်နေကြပြီ ကိုထွန်းသျှောင်။ ဒါကလည်း ကိုယ့်အတွက် လျှော့လျှော့ပေါ့ပေါ့လေးဖြစ်အောင် စကားလုံးထွင်ပြီး ပြောကြည့်တာပါဗျာ။ အမှန်ကတော့ ဇရာပိုင်းကို ရောက်နေကြပါပြီ''

''ကျုပ်တို့ ခင်ဗျားတို့လို လူပြိန်းတွေကတော့ ဇရာဆိုတာ အသက်ကြီးတာလောက်ပဲ သိထားကြတာကိုးဗျ။ အမှန်တော့ ဇိရဏံ ဇရာဆိုမှ ပိုပြီးပြည့်စုံတယ်။ ဆွေးမြေ့အိုမင်းခြင်းလို့ အနက်ထွက်တယ်။ ပိုပြီး လေးလေးနက်နက် အဓိပ္ပါယ်ဖွင့်ချင်ရင်တော့ ''ဇယန္တိ သတ္တာ သခါရာစ ဇိဏ္ဏာဘာဝံ ဂစ္ဆန္တိ တောယာတိ ဇရာ'' လို့ ကျမ်းဂန်တွေမှာပါတယ်။ ခင်ဗျား မှတ်ချင်ရင် မှတ်ထားနိုင်အောင် အနက်ကို လိုရင်းပြန်ရင်တော့ သတ္တဝါ သခါရတို့၏ ဆွေးမြေ့အိုမင်းကြောင်းဖြစ်သော တရားကို ဇရာဟုခေါ်သည်လို့ပဲ အဓိပ္ပါယ်ထွက်တယ်။ ဇရာအကြောင်း ရေးနေရင်တော့ ခင်ဗျားအိပ်ပိုက်သွားလိမ့်မယ်။ ကျုပ်ပြောချင်တာက ခင်ဗျားကို အလုပ်တွေ အပ်မခံနဲ့တော့။ ဇရာပိုင်းကို ရောက်နေပြီ။ အလုပ်ချိန်တွေလျှော့။ ပြီးတော့ တရားဓမ္မဘက်ကို အချိန်တိုးပေးပါလို့ သတိပေးချင်လို့ ဒီစာကို ရေးရတာပါဗျာ''

''ပြောသာပြောရတယ် ကိုထွန်းသျှောင်။ ကျုပ်လည်း တရားစခန်းဝင်မယ်ဆိုခါမှ လက်ကထုံလိုက်၊ ကျင်လိုက်၊ ခါးက နာလိုက်၊ ဇက်ကြောတက်လိုက်နဲ့ ချူချာလိုက်တာ မပြောပါနဲ့တော့။ ပိုပြီးဆိုးတာက ဆီးပဲ။ ဆီးကနည်းပြီး ဆီးသွားရင် အနည်ပါလာတယ်၊ တိုင်းရင်းမြန်မာဆေးစွမ်းကောင်း တစ်လက်ဖြစ်တဲ့ ဆီးချောဖြူလေးသောက်လိုက်မှပဲ ဆီးပြန်ရှင်လာပြီး ဆီးရောင်က ဖြူလာတယ်။ ''ယောက်ျား



မှာဆီး၊ မိန်းမမှာမီး'' ဆိုတဲ့ စကားသိပ်မှန်တယ်ဗျာ။ ကျုပ်တို့ယောက်ျားတွေက ဒီအရွယ်ရောက်ရင် ဆီးရောဂါဖြစ်တာများတယ်။ ဆီးကိုတော့ဂရုစိုက် ကိုထွန်းသျှောင်. . .။ နေ့စဉ်ရေသောက်တော့ မနည်းစေနဲ့ဗျို့။ အစာနည်းသွားလို့က သိပ်ကိစ္စမရှိဘူး။ ခန္ဓာကိုယ်ထဲမှာ လိုအပ်တဲ့ရေနည်းသွားရင် ကျောက်ကပ်ကို ထိခိုက်နိုင်တယ်။ [illegible] ပြောရဦးမယ်. . .။ ဗဟုသုတပေါ့ဗျာ။ လူရဲ့ ခန္ဓာကိုယ်မှာ ဆီးလမ်းကြောင်းအဖွဲ့ URINARY TRACT ဆိုတာရှိတယ်။ အဲဒီ အဖွဲ့ထဲမှာက ကျောက်ကပ် KIDNEY ရယ်၊ ဆီးအိပ် BLADDER ရယ်၊ ဗိုဂလင်း PROSTATE ရယ်ဆိုပြီး အင်္ဂါသုံးခုရှိတယ်။ ယောကျ်ားတစ်ယောက်ရဲ့ ခန္ဓာဗေဒဖွဲ့စည်းမှုကို ပြောတာနော်။ အဲဒီအထဲမှာ ကျောက်ကပ်က အရေးအကြီးဆုံးပဲ၊ ကျောက်ကပ်ထဲ ကျောက်တည် STONES IN KIDNEYS တို့၊ ကျောက်ကပ်ရောင်ရောဂါ GOUTY KIDNEYS တို့ဖြစ်ဖြစ်နေကြတာ ခင်ဗျားလဲ ကြားဖူးမှာပေါ့ဗျာ''

ကျောက်ကပ်အကြောင်းပြောနေတုန်း ကျောက်ကပ်နဲ့ ပါတ်သက်တဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို ခင်ဗျားကို ပြောပြဖို့ ကျုပ်သတိရလာတယ်။ အဲဒီအဖြစ်အပျက်လေးကို ဝတ္ထုတိုတစ်ပုဒ်လောက် ရေးလိုက်စမ်းပါဗျာ။ ခင်ဗျားက စာရေးကောင်းတယ်။ ကျုပ်က ဘယ်ကဘယ်လို စရေးရမှန်း မသိလို့ပါ။ တကယ့်ကို မိဘမေတ္တာဖွဲ့ ဇာတ်လမ်းလေးပဲ ကိုထွန်းသျှောင်။

''အဲဒီအကြောင်းမပြောခင်မှာ ခင်ဗျားကို ကျောက်ကပ်အစားထိုးကုသမှု KIDNEY TRANSPLANT အကြောင်းကို ကျုပ်သိသလောက် နည်းနည်းပြောပြထားဖို့ လိုလိမ့်မယ်''

''တစ်ခြားနိုင်ငံကြီးတွေနည်းတူ ကျုပ်တို့နိုင်ငံမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆေးပညာရှင် သမားတော်ကြီးတွေရဲ့ ပညာဂုဏ်ကျေးဇူးကြောင့် ကျောက်ကပ်အစားထိုးကုသမှုတွေကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြပြီ ကိုထွန်းသျှောင်။ ရှင်တဲ့သူ LIVE DONOR ဆီက ကျောက်ကပ်ကို ယူပြီး အစားထိုးကုသတာရှိသလို၊ သေတဲ့သူ CADAVERIC DONOR ဆီကလည်း ကျောက်ကပ်ကိုယူပြီး အစားထိုးကုသတာရှိ တယ်။ အဲဒီ CADAVERIC DONOR ကလည်း ရောဂါဘယနဲ့ သေတဲ့သူမဖြစ်ရဘူး။ ရုတ်တရက် ထိခိုက်ဒဏ်ရာရပြီး သေသွားတဲ့သူရဲ့ ကျောက်ကပ်ကို သေပြီးပြီးချင်း ၄၈နာရီ ခြောက်နာရီအတွင်းမှာယူပြီး ကျောက်ကပ်အစားထိုးကုသမှု ပြုလုပ်လို့ရတယ်။ တစ်ချို့ CADAVERIC DONOR မျိုးက ဦးနှောက်ရဲ့ လုပ်ငန်းတာဝန်တွေ ရပ်ဆိုင်းသွားပြီး BRAIN DEATH ဖြစ်သွားတာပေါ့ဗျာ။ နှလုံးကတော့ အလုပ်လုပ် နေတယ်။ အသက်ရှူစက်နဲ့ အသက်ရှူအောင် လုပ်ထားတယ်။ အဲဒီလို ဖြစ်နေတဲ့ CADAVERIC DONOR ဆီကလည်း ကျောက်ကပ်ကိုယူပြီး အစားထိုးကုသမှု ပြုလုပ်လို့ရတယ်။ လူတစ်ယောက်ရဲ့ ခန္ဓာဗေဒဖွဲ့စည်းမှုမှာ ကျောက်ကပ်နှစ်ခုရှိပေမယ့် ကျောက်ကပ်တစ်ခု ထဲ ကျန်ရင်လည်း အသက်ရှင်မှု အခွင့်အလမ်း သိပ်နည်းမသွားပါဘူး။ ကျောက်ကပ်မှာက REGENERATIVE POWER လို့ခေါ်တဲ့ ပြန် လည်ရှင်သန်နိုင်တဲ့ ခွန်အားရှိလို့ပါပဲ။ ကျောက်ကပ်ကိုဖွဲ့စည်းထားတဲ့ NEPHRONS လို့ခေါ်တဲ့ အနည်စစ်ယူနစ်လေးတွေဟာ ပျက်စီးခဲ့ တယ်။ ကျောက်ကပ်အကြောင်းက ဒီလောက်ပဲ သိထားရင်ရတယ်။ ကျုပ်လဲသိပ်သိတာမဟုတ်ဘူး။ ခင်ဗျားလဲ သိသားပဲ။ ကျုပ်က ကျောက် သင်ပုန်းတစ်ချပ်၊ ကျောက်တံတစ်လက်နဲ့ ဗေဒင်တွက်စားတဲ့သူ။ အပြင် ဗဟုသုတတွေ သိပ်ရှိတာမဟုတ်ဘူး ... ကိုထွန်းသျှောင်''



''ကျောက်ကပ်အကြောင်းက ဝတ္ထုရေးတဲ့အခါမှာ ပါရမယ့် အကြောင်းအရာမဟုတ်ဘူး။ ကျုပ်ပြောမယ့် ဇာတ်လမ်းအတွက် အဓိက သိထားရမှာက ကျောက်ကပ်အစားထိုးခွဲစိပ်ကုသမှုမလုပ်ခင်မှာ ကျောက်ကပ်လှူမယ့်သူရဲ့သွေးနဲ့ ကျောက်ကပ်အလှူခံမယ့်သူရဲ့သွေးကို တိုက်ဆိုင်စစ်ဆေးမှုပြုလုပ်ရတယ်။ အဲဒါကို TISSUE TYPING လုပ် တယ်လို့ခေါ်တယ်။ HLA လို့လဲခေါ်တယ်။ အရှည်ခေါ်တာကတော့ HUMAN LEUCOCYTE ANTIGEN လို့ခေါ်တယ်။ နှစ်ဦးနှစ်ဖက်ရဲ့ သွေးထဲမှာပါတဲ့ ပဋိလုံ့ပစ္စည်း ANTIGEN တွေဟာ ငါးဆယ်ရာခိုင်နှုန်း အနည်းဆုံးတူမှ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ပြုလုပ်လို့ရ တယ်။ သွေးချင်းထဲကဆိုရင် တူတာများပါတယ်။ သွေးသား မတော်စပ် ပေမယ့်လည်း တူတာတွေရှိပါတယ်။ အဲဒီ TISSUE TYPING အကြောင်းကို အနည်းအကျဉ်းလောက်သိထားမှ ကျုပ်ပြောတဲ့ အဖြစ် အပျက်လေးကို ဝတ္ထုရေးလို့ရမှာ ကိုထွန်းသျှောင်...''

''ကဲ...အချိန်သိပ်မရဘူး။ ဇာတ်လမ်းလေးကို လိုရင်းတိုရှင်း ပဲပြောကြရအောင်လားဗျာ။ ဒီလိုဗျ...တစ်နေ့ ကျုပ်ဆီကို အသက် ခြောက်ဆယ်လောက်နီးပါးရှိတဲ့ မိန်းမကြီးတစ်ဦးနဲ့ အသက်နှစ်ဆယ့် ငါးနှစ်ဝန်းကျင်လောက်ရှိတဲ့ ကောင်မလေးတစ်ယောက်ရယ် ရောက် လာကြတယ်။ ပထမ ကျုပ်ထင်တာက သားအမိလို့ထင်တယ်။ မဟုတ် ဘူးဗျ။ သမီးယောက္ခမနှစ်ယောက်ကိုဗျ... အဲဒီမိန်းမကြီးရဲ့သား ကောင်မလေးရဲ့ယောက်ျားက ကျောက်ကပ်အစားထိုးကုသဖို့ ဆေးရုံကိုရောက်နေတယ်။ အမေ့ဆီက ကျောက်ကပ်၊ ဒါမှမဟုတ် ဇနီးသည်ဆီက ကျောက်ကပ် ဘယ်သူ့ကျောက်ကပ်ကို အစားထိုးကုသ ရင် ပိုကောင်းမလဲဆိုတာကို ဗေဒင်လာမေးကြတာပါဗျ။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံးကို TISSUE TYPING လုပ်ပြီးပြီ။ နှစ်ယောက်စလုံး အိုကေပဲ။ သမားတော်ကြီးတွေအနေနဲ့တော့ ဘယ်သူ့ကျောက်ကပ်ကို ယူယူ အောင်မြင်အောင်ခွဲစိတ်နိုင်မှာပဲ။ အဲဒီတော့ သမီးယောက္ခမ နှစ်ယောက်တိုင်ပင်ပြီး စောစောကပြောသလို ဗေဒင်အရ ဘယ်သူ့ ကျောက်ကပ်နဲ့ဆိုရင် လူနာအတွက် ပိုကောင်းမလဲဆိုတာ လာမေးတာ ပေါ့ဗျာ။ ကျုပ်တို့ မြန်မာတွေ တော်တော်များများဟာ အိမ်ဆောက်တာတို့၊ အိမ်ထောင်ပြုတာတို့၊ ကလေးမွေးတာတို့ကအစ ဗေဒင်လေးမေးလိုက် ရမှ ကျေနပ်ကြတာကိုးဗျ။ ကျုပ်ဆီမှာလည်း ထီးဝယ်၊ ငါးဝယ်၊ ဖိနပ် ဝယ်၊ လက်သဲညှပ် ဝယ်တာကအစ အဝင်တော်မတော် ဗေဒင်လာ မေးတဲ့သူတွေရှိတယ် ကိုထွန်းသျှောင်။ အစွဲအလမ်းလွန်တာပေါ့ဗျာ။ ကဲ... ဒါတွေထားပါတော့... အရေးကြီးတာ ဆက်ပြောရဦးမယ်''

''ကျုပ်က လူနာရဲ့မွေးသက္ကရာဇ်ကိုမေးပြီး ဆန်းတိုင်ထုလိုက် တော့ ကြာသပတေးသက်ရောက်နေတယ်။ ဒါပေမယ့် လူနာက အင်္ဂါသား၊ ဆန်းတိုင်မှာက အင်္ဂါတိုင်ထိပ်မှာရောက်နေတော့ ခွဲစိတ် ကုသမှု အောင်မြင်မယ်။ ဆရာကောင်း၊ ဆေးစွမ်းကောင်းတွေနဲ့တွေ့ မယ်လို့ အဟောထွက်တယ်။ တနင်္လာပြခွင်မှာရောက်နေလို့ ကျောက် ကပ် ဒါနပေးတာကိုးဗျ။ ကျောက်ကပ်ကို တနင်္လာနံယူရမှာပဲလေ... ခက်တာက လူနာရဲ့ဇနီးသည်က တနင်္လာသမီးဗျ။ တနင်္လာသမီးရဲ့ ကျောက်ကပ်ကိုယူပြီး အစားထိုးကုသရင်တော့ သိပ်မကောင်းလှဘူး။ အမေဖြစ်သူကတော့ တနင်္ဂနွေသမီး။ တနင်္ဂနွေက လူနာရဲ့ ဆန်းတိုင်မှာ တန်းစီးမှာရှိနေတာကိုးဗျ။ ဒါကြောင့် သူ့အမေရဲ့ ကျောက်ကပ်ကို အစားထိုးရင်တော့ ပိုပြီးကောင်းတယ်။ ဗေဒင်အရပြောတာနော်... ကြာသပတေး သက်ရောက်မှာက ဘယ်လိုအဟောထွက်သလဲဆိုရင်

www.burmeseclassic.com



အမိအဖအကူအညီကိုရမည်။ အမွေအနှစ်ရမည်။ တနင်္ဂနွေ၊ အင်္ဂါသား သမီးတို့၏ အကူအညီကိုယူရင် ကောင်းတယ်လို့ အဟောထွက်တယ်''

''အဲဒီတော့ ကျုပ်က တနင်္ဂနွေသမီးဖြစ်တဲ့ မိခင်ရဲ့ ကျောက် ကပ်ကိုပဲ အစားထိုးကုသသင့်တယ်လို့ ဟောလိုက်တယ်။ လာပြီဗျို့ ကိုထွန်းသျှောင် အဲဒီနေရာဟာ ဇာတ်လမ်းအစ၊ အဲဒီ နေရာဟာ ဇာတ်လမ်းအလယ်၊ အဲဒီနေရာဟာ ဇာတ်လမ်းအဆုံးပဲ။ သေချာ နားထောင်နော် ကိုထွန်းသျှောင်။ ကျုပ်စကားကို ကြားလိုက်တာနဲ့ တစ်ပြိုင်နက်တည်းမှာ သူတို့နှစ်ယောက်စလုံးရဲ့ မျက်နှာတွေမှာ အပြုံးရိပ်လေးတွေ ဖြတ်သန်းသွားတာကို ကျုပ် သေသေချာချာ သတိထားမိလိုက်တယ်။ အပြုံးချင်းတူပေမယ့် အဲဒီအပြုံးတွေရဲ့ သဘောဆောင်မှုက မတူကြဘူး။ လူနာရှင်ရဲ့ အမေဖြစ်သူရဲ့အပြုံးနဲ့ ဇနီးဖြစ်သူရဲ့အပြုံးက အဓိပ္ပါယ်ခြင်းကွာခြားနေတယ်။ တစ်မျိုးစီပဲဗျာ။ အမေဖြစ်သူရဲ့အပြုံးက ငါဝမ်းနဲ့ ကိုးလလွယ် ဆယ်လဖွားခဲ့ရတဲ့ ငါ့ သားရဲ့အသက်ကို ငါကယ်ခွင့်ရပြီဆိုတဲ့သဘောကိုဆောင်တယ်။ ဇနီးဖြစ်သူရဲ့အပြုံးကိုတော့ ခင်ဗျားဘာသာခင်ဗျား စဉ်းစားကြည့်ပေ တော့။ ကျုပ်လည်း ပြောရမှာအားနာတယ်''

ဝတ္ထုရေးရင်တော့ နဲနဲခက်လိမ့်မယ်။ ဇာတ်လမ်းမရှိ၊ ဇာတ် အိမ်မရှိ၊ ဇာတ်ကွက်မရှိ၊ ဇာတ်လှည့်မရှိ၊ ဇာတ်ရှိန်မရှိ၊ ဇာတ်အတက် မရှိ၊ ဇာတ်အဆင်းမရှိ၊ ဇာတ်အတန့်မရှိ၊ ဇာတ်ကျောရိုးမရှိဆိုတော့ ကျုပ်အနေနဲ့တော့ ဝတ္ထုတိုတစ်ပုဒ်ဖြစ်လာအောင် ဘယ်လိုမှ မရေးတတ်တော့ဘူး။ ခင်ဗျားမှာက ဝတ္ထုတိုရေးနည်း အတတ်ပညာ ရှိတယ်။ ဇာတ်လမ်းဆင်ပြီးရေးပေတော့ ကိုထွန်းသျှောင်။ ရေးပြီးရင် တော့ စာမူကို ကျုပ်ဆီကိုလာပေးပါ။ မနောကြာဖြူမဂ္ဂဇင်းမှာ ကျုပ်

www.burmeseclassic.com


www.burmeseclassic.com



ပါအောင်ထည့်ပေးမယ်။ အဲဒီမဂ္ဂဇင်းမှာ အယ်ဒီတာလုပ်နေတဲ့ **ဖင်ဝေယံနီ**ဆိုတဲ့ စာရေးဆရာက ကျုပ်တို့ တောင်တွင်းကြီးသားဗျ။ တောင်တွင်းကြီးသားအချင်းချင်း ဘယ်လိုကူညီတယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား...။ ကဲ...ဒီစာဖတ်ပြီးရင်တော့ အမြန်ဆုံးရေးပေတော့ ... ကိုတွန်းသျှောင်။ ကျုပ်...အဲဒီဝတ္ထုလေးကို ဖတ်ချင်လှပြီ..."

*ရွှေဂါခပ်သိမ်း ငြိမ်းကြပါစေ*
*ဝင်းဇော် (သစ်တော)*





www.burmeseclassic.com

www.burmeseclassic.com

## အမိုက်ရဲ့ အိုင်အဖစ်

'ကြည့်လဲ ပြောကြစမ်းပါဦး အရပ်ကတို့ရေ လို့ ကျုပ် အော်ပစ်လိုက်ချင်တယ်။ တကယ်ပါဗျာ ဘယ့်နှယ်... ကျုပ်တူမ လုပ်လိုက်ပုံကိုလည်း ကြည့်ကြစမ်းပါဦး။ တကယ်ဟုတ်မှ ဟုတ် ရဲ့လား။ ကျုပ်တူမ အရှင်းခေါက်ခေါက်ကြီးပေါ့ဗျာ။ ကျုပ်အစ်ကိုလတ်က မွေးထားတဲ့ တစ်ဦးတည်းသော သမီးလေးလေဗျာ။ အသက် -၂၃နှစ်လောက်ပဲ ရှိဦးမယ်။ မဟာသိပ္ပံ ရူပဗေဒဘွဲ့ကို ကျမ်းပြုဖို့ပဲ ကျန်တော့တယ်။ ကွန်ပျူတာသင်တန်းဆင်းလက်မှတ်ကလည်း နှစ်စောင်ကျော်လောက် ရေစာအေးသမ်းတယ်ထင်တယ်။ ဒီကြားထဲမှာ စကားပြောသင်တန်း၊ ဘာသင်တန်း၊ ညာသင်တန်းတွေကလည်း တက်လိုက်သေးတယ်ဗျ။ မျိုးရိုးလိုက်လို့လားမသိဘူး။ ရုပ်ရည်ရူပကာကလည်း ဖြူဖြူစင်စင် သန့်သန့်ပြန့်ပြန့်လေးဗျာ။



ကျုပ်လား ပြောပါသေးတယ်ဗျာ။ ပြောပါသေးတယ်။ 'နှင်နဲ့ဟာ အိမ်ဖော်လုပ်မလို့များ ဒီလောက်ပညာတွေကို ဘာဖြစ်လို့ သင်နေရသေးလဲ။ စာရေးတာတ်ဖတ်တာတ်အရွယ်ထဲက ကျောင်းထွက်ထားလိုက်ရောပေါ့၊ အိမ်ဖော်လုပ်ချင်ရင်လည်း အိုးမကွာ၊ အိမ်မကွာ ကိုယ့်တိုင်းပြည်မှာပဲ လုပ်ရောပေါ့။ ခုတော့ နင့်ဟာက တနယ်တကျေးက လူမျိုးခြား တစိမ်းတရံစာတွေဆီမှာဆိုတော့ ငါတို့ ဘယ်လိုလုပ်ပြီး စိတ်ချနိုင်ပါ့မလဲဟ' ကျုပ် ဒီလိုပြောတော့ သူက ဘယ်လိုပြန်ပြောသလဲ သိလား။ 'ဦးလေးက ဘာသိလို့လဲ။ ဦးလေးကတော့ သိပ်ခေတ်နောက်ကျနေပါပြီ။ ဒါကြောင့်မို့လည်း ကွန်ပျူတာခေတ်မှာ ဗေဒင်ဆရာဖြစ်နေတာပေါ့။ ဒီမှာ အိမ်ဖော်လုပ်ရတာက ဒေါ်လာမရဘူး။ တခြားတိုင်းပြည်မှာ အိမ်ဖော်လုပ်ရတာက ဒေါ်လာရတယ် ဦးလေးရဲ့''တဲ့ဗျာ။

ကဲ... ဘယ်နှယ့်ရှိစ။ ကြားတော်မူတဲ့အတိုင်းပါပဲဗျာ။ ကျုပ်လား ကျုပ် ဘာပြန်ပြောနိုင်ပါ့မလဲဗျာ။ မတုန်မလှုပ် သစ်ငုတ်ပေါ့။ ဟုတ်တော့လည်း ဟုတ်တာပါပဲဗျာ။ ဒီဒေါ်လာဆိုတဲ့ကောင်မရှိရင် ဆန့်ဝယ်စားလို့ မရတော့ဘူးများ ထင်နေကြလား မသိဘူး။ ဟိုနေရာသွားလည်း ဒေါ်လာ၊ ဒီနေရာသွားလည်း ဒေါ်လာ၊ တောက်... ဒီဒေါ်လာဆိုတဲ့ကောင် သေမှအေးမယ်။

''ကွန်ပျူတာခေတ်မှာ ဗေဒင်ဆရာဖြစ်နေတာ''ဆိုတဲ့ ကျုပ်တူမရဲ့ စကားဟာ ကျုပ်နားထဲက တော်တော်နဲ့ မထွက်တော့ဘူးဗျာ။ ဘာဖြစ်လို့လဲသိလား။ ဒီစကားဟာ ပြီးခဲ့တဲ့လပိုင်းလောက်က ကျုပ်ကိုယ်တွေ့ကြုံလိုက်တဲ့ အဖြစ်အပျက်လေးတစ်ခုနဲ့ သွားတိုက်ဆိုင်နေလို့ပေါ့ဗျာ။ ကဲ...တိုတိုပဲပြောပြတော့မယ်။ တစ်နေ့ ကျုပ်အိမ်ရှေ့ကို အဖိုးတန်ကားကြီးတစ်စင်း ထိုးဆိုက်လိုက်ပြီး အသက်ငါးဆယ်ကျော်

www.burmeseclassic.com

www.burmeseclassic.com



အရွယ်လောက်ရှိတဲ့ ဖြူဖြူဖိုင့်ဖိုင့် အမျိုးသမီးကြီးတစ်ဦး ဆင်းလာတယ်။ ဒုကြီး ဒယ်ကြီး အထည်ကြီးထဲကမှန်း မြင်ရုံနဲ့ အတတ်ပြောနိုင်တယ်။ ကဲ... ထားပါတော့လေ။ အဲဒါက သိပ်အရေးမကြီးပါဘူး။ အထည်ကြီးပဲ လာကြည့်ကြည့်၊ အထည်သေးပဲ လာကြည့်ကြည့် ကျုပ်ကတော့ ဗေဒင် ဟောရမှာပဲ မဟုတ်လား။ လက်စသတ်တော့ အဲဒီမိန်းမကြီးက ပစ္စည်းပျောက်လာမေးတာကိုးဗျ။ ဥစ္စာပျောက် ငရဲရောက်မယ့် ကိစ္စထဲမှာ အစုရှယ်ယာလာဝင်နိုင်းတာနဲ့ မတူဘူးလားဗျ။ နောက်ပြီး သူပြောတဲ့စကားက တော်တော်လေး ရင့်သီးတယ်ဗျ။ ခင်ဗျားတို့ပဲ နားထောင်ကြည့်ပါဦးဗျာ။ ''အစ်မကြီးရဲ့ စိန်လက်စွပ်တစ်ကွင်း ပြီးခဲ့တဲ့ ဆယ်ရက်ကျော်လောက်က ပျောက်သွားလို့ပါ။ အဖိုးကတော့ သိပ်မတန်ဘူး။ ဆယ်သိန်းကျော်လောက်ပဲ တန်ပါတယ်။ ပစ္စည်းကို နှမြောလို့ မဟုတ်ပါဘူး။ ယူတဲ့လူ ဘယ်သူလဲဆိုတာ သိချင်လို့ပါ''တဲ့။ ကဲ ကြားတော်မူကြတဲ့အတိုင်းပါပဲဗျာ။ သူ့စကားကို ကြားလိုက်တော့ လှိုင်သာယာ မီးခွက်ဈေးနားမှာနေတဲ့ ကိုပေါက်စကို ကျုပ်က ဟောဒီလို အော်ပြောလိုက်ချင်သေးရဲ့။ ''ဟေ့...ကိုပေါက်စ ခင်ဗျား မနေ့က ဆန်ဖိုးမရှိလို့ ငွေတစ်ရာ ကျုပ်ဆီမှာ ဝင်ချေးသွားတယ်မဟုတ်လား။ အဲဒီအကြွေးကို လာမဆပ်နဲ့တော့။ ကျုပ် သိပ်ကံကောင်းသွားပြီဗျ။ ကျုပ်ဘဝမှာ ငွေဆယ်သိန်းကျော်ကို မနှမြောတဲ့လူကို မြင်ဖူးသွားပြီဗျ'' ဟုတ်တယ်လေဗျာ။ ကျုပ်စိတ်ထဲမှာ တော်တော်လေး အချဉ်ပေါက်သွားတယ်။ စောစောက ကျုပ်ပြောသလို ထပြီး မအော်မိအောင် ကျုပ်စိတ်ကို မနည်းကြီး ချုပ်တီးထားလိုက်ရတယ်။

နောက်ပြီး ဘာပြောလိုက်သေးလဲသိလား။ ''အစ်မကြီး အိမ်က လူများတယ်ကွဲ့။ ဒါပေမယ့် သားသမီးတွေနဲ့ သမက်တွေ ချွေးမ



တွေချည်းပါပဲ။ အားလုံးပညာတတ်တွေချည်းပဲနော်။ အိမ်အစေခံအတွက် ညှိသည်တွေကလည်း အဆင့်အတန်းမြင့်မြင့်တွေထဲကပါပဲ။ သူစိမ်းဆိုလို့ လွန်ခဲ့တဲ့ နှစ်လလောက်က တောကခေါ်လာတဲ့ ''ရွှေစာ''ဆိုတဲ့ အိမ်ဖော်မလေးပဲရှိတယ်။ သူရောက်ပြီးမှ ဟိုတစ်ခုဒီတစ်ခုနဲ့ မကြာခဏ ပစ္စည်းတွေ ပျောက်လာတယ်။ အဲဒါကြောင့် ဆရာလေးပညာနဲ့ သူခိုးဖော်ပေးဖို့ပါပဲ'' တဲ့ဗျာ။

ကဲ...ကြားတော်မူကြတဲ့ အတိုင်းပါပဲ။

''ဒီမှာ ဗေဒင်ဆရာ စိန်လက်စွပ်တစ်ကွင်း ပျောက်သွားတယ်။ ဗေဒင်တွက်ခယူပြီး အိမ်ဖော်မလေးရွှေစာ ခိုးတယ်လို့ ဟောပေးပါ''လို့ ပြောလိုက်တာကမှ နားထောင်ကောင်းဦးမယ်၊ ခုတော့ ကြားရတာ နားမှာ တကယ်မချမ်းသာဗျာ။ ဘယ့်နှယ်ဗျာ မြေနိမ့်ရာ လှံစိုက်နိုင်းတာတော့ လျှာပေါ်မြက်ပေါက်ပါစေ၊ မစိုက်ရေးချမစိုက်။ ဒီတော့ ...

''ကျုပ်ရဲ့ ဗေဒင်ပညာက သိပ်မနက်ရှိုင်းပါဘူး။ တိမ်တိမ်လေးပဲ ရှိပါသေးတယ်။ သူခိုးမဖော်နိုင်ပါဘူး အစ်မကြီး''လို့ ကျုပ်က သိမ်သိမ်မွေ့မွေ့ပြုန်ပြောလိုက်တယ်။ ကျုပ်စကားကို ကြားလိုက်ရတော့ အဲဒီအမျိုးသမီးကြီးက ကျုပ်ကို အထင်သေးသွားပုံရတယ်။ ကြည့်ပုံကြည့်နည်း ပြောင်းသွားတာကိုးဗျ။

''အစ်မကြီးကတော့ ဆရာလေး အမှန်အတိုင်း ဝန်ခံတာကို သဘောကျပါတယ်။ ဟုတ်ပါတယ်လေ။ ဒီခေတ်မှာက တကယ်တတ်လို့ လုပ်စားတဲ့လူခပ်ရှားရှားပါ။ ဒါပေမယ့် ကိုယ်ထမင်းရှာစားနေတဲ့ ပညာကိုတော့ တိမ်နေရင်နက်အောင်လုပ်ပေါ့ကွာ။ အစ်မကြီး ဒီကို ရောက်လာကတည်းက မိတ်ဆွေတစ်ယောက်က ညွှန်လိုက်လို့ပါ။ သူခိုး ဘယ်သူဆိုတာကို အစ်မကြီးတို့က အထင်နဲ့ စွပ်စွဲနေတာမဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



နေ၁်။ အစ်မကြီးရဲ့တူမတစ်ယောက်က အမေရိကားမှာရှိတယ်။ ကွန်ပျူတာအိပ်စပတ် တစ်ယောက်ပဲ၊ စိန်လက်စွပ်ပျောက်ပျောက်ခြင်း သူ့ဆီကို အိမ်သားတွေနဲ့ အိမ်အဝင်အထွက်ရှိတဲ့သူတွေရဲ့ ''ဘိုင်အိုဒေတာ'' တွေကို ပို့ပြီး ကွန်ပျူတာနဲ့ သူခိုးဖော်ခိုင်းလိုက်တယ်။ မနေ့က သူ့ဆီက တယ်လီဖုန်းပြန်ဆက်တယ်။ ကွန်ပျူတာမှာက ရွှေစာနီးတယ်လို့ပဲ ထွက်တယ်တဲ့ကွယ်''

ကဲ... ကြားတော်မူကြတဲ့အတိုင်းပါပဲ။ တော်တော်ကြီးကျယ်တဲ့ စကားသက်သက်မဲ့ ကျုပ်ကိုလာပြီး ဇော်ကားတယ်။ ဒီတစ်ခါတော့ ငြိမ်ခံနေလို့မဖြစ်ဘူး။ ဟုတ်တယ်ဗျ။ ငြိမ်ခံနေလို့ မဖြစ်တော့ဘူး။

''ခင်ဗျားရဲ့ ကွန်ပျူတာက လူတန်းစားခွဲပြီး မြေနိမ့်ရာ လှံစိုက်လို့ ဖြစ်မှာပေါ့ဗျာ''

ဘယ်ရမှာလဲ၊ ကျုပ်လဲ ပြန်တွယ်လိုက်တယ်။ ဒါပေမယ့် သူကလဲ အာဂ၊ ကျုပ်ကိုပညာသားပါပါ ပြန်တွယ်သွားပြန်တယ်ဗျ။

''အင်းလေ...ဆရာလေးတို့က ဗေဒင်ဆရာဆိုတော့ ကွန်ပျူတာအကြောင်း ဘယ်သိပ့်ါမလဲ''

အဲဒီတော့ ကျုပ်လား ဘာပြန်ပြောရမှန်းတောင် မသိဘူး။ မတုန်မလှုပ် သစ်ငုတ်ပေါ့ဗျာ။

တောက်.ကွန်ပျူတာခေတ်မှာ ဗေဒင်ဆရာဖြစ်ရတာ နာတယ်ဗျာ။

✣ ✣ ✣ ✣ ✣ ✣



ကျုပ်စောစောက ပြောခဲ့တဲ့ အမျိုးသမီးကြီးလို အဖြစ်သည်းတဲ့လူတွေဟာ ဒီလောကကြီးမှာ တပုံကြီး အများကြီးဗျ။ အဖြစ်သည်းတယ်ဆိုတာ ကိုယ်မှကိုယ်ဆိုတဲ့ ဉာဉ်မျိုးဗျ။ ကိုယ်မှကိုယ်ဆိုတဲ့ ဉာဉ်ရှိတဲ့သူဟာ သူတစ်ပါးကို ဇော်ကားဖို့ ဝန်မလေးတော့ဘူး။ တိုရှင်းလိုရှင်း ပဲပြောကြစတမ်းဆိုရင်တော့ မိမိကိုယ်သာ ပဓါနဝါဒီတွေရဲ့ ဉာဉ်ဆိုးပေါ့ဗျာ။ ကျုပ်ကို ကမ္ဘာပေါ်မှာ အဖြစ်သည်းဆုံးသူကိုပြပါဆိုရင် ကျုပ်သူငယ်ချင်းရဲ့မိန်းမကို ပြရမှာပဲ။ သူ့နာမည်က ''ဘက်တီ''တဲ့ဗျ။ အသက်လေးဆယ် ကျော်ကျော်လောက်ပဲ ရှိမှာပေါ့။ ကျုပ်နဲ့ အသက်မတိမ်းမယိမ်းလောက်ပဲရှိမယ်။ တက္ကသိုလ်မှာတုန်းက ဘက်တီယောက်ျားနဲ့ ကျုပ်နဲ့က သစ်တောအဓိကယူကြတယ်။ ဘက်တီက ဓါတုဗေဒကျောင်းသူ၊ ပထမနှစ်မှာပဲ သူတို့ရည်ငံသွားကြတယ်၊ ဒီထဲက ဘက်တီကိုပါ ကျုပ်လဲ ခင်မင်သိကျွမ်းခဲ့ရတယ်။

ခုတော့ ကျုပ်သူငယ်ချင်းက ဌာနတစ်ခုမှာ ရာထူးကြီးကြီးထဲက ဖြစ်နေပြီဗျ။ တော်တော်လေးလဲ ချမ်းသာနေပြီ။ တိုက်တွေ၊ ကားတွေ၊ အဖိုးတန်မြေကွက်လေးတွေနဲ့ပေါ့ဗျာ။ ''ဘက်တီ'' လည်ပင်းမှာလဲ စိန်ဘယက်တွေနဲ့ ညွတ်နေပြီလေ။ ဒါတွေကလဲ နှစ်ဦးနှစ်ဖက်မိဘတွေဆီက အမွေရလိုက်တယ်လို့ ပြောကြဆိုကြသံတွေတော့ ကြားလိုက်ရတာပါပဲ။ ဒါပေမယ့် ကျုပ်သိရသလောက်ကတော့ ကျုပ် သူငယ်ချင်းရော ''ဘက်တီ''ပါ တက္ကသိုလ်တုန်းက ဘက်(စ်)ကားစီးပြီး ကျောင်းတက်ခဲ့ကြတာပါပဲဗျာ။ အင်းလေ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲက လို မွေးစားမိဘတွေပေါ်လာပြီး အမွေတွေစုပုံရလိုက်တာလဲ ဖြစ်နိုင်တာပေါ့လေ။ ဒါပေမယ့် ဒါက အရေးမကြီးပါဘူး။ ပြောပြချင်တာက ''ဘက်တီ''တစ်ယောက် အဖြစ်သည်းပုံကို ပြောချင်တာပါ။ ကျုပ်သိရ

www.burmeseclassic.com

www.burmeseclassic.com



သလောက်တော့ အစက “ဘက်တီ”ဟာ ဒီလိုမဟုတ်ဘူးဗျ။ တဖြည်းဖြည်း ချမ်းသာလာပြီးမှ တဖြည်းဖြည်း အဖြစ်သည်းလာတာဗျ။ ကျုပ်သူငယ်ချင်းလဲ ရာထူးတဖြည်းဖြည်း တက်လာတာနဲ့အမျှ “ဘက်တီ”ကို တဖြည်းဖြည်း အလိုလိုက်လာတယ်။ (အင်း...မိန်းမကြောက်ရတယ်ဆိုတဲ့ စကားကို ရှိုင်းလို့မသုံးတော့ပါဘူး)။

အဲဒီလို သူ့ယောကျ်ားက တဖြည်းဖြည်း အလိုလိုက်တာနဲ့ အမျှ “ဘက်တီ”လဲ တဖြည်းဖြည်း ဝဖိုင့်လာတယ်။ လက်မောင်းကြီး တစ်ဖက်တစ်ဖက်များ ငှက်ပျောတုံးကြီးကို ဆင်နှင်းထားသလိုပဲ။ ခါးကြီးကလည်း သံစည်ပိုင်းပြတ်ကြီးကို စွပ်ထားသလိုဗျ။ လည်ပင်းက အသားရစ်ကြီးတွေကလည်း ကားတာယာဘီးကြီးတွေ တပ်ထားသလိုပဲ ထားပါတော့လေ။ သူတစ်ပါးပါးက ပါးကွက်ကို မှဲ့ရွဲ့မပြတာ အကောင်းဆုံးပဲ။ အဲဒီလို ဘက်တီဟာ တဖြည်းဖြည်း ဝဖိုင့်လာလေ တဖြည်းဖြည်း အဖြစ်သည်းလာလေပဲဗျ။ ဘက်တီ အဖြစ်သည်းလိုက်ပုံ အများကြီး တွေထဲက တစ်ခုခုကို ကျုပ်ပြောပြမယ်။

လွန်ခဲ့တဲ့ လကုန်ပိုင်းလောက်က “ဘက်တီ”တစ်ယောက် ကျုပ်အိမ်ကို မနက်လင်းအားကြီးမှာ ပေါက်ချလာတယ်လေ။ မျက်ရည်စမ်းစမ်း နှပ်တရွှမ်းရွှမ်းနဲ့ပေါ့ဗျာ။ ရုတ်တရက်မို့ ကျုပ်လဲ တော်တော်စိုးရိမ်တုန်လှုပ်သွားတယ်။ သွေးသားလို ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ သူငယ်ချင်းတွေမို့ သူတို့အပူလဲ ကျုပ်အပူပဲပေါ့ဗျာ။ ဆိုင်းမဆင့်ဗုံမပါ။ သူပြောလိုက်ပုံက ကျုပ်ရင်ထဲမှာဆို့နင့်သွားတယ်။

“ကိုဝင်းဇော် ကျွန်မသမီးလေး ရေတိမ်နစ်ရပါပြီရှင့်၊ သမီးလေးမှာ ကိုယ်ဝန်ရှိနေပြီလေ ဟီး...ဟီး၊ သက်တူရွယ်တူချင်းဆို ကျွန်မပြောနိုင်သေးတယ်။ ခုတော့ အသက်ကလဲအို၊ အဆင့်အတန်းချင်းကလဲ ဘယ်လိုမှ မဖြစ်နိုင်ဘူးရှင့်။ ဒင်းနဲ့တော့ ဘယ်နည်းနဲ့မှ သဘောမတူဘူး။ အဲဒီကိုယ်ဝန်ကို ဖျက်ချပစ်မယ် ဟီး... ဟီး”



ကြားလိုက်ရတဲ့စကား နားမှာ တကယ်မချမ်းသာဗျာ။ သူ့သမီးလေး မသန္တာလေးကို ကျုပ်က တူမအရင်းတစ်ယောက်လို သံယောဇဉ်ရှိတယ်ဗျာ။ “ဘက်တီ” စကား ကြားလိုက်ရတော့ ကျုပ်တစ်ကိုယ်လုံးက သွေးတွေ နားထင်ဆောင့်တက်သွားတာပေါ့ဗျာ။

“နင်တို့မလဲ နိုင်ငံခြားကိုမှ အထင်ကြီးတာကိုးဟ။ ဒီမှာ တက္ကသိုလ်တက်ရင် ဘာဖြစ်မှာမို့လဲ။ မိဝေးဖဝေး စက်ာပူပို့ပြီး ကျောင်းထားရတယ်လို့ဟယ်။ မမြင်ကွယ်ရာမှာဆိုတော့ မမှားသင့်ပဲ မှားနိုင်တာပေါ့။ ခုတော့ နင်တို့ ဘယ်လိုလုပ်ကြမလဲ။ ကလေးကို ပြန်ခေါ်မှာလား”

ကျုပ်စကားကြားလိုက်ရတော့ မျက်ရည်တွေ ရွှဲနေတဲ့ ဘက်တီ မျက်လုံးဝိုင်းစက်စက်ကြီးတွေဟာ ပိုပြူးသွားတယ်။

“မသန္တာကိုပြောတာ မဟုတ်ဘူး ကိုဝင်းဇော်။ ခုပြောနေတာက အိမ်မှာရှိတဲ့ သမီးလေးကို ပြောနေတာ”

“ဟဲ့ နင်တို့မွေးထားတာ မသန္တာတစ်ယောက်ထဲ မဟုတ်လား။ ဘယ်ကဘယ်လို နောက်ထပ်သမီးတစ်ယောက်က တိုးလာ ပြန်တာတုန်းဟ။ ငါလဲ မကြားမိ၊ မတွေ့မိပါကလား”

ဒီတော့မှ “ဘက်တီ”လဲ ထိုင်ရာထသွားပြီး အိမ်တံခါးဝကနေ အိမ်ရှေ့မှာ ရပ်ထားတဲ့ မာစီဒီးကားကြီးပေါ်က ဒရိုင်ဘာလေးကို ဟောဒီလို အော်ပြောလိုက်တယ်ဗျ။

“ဟဲ့...ရွှေတိုး၊ သမီးလေးကို အိမ်ပေါ်ခေါ်လာခဲ့စမ်း”

“ဘက်တီ”ရဲ့ ခုနှစ်သံချီကြီး ကြားလိုက်ရတော့ ဒရိုင်ဘာလေးလည်း တံခါးဖွင့်ပြီး ကားပေါ်က ဖျာပျာသလဲဆင်းလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဒရိုင်ဘာလေးလက်ထဲမှာ ကြောင်ဝါလေးတစ်ကောင်ကို ပိုက်ထားတယ်လေ။ ဒီတော့မှ မါးမနောက်ပိတ်ကျုပ်လည်း ဇာတ်ရည်လည်တော့တယ်။ ဘယ့်နှယ်ဗျာ ကြောင်မလေးတစ်ကောင် ဇီးကပ်တာကို ရေးကြီးခွင်ကျယ် လာလုပ်နေတာကိုးဗျ။

"ကိုဝင်းဇော် ကျွန်မပြောတာ ဟောဒီသမီးလေး "ဝင်းရွှေရည်ဝင်း"ကိုပြောတာပေါ့ရှင့်။ ကျွန်မတို့ခြံနဲ့နှစ်ခြံကျော်ကခြံထဲမှာ အလုပ်သမားတန်းလျားတစ်လုံးရှိတယ်။ အဲဒီ အလုပ်သမားတန်းလျားက ကြောင်အိုပေမေ့းကြီးနဲ့ရတဲ့ ကိုယ်ဝန်ပေါ့။ ကျွန်မ ရင်မကျိုးဘဲ ခံနိုင်ပါ့မလားရှင် ဟီး... ဟီး"

"ဘက်တီ"ကလည်း ငိုကြီးချက်မနဲ့။ ဒရိုင်ဘာခများမှာလည်း ကြောင်ဝါလေးကိုပိုက်လို့ ကြောင်တိကြောင်တောင်နဲ့။ ကြောင်ဝါလေးကလည်း တသြောင်သြောင်နဲ့ ဘယ့်နှယ်ဗျာ စောစောစီးစီး ကျက်သရေတုန်းလိုက်တာ မပြောပါနဲ့တော့ဗျာ။

"ဟီး...ဟီး သမီးလေး ခုတလော တမှိုင်မှိုင်ဖြစ်နေတာနဲ့ တိရစ္ဆာန်ဆေးကုဆရာဝန်ကို မနေ့ကသွားပြတော့မှ ကိုယ်လေးလက်ဝန်ရှိနေတာကို သိရတော့တာပါပဲရှင်။ ဟီး...ဟီး ဒီကာလနာကြောင်အိုပေမေ့းကြီးက အသက်ကလဲကြီးကြီး၊ ရုပ်ကလည်း ဆိုးဆိုးနဲ့ ကျွန်မ ဘယ်လိုမှ သဘောမတူနိုင်ဘူး။ မသကာဆိုရင် ကြောင်ရှင်က အဆင့်အတန်းရှိရင်လဲ တော်သေးရဲ့။ ခုတော့ နောက်ဖေးဘက်မှာနေတဲ့ အလုပ်သမားမွေးထားတဲ့ ကြောင်အိုကြောင်စုတ် ကြောင်အမွေးထူကြီးရှင့်"

"ဟဲ့...ဘက်တီ ငါက ဗေဒင်ဆရာပါ။ တိရစ္ဆာန်ဆေးကုဆရာဝန်မှ မဟုတ်တာဘဲ။ နင့်ကြောင် ဇီးကပ်တာ ငါနဲ့ ဘာဆိုင်



လို့လဲဟ"

"သမီးလေး ဒီလိုရေတိမ်နစ်တာ ဇာတာညံ့လို့ပဲ ဖြစ်ရမှာရှင့်။ ဒါကြောင့် သမီးလေးရဲ့ ဇာတာကို စစ်ပေးဖို့ ကိုဝင်းဇော်ဆီကို ဘက်တီလာခဲ့တာပေါ့။ ယကြာလေးဘာလေး ချေသင့်လဲ ချေရတာပေါ့။ သမီးလေးရဲ့ မွေးလမွေးရက်ကိုမှတ်ပြီး "ဘက်တီ" ဇာတာလုပ်ထားတယ်။ ဟောဒီမှာ သမီးလေးရဲ့ဇာတာ"

ကဲ...ကြားတော်မူတဲ့အတိုင်းပါပဲဗျာ။ အခြေအနေကတော့ တော်တော်ဆိုးနေပြီဗျ။ ~~ဘယ့်နှယ်ဗျာ ဗေဒင်ဆရာကို~~ ကြောင်လေးတစ်ကောင်ရဲ့ဇာတာ လာစစ်ခိုင်းတယ်လို့၊ ကြားလို့မှမတော် ဆင်တော်နဲ့ ခလောက်ဗျာ။ ကျုပ်စိတ်မဆိုးဘဲ ခံနိုင်ရိုးလား။ ဟုတ်တယ် ကျုပ်စိတ်ဆိုးတယ်။ သိပ်စိတ်ဆိုးတယ်ဗျ။ ဒါပေမယ့် ကျုပ်သည်းခံလိုက်ပါတယ်ဗျာ။ မုန်းစကို တိုလိုက်ပါတယ်။ စိုတဲ့ လက် မခြောက်တာပဲ ကောင်းပါတယ်။ မဟုတ်ဘူးလား။

"နင်နဲ့ဟာ အိမ်မွေးတိရစ္ဆာန်ကို ဇာတာဖွဲ့ပေးရတယ်လို့ ငါ တစ်သက်မှာ ဒီတစ်ခါပဲ ကြားဖူးသေးတယ်။ ရှေးဘုရင်များလက်ထက်က ဆင်ဇာတာ၊ မြင်းဇာတာတွေ ဖွဲ့ကြတာကိုတော့ ကြားဖူးပါရဲ့။ ဒါပေမယ့် ကြောင်ကို ဇာတာဖွဲ့တာကတော့ ဒီခေတ်မှာ နင်တစ်ယောက်ထဲပဲ ရှိမယ်ထင်တယ်။ ငါလဲ သတ္တဝါတစ်ကောင်ရဲ့ ဇာတာကိုကြည့်ပြီး ဗေဒင်မဟောတတ်ပါဘူး"

ကျုပ်စကားကို ဘက်တီတစ်ယောက် ဘဝင်ကျပုံမရဘူး။ မတတ်နိုင်ဘူး။ မတတ်နိုင်ဘူးလေ။ ရွှေကိုင်နေတဲ့လက်ကို ငါးပိနိုင်ခိုင်းတာတော့ ဘယ်ကောင်းပါ့မလဲဗျာ။ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပေါ့။ ဘက်တီပြန်သွားတော့ ကျုပ်ရင်ထဲမှာ တနုံ့နုံ့ခံစားနေရတယ်။ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်လေဗျာ။ လူကို သက်သက်မဲ့လာစော်ကားတယ်။ အဖြစ်သည်းတာလား။ အရှုးထတာလား၊ ဖက်ရှင်တစ်မျိုး ထွင်တာလား။ အထက်တန်းလွှာရဲ့ ရောဂါဆန်းလား။ နိုင်ငံခြားက ကူးစက်ရောဂါလား။ ဘာလား ညာလားတော့ ကျုပ်မသိပါဘူး။ ဘက်တီလုပ်လိုက်ပုံကတော့ ရိုင်းလိုက်လေဗျာ။ ဒီတော့ ခွေးလာဟောင်ရင် ခွေးရှင်ကို တိုင်တာ အကောင်းဆုံးပဲ မဟုတ်ဘူးလားဗျာ။

❖ ❖ ❖ ❖ ❖

ဘယ်ရမလဲဗျာ။ နောက်တစ်နေ့ကျတော့ ကျုပ်သူငယ်ချင်း အိမ်ကို အရောက်သွားတာပေါ့။ အဲဒီနေ့က စနေနေ့လေဗျာ။ စနေနေ့ဆိုရင် ဘက်တီတစ်ယောက် ဗိုလ်ချုပ်ဈေးထဲမှာ အထုပ်ကြီးအထုပ်ငယ် ပိုက်လို့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နဲ့ တစ်နေကုန် လမ်းသလားနေတတ်တယ်လေ။ ကျုပ်သူငယ်ချင်းကတော့ ရုံးပိတ်ရက်မို့ အိမ်မှာပဲ တစ်ယောက်တည်း ယမကာမှိုဝဲပြီး ဇိမ်ခံနေတတ်တာပေါ့။

ကျုပ်ထင်တဲ့အတိုင်းပါပဲဗျာ။ ဘက်တီကို မတွေ့ရဘူး။ ကျုပ်သူငယ်ချင်းတစ်ယောက်တည်း ခြံထဲက မြက်ခင်းပေါ်မှာ ဇေါက်သီးစိမ်နေတယ်။ မြက်ခင်းဘေးက ထီးကြီးကြီးအောက်မှာရှိတဲ့ စားပွဲဝိုင်းလေးပေါ်မှာတော့ ယမကာပုလင်းကြီးက ဟီးလို့ဗျ။ ဘလူးလေဘယ် ဝီစကီလေဗျာ။ ဒီအရက်ပုလင်းက တော်တော်ဈေးကြီးတယ်။ တစ်ပုလင်းကို လေးသောင်းကျော်လောက် တန်တယ်လို့ ကြားဖူးတာပဲ။ သူငယ်ချင်းကတော့ ကျုပ်ကိုမြင်တာနဲ့ ပျာပျာသလဲပါပဲဗျာ။ ဇေါက်သီးစိမ်နေတာကို



ရပ်လိုက်ပြီး ကျုပ်ကို ညှိခံရှာပါတယ်။ ထီးကြားကြီးအောက်မှာထိုင်ပြီး ကျုပ်တို့ နှစ်ယောက် စကားစမြည်ပြောကြတာပေါ့။ ကျုပ်က ဘက်တီအကြောင်းကို ချက်ချင်းမတိုင်သေးပါဘူး။ မြင်မြင်ချင်း ဆောက်နဲ့မထွင်းချင်ဘူးလေ။ ကျုပ်သူငယ်ချင်းကတော့ ယမကာလေးတမြမြပေါ့။ ကျုပ်အတွက် အသက်နှစ်ဆယ်ကျော်လောက်ရှိတဲ့ အိမ်ဖော်မလေး လာချပေးသွားတဲ့ ဘာလီရည်ပေါ့ဗျာ။

''သူငယ်ချင်း မင်းဒီတစ်ပုလင်းကို ဘယ်နှစ်လလောက် သောက်ရသလဲ''

ကျုပ်က သူသောက်နေတဲ့အရက်ကိုကြည့်ပြီး နှမြောလို့ မေးမိတာကိုးဗျ။ ဒီတော့ သူဘာပြန်ပြောသလဲ သိလား။

''မင်းနဲ့ကွာ အရက်တစ်ပုလင်းကို လနဲ့ချီပြီး သောက်ရမလားကွာ။ ငါ့စီချိန်က နှစ်ရက်တစ်ပုလင်းရှိတယ်ကိုယ့်လူ။ ဒီနေ့တောင် ဘက်တီဈေးသွားရင်း ထပ်ဝယ်လာဦးမယ်ပြောသွားတယ်''

အောင်မယ်လေးဗျလို့ အော်ပစ်လိုက်ချင်တယ်။ အရက်ဖိုးက တစ်ရက် နှစ်သောင်းကျော်ပါကလားဗျ။ ဘယ့်နှယ့်ဗျာ လှိုင်သာယာ မီးခွက်ဈေးနားက ပန်းရန်ဆရာ ကိုပေါက်စီကို ခေါ်ပြီး ပြလိုက်ချင်သေးရဲ့။

ကျုပ်သူငယ်ချင်း အရက်ရှိန်လေးတက်လာမှ ကျုပ်က ''ဘက်တီ''အကြောင်းကို စကားပြောင်းလိုက်တယ်။ မနေ့က အကြောင်းဖြစ်ကြောင်းရယ်ကုန်စင်ပေါ့ဗျာ။ ကျုပ်စကားဆုံးတာနဲ့ ဒီကောင် ''တောက်'' တစ်ချက်ခေါက်လိုက်ပြီး သူ့မိန်းမကို ကျိန်ဆဲလိမ့်မယ်လို့ ကျုပ်က ထင်ထားတာကိုးဗျ။ ''ဒင်းတော့လား ပြန်လာမှသိမယ်'' လို့ ကျိန်းဝါးတဲ့စကားကြားရလိမ့်မယ်လို့ ကျုပ်က တွက်ထားတာကိုးဗျ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဟုတ်ရမှာလဲဗျာ။ ကျုပ်တွက်ကိန်း ရက်ရက်ရောရောကြီး မှားသွားတယ်ဗျ။ ကျုပ်စကားဆုံးသွားတာနဲ့ သူငယ်ချင်းက ဟက်ဟက်ပက်ပက်ကြီး အော်ရယ်ပါလေရောဗျာ။ ပြက်လုံးတစ်ခုကို ကြားလို့ ရယ်တဲ့ပုံမျိုးဗျ။ ပြီးတော့ ဘာပြောသလဲ သိလား။

''ငါ့ဒဏ်ကို မင်းပါခံရပြီကိုးကွ၊ ဟား...ဟား ငါကတော့ ရိုးနေပြီ သူငယ်ချင်း။ သူ့ခမျာလဲကွာ သမီးလေးတစ်ယောက်ထဲ မွေးထားပါတယ်။ ရှိတဲ့သမီးလေးကလဲ အဝေးရောက်နေတယ်ဆိုတော့ ကြောင်လေးတွေ တပိုက်ပိုက်နဲ့ ကဖွဲ့လေးရှုးနေရှာရတာပေါ့ကွာ''

ဘယ့်နှယ်ဗျာ သူ့မိန်းမကို သူခွင့်လွှတ်နိုင်ပေမယ့် ကျုပ်က ဘာဆိုင်လို့လဲ၊ ထွေးခါး မနာနိုင်ပါဘူးဗျာ။

''ကဲ... သူငယ်ချင်း ဘက်တီအကြောင်းက အရေးမကြီးပါဘူးကွာ။ ငါမင်းကို တိုင်ပင်စရာကိစ္စရှိလို့ မျှော်နေတာကွ။ ဒီနေ့ပဲ မင်းက တိုက်တိုက်ဆိုင်ဆိုင် ပေါက်ချလာတယ်။ ဟန်ကျသကွာ''

သူက ကျုပ်ကိုများ ဘာတိုင်ပင်စရာရှိလို့လဲ။ ကျုပ်တော့ မတွေးတတ်အောင်ဗျာ။ သူ့မိန်းမအကြောင်း ဆက်မပြောအောင် စကားလမ်းကြောင်း ပြောင်းချင်လို့လား မသိဘူး။

''ဒီလိုကွ စောစောက ဘာလီရှည်လာချပေးသွားတဲ့ ကောင်မလေးကို မင်းသတိထားမိလိုက်သလား။ ကောင်မလေးနာမည်က ''ခင်နု''တဲ့ကွ။ ရုပ်ရည်ရော ကိုယ်လုံးကိုယ်ပေါက်ရော ပြောစရာမရှိဘူးနော်။

ကျုပ်ငြိမ်ပြီး သူ့စကားကို နားထောင်နေတယ်ဗျ။ ရင်ထုမနာဖြစ်ရမယ့်စကား မကြားပါရစေနဲ့လို့လဲ ကျုပ်ရင်ထဲမှာကြိတ်ပြီး ဆုတောင်းနေမိတယ်။ သူကတော့ ယမကာလေးတစ်ကျိုက်လောက်



စုပ်လိုက်ပြီး ဆက်ပြောပြန်တယ်။

''ငါ...ခင်နုနဲ့ ငြိနေပြီကွ။ ငါ့ဂုဏ်ကိုတော့ ငါထိန်းပါသေးတယ်ကွာ။ မတတ်နိုင်ဘူးလေ။ မင်းပဲ စဉ်းစားကြည့်စမ်းပါဦး။ ဘက်တီကလည်း တစ်နေ့တခြား အသားတိုးလာပြီ။ စိတ်ကုန်စရာကြီးကွ။ ငါတစ်ယောက်ထဲ အထီးကျန်နေသလို ခံစားနေရတယ်။ ငါ့နေရာမှာဆိုရင် မင်းလဲရှောင်နိုင်မယ် မထင်ဘူး''

''ငါနဲ့ ဘာဆိုင်လို့လဲ။ ကိုယ်ဖြစ်တာနဲ့ လူတိုင်းဖြစ်နိုင်တယ်ဆိုတဲ့စကားတော့ မသုံးနဲ့ကွာ။ ဒီကိစ္စ ခင်နုစတာလား။ မင်းက စတာလား။ လက်ဝါးနှစ်ဖက်တီးမှ မြည်တယ်ဆိုတဲ့ ဥပမာကိုတော့ မသုံးနဲ့နော်။ ကြိုက်မရှက် ငိုက်မရှက်ဆိုတဲ့ စကားဟာ ငါတို့ မြန်မာအမျိုးသမီးတွေနဲ့ လုံးဝမပါတ်သက်ဘူး''

ကျုပ်စကားကြားလိုက်ရတော့ သူငယ်ချင်းက ဟက်ဟက်ပက်ပက် ရယ်တယ်ဗျ။ အဲဒီ ရယ်သံမျိုးကို ကျုပ်သဘောမကျဘူး။ လှောင်သံ သရော်သံတွေ ရောပြွမ်းနေတယ်။

''ဟား... ဟား မင်းကတော့ ဗေဒင်ဆရာပီပီ ရိုးအတာကိုးကွ။ ဒါကြောင့်လဲ ကွန်ပျူတာခေတ်မှာ ဗေဒင်ဆရာဖြစ်နေတာကိုးကွ။ ငါက စရတာပေါ့ကွာ။ မူးမူးရူးရူးဖြစ်နေတဲ့ တစ်နေ့မှာ အတင်းအဓမ္မသူ့အချစ်ကို လုခဲ့ရတာပေါ့ကွာ။ အဲဒါက ပြီးသွားပါပြီ။ အရေးကြီးတာက ခင်နုမှာ ကိုယ်ဝန်နှစ်လရှိနေပြီ။ အဲဒီ ကိုယ်ဝန်ကို ဖျက်ချပြီး တောကို ပြန်ပို့လိုက်ချင်တယ်။ သူလဲ ငါ့စကားကို နားထောင်ပြီး အေးအေးဆေးဆေး လူမသိသူမသိဖြစ်သွားအောင် မင်းပညာနဲ့ ယတြာလေး ဓါတ်ရိုက်ဓါတ်ဆင်လေး လုပ်ပေးချင်တယ်ကွာ''

''ငါတို့ဆိုတဲ့စကား ပြောတယ်မဟုတ်လား။ ဒီကိစ္စမှာ မင်း

www.burmeseclassic.com

www.burmeseclassic.com



အပြင် ဘယ်သူတွေ ပါလို့လဲ''

''ဟောကောင် မင်းစကားကလဲ ကြည့်ပြောပါဦး။ ငါ့နယ်ကွာ မင်းနဲ့တိုင်ပင်ကာမှ ရာဇဝတ်မှုဖြစ်နေပါဦးမယ်။ ငါတို့ဆိုတာက တို့ လင်မယားနှစ်ယောက်ကို ပြောတာပေါ့ကွာ။ ဒီကိစ္စကို ဘက်တီပါ သိနေပြီလေကွာ။ ဘူကတော့ ကောင်မလေးကို ငွေ ငါးသောင်းလောက် ပေးပြီး တောကိုပြန်ပို့ဖို့ နားချနေလေရဲ့။ ဒါပေမယ့် ခင်နုက နည်းနည်း ခေါင်းမာနေချင်တယ်။ ဒါကြောင့် မင်းကို ခါတ်ရိုက်ခါတ်ဆင်လုပ်ပေး ဖို့ ပြောတာပေါ့ကွာ''

သူ့စကားဆုံးတာနဲ့ ကျုပ်ရှာဲထိုင်နေရာက ဝုန်းခနဲထလိုက် တယ်။ ပြီးတော့ ချာကနဲလှည့်ပြီး ထွက်လာခဲ့တယ်။ သူကတော့ ဘယ်လိုခံစားပြီး ဘယ်လိုတွေးနေမလဲမသိဘူး။ ကျုပ်နဲ့ ဒီလိုလူမျိုး နဲ့ သူငယ်ချင်းဖြစ်ခဲ့ရတာ နာတယ်ဗျ။ ဘဝအဆက်ဆက် ပြန်မတွေ့ ပါရစေနဲ့တော့။ အပြန်လမ်းမှာ ကျုပ်ရင်ထဲ ဗလောင်ဆူလို့ပေါ့ဗျာ။ ဘက်တီလို မိန်းမမျိုး၊ ကျုပ်သူငယ်ချင်းလို ယောကျ်ားမျိုးတွေ ဒီ ကမ္ဘာပေါ်မှာ ဒုနဲ့ဒေးမရှိပါစေနဲ့လို့ ကျုပ်ဆုတောင်းမိပါတယ်လေ။

ကျုပ်ဝတ္ထုရေးချင်တယ်ဗျာ။ အဲဒီအကြောင်းလေးကို ဖတ်လို့ ကောင်းအောင် ဝတ္ထုတိုလေးတစ်ပုဒ်လောက် ရေးချင်တယ်။ အဲဒီ ဝတ္ထုတိုလေးရေးပြီးရင် စက်ရုံမှာအလုပ်သွားလုပ်မယ့် ကျုပ် တူမလေး ကို ပေးဖတ်စေချင်တယ်။ ''ခင်နု''လို သမီးပျိုလေးတွေဟာ ရန်ကုန် မြို့က တိုက်ကြီးအိမ်ကြီးတွေမှာ အိမ်ဖော်လာလုပ်ရရှာတယ်။ သူတို့အဖို့ တော့ တကယ့်ကို အိုအေစစ်ကြီးတွေပေါ့ဗျာ။ ဒါပေမယ့် လူမှုဘဝ မလုံခြုံတဲ့ အိုအေစစ်တွေဗျ။ အရိပ်မဲ့အိုအေစစ်တွေဗျ။ ဒီအကြောင်း လေးကို ဝတ္ထုတိုလေးတစ်ပုဒ်လောက် ရေးတတ်တဲ့သူရှိရင် တွေ့ချင်



တယ်ဗျာ။ တကယ့် အဖြစ်အပျက်ဗျ။ ''ဘက်တီ'' အစား ''ပက်ပီ''လို့ နာမည်ပြောင်းရေးပေါ့ဗျာ။ ကျုပ်သူငယ်ချင်း နာမည်ကိုတော့ အမှန် အတိုင်း ''သန့်ဇော်''လို့ မရေးဘဲ ''သန်းဇော်''လို့ ရေးလိုက်ရုံပေါ့။ မကောင်းဘူးလားဗျာ။

*လူအချင်းချင်း စော်ကားခြင်း ကင်းရှင်းကြပါစေ*

*ဝင်းဇော် (သစ်တော)*

www.burmeseclassic.com

www.burmeseclassic.com







# ဟောင်ရိုးမီ ပြန်လာပြီ

တစ်ခါတုန်းက စကားဝိုင်းတစ်ခုမှာ ''ရောင်ပြန်''မဂ္ဂဇင်း မှ အယ်ဒီတာ ကိုမောင်မောင်မြင့်အေးက ကျွန်တော့်ကို ''ဆော်လမွန် တံဆိပ်တွေနဲ့ ပါတ်သက်တဲ့ ခင်ဗျားဆောင်းပါးတွေကို စာဖတ် ပရိသတ်တွေ စိတ်ဝင်စားကြတယ်။ ကျွန်တော်လည်း ကြိုက်တယ်။ ဒါပေမယ့် ခင်ဗျားရဲ့ဆောင်းပါးတွေက ဝတ္ထုတို တစ်ပုဒ်ဖတ်ရသလိုပဲ။ ဆောင်းပါးနဲ့မတူဘူး။ ဝတ္ထုတိုရေးဟန်မျိုး ဖြစ်နေတယ်။ ဒီတော့ ဝတ္ထုတိုတစ်ပုဒ်လောက် စမ်းရေးကြည့်ပါလား။ ဖြစ်နိုင်တယ်''ဟု ပြောခဲ့ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း သူ့စကားကြောင့် စိတ်ကြီးဝင်ပြီး ဝတ္ထုတို များစွာ ရေးမိပါတော့သည်။ ထိုအချိန်မှစ၍ စာရေးဆရာဖြစ်ချင်သော ပိုးသည် ကျွန်တော့်ခေါင်းထဲသို့ အလုံးအရင်းနှင့် ဝင်ရောက်သွားခဲ့ လေပြီ...။

ဝတ္ထုတိုတစ်ပုဒ်ရေးပြီးတိုင်း ပြန်ဖတ်သည်။ တစ်ကြိမ်ပြန် ဖတ်ကြည့်တော့ သိပ်မကြိုက်ချင်။ နှစ်ကြိမ်မြောက် ပြန်ဖတ်ကြည့် တော့ လုံးလုံးမကြိုက်။ သုံးကြိမ်မြောက် ဖတ်ကြည့်တော့အခါ၌ လုံးချေပြီး ခြင်းထဲသို့ ပစ်ထည့်လိုက်ရပါတော့သည်။ ဤသို့နှယ် လုံးပြီး ခြင်းထဲသို့ ပစ်ထည့်ရသော လုံးချင်းဝတ္ထုတိုများကိုသာ ဖန်တီးနိုင်ခဲ့ ပါသည်။ ကိုယ့်ငါးချဉ်တောင်မှ ကိုယ်မချဉ်နိုင်သော အဖြစ်မျိုးပါတကား။

ဝတ္ထုတို ဇာတ်လမ်းဇာတ်ကွက် စဉ်းစားရသည်မှာ ကျွန်တော့် အဖို့ ကြီးမားလှစွာသော အခက်အခဲကြီးတစ်ခုဖြစ်၍ နေပါသည်။ အချစ် ဇာတ်လမ်း ရေးကြည့်တော့လည်း မစွံ။ အိမ်ထောင် ရေးဇာတ်လမ်း ဘက် လှည့်ကြည့်ပြန်တော့ ပို၍ဆိုးသည်။ ဒီလိုပုံနှင့် မိုးကြီးချုပ်တော့ မည်။

တစ်နေ့ ကျွန်တော်နှင့်ခင်မင်ရင်းနှီးသော ကျောင်းဆရာ ကို မြင့်သူတစ်ယောက် ကျွန်တော့်အိမ်သို့ ရောက်လာသည်။ သူနှင့်အတူ အသက်ငါးဆယ်ကျော်အရွယ်ခန့်မျှရှိသော မိန်းမကြီးတစ်ဦးလည်း ပါ၍ လာသည်။ ထိုမိန်းမကြီးကို မြင်ရုံမျှနှင့် သောကဝေနေသော အပူသည် တစ်ဦးမှန်း သိသာလွန်းလှသည်။ အသားအရည် ပိန်လှီခြောက်သွေ့ပြီး ညစ်ထေးဟောင်းနွမ်းသော အင်္ကျီ၊ ထဘီများကြောင့် ဆင်းရဲသူတစ်ဦး ဖြစ်ကြောင်း ကမ္ဘည်းမော်ကွန်း ထိုးထားသကဲ့သို့ ပေါ်လွင်နေပါသည်။

ခရီးရောက်မဆိုက် ကိုမြင့်သူက



"ကိုဝင်းဇော်... တာမွေဗလီကြီးရပ်ကွက်တုန်းက တစ်လမ်း ထဲနေခဲ့တဲ့ ဒေါ်လှမေကို ခင်ဗျားဆီမှာ ဗေဒင်မေးဖို့ ခေါ်လာခဲ့တာပါ" ဟု ပြောဆိုကာ သူနှင့်အတူပါလာသော မိန်းမကြီးအား မိတ်ဆက်ပေး လေ၏။

"ဒီနေ့ ကျွန်တော် ဗေဒင်ဟောခန်း ပိတ်ထားတယ်။ မနက်ဖြန် စောစောလာခဲ့ကြပါလားဗျာ"

"ခင်ဗျားကို ဒုက္ခပေးသလိုတော့ ဖြစ်နေပြန်ပြီ။ ဒါပေမယ့် ဟောဒီဒေါ်လှမေက သူ့သားအတွက် စိတ်ပူနေလို့ အားကိုးတကြီး နဲ့ လာခဲ့တာပါဗျာ။ ကူညီပေးပါဦး"

ကိုမြင့်သူကိုလည်း မျက်နှာနာ၊ သူခေါ်လာသော ဒေါ်လှမေ ဆိုသည့် မိန်းမကြီးမျက်နှာကို လှမ်းကြည့်လိုက်ပြန်တော့လည်း သနား စရာဖြစ်၍နေပါသောကြောင့် ကျွန်တော့်အဖို့ ဗေဒင်တွက်ပေးရန်မှ တစ်ပါး အခြားရွေးချယ်စရာလမ်း မရှိတော့ပါ။

"ဟုတ်ပါတယ် ဆရာလေးရယ်။ ကျွန်မရင်ထဲမှာ မီးတောက် နေလို့ အခုလို အပူကပ်ရတာပါ။ ကျောင်းဆရာလေးက သူ့မှာ မိတ်ဆွေ ဗေဒင်ဆရာတစ်ယောက်ရှိတယ်။ ဗေဒင်လေးဘာလေးမေးပြီး ယတြာ လေးဘာလေးချေ ကြည့်ပါလားဆိုလို့၊ ဟိုး... လှိုင်သာယာက လာခဲ့ ရတာပါ။ ဒီနေ့ ဆရာလေးနဲ့ တွေ့ချင်လွန်းလို့ ဈေးဦးပေါက်တာနဲ့ ဈေးဗန်းသိမ်းပြီး ထွက်လာခဲ့တာပါရှင်..."

ဒုက္ခသည် ဒေါ်လှမေ၏အပူသည် ကျွန်တော့်ထံသို့ တန်းတန်း မတ်မတ် ကူးစက်လာပါတော့သည်။ သူ့စကားကြောင့် ကျွန်တော် တော်တော်လေး စိတ်မကောင်းဖြစ်မိပါသည်။

"ဟောဒီမှာ ဆရာလေး၊ ကျွန်မသားလေးရဲ့ အမေတာပါ

www.burmeseclassic.com

www.burmeseclassic.com



လာပါတယ်။ ကျွန်မ မုဆိုးမကြီးဘဝမှာ တွယ်တာစရာဆိုလို့ ဒီ သားလေးတစ်ယောက်ပဲ ရှိပါတော့တယ်။ ကလေးက အပေါင်းအသင်းမကောင်းတော့ လိမ်မာချင်ပေမယ့် မိုက်တွင်းနက်နေတယ်။ ကျွန်မက တစ်နေ့ဈေးရောင်း တစ်နေ့စားဘဝပေမယ့် ကျွန်မသားကိုတော့ သူများအောက်မကျအောင် ထားပါတယ်။ ကျောင်းထားတော့လည်း ကောင်းကောင်းမနေ၊ စက်ရုံမှာ အလုပ်သွင်းထားတော့လည်း ဆင်းတစ်ရက်မဆင်းတစ်ရက်နဲ့ပြီးတော့...''

''တော်ပါတော့ ဒေါ်လှမေရာ၊ ခင်ဗျားက စကားဦးသန်းနေတာနဲ့ ဗေဒင်ဆရာ ဟောစရာတောင် ကျန်မှာမဟုတ်တော့ဘူး''ဟု ဒေါ်လှမေအား ကိုမြင့်သူက ဝင်၍စကားဟန့်လိုက်လေ၏။

ကျွန်တော်လည်း သားဆိုးအမေ တပေပေဖြစ်နေသော မုဆိုးမကြီးထံမှ ရေနံချေးသုတ်ထားသော ဇာတာဟောင်းလေးကို လှမ်းယူပြီး ဇာတာစန်းလဂ် တွက်ချက်စစ်ဆေးကြည့်လိုက်ပါတော့သည်။

''ဇေယျတုသက္ကရာဇ်...ရတနာသုံးပါး ဦးထိပ်ထားလျက် မာတာမိခင် ဖွားသန့်စင်သည့် အမည်သညာ ခေါ်စရာကား မောင်ဖိုးစီ ဇာတာ အာယုအသက်ရာကျော်ရှည်စေသော်...''

''အင်း...စနေဂြိုဟ်က အညံ့နေရာမှာ ရောက်နေတယ်။ စနေဂြိုဟ်ဟာ အထက်မှာထီး၊ အောက်မှာမီးပဲ။ ဒါကြောင့် ''တန်းအောက် တိုင်ခြေ နဂါးနေလျှင် တုတ်ခါးတစ်ထောင်၊ တုပ်ချည် နှောင်၍ တန်းလျောင်ထောင်တွင်း၊ သံခြေကျင်းနှင့် ပူပြင်းဒေါသ၊ ဖြစ်ကုန်ကြလိမ့်''လို့ ဗေဒင်ကျမ်းမှာပါတယ်။ မောင်ဖိုးစီတစ်ယောက် ရန်နဲ့ယှဉ်ပြီး အိမ်ပေါ်က ဆင်းလိမ့်မယ်''

''မှန်လိုက်တာ ဆရာလေးရယ်။ တမြန်နေ့ ညဦးပိုင်းက



လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ မောင်ဖိုးစီတို့တစ်တွေ ရန်ဖြစ်ကြတယ်။ တစ်ဖက်က ကလေးက ခေါင်းနှစ်ချက်ချုပ်လိုက်ရတယ်။ အဲဒါနဲ့ သူလည်း အဖမ်းအဆီးခံရမှာ ကြောက်လို့နဲ့တူတယ်။ အိမ်တောင်မပြန်တော့ဘဲ ထွက်ပြေးသွားတယ်။ ဒါပေမယ့် တစ်ဖက်က ကလေးမိဘတွေက ကောင်းပါတယ်။ ရပ်ထွေးရပ်မျိုးတွေလည်း ဖြစ်နေကြပြန်ဆိုတော့ အစစအနှောင်းနှောင်းမဖြစ်အောင် အတိုင်အတန်းမလုပ်ကြပါဘူး။ ကျွန်မတောင်းပန်ရုံနဲ့ ကျေအေးကြပါတယ်။ ဒါတောင် ကျွန်မသားလေးက အိမ်ပေါ်ပြန်မတက်လာ သေးပါဘူး။ သူထွက်သွားတတ်တဲ့နေရာတွေကို ကျွန်မလိုက်ရှာပြီးပါပြီ။ ကြောက်ကြောက်နဲ့ပြေးရင်း အဝေးရောက်ပြီး မတော်သူတွေနဲ့ လူပေါင်းမှားသွားမှာစိုးလို့ပါရှင် ဆရာလေး ပညာနဲ့ ဓါတ်ရိုက်ပြီး ပြန်ခေါ်ပေးပါ''

''မောင်ဖိုးစီရဲ့ လုံချည်ဟောင်းတစ်ထည်ကို ဒီနေ့ ညနေ (၄)နာရီတိတိမှာ ရေစိမ်ပြီးမညှစ်ဘဲ အိမ်ရှေ့မှာ ထွက်လှန်းထားလိုက်ပါ။ ပြီးတော့ သူအိပ်တဲ့ဖျာကို ပြောင်းပြန်လိပ်ပြီး ထောင်ထားလိုက်ပါ။ ဖျာလိပ်လိပ်ပြီးထောင်ထားရင် ဖျာချောပိုင်းက အတွင်းဘက် ရောက်နေတယ်နော်၊ ပြောင်းပြန်လိပ်ပြီးထောင်မယ်ဆိုရင် အချောက အပြင်ဘက်မှာ ရောက်နေမယ်။ မှတ်မိပြီနော် အမကြီး...''

''ကျွန်မမှတ်မိပါတယ် ဆရာလေး''

''အဲဒီလို ဓါတ်ရိုက်ပြီး သိပ်မကြာခင်မှာ တောင်ဘက် အရပ်က ကလေးငိုသံကြားရမယ်၊ ကလေးက မိန်းကလေး ဖြစ်ရမယ်။ စနေသမီးကမွေးတဲ့ နို့သွားကလေး၊ လေဆန်နာထလို့ အော်ငိုနေတာဖြစ်လိမ့်မယ်။ ဒီနိမိတ်ကြားပြီးရင်တော့ ကျီးမနိုးခင်မှာ မောင်ဖိုးစီတစ်ယောက် အိမ်နောက်ဘက်က ခိုးကြောင်ခိုးဝှက် တက်လာပြီး အိုးခွက်ပန်းကန်

www.burmeseclassic.com

www.burmeseclassic.com



လှန်သံ ကြားရလိမ့်မယ်''

ကျွန်တော်၏ စကားသံကြောင့် ညှိုးလျှနေသည့် ပန်းတစ်ပွင့်နှင်းရည်ဖျန်း၍ လန်းသွားဘိသကဲ့သို့ ဒေါ်လှမေ၏ ပူဆွေးနေသော မျက်နှာသည်လည်း အားတက်ရွှင်လန်း၍ သွားပါတော့သည်။

''ခင်ဗျားပညာက အဆန်းပဲဗျာ၊ လုံချည်ဟောင်းကို ရေဆွတ်ပြီးထွက်လှန်း၊ ပြီးတော့ ဖျာကို ပြောင်းပြန်လိပ်ပိုက်တာလေးနဲ့ပဲ တောင်ဘက်အရပ်က ကလေးက ငိုမယ်။ ငိုတယ်ပဲထားပါဦး၊ စုံနေသမီးက မွေးတဲ့ နို့ညှာမိန်းကလေးဆိုတာက မဆန်းဘူးလား၊ ကလေးက လေဆန်နာထလို့ ငိုပါဟယ်ဆိုတာကိုတောင် ပြောနိုင်သေးတယ်။ အံ့ရောဗျာ...၊ ဒီကလေးငိုတာနဲ့ပဲ မောင်ဖိုးစီက ကျီးမနိုးခင်မှာ အိမ်နောက်ဘက်က ပြန်တက်လာပြီး အိုးခွက်ပန်းကန် လှန်ရောတဲ့လားဗျာ''

ကိုမြင့်သူက မယုံတယုံစကားပြောနေပြန်သည်။ စိန်ကောင်းကျောက်ကောင်းရောင်းသည့်နေရာသို့ ဆေးရိုးသည် ကန့်လန့်ဝင်လာသည်။ သူ့ပညာ ကိုယ့်ပညာမာနတော့ ရှိကြစမြဲပါ။

''မယုံရင် စောင့်ကြည့်လေဗျာ။ ကြေးထပ်ပြီး လောင်းဝံ့ပါတယ်''

၄

''ဟာဗျာ၊ ဒီလိုမဟုတ်ပါဘူး။ ကျွန်တော်က ခင်ဗျားပညာကို ဆန်းကြယ်လို့ တအံ့တသြပြောမိတာပါ။ ကျုပ်ယုံပါတယ်ဗျာ။ မနှစ်က ကျုပ်တို့ကျောင်းမှာ အေးက နှစ်ထပ်ကျောင်းဆောင် ဆောက်တဲ့ကိစ္စမှာ ကန်ထရိုက်နဲ့ပေါင်းတယ်ဆိုပြီး မိဘဆရာအသင်းနဲ့ ဖြေရှင်းရတုန်းက ခင်ဗျားယတြာကြောင့် ကျုပ်အလုပ် မပြုတ်တာပေါ့ဗျာ။



ဘယ့်နှယ့် မယုံရှိရမှာလဲ။ ယုံလွန်းလို့ ဟိုဘက်ကမ်းတောင် ရောက်နေသေးတယ်''

ကိုမြင့်သူက ပြန်၍တောင်းပန်ရှာသည်။ လောကီပညာဆိုသည်မှာလည်း ''တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက်''မို့ ပြောရုံမျှနှင့် ယုံရခက်ပါသည်။ ကိုမြင့်သူတစ်ယောက် မယုံ မကြည်ဖြစ်သည်ကို ကျွန်တော်အပြစ်ဆိုရန် မသင့်ပါ။

''ကဲ... ကိုဝင်းဇော်၊ ကျွန်တော် မိဘဆရာအသင်း အစည်းအဝေးပွဲသွားရဦးမယ်။ နောက်မှာပဲ အေးအေးဆေးဆေး လာလည်ဦးမယ်''

သူတို့နှစ်ယောက်ပြန်သွားမှ ကျွန်တော်လည်း စိတ်ပေါ့ပါးသွားတော့သည်။ သို့သော် ကျွန်တော့်ရင်ထဲတွင် ဒေါ်လှမေအတွက် စိတ်မကောင်းဖြစ်ပြီး ကျန်ခဲ့ပါသည်။ မုဆိုးမသွားလေရာ အဘယ်သို့သောမိုးကာများ လိုက်၍ ရွာနေသလဲမသိနိုင်ပါတကား။ လင်ပူမယားပူ၊ သားပူသမီးပူ၊ ရာထူးပူ၊ ဥစ္စာပူ၊ အိမ်ပူ၊ အမွေပူ၊ ထောင်ပူ၊ မြေပူ စသည့်စသည့် အပူသည်ပေါင်းများစွာနှင့် တွေ့ကြုံနေရသော ဗေဒင်ဆရာဘဝကို စိတ်ကုန်လှပြီ။

✣ ✣ ✣ ✣ ✣ ✣

နှစ်ရက်ခန့်ကြာသောအခါ၌ ဒေါ်လှမေတစ်ယောက် ကျွန်တော့်ထံသို့ ပြန်ရောက်လာသည်။ သူ့မျက်နှာကို မြင်ရုံမျှနှင့် သားတော်မောင် မောင်ဖိုးစီတစ်ယောက် ခလုတ်မထိ ဆူးမငြိ ပြန်ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



ပြီ ဖြစ်ကြောင်း မပြောဘဲ သိသာသည်။

"မောင်ဖိုးစီ ပြန်ရောက်နေပြီ ဆရာလေး။ ရောက်ရောက်ချင်း ကျွန်မလာမလို့ပါပဲ။ စားသောက်ဖို့ ဈေးထွက်ရှာနေရတာနဲ့ ဒီနေ့မှပဲ ဆရာလေးကို လာကန်တော့ဖြစ်တော့တယ်"ဟုဆိုကာ ဒေါ်လှမေက ခြင်းတောင်းထဲမှ မုန့်ကျွတ်ထုပ်လေးကို ထုတ်ယူကာ ကျွန်တော့်ရှေ့စားပွဲပေါ်သို့ တင်လိုက်သည်။

"ဘယ့်နှယ်ဗျာ...အစ်မကြီးက ကျွန်တော့်ထက် အသက်အရွယ်ကြီးတာပဲ။ မကန်တော့ပါနဲ့ဗျာ၊ ယူလာတဲ့မုန့်ကိုတော့ ကျေနပ်အောင် လက်ဆောင်အဖြစ်လက်ခံပါ့မယ်။ ကျေနပ်ရောပေါ့"

"ဆရာလေးက အသက်ငယ်ပေမယ့် ဆရာလေးရဲ့ ပညာကို ကန်တော့ပါတယ်။ ဆရာလေးဟောတဲ့အတိုင်းပါပဲ။ ကျွန်မလည်း ညနေလေးနာရီတိတိမှာ မောင်ဖိုးစီရဲ့လုံချည်ကို ရေဆွတ်ပြီး ထွက်လှန်းလိုက်တယ်။ ပြီးတော့ ဖျာလိပ်ကို ပြောင်းပြန်လိပ်ပြီး နံရံဘေးမှာ ထောင်ထားလိုက်လို့မှ သိပ်မကြာဘူး။ တောင်ဘက်တစ်အိမ်ကျော်က ကလေးငိုသံကြားရတော့တာပဲ။ ကျွန်မလည်း အဲဒီအိမ်ဘက်ပြေးပြီး သွားကြည့်လိုက်တော့ ဒွေးရီသမီးနှီညှာမလေး ဗိုက်နာလို့ ငိုနေတာကို တွေ့ရတယ်။ အံ့ရော ဆရာလေးရယ်။ လင်းအားကြီး ကျီးမနိုးခင်မှာ အိမ်နောက်ဘက်က အိုးသံခွက်သံကြားရလို့ သွားကြည့်လိုက်တော့ မောင်ဖိုးစီတစ်ယောက် ဘယ်ချောင်မှာပုန်းပြီး ဝတ်လာလဲမသိဘူး။ ထမင်းကျန် ဟင်းကျန်တွေကို လူးလဲစားနေတော့တာပါပဲ ဆရာလေးရယ်။ မနက်ပိုင်း ဈေးလည်းထွက်ရော လှိုင်သာယာက "ပင်လုံဈေးထဲမှာ ဆရာလေးရဲ့ပညာ ဘယ်လောက်စွမ်းကြောင်း ကျွန်မတော့ ကြော်ငြာမောင်းခတ်တော့တာပါပဲ။ ဒီနေ့ ဆရာလေးဆီကိုအလာ



အင်းစိန်တစ်ဖက်ကမ်းမှာ ကျောင်းဆရာလေးနဲ့တွေ့လို့ ဒီအကြောင်းကို ပြောပြခဲ့ရပါသေးတယ် ဆရာလေး"

ဒေါ်လှမေစကားကြောင့် ကျွန်တော့်မျက်လုံးထဲမှ ကိုမြင့်သူ၏ မျက်နှာကို မြင်ယောင်လာမိသည်။

"ဘယ့်နှယ်ရှိစ ကိုမြင့်သူ။ ကျွန်တော့်ပညာကို တွေ့ပြီ မဟုတ်လား" ဟု ဒီတစ်ခါတွေ့မှ ပြောလိုက်မည်ဟု တေးထားလိုက်ပါသည်။ ရုပ်ရှင်၊ ဝတ္ထုတွေမှာကဲ့သို့ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့ညနေ ကိုမြင့်သူနှင့် ပြန်လည်ဆုံဖြစ်ခဲ့ပါသည်။

ရာသီဥတုသာယာပြီး စိတ်ရောကိုယ်ပါ ကြည်ကြည်သာသာရှိသည်နှင့် ရွှေတိဂုံစေတီသို့ တစ်ယောက်တည်း ဘုရားဖူး တက်ခဲ့ပါသည်။ ဗုဒ္ဓဟူးထောင့်မှာ ဘုရားဝတ်ပြုပြီးအထ၌...

"ဗေဒင်ဆရာလည်း ယတြာချေရတာပဲလားဗျ...."ဟု ပြောလိုက်သောစကားသံကြောင့် လှည့်အကြည့်မှာ ကိုမြင့်သူဖြစ်မှန်း သိရပါသည်။

"ဒါပေါ့ဗျာ၊ ဆေးဆရာလည်း ဆေးသောက်ရတာပဲ။ ဗေဒင်ဆရာလည်း ကိုယ်ကိုယ်တိုင် ယတြာချေရတာပါပဲ။ ဒါနဲ့ စကားမစပ် ဒီနေ့နေ့လည် ကျွန်တော့်ဆီကို ဒေါ်လှမေကြီးတစ်ယောက် လာသွားတယ်။ သူ့သား... ပြန်ရောက်လာလို့ လာကန်တော့တာပေါ့ဗျာ"

ကျွန်တော်က စကားလမ်းကြောင်း ပေးလိုက်သည်။

"ကျွန်တော်နဲ့လည်း အင်းစိန်မှာတွေ့တယ်။ မောင်ဖိုးစီ ပြန်ရောက်လာတဲ့အကြောင်း၊ ခင်ဗျားဆီမှာ သွားပြောပြပြီး ကန်တော့မယ်တဲ့ဗျာ။ ခင်ဗျားကို ချီးမွမ်းခန်းဖွင့်နေလိုက်တာ မပြောပါနဲ့တော့၊ ကျွန်တော်တောင် ကျောင်းတက်နောက်ကျသွားတယ်။ ဒီအတွက်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကို ကျွန်တော်တောင်းပန်စရာရှိသေးတယ်''

''တောင်းပန်မနေပါနဲ့ဗျာ...ကျွန်တော်က စိတ်မဆိုး တတ်ပါဘူး။ လောကီပညာဆိုတာ တိမ်မယောင်နဲ့နက် လွယ်မယောင်နဲ့ခက်ဗျ။ ပြောရုံမျှနဲ့ ယုံကြည်ဖို့ရာကမလွယ်ဘူးလေဗျာ။ ခုလိုလက်တွေ့ကျကျ ဖြစ်လာမှပဲ ယုံတော့မှာပေါ့။ မဟုတ်ဘူးလား''

''အဲဒီအကြောင်းကို ပြောတာမဟုတ်ဘူး ကိုဝင်းဇော်။ ဒေါ်လှမေအကြောင်းကို ကြိုတင်ပြီး ပြောမပြထားမိတဲ့အတွက် တောင်းပန်မလို့ပါ''

သူ့စကားကြောင့် ကျွန်တော် နားရှုပ်သွားသည်။

''ဒီလိုဗျ... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က ပေါ့ဗျာ။ အဲဒီအချိန်တုန်းက ဒေါ်လှမေက မောင်ဖိုးစီလေးကိုမွေးတယ်။ ဒါပေမယ့် သူမီးနေတွင်းက မထွက်ခင်မှာပဲ တောင်ငူဘက်မှာ သစ်တင်ကားမှောက်ပြီး သူ့ယောကျ်ားဆုံးပါးသွားတယ်ဆိုတဲ့ သတင်းဆိုးက ဝင်လာတယ်။ အဲဒီနေ့မှာပဲ ရက်သားလောက်ရှိသေးတဲ့ မွေးကင်းစကလေးက အဖတ်မတင်ပြန်ဘူး။ ပဋ္ဌာမြေလူး မချူးခံနိုင်ပဲ့မလားဗျာ... လင်သေလို့ ဖြေစရာသားလေးတစ်ယောက် ကျန်ခဲ့တယ်ဆိုရင်တော့ သက်သာစရှိသေးတာပေါ့ဗျာ။ ကံတရားကလည်း မညှာမတာရက်စက်နိုင်လွန်းတယ်။ ဒီတော့ သူ့ရဲ့ မသိစိတ်မှာရော သိစိတ်မှာပါ မွေးကင်းစသူ့သားလေး မသေဘူးလို့ လက်ခံလိုက်တယ်။ ရှင်းရှင်းပြောရရင်တော့ ယဉ်ယဉ်လေးနဲ့ ရူးသွားတာပေါ့ဗျာ''

''သူ့သားလေးနာမည်ကို မောင်ဖိုးစီလို့ နာမည်ပေးပြီး ဗေဒင်ဆရာဆီမှာ ဇာတာသွားအပ်တယ်။ ပုခက်ဆင်ချိန်အရွယ်မှာ ပုခက်ဆင်ပြီး ကလေးကို ချော့သိပ်တယ်၊ ကျောင်းထားချိန် အရွယ်ရောက်တော့



ကျောင်းသွားအပ်တယ်။ ရပ်ကွက်ထဲက မူလတန်းကျောင်းဆိုတော့ ကျောင်းအုပ်ကြီးကလည်း သူ့အကြောင်းကို သိတန်သလောက် သိထားတာပေါ့ဗျာ။ ကျွန်တော်က အဲဒီတုန်းက တက္ကသိုလ်တက်နေတုန်းပဲရှိသေးတယ်။ ကျောင်းဆင်းချိန်ရောက်ပြီဆိုရင် ကျောင်းရှေ့မှာထိုင်ပြီး စောင့်နေတာ ခုထိမျက်စိထဲမှာ မြင်တုန်းပဲ''

''ဒေါ်လှမေရဲ့ဘဝမှာ မောင်ဖိုးစီဆိုတဲ့ သားတစ်ယောက် တကယ်ရှိနေတာကိုးဗျ။ ဒီလိုနဲ့ တဖြည်းဖြည်း မောင်ဖိုးစီအရွယ်ရောက်လာတာပေါ့ဗျာ။ တစ်ရပ်ကွက်လုံးက သူ့ကိုသနားကြတယ်။ နောက်ပြောင်တဲ့လူတွေကလည်း ရှိသေးတယ်ဗျ။ မောင်ဖိုးစီ လမ်းထိပ်မှာ ရန်ဖြစ်နေတယ်လို့သွားပြီးနောက်ရင် သူ့ခမျာ ဈေးဗန်းကြီးချပြီး ထဘီစွန်တောင်ဆွဲလို့ လမ်းထိပ်ဘက်ကို ပြေးပါလေရောဗျာ။ အဖြစ်ကတော့ ဆိုးရှာပါတယ်''

ကိုမြင့်သူ ရှင်းပြမှ ကျွန်တော်လည်း ဇာတ်ရည်လည်တော့သည်။

''ခင်ဗျားတော်တော်ဆိုးတဲ့လူပဲ၊ ကျွန်တော့်ဆီကို ဘာဖြစ်လို့ ခေါ်လာရတာလဲဗျ''

''အဲဒီနေ့တုန်းက အင်းစိန်ဈေးရှေ့မှာ သူနဲ့တွေ့တယ်။ ဘယ်သွားမလို့လဲ ကျွန်တော်က နှုတ်ဆက်တော့ မောင်ဖိုးစီ ရန်ဖြစ်တဲ့ အကြောင်း ပြောပါလေရောဗျာ။ ပြီးတော့ ဗေဒင်သွားမေးမလို့ဆိုတော့ ခင်ဗျားကိုပြေးပြီး သတိရမိတာကိုးဗျ။ ခင်ဗျားက ဒုက္ခရောက်တဲ့လူတွေ၊ ပစ္စည်းပျောက်တဲ့လူတွေ၊ အလုပ်မရှိတဲ့ လူတွေ၊ အမှုသည်တွေ၊ ကျန်းမာရေးညံ့တဲ့လူတွေ၊ လက်လုပ်လက်စားတွေကို ညာဏ်ပူဇော်ခ မယူဘူးဆိုတော့ ခင်ဗျားဆီကို ခေါ်လာရတာပေါ့။ သူ့အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကြိုပြောထားရင်လည်း ခင်ဗျားအဖို့ စိတ်ထဲမှမပါဘဲ ပေါ့ပေါ့ရွှတ်ရွှတ် ဖြစ်နေမှာစိုးလို့ပါ။ အမှန်တော့ စိတ်ရောဂါသည်ကို စိတ်ပညာဆန်ဆန် ကုသလိုက်တာပေါ့ဗျာ။ ဒီအတွက် ခင်ဗျားကို ကျုပ်တောင်းပန်ပါတယ်''

ထိုအချိန်၌ ကျွန်တော့်ခေါင်းထဲသို့ အတွေးတစ်ခု ဖြတ်ခနဲ ဝင်လာသည်။ ရှာနေသောပစ္စည်းကို မမျှော်လင့်ဘဲ ခလုတ်တိုက်မိသလို ဟု ဆိုနိုင်ပါသည်။ ကျွန်တော် ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ရသွားပြီ မဟုတ်ပါလော။

''တောင်းပန်မနေပါနဲ့ဗျာ။ ကျွန်တော်က တောင် ခင်ဗျားကို ကျေးဇူးတင်ရဦးမှာပါဗျာ။ ဒေါ်လှမေရဲ့ ဘဝ ထဲက မောင်ဖိုးစီ တကယ်ရှိသွားပြီဗျ။ ဟိုနေ့က မောင် ဖိုးစီ တကယ်ပြန်လာတယ်ဗျ... ဟုတ်တယ်...မောင်ဖိုးစီ ပြန်လာပြီ...''

''ကိုဝင်းဇော် ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ''


''နောက်မှရှင်းပြမယ်ဗျာ။ ကျွန်တော် အိမ်ပြန်ပြီး စာရေး စရာရှိသေးတယ်။ ကဲ...သွားလိုက်ဦးမယ် ကိုမြင့်သူ...''

ကိုမြင့်သူတစ်ယောက် ကျွန်တော့်နောက်ကျောကို ကြည့် ပြီး ကျွန်တော်တယ်သို့ ဖြစ်သွားသနည်းဟုတွေးလျက် ကျန်ခဲ့ပေ တော့မည်။

*သောခပ်သိမ်း ကင်းငြိမ်းကြပါစေ*

*ဝင်းဇော် (သစ်တော)*





www.burmeseclassic.com

www.burmeseclassic.com



# တိုက်ဆိုင်မှု

၁၉၉၀ ခုနှစ်၊ စက်တင်ဘာလ ၂၈ရက်၊ သောကြာနေ့ နေ့လည်တစ်နာရီလေးဆယ့်ငါးမိနစ်တိတိမှာ ကျွန်တော့်အဖေ ကွယ်လွန်အနိစ္စ ရောက်သည်။

နောက်ဆယ်နှစ်ကျော်အကြာတွင် ၂၀၀၁ခုနှစ်၊ မတ်လ ၉ ရက်၊ သောကြာနေ့ ညရှစ်နာရီနှင့် ဆယ့်တစ်မိနစ်မှာ အမေက ဘဝ တစ်ပါးသို့ ကူးပြောင်းသွားပါသည်။

✣ ✣ ✣ ✣ ✣ ✣



တချို့သော ဆန်းကြယ်ဖွယ်ရာ ဖြစ်ရပ်ဆန်းများမှာ သာမန် တိုက်ဆိုင်မှုလေးများသာ ဖြစ်ပါသည်။ တချို့သော သာမန် တိုက်ဆိုင်မှု များသည်လည်း အဖြေရှာရခက်သော ထူးထွေဆန်းပြား ဖြစ်ရပ်ဆန်း များ ဖြစ်ပါသည်။

✣ ✣ ✣ ✣ ✣ ✣

ရေးလှေကြီးများရှိးသားကြသည်။ နေမှုထိုင်မှုမှာ ရိုးသည်။ ဝတ်စားဆင်ယင်မှု ရိုးသည်။ စကားခေါ်ဝေါ်သုံးနှုန်းပုံလည်း ရိုးသည်။ လင်နှင့်မယားခေါ်ဝေါ်ကြပုံက ယခုခေတ်လို 'ခင်''မောင်' 'ဒါလင်' 'အစ်ကို' 'ညီမ' 'အချစ်' 'ကလေးတွေအဖေ' 'အဖေကြီး' 'အမေကြီး' ဆိုပြီး ကလက်တက်တက်၊ ရွှတ်နောက်နောက် မခေါ်ကြပါ။ 'ကိုရင်' 'ရှင်မ'ဟုသာ သိမ်မွေ့စွာ ခေါ်ပြောကြသည်။

ကျွန်တော့်အဖေ၏ နာမည်မှာ ဦးစံရှိန်ဖြစ်ပြီး အမေ၏ နာမည်မှာ ဒေါ်တင်ဖြစ်သည်။ အဖေက အမေ့ကို 'မတင်'ဟု လည်း ကောင်း၊ အမေက အဖေ့ကို 'ကိုစံရှိန်'ဟုလည်းကောင်း နာမည်ရှေ့မှာ 'ကို' 'မ'တပ်ပြီး ပြောဆိုကြသည်မှာ အိမ်ထောင်ဦးမှသည် သက်ဆုံး တိုင်ဖြစ်သည်။

✣ ✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



အဖေ့အသုဘ စည်ပါသည်။ သားသမီးများစုံသည်။ စုံသည်ဟု ဆိုသော်လည်း သားသမီးခြောက်ယောက်ရှိသည့်အနက် အစ်ကိုကြီးမှာ ဆက်သွယ်အကြောင်းကြားရန် ခက်ခဲသောနေရာသို့ ရောက်ရှိနေသောကြောင့် အဖေ့အသုဘချသည့်နေ့၌ ရောက်မလာနိုင်ခဲ့ပါ။

အဖေ့အလောင်းကို တာမွေသုသာန်မှာ မြေမြှုပ်သင်္ဂြိုဟ်ပါသည်။ ဂူမသွင်းပါ။ အဖေ့ရုပ်အလောင်းကို မြေတွင်းသို့ချသောအခါမှာ အမေကရှိုက်၍ရှိုက်၍ ငိုပါသည်။ အမေ့ယာဘက်မှာ ကျွန်တော်က ရပ်နေပြီး အမေ့ဘယ်လက်မောင်းကို ကျွန်တော့်ညီမက သူ့ညာဘက်လက်နှင့် ချိတ်ဆွဲထားပါသည်။

"ကိုစံရှိန်... ရှင်က ကျွန်မအလောင်းကို မ,ပြီး သင်္ချိုင်းကုန်းအထိ ပို့ပေးပါမယ်ဆို... ခုတော့"ဟု တိုးတိုး လေးလေးပြောပြီး ရှိုက်၍ ရှိုက်၍ ငိုနေရှာသည်။

❖ ❖ ❖ ❖ ❖ ❖

အဖေ့ရုပ်အလောင်းမြေချပြီး အိမ်ပြန်ရောက်တော့မှ အမေက ကျွန်တော့်ကို—

"စစ်ကြိုခေတ်၊ ကျားကွက်သစ်ရပ်ကွက် စတည်တော့ အမေတို့က မဂ္ဂင်လမ်းထဲမှာနေတယ်။ အဲဒီအိမ်မှာ မင်းတို့ အစ်ကိုကြီးကို မွေးတာ၊ သူတစ်လသား၊ နှစ်လသားအရွယ်လောက် ထင်ပါရဲ့။ ကိုယ်တွေသိပ်ပူပြီး အဖျားတက်တော့ ကျောက်တောလမ်းထဲမှာနေတဲ့ ဆေး



ဆရာကြီး ဦးမှည့်ကို သွားပြရတယ်။ အဲဒီအချိန်တုန်းက ဆေးခန်းတွေ၊ ဆရာဝန်တွေဆိုတာ သိပ်ရှားတာပဲ။ မြန်မာဆေးဆရာကြီးတွေကိုပဲ အားကိုးအားထားပြရတာ။ ဆရာကြီးက ဆေးမှုန့်ရှုတွေကို သူ့ညာဘက်လက်မှာ ပွတ်ပြီး ကလေးရဲ့ကျောနဲ့ရင်ကို သပ်ချပေးလိုက်တာနဲ့ ကိုယ်ပူချက်ချင်းကျသွားတာပဲ။ ဒီခေတ် အင်္ဂလိပ်ဆေးတွေထက်တောင် စွမ်းသေးတယ်။ အဲဒီအချိန်ကစပြီး အမေတို့လင်မယားလည်း ဆရာကြီးကိုးကွယ်တယ်။ ဆရာကြီးလည်း အမေတို့နှစ်ယောက်ကို သားသမီးတွေလို ခင်ရှာပါတယ်။ ဆရာကြီးက ခေတ်ပညာတင် တတ်တာမဟုတ်ဘူး။ ဗေဒင်လည်းတတ်တယ်"

"အမေ့ကို ဆရာကြီးက ဗေဒင်ဟောပေးဖူးတယ်။ နောက်နှစ်မှာ သေနတ်မှန်မယ်၊ ဒါပေမယ့် မသေဘူး။ အသက် ရှစ်ဆယ်ကျော်ထိ နေရမယ်။ နင်သေလို့ အသုဘချတဲ့နေ့မှာ မောင်ရှိန်က နင့်အလောင်းကို မပြီး ယူသွားလိမ့်မယ်လို့ ဗေဒင်ဟောပေးခဲ့ဖူးတယ်"ဟု မျက်ရည်စက်လက်နှင့် ပြောပြပါသည်။

အမေ့၏လည်ပင်း ဇလုတ်အောက်နားမှာ အမာရွတ်ကြီးတစ်ခု ရှိပါသည်။ ဂျပန်ခေတ်တုန်းက အမေတို့နေသော တစ်အိမ်ကျော်မှာ ဓါးပြတိုက်မှုဖြစ်ပြီး ဓါးပြတစ်ဦး၏ လုပ်သေနတ်မှ ကျည်ဆံထွက်ကာ အမေ့လည်ပင်းကို ရှပ်မှန်ခဲ့ခြင်းဖြစ်သည်။ အမေပြောပြသော ဆေးဆရာကြီး၏ ဗေဒင်တော်တော်မှန်ပါသည်။ သို့သော် အဖေကသေနှင့်ပြီ။ အမေသေခဲ့သော် အမေ့ရုပ်အလောင်းကို အဖေက မည်သို့လာ၍ မ,မည်နည်း။

❖ ❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အိမ်မှာ တယ်လီဖုန်းမရှိပါ။ အမေဆုံးလျှင် ဆုံးချင်း လမ်းထိပ်သို့ပြေးပြီး အင်းစိန်ရှာမမှ ကိုအောင်ခိုင်ထံသို့ ဖုန်းဆက် အကြောင်းကြားရပါသည်။ ကိုအောင်ခိုင်က ကားမောင်းပြီး မှော်ဘီ၊ မရမ်းတလင်းတောတွင်နေသော အစ်ကိုကြီးထံသို့ သတင်းပို့သည်။ ညဆယ့်တစ်နာရီကျော်ကျော်မှာ ကျောက်မြောင်းအိမ်သို့ အစ်ကိုကြီး ရောက်လာသည်။ ဒီတစ်ခါလည်း ညီအစ်ကိုမောင်နှမများ မစုံပါ။ ကျွန်တော့်ညီနှစ်ဦး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့သည်မှာ နှစ်နှစ် ကျော်ကြာခဲ့ပါပြီ။

✣ ✣ ✣ ✣ ✣ ✣

နောက်တစ်နေ့ နံနက် ခြောက်နာရီတိတိမှာ ရေဝေးသုသာန်မှ အလောင်းသယ်သောကားတစ်စီး ရောက်လာသည်။ ကားရှေ့ခန်းမှ မြို့တော်စည်ပင်သာယာ ယူနီဖောင်းဝတ်ထားသည့် ဝန်ထမ်းတစ်ဦးဆင်းလာသည်။ ကားနောက်ခန်းမှ လိုက်ပါလာသည့် အလုပ်သမားနှစ်ယောက်လည်း ထိုဝန်ထမ်း၏နောက်မှနေ၍ အိမ်ပေါ်သို့ တက်လာကြသည်။

ထိုဝန်ထမ်းမှာ စကားပြော ရည်ရည်မွန်မွန်ရှိပြီး မိမိအလုပ်ကို မခိုမကပ်၊ စနစ်တကျ ကိုင်တွယ်လုပ်ကိုင်နိုင်သော အရည်အချင်းမျိုး ရှိဟန်တူသည်။ ကျွန်တော့်ထံမှ ဆရာဝန်၏သေကြောင်း ထောက်ခံစာ၊ အမေ၏မှတ်ပုံတင်၊ သန်းခေါင်စာရင်းများကို တောင်းယူကြည့်ပါသည်။ သူနှင့်အတူပါလာသော စာရွက်စာတမ်းများ၌ ရေးဖြည့်သွင်းပြီးနောက်



"မီးသဂြိုဟ်မယ့်နေ့မှာ ကျွန်တော်နေ့ဂျူတီပြန်ဝင်ရမယ်။ အခက်အခဲရှိရင်ပြောပါ၊ ကျွန်တော့်နာမည် 'ကိုစံရှိန်' လို့မေးရင် ဝန်ထမ်းအားလုံးသိပါတယ်"ဟု ပြောလိုက်သောအခါ ကျွန်တော့် အစ်ကိုကြီး၏ မျက်နှာပေါ်တွင် အံ့ဩမှုများ ဖြတ်သန်းသွားပါသည်။ ကျွန်တော်က ပို၍ အံ့ဩခြင်းဖြစ်ရပါသည်။

ထို့နောက်...

"မောင်မြင့်အောင်... မင်းညာဘက်လက်နာနေတယ် မဟုတ်လား။ မင်းကားပေါ်က ဆွဲတင်။ ငါနဲ့ဖိုးအောင် မ,လာခဲ့တော့မယ်"


ကိုစံရှိန်သည် အမေ့ရုပ်အလောင်းဦးခေါင်းဖက်က မ,ပြီး ဖိုးအောင်ဆိုသည့် အလုပ်သမားက ခြေထောက်မှ မ,ကာ အိမ်ပေါ်မှ ဆင်းသွားပါတော့သတည်း...။

ဝင်းဇော် (သစ်တော)

www.burmeseclassic.com

www.burmeseclassic.com







## အသျှာ ပျေးနေ

"မိယန္တိ သတ္တာ သင်္ခါရာစ ပါဏာ စဇန္တိ ဘိဇ္ဇန္တိ

အန္တရဓါနံ ဂစ္ဆန္တိ ဧတေနာဝတိ မရဏာ"

ဧတေန = ဤသဘောတရားဖြင့်၊ သတ္တာစ = သတ္တဝါအပေါင်းတို့သည်လည်းကောင်း၊ သင်္ခါရာစ = ဖြစ်ဖြစ်သမျှသင်္ခါရတို့သည်လည်းကောင်း၊ မိယန္တိ = သေကြကုန်၏။ ပါဏံ = အသက်ကို၊ စဇန္တိ = စွန့်လွှတ်ကြကုန်၏။ ဘဇ္ဇန္တိ = ပျက်စီးကြကုန်၏။ အန္တရဓါနံ = ကွယ်ပျောက်ခြင်းသို့ ဂစ္ဆန္တိ = ရောက်ကြလေ ကုန်၏။ ဣတိတသ္မာ = ထိုသို့ သေကြေပျက်စီး ပြုန်းတီးဆုတ်ကွယ်ကြောင်း ဖြစ်လေသောကြောင့်၊ မရဏံ = မရဏာမည်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏
(ဥရောပ ဗုဒ္ဓဘာသာအလင်းပြကျမ်း)
လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ဘာသာပြန်ဆိုသည်။
တတိယအကြိမ် မုဒ္ဒာဘာသာရေးစာစဉ် - ၄နှစ် ၂၀၀၁၊ စာ-၂၄၉။

ဒီနေ့ ကျုပ်မွေးနေ့ပေါ့ဗျာ။ မွေးနေ့မှာ ဥပုသ်စောင့်ပြီး အိမ်မှာပဲ နားအေးပါးအေး နေတော့မလို့ မနေ့ကအထိတော့ စိတ်ကူးရှိတယ်။ ဒါပေမယ့် ဒီနေ့တော့ ဗေဒင်ဆိုင်ခန်းကိုပဲ နံနက် စောစော လာဖွင့်လိုက်တော့တယ်။ ကျုပ်တစ်ကိုယ်တည်း မဟုတ်ဘူးလေဗျာ၊ ကျုပ်အိမ်မှာက မိသားစုများတယ်။ စားအိုးကြီးတယ်။ ရန်ကုန်မှာက နေစရိတ်၊ စားစရိတ်ဆိုတာက သိပ်ချောင်တာ မဟုတ်ဘူးလေ။ တစ်နေ့လုပ်မှ တစ်နေ့စားနိုင်တာဗျ။

ကျုပ်ဗေဒင်ဆိုင်ခန်းကို ရောက်ရောက်ချင်း ဘုရားပန်းလဲတယ်။ ပြီးတော့ ထမင်းချိုင့်ဖွင့်ပြီး ထမင်းဖြူနဲ့ဦးဦးဖျားဖျား ဆွမ်းတော်ကပ်၊ ဘုရားဝတ်ပြုပေါ့ဗျာ။ ဒီနေ့ ကျုပ်အသက်လေးဆယ် တင်းတင်းပြည့်တယ်လေ။ ဒါ့ကြောင့် မေတ္တာသုတ်ရွတ်ပြီး "သတ္တဝါတွေ ချမ်းသာကျန်းမာပါစေ"လို့ အခေါက် (၄၀)တိတိ အသံထွက်ပြီး မေတ္တာပို့တယ်။ အဲဒီအချိန်မှာပဲ ဆိုင်ထဲကို ဗေဒင်မေးမယ့်လူတစ်ယောက် ဝင်လာတယ်။ အသက်က ငါးဆယ်လောက်ရှိမယ်ထင်တယ်။ ဝတ်စားထားပုံကတော့ ဟန်ဟန်ပန်ပန် ပါပဲ။ ကျုပ်လဲ သူ့မွေးနေ့သက္ကရာဇ်တွေ ဘာတွေမေးပြီး ဗေဒင် ဟောရတာပေါ့ဗျာ။ မွေးနေ့မှာ ဈေးဦးပေါက်တာ ကျုပ်အတွက် အတိတ်ကောင်း နိမိတ်ကောင်းပေါ့။ ကျုပ်က ဗေဒင်ဟောပြီးတော့



သူ့ကိုမေးချင်တာမေးပါလို့ ပြောလိုက်တယ်။ ဒီတော့ သူက "ဒီလိုပါ ဆရာ ကျုပ်မိတ်ဆွေလုပ်ငန်းရှင်တစ်ဦးက ဆရာ့ဆီကိုသွားဖို့ ညွှန်လိုက်လို့ပါ။ ပြီးခဲ့တဲ့လက ဆရာ့ဆီကို သူလာပြီး ဗေဒင်မေးသွားတယ်။ သူ့မှာ အရောင်းမထွက်တဲ့ အထည်တွေကို ဆရာဓါတ်ရိုက်ပေးလိုက်လို့ နေ့ချင်းညချင်း အရောင်းထွက်သွား တယ်လို့ ပြောပါတယ်။ ဒါကြောင့် ဆရာ့ဆီကို ကျုပ်လာခဲ့တာပါ။ ကျုပ်လည်း ဒီနှစ်ထဲမှာ ပစ္စည်းတွေ သောင်တင်နေတာများတယ်။ အဲဒီပစ္စည်းတွေ အရောင်းသွက်အောင် ဓါတ်ရိုက်ပေးပါ ဆရာ"

"လွယ်ပါတယ်ဗျာ။ ခင်ဗျားရဲ့ကုန်ပစ္စည်းတွေကို တနင်္လာနေ့မနက် ၉နာရီတိတိမှာ ကျောက်တုံးတစ်ချောင်းနဲ့ လိုက်ပြီး ခေါက်ပါ။ အဲဒီကုန်ပစ္စည်းတွေ အရောင်းသွက်လာလိမ့်မယ်"

"ဟုတ်ကဲ့ပါဆရာ။ ဆရာပြောသလို အရောင်းသွက်လာရင်တော့ ဆရာ့ကို ထိုက်ထိုက်တန်တန် လာကန်တော့ပါ့မယ်"

"ကိစ္စမရှိပါဘူးဗျာ။ ဒါနဲ့ ခင်ဗျားရဲ့ကုန်ပစ္စည်းတွေက ဘာတွေလဲဗျ"

"ခေါင်းတွေပါဆရာ"

"ဗျာ"

*သေးဘယာခပ်သိမ်း ကင်းငြိမ်းကြပါစေ။*

*ဝင်းဇော် (သစ်တော)*

www.burmeseclassic.com

www.burmeseclassic.com







# ငါ့ဝမ်းမှုသာ

ဤသတ္တလောကကြီး၌ 'တနင်္ဂနွေနံ့စုတ်ငှက်'ကို 'ဗုဒ္ဓဟူးဖား' ကစားသည်။ 'ဗုဒ္ဓဟူးဖား'ကို 'စနေမြွေ'မျိုသည်။ 'စနေမြွေ'ကို 'အင်္ဂါဥဒေါင်း' ပေါက်သတ်သည်။ 'အင်္ဂါဥဒေါင်း'ကို 'သောကြာမုဆိုး' လေးနှင့်ပစ်သတ်သည်။ 'သောကြာမုဆိုး'ကို 'တနင်္လာကျား'က စားသည်။ 'တနင်္လာကျား'ကို 'ကြာသပတေး ခြင်္သေ့' ဟောက်သတ်သည်။ 'ကြာသပတေးခြင်္သေ့'ကိုလည်း 'တနင်္ဂနွေနံ့စုတ်ငှက်' မာယာဖြင့် သတ်သည်။ 'တနင်္ဂနွေနံ့စုတ် ငှက်'ကိုလည်း 'ဗုဒ္ဓဟူးဖား'...

''တန်းအောက်တိုင်ခြေ၊ နဂါးနေလျှင်၊ ပူပန်သောက၊ တွေ့ကြုံရလိမ့်မယ်'လို့ ဗေဒင်ကျမ်းဂန်တွေမှာ ဟောကိန်းထုတ်ထားတယ်ကွယ့်။ နဂါးဆိုတာက စနေဂြိုဟ်ကိုပြောတာနော်။ အင်း... ဒီတော့...''

ကျုပ်က စကားကိုရပ်လိုက်တယ်။

ပြီးတော့ ကျွန်တော့်ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်နေတဲ့ အမျိုးသမီးရဲ့မျက်နှာကို အကဲခတ်လိုက်တယ်။

စနေဂြိုဟ်ဆိုတဲ့ စကားလုံးကို ကြားလိုက်ရလို့ ထင်ပါရဲ့။ သူ့မျက်နှာပေါ်မှာ ကြောက်ရွံ့အားငယ်သွားတဲ့ အရိပ်အယောင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ထင်ဟပ်သွားတယ်။ ဒီတော့ ကျုပ်အတွက် ဒီနေ့အဖို့ ငါးတစ်ကောင်မိပြီ ဆိုတာကို ကျိန်းသေတွက်လို့ရပြီလေ။

အဲဒီ ဒအမျိုးသမီးရဲ့ ဝတ်စားဆင်ယင်ထားပုံကလည်း ဟန်ဟန် ပန်ပန် ရှိတယ်။ လက်ဝတ်ရတနာတွေကလည်း ကာလတန်ဖိုး သိန်း ဂဏန်းအထက်လောက်မှာ ရှိလိမ့်မယ်ထင်တယ်။ ဒီတော့ ညွတ်ကွင်းထဲ ဝင်တော့မယ့် သားကောင်ကို တောချောက်ပြီး မောင်းသွင်းရလိမ့်မယ်။

"မင်းက စနေသမီးနော်"

"ဟုတ်ပါတယ်...ဆရာ"

"အေး...ဒီတော့ အဲဒီစနေဂြိုဟ်က မင်းရဲ့ဆန်းတိုင်မှာ တိုင်ခြေရောက်ပြီး ပဋ္ဌာမြေလူးဖြစ်နေတယ်။ စနေဂြိုဟ်ရဲ့ သဘောက အထက်မှာထီး၊ အောက်မှာမီးကွယ့်။ စနေတိုင်ထိပ်ရောက်ရင် အိုးအိမ် အရိပ်အာဝါသကြောင့် စိတ်အေးချမ်းသာဖြစ်မယ်။ စနေတိုင်ခြေမှာ ရောက်နေရင်တော့ အိုးအိမ်ကြောင့် ပူပန်ရလိမ့်မယ်လို့ အဟောထွက် တယ်။ ဒီတော့... မင်းမှာ အိမ်ခန်းတိုက်ခန်းအတွက် ဆုံးရှုံးကိန်းမြင် နေတယ်"

"ဟုတ်...ဟုတ်ပါတယ်ဆရာ။ ကျွန်မခင်ပွန်း နိုင်ငံခြားက ပို့လိုက်တဲ့ငွေနဲ့ ကျောက်မြောင်းထဲမှာ တိုက်ခန်းတစ်ခန်းဝယ်မိပါတယ်။ ဒါပေမယ့် အဲဒီတိုက်ခန်းက ပြဿနာတက်နေတဲ့ အခန်းဖြစ်နေတယ် ဆရာ။ ကန်ထရိုက်တာက သုံးလေးဦးဆင့်ပြီး ရောင်းထားတဲ့ အခန်း ဖြစ်နေတော့ ကျွန်မအဖို့ လက်လွှတ်ရမယ့်ကိန်း ဖြစ်နေပါတယ်ဆရာ"

"ဒီအတွက် ဘာမှမပူနဲ့။ ဆရာယတြာ ဖယောင်းတိုင် သုံးတိုင် ပေးလိုက်မယ်။ စနေဒေါင့်မှာ တစ်ရက်တစ်တိုင်ထွန်းပြီး မီးပူဇော်လိုက်ပါ။ မင်းလက်ထဲကို တိုက်ခန်းပြန်ရောက်လာလိမ့် မယ်"



ကျုပ်က ကွမ်းအစ်ထဲက ယတြာဖယောင်းတိုင်သုံးတိုင်ကို ယူပြီး အဲဒီအမျိုးသမီးကို ပေးလိုက်တယ်။

"ဆရာ.. အဲဒီယတြာဖယောင်းတိုင်အတွက် ညာဏ်ပူဇော်ခ ဘယ်လောက်ပေးရမလဲရှင်..."

ငါးကတော့ဟပ်ပြီ။ ငါးမျှားကြိုးက ဆွဲတင်လိုက်ရုံပေါ့ဗျာ။

"အင်း... ဆရာ့ယတြာကို တန်ဖိုးမဖြတ်ရဘူးကွယ့်။ ဆရာက ဒုက္ခသည်တွေအတွက် စေတနာနဲ့ စီရင်ထားတာပါ။ အင်း...ဒါပေမယ့် ကြီးကိုးကြီး အဓိဋ္ဌာန်ဝင်ပြီး စီရင်ထားတာဆိုတော့ နဝင်းကျေအောင် ကိုးရာတိတိ ကန်တော့ပေါ့ကွယ်..."

"ရပါတယ်... ဆရာ ရပါတယ်... အောင်မြင်ရင်လည်း ထပ်ပြီးတော့ လာကန်တော့ပါဦးမယ်"

✧ ✧ ✧ ✧ ✧ ✧

ဒီနေ့တော့...ကျုပ်အဖို့ အိမ်အပြန် ငါးတန်ထမ်းလို့ ပေါ့ဗျာ။ ကျုပ်ရင်ထဲမှာ တစ်နေတဲ့ အပူလုံးကြီးလည်း ကျသွားပြီမဟုတ်လား။ ဒီနေ့ အိမ်ပြန်ရောက်လို့မှ အိမ်လခ ငွေငါးရာမပေးနိုင်ရင် အိမ်ရှင် မိန်းမကြီးက မောင်းချတော့မှာ ကျိန်းသေတယ်။

ကျုပ်ထင်ထားတဲ့အတိုင်းပဲ။ ကျုပ်အိမ်ခန်းတံခါး သော့ဖွင့်နေ တုန်းမှာပဲ တစ်ဖက်ခန်းက အိမ်ရှင်မိန်းမကြီး ကျုပ်နားကို ရောက်လာ တယ်။ မျက်နှာကြီးက ရှစ်ခေါက်ချိုးနဲ့ပေါ့ဗျာ။ ကျုပ်ကို ဒါမျိုးလာမီးလို့ ဘယ်ရမလဲ။ ကျုပ်ကလည်း သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အကျီအိတ်ကပ်ထဲကို ထက်နှိုက်လိုက်တယ်။

ဟော...ဗျာ။

ကျုပ်အကျီအိတ်ကပ်ထဲက ငွေကိုးရာ မရှိတော့ဘူး။ ကျုပ်ကားခပေးတုန်းက ရှိပါသေးတယ်။ ကေန္တ ... ကျုပ် ကားပေါ်ကအဆင်းမှာ အတင်းတိုးဝေ့ပြီး ကားပေါ်တက်လာကြတဲ့သူတွေထဲမှာ ''ကိုရွှေခါးပိုက်နှိုက်''တစ်ယောက်တော့ ပါလာမှာပဲ။ ကဲ...ဒီတော့ကျုပ်ဘာလုပ်ရမလဲ။ အိမ်ရှင် မိန်းမကြီးကို နောက်တစ်ရက်စောင့်ပေးဖို့တောင်းပန်ရုံပဲရှိတာပေါ့။ နောက်နေ့ကျမှ ဆက်ပြီး ငါးစာချရမယ်။ ငါးတစ်ကောင်တော့မိမှာ ကျိန်းသေတယ်။ ဟပ်မယ့်ငါးတွေက များပါတယ်။


လောဘခပ်သိမ်း ငြိမ်းကြပါစေ။

ဝင်းဇော် (သစ်တော)

စာကြွင်း ။ ။ ၁၉၈၇–ခုနှစ်၊ ကာလအား နောက်ခံထားရေးသားခြင်းဖြစ်သည်။ ထိုစဉ်က အိမ်ငှားလခမှာ မြန်မာကျပ်ငွေ ၅၀၀ ကျပ် ဖြစ်ပါသည်။

စာရေးသူ





www.burmeseclassic.com

www.burmeseclassic.com



## ငလေးဆင့်လျိုင့်

ကာမတော ဇာယတီ သောကော၊
ကာမတော ဇာယတီ ဘယံ။
ကာမတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။ ။

'တဏှာလောဘကြောင့် သောကသည်ဖြစ်ရ၏။ တဏှာ လောဘကြောင့် ဘေးသည်ဖြစ်ရ၏။ တဏှာလောဘ မရှိသူအား သောကသည် မဖြစ်တော့။ ဘေးကား ဆိုဖွယ်ရာမရှိ။ မဖြစ်တော့သည်သာ'

''မိန်းမများ တစ်မျိုးမဟုတ်တစ်မျိုး ရူးကြသည်ဟုဆိုပါက အကြင်ကြွတ္တိယအပေါင်း ကြီ. ငယ်၊ လတ်တို့သည် ကျွန်တော့် အား အပနာ ကဲ့ရဲ့ကြပေလိမ့်မည်။ အနှီအကြောင်းကြောင့် အချို့သော မိန်းမတို့သည် တစ်မျိုးပဟုတ်တစ်မျိုး ရူးကြသည်ဟုသာ ဆိုရပေတော့အံ့။ ထိုစကားချပ် မှန်ကြောင်းကို သက်သေပြရန် ကျွန်တော့်၌ သာဓကပေါင်းများစွာရှိလေသတည်း''

✣ ✣ ✣ ✣ ✣ ✣



''ကျွန်တော့်၌ ကျောင်းသားအရွယ်မှစ၍ ယနေ့တိုင်အောင် ခင်မင်ရင်းနှီးခဲ့သော သူငယ်ချင်းတစ်ဦးရှိ၏။ ထိုသူငယ်ချင်းသည် ယခုအခါ၌ မေ့ဆေးအထူးကုဆရာဝန်ကြီးတစ်ဦးပင် ဖြစ်၍နေလေပြီ။ ယင်းဆရာဝန်ကြီး၏ ဇနီးမယား ပိန်ပိန်ပါးပါး ဆရာဝန်ကတော်ကြီးသည် စိန်နှင့်ပတ်သက်လာလျှင် အရူးအမူး ဖြစ်လေသည်။ ရုရှားစိန်၊ ပြင်သစ်စိန်၊ အင်္ဂလိန်စိန်၊ ဘယ်လဂျီယံစိန်၊ အာဖရိကစိန်၊ ကလက္ကတားစိန်၊ ဘုံဘေစိန်၊ ချက်စိန်၊ အဏ္ဏမြူစိန်၊ ရှေးစိန်စသည့် စိန်ဟူသမျှ အားလုံးကို သူနားလည်သည်။ စိန်ကုန်သည်၊ စိန်ပွဲစား၊ စိန်ရာဖြတ်၊ စိန်သွေးသူ၊ စိန်တူးသူ၊ စိန်လိမ်သူ၊ စိန်သူခိုး... အားလုံးကပင် သူတို့ဩချလောက်အောင် စိန်အကြောင်းနှောကျေအောင် စိန်နှင့်ပတ်သက်၍ တဖက်ကမ်းခတ်နေသော စိန်ပွဲစားမကြီး၊ စိန်ဘုရင်မကြီးဟုဆိုလျှင် မှားအံ့မထင်''

''ယင်းဆရာဝန်ကတော်ကြီး စကားသုံးခွန်းပြောလျှင် နှစ်ခွန်းမှာ စိန်အကြောင်းပါသည်။ စိန်မဝတ်လျှင် လူဖြစ်ရကျိုးမနပ်ဟု ထင်နေသူလည်းဖြစ်၏။ သူသည် စိန်ကို ပွဲထိုင်သွားလျှင် ဝတ်သည်။ ဈေးသွားလျှင်လည်းဝတ်သည်။ ရေချိုးလျှင်လည်း ဝတ်သည်။ အိမ်သာတက်ရင်လည်းဝတ်သည်၊ အိပ်ပျော်နေရင်းလည်း ဝတ်သည်။ စိန်မဝတ်ရလျှင် ကိုယ်လက်အင်္ဂါများ ယားယံတတ်သော ဝေဒနာသည် သူ့၌ ရှိလိမ့်မည်ထင်သည်။ ယင်းဆရာဝန်ကတော်ကြီးသည် ''ကားတီးယား'' စိန်တိုက်ကြီးကို ဝါးမျိုချရုံတင်မက တောင်အာဖရိကတိုက်က စိန်တွင်းကြီးကိုပင် လည်ပင်းမှာ ဆွဲထားချင်သူဖြစ်၏။ အနှီအကြောင်းကြောင့် ယင်း၏ အမည်သညာခေါ်ရကား... 'ဗျူတီ'ဖြစ်သော်လည်း၊ ယင်း၏ မိတ်ဆွေအသိုင်းအဝိုင်းက 'ဗျူတီစိန်'ဟု ခေါ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



နောက်သာဓကတစ်ခုသည်ကား… ကျွန်တော့်သူငယ်ချင်း ကိုမြတ်စိုး၏ ဇနီးလှလှ ခပ်ဝဝ အမျိုးသမီးအကြောင်းပင်တည်း…။ သူက အိတ်ရူး၊ လက်ပွေ့အိတ်၊ လက်ကိုင်အိတ်၊ ကြိုးသိုင်းအိတ်၊ ရွှေရောင်အိတ်၊ ငွေရောင်အိတ်၊ ပုလဲရောင်အိတ်၊ ဂျာမဏီအိတ်၊ အီတလီအိတ်၊ ဟောင်ကောင်အိတ်၊ စက္ကူအိတ်၊ အိတ်အဖြူ၊ အိတ်အဝါ၊ အိတ်အညို၊ အိတ်အနက်၊ အိတ်ကြီး၊ အိတ်ငယ်၊ အိတ်အသေး၊ အိတ်ပိုစိကွေးစသည့် စသည့်… အိတ်အမျိုးမျိုး၊ သူ့အိမ်၌ ဘီဒိုနှင့်အပြည့်၊ သေတ္တာနှင့်အပြည့် ရာဝင်အိုးနှင့်အပြည့်ရှိသည်။ အိမ်နံရံတွင်လည်း အိတ်အမျိုးမျိုး ချိတ်ထားသေးသည်။ အိတ်ပုံစံအမျိုးမျိုးကိုပေါ်တိုင်းဝယ်သည်။ အိတ်ပွဲတော်၊ အိတ်ပြပွဲလုပ်လို့ရသည်။ ပညတ်သွားရာ ဓါတ်သက်ပါသည်လားမသိ။ သူ့ယောက်ျားက သူ့မိန်းမတစ်ယောက် အအိပ်ကြီးကြောင်းကို လူစုံတိုင်း ကြွားတတ်သေးသည်။ အနီအကြောင်းကြောင့်… သူ့အမည်ရင်း ''ခင်ခင်အုန်း''အစား ''ခင်ခင်အိတ်'' ဟု တွင်သတည်း…။

ကျွန်တော့်၏မိတ်ဆွေ၊ သူငယ်ချင်း၊ ရောင်းရင်း၊ အပေါင်းအသင်းတို့၏ ဇနီးမယားများ တစ်မျိုးမဟုတ်တစ်မျိုး ရူးကြပုံအဖုံဖုံကို စာဖွဲ့ရသည်ရှိသော်… စာရှည်မည်စိုးသောကြောင့်လည်းကောင်း၊ ကျွန်တော့်အပေါ် ရန်ပိုလာမည်ကို စိုးထင့်သည်ကြောင့် လည်းကောင်း၊ ဤမျှလောက်နှင့် နိဂုံးတံလေပေပြီ။ သို့သော်လည်း ကိုယ့်မျက်ချေးကိုယ်မမြင်သူဟု ကျွန်တော့်အား အမနာပ ကဲ့ရဲ့ရှုတ်ချကြမည်ကို စိုးသောကြောင့် ကျွန်တော်၏ဇနီးချောချော. သွားခေါခေါ, တံခွန်တိုင်ရှာသူ, ''ခင်ခင်ဖြူ''၏အကြောင်းကိုလည်း ထည့်ပြောပါမှ တော်ရုံကြပေမည်။



ခွေးရူး၊ ကြောင်ရူး၊ ရုပ်ရှင်ရူး၊ သီချင်းရူး၊ တရုတ်ကားရူး၊ ဗေဒင်ရူး၊ နတ်ရူး၊ ဥစ္စာရူး၊ စိန်ရူး၊ ရွှေရူး၊ လက်ဝတ်ရတနာရူး၊ အဝတ်အထည်ရူး၊ အိမ်ထောင်ပရိဘောဂရူး၊ ပန်းပင်ရူး၊ ဖိနပ်ရူး၊ အိမ်ရူး၊ ကားရူး၊ နိုင်ငံခြားရူး၊ ဒေါ်လာရူး၊ ပလာဇာရူး၊ အိတ်ရူး၊ မိတ်ကပ်ရူး၊ နှုတ်ခမ်းနီရူး၊ ဆံပင်ရူး၊ ဖက်ရှင်ရူး၊ အေရိုးဗစ်ရူး၊ ဘာရာစီယာရူး၊ ဂဏန်းနှစ်လုံးရူး၊ ဒဲ့တိတ်စိမ်းရူး စသည့် အရူးမျိုးပေါင်းများစွာရှိသည့်အနက် ကျွန်တော့်ဇနီးမယား၏ ရူးပုံသည်ကား တစ်မျိုးတစ်ဖုံဆန်းလှပေသည်တကား…။

သူက ''စတီးရူး''တည်း…။ စတီးဇလုံ၊ စတီးပန်းကန်၊ စတီးခါး၊ စတီးဇွန်း၊ စတီးခရင်း၊ စတီးပေါင်းအိုး၊ စတီးကျိုင့်၊ စတီးမတ်ခွက်၊ စတီးထမင်းချိုင့်၊ စတီးဒယ်အိုး၊ စတီးထမင်းအိုး စသည့်… စသည့် စတီးပစ္စည်းအမျိုးမျိုးတို့ကို ဝယ်ရသည်မှာ သူ့အဖို့ မည်သည့်အခါမှ ကျေနပ်အားရသည်မရှိအောင် စတီးရောဂါထနေသူဖြစ်ပါသည်။ အကယ်၍ စတီးအကျီ၊ စတီးထမီ၊ စတီးဘာရာစီယာ၊ စတီးအတွင်းခံဘောင်းဘီများရှိလျှင်တောင် ဝယ်၍ဝတ်မည့်မိန်းမဖြစ်သည်။ သူလိုချင်သမျှ စတီးပစ္စည်းတွေကို ကျွန်တော်ဝယ်မပေးနိုင်ပါ။ ''ဗျူတီစိန်''၏ယောက်ျား မေ့ဆေးဆရာဝန်ကြီးတို့လို ခင်ခင်အိတ်၏ခင်ပွန်း ကိုမြတ်စိုးတို့လို ကျွန်တော် မချမ်းသာပါ။ သူလိုချင်သမျှ စတီးပစ္စည်းများကို ကျွန်တော်ဝယ် မပေးနိုင်ပါ။ တစ်ခုတော့ရှိသည်။ သူ့ဘက်ကလည်း အစားချွေတာသည်။ အဝတ်ချွေတာသည်။ အဝတ်အစား မြိုးမြိုးပြစတီးဝယ်ဖို့ကိုသာ အာရုံထားနေသော မိန်းမဖြစ်သတည်း…

တစ်ခါသော်… ငွေစကလေးရှင်လာသည်နှင့် အိုးသားဟင်းစားချင်သောကြောင့် သူ့ကိုဈေးလွှတ်လိုက်ပါသည်။ အိုးသား ဝယ်မလာ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ စတီးဇလုံကြီးတွေ့သည်နှင့် ချဉ်ချဉ်းတက်ပြီး ဝယ်ချလာသည်။

"ရှင့်...ဘဲသားက စားပြီးတာနဲ့ ဗိုက်ထဲမှာ အီးဖြစ်သွားမှာ ရှင့်။ ရှင်ဘာသိလို့လဲ။ ဒီစတီးဇလုံကြီးက ဆယ်နှစ်သုံးသုံး၊ ဆယ့်ငါးနှစ် သုံးသုံး ဘာမှမဖြစ်ဘူး။ သားစဉ်မြေးဆက် သုံးလို့ရတယ်..."

ဤသို့လျှင်... စတီးနှင့်ပတ်သက်၍ ကျွန်တော်အမြဲ စိတ်ညစ် ရလေသည်။ ထိုစတီးကို မည်သူတီထွင်သနည်း။ ထိုစတီးသတ္တုမျိုး ဤကမ္ဘာမြေပြင်ပေါ်မှ ပျောက်ကွယ်သွားခဲ့သော် ကျွန်တော့်လောက် ဝမ်းမြောက်သောသူရှိအံ့မထင်။

"ရှင်ဟာ...တော်တော်တုံး တော်တော်အတွဲ့လုပ်...။ ဗေဒင် ဆရာဖြစ်ပြီး ယတြာဖိုးလည်းရအောင် မယူတတ်ဘူး။ ဒီ ဟောခငွေလေး ကိုးဆယ်နဲ့ဆိုရင် ရှင်အာပေါက်ပြီးသေလိမ့်မယ်။ တစ်နေ့မှ တစ်ယောက် နှစ်ယောက်ဟောရတာကို ယတြာရိုက်ယူမှ ဖြစ်မှာပေါ့ရှင့်...။ တစ်ချို့ ဗေဒင်ဆရာတွေ ယတြာနဲ့ တိုက်ခန်းတွေဝယ်၊ ကားတွေစီးနေကြပြီ တော့။ တစ်ချို့ဆိုရင် အမြောင်လေး ဘာလေးတွေနဲ့တောင် ဖြစ်ကုန်ကြ ပြီရှင့်။ ရှင့်ဆီကို လာလာနေတဲ့ ဆိုင်ကယ်အကြီးကြီးစီးတဲ့ ဗေဒင်ဆရာ ဝဝလေးတောင် မယားငယ်တစ်ယောက်ကနေ နှစ်ယောက်ရသွားပြီ မဟုတ်လား။ ရှင်ကတော့ ကျုပ်တစ်ယောက်တည်းတောင် အရှိအောင် မကျွေးနိုင်ဘူး"

"ဗေဒင်ကိုလည်း အဖြစ်ရှိအောင် မဟောနိုင်ဘဲ။ ဒီကြား ထဲ စာရေးဆရာက လုပ်ချင်သေးတယ်။ ရေးလိုက်တာလည်း မပြောနဲ့။ စက္ကူဖိုးတွေသာ ကုန်တယ်။ တစ်ခါမှလည်း 'ဘုတ်အုတ်' ထဲ ပါတယ်လို့ မကြားမိပေါင်။ ရှင့်ဆီလာလာနေတဲ့ ဟိုထိပ်ပြောင်ပြောင်နဲ့ ကိုထွန်း သျှောင်ဆိုတဲ့လူ မြှောက်မြှောက်ပေးတိုင်း၊ အဟုတ်ကြီးမှတ်ပြီး ရှင်



လျှောက်လျှောက်လုပ်မနေနဲ့။ ရှင့်လို အရည်အချင်းမျိုးနဲ့ စာရေးဆရာ ဖြစ်ဖို့ ဝေးသေး...။

"ရှင့်ကို ကျုပ်က စိန်နားကပ်ပန်ချင်တယ်။ ကားစီးချင်တယ်။ တိုက်ခန်းနဲ့နေချင်တယ်လို့ ဘယ်တုန်းကများ နားပူနားဆာ လုပ်ဖူးလို့ လဲ။ အဲဒါတောင်...ရှင်က ကျုပ်အပေါ်မှာ ဘယ်တုန်းကမှ မကောင်း ခဲ့ဘူး။ ကျုပ်လိုချင်နေငဲ့ စတီးလေးချိုင့်ကြီးကို ဝယ်ပေးပါလို့ ပြောနေ တာကို ဟိုနေ့ရွှေ့ ဒီနေ့ရွှေ့နဲ့ တစ်နှစ်ခွဲလောက်ရှိသွားပြီ။ ကျုပ်ပြော တုန်းက မြင်းကျားခေါင်းတံဆိပ် လေးဆင့်ချိုင့်ကြီးတစ်လုံးမှ လေးထောင် ကျော်လောက်ပဲ ရှိသေးတယ်။ ခုဆို တစ်သောင်းနား ကပ်သွားပြီ"

ယင်းစတီးတာမင်းချိုင့်ကြီးကြောင့် နေ့စဉ်နှင့်အမျှ ကျွန်တော် နားကွဲလုမတတ် ခံစားရပါသည်။ ငွေလေးငါးထောင်ဆိုသည်မှာ ကျွန်တော့်အတွက် နည်းလှသည်မဟုတ်ပါ။ ရှစ်ထောင်ဆိုလျှင် ပိုလို့ တောင်ဆိုးပါသေးသည်။ ယင်းလေးဆင့်ချိုင့်ကြီးသည် ကျွန်တော်တို့ မိသားစုအတွက် မရှိမဖြစ်သော ပစ္စည်းမျိုးလည်း မဟုတ်ပါ။ သို့ရာ တွင်.... ယင်းလေးဆင့်ချိုင့်ကြီး အိမ်ပေါ်သို့ရောက်ခါမှ ကျွန်တော်၏ ဘဝင်နှလုံး အေးချမ်းပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော် ညဏ်နီး ညဏ်နက်ထုတ်၍ အကြံကြီး ကြံလိုက်ပုံသည်ကား

"အစ်မကြီးရောင်းချင်တဲ့တိုက်ခန်းက လေးလွှာဆိုတော့ ယတြာချေလိုက်ရင် ရက်ပိုင်းအတွင်းထွက်ရစေ့မယ်ဗျာ..."

"ဆရာရယ်... ဒီတိုက်ခန်းရောင်းနေတာ ကြာပါပြီ။ ရောင်းရ မယ်ဆိုရင် ဘယ်လောက်ပဲကျကျ ယတြာချေပါ့မယ်"

"အင်း... သိပ်မကျပါဘူး။ ခင်ဗျားတိုက်ခန်းက လေးလွှာ ဆိုတော့ လေးဂဏန်းဖြစ်နေလို့ မထွက်တာပါ။ အဲဒီတော့ ကျုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်းခေါင်းတံဆိပ် လေးဆင့်ကျိုင့်အကြီး တစ်လုံးလာပေးပါ။ ကျုပ် ငါးဆင်ပေးမယ်။ ကျုပ်ကိုတော့ အဲဒီလေးဆင့်ကျိုင့်ကြီး အပိုင်ပေးရမယ်နော်။ ပြီးတော့... မြင်းကျားခေါင်းတံဆိပ်လည်း ဖြစ်ရမယ်နော်''

ဤသို့လျှင် မြင်းကျားခေါင်းတံဆိပ် လေးဆင့်ကျိုင့်ကြီးတစ်လုံးသည် ကျွန်တော့်အိမ်သို့ ခြေထောက်မပါ၊ တောင်ပံမပါပဲလျက် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ချလာပါတော့သတည်း။

❖ ❖ ❖ ❖ ❖ ❖

''ရှင်တော်တော် ဟုတ်လာပြီ။ ဒါတောင် နည်းနည်းလိုသေးတယ်။ ကျုပ်လိုသာဆိုရင်... ကြက်လျှာစွန်းဒံပေါက်ကိုပါ လေးဆင့်ကျိုင့်အပြည့် ထည့်လာပါလို့ မှာလိုက်မှာရှင့်။ နောက်ပြီး ... ရှင်မှတ်ထားဦး။ ငါးလွှာရောင်းချင်တဲ့သူလာရင် ငါးဆင့်ကျိုင့် ကြီးယူလာရမယ်လို့ ယတြာ ရိုက်ဖို့မမေ့နဲ့''

''လေးလွှာ၊ ငါးလွှာ... ရောင်းဖို့မလာပဲ။ ခုနစ်လွှာ၊ ရှစ်လွှာ ခန်းတွေ ရောင်းဖို့လာရင်ရောကွာ။ ခုနစ်ဆင့်ကျိုင့်၊ ရှစ်ဆင့်ကျိုင့်ဆိုတာလည်း မရှိဘူး။ ရှိရင်လည်း အဲဒီကျိုင့်ကြီးတွေကို ဆွဲသွားရင် မြေကြီးနဲ့ ဒရွတ်တိုက်နေမှာပဲ''

''ဒါကြောင့်...ရှင်ဟာ တော်တော်တုံးတာပဲလို့ ကျွန်မ ပြောတာပေါ့။ ရှင်.. ကျွန်မကို အမြဲပြောနေတဲ့ 'အိုင်ကျူ'လား၊ 'အင်းကျူ' လား။ အဲဒါ နိမ့်တယ်လို့ဆိုတာလေ၊ ရှင်မှ တကယ့်ကို 'အိုင်ကျူ'ရော၊ 'အင်းကျူ'ရော၊ 'ကန့်ကျူ'ရော တကယ်နိမ့်တာရှင်။ ခုနစ်ဆင့်ကျိုင့်၊



ရှစ်ဆင့်ကျိုင့်တော့ ဘယ်ရှိမလဲ။ ခုနစ်လွှာရောင်းချင်တဲ့သူလာရင် လေးဆင့်ကျိုင့်ကြီးတစ်လုံးနဲ့ သုံးဆင့်ကျိုင့်တစ်လုံးပေါ့။ ရှစ်လွှာခန်း ရောင်းချင်တဲ့သူလာရင် လေးဆင့်ကျိုင့် နှစ်လုံးပေါ့ရှင့်။ ဒီလောက်မှမလျှင်ရင် ဗေဒင်ဆရာလုပ်စား မနေပါနဲ့တော်''

ကျွန်တော်၏ ဇနီးမယား၊ သဘောမဖြူသော တံခွန်တိုင်သူ ''ခင်ခင်ဖြူ''၏ မတော်လောဘ အတော်မသတ်နိုင်ပုံကား ဤသို့တည်း။

မိန်းမဖျက်၍ ပြည်ပျက်သည် မပျက်သည်တော့မသိ။ မိန်းမတို့၏ လောဘဇောကြောင့် လင်ယောကျ်ားတို့၏ ဘုန်းရှိန်ဂုဏ်ရှိန်များ နိမ့်ပါးလျှော့ဆင်းကြရသော သာဓကပေါင်းများစွာ ရှိသည်မဟုတ်ပါလော။ ကျွန်တော်သည်လည်း ဇနီးဖြစ်သူ စတီးရှူးမကြောင့် ကျွန်တော်၏ စာရိတ္တမကျိုင်သည် ယိမ်းယိုင် ချိနဲ့၍ လာရပါတော့သတည်း။

❖ ❖ ❖ ❖ ❖ ❖

မြင်းခေါင်းတံဆိပ် လေးဆင့်စတီးထမင်းကျိုင့်ကြီး အိမ်သို့ ရောက်ပြီး နောက်တစ်နေ့နံနက် ဈေးသွားချိန်၌ အပြုံးကြီးပြုံး၊ အမော်ကြီးမော်နေသော ကျွန်တော်၏ဇနီး 'စတီးရှူးမ'သည် ဈေးခြင်းတောင်း ဆွဲရမည့်အစား လေးဆင့်စတီးထမင်းကျိုင့်ကြီးကိုဆွဲ၍ အိမ်ပေါ်မှ ဆင်းသွားသည်ကို မြင်လိုက်ရပြီး သကာလ ဈေးသိမ်းချိန်ရောက်မှ ပြန်ရောက်လာသည်ကို တွေ့ရပြန်တော့သည်။

''ခြင်းတောင်းနဲ့ဈေးမသွားပဲ၊ ထမင်းကျိုင့်နဲ့ဈေးသွားရတယ်လို့ကွာ၊ ကြားမှ မကြားစဖူး။ ထူးလှချည်ရဲ့''

''ရှင်ဘာသိလို့လဲ...။ အဲဒီ လေးဆင့်ကျိုင့်ကြီးကို ပြချင်လို့

www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်က ထမင်းဆိုင်မှာ ဟင်းသွားဝယ်တာရှင့်၊ ကျုပ် ထင်တဲ့အတိုင်းပဲ၊ ရှေ့နှစ်လမ်းကျော်က စပ်စုမကြီး ဒေါ်ရင်ရွှေနဲ့လည်း တွေ့တယ်။ သုံးအိမ်ကျော်က အစားပုပ်မ ခင်ခင်လှနဲ့လည်းတွေ့တယ်။ ကျုပ်ကို ထမင်းချိုင့် ဘယ်လောက်ပေးရသလဲလို့ မေးကြတယ်။ ကျုပ်လည်း ဘယ်ရမလဲ၊ မင်္ဂလာဈေးက တစ်သောင်းကျော်နဲ့ ဝယ်လာတယ်လို့ ကြွားလိုက်တာပေါ့...။ ဒါနဲ့ ရှင့်ကိုပြောထားရဦးမယ်။ ရှင်ဝတ္ထုရေးရင် အဲဒီစတီးချိုင့်အကြောင်း ထည့်မရေးနဲ့နော်။ တော်ကြာ ရှင့်ဝတ္ထုက ဘုတ်အုတ်ထဲပါလာလို့ရှိရင် ကျုပ်က အရှက်ကွဲနေဦးမယ်။ ရှင်က ကိုယ့်ပေါင်ကိုယ် ပြန်လှန်ထောင်းတဲ့နေရာမှာ နှစ်ယောက်မရှိဘူး''

''အပိုတွေပြောမနေနဲ့တော့ကွာ။ ငါဆာလှပြီ။ မင်း... ဒီစတီးထမင်းချိုင့်ကြီးကို ဖော်ရှိုးလုပ်ချင်တာနဲ့ ထမင်းဆိုင်ကို တန်းမသွားဘဲ တစ်လမ်းဝင် တစ်လမ်းထွက်သွားနေလို့ ဒီလောက် ကြာနေတာ မဟုတ်လား။ ကဲ...ကဲ ငါဆာလှပြီ။ ထမင်းပွဲပြင်တော့။ ဘာဟင်းတွေ ဝယ်လာသလဲ''

သူက ထမင်းစားပွဲဝိုင်းကို ခင်းသည်။ ထမင်းပန်းကန်ထဲ ထမင်းနူးထည့်သည်။ ပြီးလျှင်.... ထမင်းချိုင့်ကြီး အပေါ်ဆုံးအဆင့် အဖုံးကို ဖွင့်လိုက်သည်။ ဗလာ။ တတိယအဆင့်... နိတ္ထိ၊ ဒုတိယ အဆင့် ...မရှိ။ အောက်ဆုံးအဆင့်... ပဲဟင်း။

''ပဲဟင်းသွားဝယ်တာကိုများကွာ။ ဒီလေးဆင့်ချိုင့်ကြီး ယူသွားရတယ်လို့။ ငါကတော့ ဟင်းတွေစုံလို့ ဆာဆာနဲ့ စားကောင်းတော့မယ် ထင်နေတာ။ ထမင်းချိုင့်ဖွင့်လိုက်တော့မှပဲ ကမ္ဘာ့ဗီတွေက ကံစမ်းမဲနှိုက်သလို...မပါ။ ဗလာနတ္ထိတွေချည်းပဲကိုးကွ...''

''ဩော်... ရှင်က ကျုပ်ကို ဘယ်နှစ်ရာ၊ ဘယ်နှစ်ထောင်၊



ဘယ်နှစ်သောင်း၊ ဘယ်နှစ်သိန်းပေးထားလို့ ကျုပ်က ဝက်ဆီပြန်၊ ကြက်ဆီပြန်၊ ငါးမြင်းဆီပြန်၊ ပုဇွန်ထုတ်ဆီပြန်တွေကို ဝယ်လာရမှာလဲတော့...''

ထိုမျှလောက်နှင့် ယင်းလေးဆင့်ချိုင့်ကြီး၏ ပြဿနာမှာ တိမ်မြုပ်ပျောက်ကွယ်သွားပြီဟု အထင်ရှိခဲ့သော် အမှားကြီး မှားလတ္တံ့။

ဤသို့လျှင် ယင်းလေးဆင့်ထမင်းချိုင့်ကြီး အိမ်သို့ ရောက်ပြီး ရက်သတ္တပတ်ခန့်ကြာသောအခါ၌ အိမ်ရှေ့သို့ ဆိုက်ကားတစ်စီး ထိုးရပ်လာပြီးလျှင် ထိုဆိုက်ကားပေါ်မှ အံသက်ငါးဆယ်ကျော် အရွယ်ခန့်ရှိသော အသားညိုညိုခပ်ဝဝ မိန်းမကြီးတစ်ဦးသည် အိမ်ပေါ်သို့ တက်၍ လာလေသည်။

''ဆရာရယ်... ဆရာ့ယတြာ စွမ်းလိုက်ပုံကတော့ ဘယ်ပေဒင်ဆရာနဲ့မှ ယတြာလုပ်လို့မထွက်တဲ့ လှိုင်သာယာက ကျွန်မရဲ့ အိမ်လေး အရောင်းထွက်သွားပြီ။ အဲဒါနဲ့... ဒီနေ့ ဘုန်းကြီးငါးပါးပင့်ပြီး ဒံပေါက်ဆွမ်းကပ်တယ်။ ညှော်သည်တွေတော့ မဖိတ်တော့ပါဘူး။ ဘုန်းကြီးတွေ ပြန်ကြွသွားတော့မှ ဆရာ့ကို ကန်တော့ဖို့ ထွက်လာတာ။ ဒီနားကျမှ ပိုက်ဆံအိတ်မေ့ခဲ့တာ သတိရတော့တယ်''

''ကိစ္စမရှိပါဘူးဗျာ... နောက်နေ့မှပဲ အေးအေးဆေး ဆေး လာပေါ့''

''ဘယ်ဖြစ်ပါ့မလဲသရာ...ခုပဲ ပြန်လာမှာပေါ့။ ဒီ ဆိုက်ကားယဲ ဆက်ငှားပြီး ဒီဆိုက်ကားနဲ့ပဲ ပြန်လာမယ်။ ကျွန်မ နေတာက သိပ်မဝေးပါဘူး။ မင်္ဂလာတောင်ညွန့်မှာပါ။ ဆရာစားဖို့ ကြက်လျှာဒွန်းဒံပေါက် တွေပါ ထည့်လာချင်လို့ ထမင်းချိုင့်ကြီးတစ်လုံး ကျွန်မကို ပေးလိုက်ပါ''

ထိုအချိန်၌ အိမ်နောက်ဖေးမှ ဟင်းချက်ရင်း နားစွင့်နေသော

www.burmeseclassic.com

www.burmeseclassic.com



စတီးရှူးမသည် လေးဆင့်ဂျိုင့်ကြီးကိုဆွဲ၍ အိမ်ပြင်သို့ ထွက်လာပြီးလျှင် ထိုမိန်းမကြီးအား ပေးလိုက်လေတော့သည်။

''ကဲ.... မိန်းမရေ။ မင်း ဟင်းတွေဆက်ချက်မနေနဲ့တော့။ ဆက်ချက်လည်း ကောင်းမှာမဟုတ်ဘူး။ ဒီနေ့လည်း ကန်စွန်းရွက်ကြော်ပဲ မဟုတ်လား''

''ရှင့်မနောနဲ့ဟောရင် ဒီထက်ပိုမှန်မယ်။ ဟုတ်တယ်... ကန်စွန်းရွက်ကြော်ပဲ။ မနက်က ဈေးသွားတာ စတီးခါးတစ်ချောင်း ဝယ်လာလို့ ဟင်းဖိုးနည်းသွားတယ်။ ဒါပေမယ့်...ကိစ္စမရှိပါဘူးလေ...။ တော်ကြာ လေးဆင့်ဂျိုင့်ကြီးအပြည့်နဲ့ ကြက်လျှာစွန်းဒံပေါက်တွေ ရောက်လာတော့မယ်ဟာပဲရှင်...''

ဤသို့ ဤနှယ်...ကျွန်တော်တို့ လင်မယားသည် ကြက်လျှာစွန်း ဒံပေါက်စားရန် နှုတ်ခမ်းတံတွေးစွတ်၊ ပါးစပ်တပြင်ပြင်၊ လည်တဆန့်ဆန့်ဖြစ်၍ နေသော်လည်း လေးဆင့်ထမင်းဂျိုင့်ကြီးယူသွားသော စေတနာအိုးကွဲမိန်းမကြီးမှာ ပေါ်မလာနိုင်အောင် ဖြစ်နေပါသည်။ ဝမ်းဗိုက်အဟောင်းသားဖြစ်၊ အူတကျွတ်ကျွတ်မြည်၊ လျှာအလျားလိုက်ကျသည့်တိုင်အောင် ထိုမိန်းမကြီးကို စောင့်၍နေသော်လည်း ပေါ်မလာတော့မှ ကတုံးပေါ်ထိပ်ကွက်၊ လိမ်ရက်လေခြင်းဟု ရင်ဘတ်စည်တီးဖြစ်ရပါတော့သတည်း...။

''ရှင်နဲ့တော်... ဒီမိန်းမကြီး ဘယ်မှာနေတယ်ဆိုတာကို မေးမထားလိုက်ဖူးလား''

''ရုတ်တရက်ဆိုတော့ လိမ်မယ်လို့လည်း မထင်ဘူးလေကွာ...နာမည်တွေ လိပ်စာတွေပြောလည်း အမှန်ပြောပါ့မလား''

''ရှင်... ဒီလောက် မှတ်ဉာဏ်တုံးနေသလား။ ရှင့်ဆီမှာ



ဗေဒင်ကြည့်ဖူးသလား၊ မကြည့်ဖူးသလားဆိုတာကို မမှတ်မိရလောက်အောင် သူများဗေဒင်ဆရာတွေလို တစ်နေ့တစ်နေ့ ဆယ်ဂဏန်း၊ ရာဂဏန်းကြည့်နေရတာမှ မဟုတ်တာပဲ။ လူလေး နှစ်ယောက်နဲ့ တစ်ပိုင်းကိုတောင် မမှတ်မိဘူးတဲ့တော်''

''အိုကွာ...ရက်တွေကြာလာတော့လဲ ဟိုနေ့က ကြည့်သွားသလို၊ ဒီနေ့က ကြည့်သွားသလိုလိုနဲ့ လာမေးတဲ့သူတွေကို သဲသဲကွဲကွဲ မမှတ်မိတော့ဘူး''

''ဟို...သူစီးလာတဲ့ ဆိုက်ကားဆရာကို လိုက်ရှာလို့ တွေ့ရင် အဲဒီ မိန်းမကြီး ဘယ်အိမ်ရှေ့က ဆိုက်ကားထွက်ငှားပြီး ဘယ်အိမ်ရှေ့မှာ ဆင်းသွားသလဲဆိုတာကို သိရလိမ့်မယ်...ရှင့်''

''အိုကွာ...မင်းကလည်း ဒီလောက်တောင် အိုင်ကျူ နည်းရသလား။ သူ့အိမ်ရှေ့ကနေ အဲဒီဆိုက်ကားကို ငှားစီးပါ့မလားကွာ။ ပြီးတော့ သူ့အိမ်ရှေ့မှာပဲ ဒီဆိုက်ကားကိုရပ်ခိုင်းပြီး ဆင်းပါ့မလား။ ဆိုက်ကားသမားကိုလည်း မျက်ခြေပြတ်သွားမှာပေါ့ ကွာ။ လူလိမ်ဆိုပါမှ ဒီလောက် အ,ပါ့မလား''

''အိုင်ကျူတွေ၊ ကန်ကျူတွေ လာလုပ်မနေနဲ့...။ ဘယ့်နှယ့်တော် ဗေဒင်ဆရာလုပ်ပြီး ကိုယ့်ကိုယ်ကို အလိမ်ခံရကိန်းရှိ မရှိ မသိတာ အံ့ပါရောတော်''

''အေး...ငါ့ကိုယ်ကိုယ် ငါအလိမ်ခံရကိန်း ရှိ မရှိ ဗေဒင်တွက်မထားမိတာတော့ အမှန်ပဲ။ ဒါပေမယ့်... ဗေဒင် ကဗိပညာရှိကြီးတွေရဲ့ အင်္ဂလိပ်စာဥ္ဂီကာထဲမှာ ''တနင်္ဂနွေနံ့စုတ်ငှက်'ကို 'ဗုဒ္ဓဟူးဘား' ကစားသည်။ 'ဗုဒ္ဓဟူးဘား'ကို 'စနေမြွေ' မျိုသည်။ 'စနေမြွေ'ကို 'အင်္ဂါဥဒေါင်း' ပေါက်သတ်သည်။ 'အင်္ဂါဥဒေါင်း'ကို 'သောကြာမုဆိုး' လေး

www.burmeseclassic.com

www.burmeseclassic.com



နှင့်ပစ်သတ်သည်။ 'သောကြာ မုဆိုး'ကို 'တနင်္လာကျား'က စားသည်။ 'တနင်္လာကျား'ကို 'ကြာသပတေးခြင်္သေ့' ဟောက်သတ်သည်။ 'ကြာသပတေးခြင်္သေ့' ကိုလည်း 'တနင်္ဂနွေနဂ္ဂနှစ်ငှက်' မာယာဖြင့် သတ်သည်လို့ ရေးထားခဲ့တာပဲ။ အဲဒီတော့ ဟိုအမျိုးသမီးကြီးဆီက ငါညာပြီးယူလာတဲ့ လေးဆင့်ကျိုင့်ကြီးကို ဒီမိန်းမကြီးက ငါ့ဆီကနေ လိမ်ပြီး ယူသွားတာ ဘာဆန်းလို့လဲကွာ... ဓမ္မတာပဲပေါ့''

''ရှင့်...အင်္ဂလိပ်ဝိဇ္ဇာတွေ၊ အင်္ဂလိပ်ဝိဇ္ဇာတွေ ကျုပ်မသိဘူး။ ကျုပ်ရဲ့ လေးဆင်းကျိုင့်ကြီး ပါသွားတာပဲသိတယ်။ ဒီတော့...ဒီရက်အတွင်း အခန်းရောင်းချင်ဘဲ့သူလာရင် ယတြာရိုက်ပြီး လေးဆင့်ကျိုင့်ဖြစ်ဖြစ်၊ ငါးဆင့်ကျိုင့်ဖြစ်ဖြစ်ရအောင်လုပ်ပေးတော့''

များမကြာမီရက်များ၌ ကျွန်တော်တို့ရပ်ကွက်တွင် တိုက်ကန့်ထရိုက်အထီးများ၊ တိုက်ခန်းပွဲစားအမများ ခြေချင်းလိမ်လာသလို၊ တိုက်ခန်းများလည်း အရောင်းအဝယ်သွက်လာသည်။ ထိုနည်းတူ ကျွန်တော့်အိမ်၌လည်း သုံးဆင့်ထမင်းကျိုင့်၊ လေးဆင့်ထမင်းကျိုင့်၊ ငါးဆင့်ထမင်းကျိုင့်ကြီးများလည်း အလုံးအပယ်ဖြစ်၍ လာပါတော့သည်။ ကျွန်တော်၏ဖနီး စတီးရှူးမဟာ ပျော်မဆုံး မော်မဆုံး တပြုံးပြုံးဖြစ်နေနိုင်သော်လည်း ကျွန်တော့်အဖို့မှာ မူကား လေးဆင့်ကျိုင့်ကြီးကိုမြင်တိုင်း နောင်ဘဝ၌အပါယ်လေးဘုံသို့လားရမည့် နိမိတ်ပုံဟု မှတ်ယူထားမိပါတော့ သတည်း။

လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။
ဝင်းဇော် (သစ်တော)





www.burmeseclassic.com



## အတောင်ပံတစ်ဖက်နှင့် ပျံသောငှက်

ဒီမှာ ကိုမာတင်။ ခင်ဗျားနဲ့ကျုပ် လက်တွဲခဲ့တာလဲ ကြာပြီပဲဗျာ။ ခုလောက်ဆိုရင် တစ်ယောက်အကြောင်းကို တစ်ယောက် အူမချေးခါး သိလောက်ရောပေါ့။ ကျုပ်မှာက အားနည်းချက်တစ်ခုရှိတယ်။ အဲဒါ ဘာလဲဆိုတော့ ကျုပ်က အားနာတတ်တယ်။ ဟုတ်တယ်လေ။ ကျုပ်ဆိုတဲ့ကောင်က အားနာတတ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး။ ကမ္ဘာပေါ်မှာ အားနာတတ်သူများ ပြိုင်ပွဲရှိရင် ကျုပ်ကတော့ ရွှေတံဆိပ်ရမယ့်သူပဲဗျို့။

✧ ✧ ✧ ✧ ✧ ✧

အားနာတတ်တယ်ဆိုတာ ကောင်းတာမဟုတ်ဘူး။ အားနာ



တတ်တဲ့သူကို စိတ်သဘောထားကောင်းတဲ့လူ။ စိတ်ထားမြင့်မြတ်တဲ့လူလို့ ခေါ်လို့မရဘူး။ အားနာတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ဘယ်လိုဖွင့်ရမလဲ မသိဘူး။ ဆိုကြပါစို့ဗျာ... ။ ကျုပ်က လူတစ်ယောက်ကို အားနာလို့ ပြောစရာရှိတာ မပြောလိုက်ရဘူး။ အဲဒါ မေတ္တာထားတာလည်း မဟုတ်ဘူး။ ဘာခေါ်ရမလဲဗျာ။ အားနာတာဟာ အားနာတာပဲလို့ပဲ အဓိပ္ပါယ်ဖွင့်လို့ရမယ်။ အားနာတာကလဲ အမျိုးမျိုးရှိတယ်ဗျ။ အားနာပုံ အားနာနည်း အမျိုးမျိုးပေါ့ဗျာ။

✧ ✧ ✧ ✧ ✧ ✧

ဆိုကြပါစို့ဗျာ...။ ကျုပ်က အိမ်တစ်အိမ်ကို ကိစ္စတစ်ခုနဲ့ ရောက်သွားခဲ့တယ်။ အဲဒီအိမ်ရဲ့ နောက်ဖက်ခန်းထဲမှာ သမီးပျို သုံးယောက်ဝိုင်းဖွဲ့ပြီး လက်ဖက်စားနေကြတယ်ပေါ့။ ကျုပ်က အိမ်ရှေ့ ဧည့်ခန်းထဲမှာ သူတို့မိဘနှစ်ပါးနဲ့ စကားလက်ဆုံကြနေတယ်လေ။ အဲဒီအချိန်မှာ ကျုပ်က တပို့တပါးသိပ်သွားချင်လာတယ်ဗျ။ ဒါပေမယ့် ကျုပ်က အောင့်အီးနေရတယ်ဗျ။ နောက်ဖေးခန်းထဲဝင်ဖို့ ကျုပ်အတွက် အင်မတန် ဝန်လေးနေတာကိုးဗျ။ ရှက်လို့တော့ မဟုတ်ဘူးနော်ဘာဖြစ်လို့လဲသိလား။ အားနာလို့ပေါ့ဗျာ။ အားနာလို့ပေါ့။ ကောင်မလေးတွေကိုလား။ သူတို့မိဘတွေကိုလား။ ဘယ်သူ့ရယ်လို့တော့ မပြောတတ်ဘူး။ အားနာတတ်တာကတော့ အမှန်ပဲဗျို့။ ဒီအားနည်းချက်က တစ်မျိုးပေါ့ဗျာ။

✧ ✧ ✧ ✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com



နောက် အားနာနည်းတစ်မျိုးက ကျုပ်မှာ အဖိုးတန်ကားကြီး တစ်စီးဝယ်ထားခါစ ဆိုပါစို့ဗျာ၊ မိတ်ဆွေတစ်ယောက်က ကျုပ်ကားကို နယ်သွားဖို့လာငှားတယ်၊ ကျုပ်အနေနဲ့ ဘယ်ငှားချင်ပါ့မလဲဗျာ၊ ကျုပ် အသည်းကို ကျွဲခတ်သလိုရှိမှာပေါ့၊ မဟုတ်ဘူးလား။ ဒါပေမဲ့ ကျုပ်က ဒီလူ့ကို အားနာလို့ငှားလိုက်တယ်။ ကျုပ်က အဲဒီလူကို စေတနာ ရေစီးကမ်းပြိုလိုက်လို့တော့ မဟုတ်ဘူးနော်။ မငှားဘူးလို့ ပြောရမှာကို ပြောမထွက်ဘူး။ ဘာဖြစ်လို့လည်း သိလား။ အားနာလို့ပေါ့ဗျာ။ အားနာ လို့ပေါ့။ အင်း... အားနာပုံ အားနာနည်းအမျိုးမျိုးကို သရုပ်ခွဲပြရရင် တော့ အားနာနည်းပေါင်း(၁၀၀)ဆိုပြီး စာအုပ်ရေးလို့တောင် ရနိုင်တယ်။

❖ ❖ ❖ ❖ ❖ ❖

ဒီစာကို ကျုပ်အခုလိုရေးရတာလဲ အားနာလို့ပဲလို့ ပြောရ မှာပဲ။ ဟုတ်တယ်လေ၊ ကျုပ်က ခင်ဗျားကို အားမနာစတမ်းပြောစရာ ရှိတယ်။ ဒါပေမယ့် ပါးစပ်နဲ့ပြောရမှာကို ကျုပ်က အားနာနေတယ်။ ဒါကြောင့်စာနဲ့ ရေးပြတာပဲ ကိုမာတင်။

❖ ❖ ❖ ❖ ❖ ❖

ပြောရမှာတော့ အားနာတယ်ဗျာ။ ခင်ဗျားမှာက မကောင်း တဲ့ ညဉ့်ဆိုးလေးတစ်ခုရှိနေတယ်ဗျ။ အဲဒါဘာလဲသိလား။ လူမှုရေး အမြတ်ထုတ်တဲ့ ညဉ့်ပဲ။ စကားပုံနဲ့ နှိုင်းနှိုင်းပြောရရင်တော့ မသာ လက်ဖက်လား၊ အလှူလက်ဖက်လား၊ ဘာလက်ဖက်လဲတော့ ကျုပ်



မသိဘူး။ အဲဒီလက်ဖက်နဲ့ မျက်နှာလုပ်တတ်တဲ့ညဉ့် ခင်ဗျားမှာ ရှိနေ တယ်။ ကျုပ်ကတော့ ခံရဖူးပေါင်းများပါပြီ။ ဒါပေမယ့် အားနာလို့ မပြောခဲ့ပါဘူး။ အခုတော့ ပြောရတော့မယ် ကိုမာတင်။ အားနာနေလို့ မဖြစ်တော့ဘူး။ အားနာရင် အားပါလိမ့်မယ်ဗျ။

❖ ❖ ❖ ❖ ❖ ❖

ကဲ... ခင်ဗျား ငြင်းဦးမလို့လား။ မငြင်းပါနဲ့ ကိုမာတင်၊ မငြင်းပါနဲ့။ ကျုပ်သေသေချာချာ ပြောပြမယ်။ ခင်ဗျားမှတ်မိလွယ်မယ့် အနီးကပ်ဆုံးအဖြစ်အပျက်နှစ်ခုကို ပြောပြမယ်ဗျာ။ ပြီးခဲ့တဲ့ လဆန်း ပိုင်းက ကျုပ်အိမ်ကို ခင်ဗျားရောက်လာတယ်လေ။ အရာရှိကြီးတစ် ယောက်ရဲ့ဇနီးကို ရေခဲသေတ္တာတစ်လုံးလက်ဆောင်ပေးမလို့ ဘယ်အ မျိုးအစားဝယ်သင့်တယ်ဆိုတာကို အကြံပေးဖို့လိုက်ခဲ့ပါဆိုပြီး ကျုပ်ကို လာခေါ်တာ မှတ်မိသေးလား။ ကျုပ်က ပေဒင်ဆရာပဲဗျာ၊ ရေခဲသေတ္တာ အကြောင်းကို ဘယ့်နှယ်သိပါ့မလဲ၊ အဲဒီနေ့က ကျုပ်မှာလည်း သွားစရာ ကိစ္စတစ်ခုရှိနေတယ်ဗျ။ ဒါပေမယ့် ဘယ်ရမလဲဗျာ။ ကျုပ်က အားနာ တတ်တယ်မဟုတ်လား။ နောက်ဆုံးတော့ ခင်ဗျားခေါ်တဲ့နောက်ကို လိုက်ခဲ့ရတာပဲမဟုတ်လား။

မီးရထားရုံးကြီးရှေ့က စတိုးဆိုင်ကြီးတစ်ခုရှေ့မှာ ကားကို ရပ်ပြီး ကျုပ်တို့နှစ်ယောက် အဲဒီဆိုင်ကြီးထဲကို ဝင်ခဲ့ကြတယ်လေ။ ခင်းကျင်းပြသထားတဲ့ ရေခဲသေတ္တာတွေကိုတောင် ခင်ဗျားလှည့် မကြည့်တော့ဘူး။ ငွေရှင်းကောင်တာကို တန်းဘုန်းမတ်မတ်သွား ပြီး ငွေချေတော့တာပဲမဟုတ်လား။ ကျုပ်ကတော့ ဟိုကြည့်ဒီငေးနဲ့ ယောင်

www.burmeseclassic.com

www.burmeseclassic.com



လည်လည်ပေါ့ဗျာ။ ခင်ဗျားက ငွေရှင်းထားတဲ့ဘောက်ချာတွေကို ယူလာပြီး ရေခဲသေတ္တာတွေဘေးမှာ ရပ်နေတဲ့ဝန်ထမ်းကောင်လေး တစ်ယောက်ကို ပေးလိုက်တယ်လေ။ ဝန်ထမ်းကောင်လေးက ခင်ဗျားကို ကောင်းကောင်းမှတ်မိနေပုံရတယ်။ ဟိုရက်ပိုင်းတွေကတည်းက ဒီဆိုင်ကို ခင်ဗျားရောက်ခဲ့ပြီးပြီဆိုတာကို ကျုပ် လောင်းရဲပါတယ်ဗျာ။ ဒီတော့မှ ကျုပ်ခံလိုက်ရပြီဆိုတာ သိလိုက်ရတော့တယ်။

❖ ❖ ❖ ❖ ❖ ❖

ကျုပ်တို့နှစ်ယောက် ဆိုင်ထဲကနေပြီး ကားပေါ်ကို အဲဒီ ရေခဲသေတ္တာကြီးကို မ,တင်ခဲ့ကြရတယ်လေဗျာ။ အင်း စောစောက ဝန်ထမ်းကောင်လေးကပါ ဝိုင်းကူပါတယ်။ သုံးယောက်ပေါ့ဗျာ။ ဆိုင်နဲ့ ကားရပ်ထားတဲ့နေရာဟာ သိပ်မဝေးလို့ တော်သေးတာပေါ့။ ဒါပေမယ့် ဒီလောက်နဲ့ ပြီးမသွားသေးဘူးလေ။ ခင်ဗျားက ကားကို ရေကျော်ဘက်ပိုင်းကို မောင်းခဲ့တယ်မဟုတ်လား။ ဒေါနလမ်းလား၊ စပါယ်လမ်းလား၊ ခတ္တာလမ်းလား ဘယ်လမ်းလဲလို့တော့ ကျုပ်မမှတ်မိတော့ဘူး။ ပန်းနာမည်တစ်မျိုးနဲ့ မှည့်ထားတဲ့လမ်းတစ်လမ်းပေါ့ဗျာ။ အဲ့ဒီလမ်းထဲကို ကားကွေ့ဝင်ပြီး ကန်ထရိုက်တိုက်ကြီးတစ်တိုက်ရဲ့ရှေ့မှာ ရပ်လိုက်တယ်လေ။ အဲဒီအချိန်ကစပြီး အားနာတတ်တဲ့ကျုပ်ဟာ အားပါတော့တာပဲဗျာ။

ဒါပေမယ့် ဘာတတ်နိုင်ပါ့မလဲ။ လာမယ့်ဘေး ပြေးတွေ့လိုက်



ရုံပေါ့ဗျာ၊ မဟုတ်ဘူးလား။ ဟိုး အပေါ်ဆုံးထပ် ခြောက်လွှာကို လူနှစ်ယောက်ဘဲ။ မောလိုက်တာ လျှာထွက်နေတာပဲ။ ကန်ထရိုက်ကလဲ ဘယ်လိုဗိသုကာပညာနဲ့ဆောက်ထားသလဲမသိဘူး။ လှေခါးကလည်း ကျဉ်းလည်းကျဉ်း၊ မတ်လည်းမတ်ကိုးဗျ။ အနိမ့်အမြင့်လည်း မညီဘူး။ အင်္ဂတေတွေကလည်း သဲတရှပ်ရှပ်နဲ့ အတော်ကိုဆိုးတယ်ဗျာ။ လှေခါးလက်ရမ်းကျတော့လည်း ရေသူမခါးလို နွဲ့နေတာပဲ၊ တော်တော် အသုံးမကျတဲ့ ကန်ထရိုက်ပဲလို့ ကျုပ်ရေရွတ်မိသေးတယ်။ ခင်ဗျားကတော့ ဘယ်လိုနေမလဲမသိဘူး။ ကျုပ်ကတော့ သေချင်စော်နံသွားတာပဲဗျို့။

❖ ❖ ❖ ❖ ❖ ❖

ဒါနဲ့ပြောရဦးမယ်။ ကျုပ်ကိစ္စတော့မဟုတ်ပါဘူး။ ခင်ဗျားပြောတဲ့အရာရှိကြီးရဲ့ဇနီးကလည်း ငယ်လှချည့်လားဗျ။ အလွန်ဆုံး ရှိလှမှ အသက် (၂၀)ကျော်သာသာလောက် ရှိမယ်ထင်တယ်။ တယ်လီဗေးရှင်းကြော်ငြာတစ်ခုထဲက ကောင်မလေးတစ်ယောက်နဲ့ နည်းနည်းဆင်တယ်။ အဲဒီအခန်းထဲမှာ သူတစ်ယောက်တည်းနေတယ်ထင်ပါရဲ့ဗျာ။ တခြားအိမ်သူ ိမ်သားတွေလည်း မတွေ့ရဘူး။ အိမ်ခန်းနံရံမှာ ချိတ်ထားတဲ့ဓါတ်ပုံလည်း တစ်ပုံမှမရှိဘူးဗျ။ ကေန္တ မဟုတ်မှလွဲရော ကျုပ်ထင်တဲ့အတိုင်း ဖြစ်လိမ့်မယ်ထင်တယ်။ ဒါကတော့ သူ့အကြောင်းနဲ့သူပေါ့ဗျာ။ ကောင်မလေးက ပျူပျူငှာငှာရှိပါတယ်။ ရေခဲသေတ္တာကြောင့်လားမသိဘူး။ အဲဒီမှာ ကျုပ်တို့သိပ်မကြာပါဘူး။ အလွန်ဆုံးရှိမှ ငါးမိနစ်

www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲရှိမယ် ထင်တယ်။ အပြန်မှာ ခင်ဗျားကတော့ ပိုပြီးတောင် လန်းဆန်းနေမှာပေါ့။ လားရှိုးလား မူဆယ်လား ဘယ်မြို့လဲလို့တော့ ကျုပ်ကောင်းကောင်း မကြားလိုက်ဘူး။ အဲ့ဒီမြို့ကိုပြောင်းပေးဖို့ အစ်ကိုကြီး လာရင် ''မီးမီး''ပြောပေးမယ်ဆိုတဲ့ ကောင်မလေးရဲ့စကားကို ကြားခဲ့ရပြီး မဟုတ်လားဗျာ။ ခင်ဗျားကတော့ဗျာ တကယ့်ကို လူနုပ်ချမ်းသာပါပဲ။ ကဲဗျာ အဲ့ဒီရေခဲသေတ္တာအကြောင်းကိုတော့ ထားလိုက်ပါတော့ နောက်အဖြစ်အပျက်တစ်ခုကို ပြောပြမယ်။

❖ ❖ ❖ ❖ ❖ ❖

လွန်ခဲ့တဲ့နှစ်ရက်ကျော်လောက်က ကျုပ်ဆီကို ခင်ဗျား ရောက်လာပြန်တယ်မဟုတ်လား။ ကျုပ်ကို ဗေဒင်ဟောပေးဖို့လာခေါ်တာလေ။ ကျုပ်က ဘယ်သူ့အိမ်ကိုမှလိုက်ပြီး ဗေဒင်မဟောဘူးဆိုတာကို ခင်ဗျား သိပါတယ်ဗျာ။ ကျုပ်မှာက ဗေဒင်ဟောတဲ့နေရာက သတ်သတ်မှတ်မှတ်ရှိတယ်။ အမှတ်(၁၄)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း၊ တာမွေ အိမ်မှာပဲဟောတယ်။ ဗေဒင်ဟောတဲ့အချိန်ကို အကန့်အသတ်ထားတယ်။ မနက် (၇)နာရီကနေ (၁၁)နာရီအထိပဲ ဟောတယ်။ ဒီမှာကိုမှတင် သူ့အလုပ်ကိုယ့်အလုပ် လေးစားရမှာပေါ့ဗျာ။ ခုတော့ ခင်ဗျားနဲ့ စီးပွားရေးပိုင်းမှာ မကောင်းရာမကောင်းကြောင်း အားကိုးလောက်တဲ့ အန်ကယ်ကြီးတစ်ယောက်ရဲ့အိမ်မှာ ကျုပ်ကို ဗေဒင်ဟောနိုင်းဖို့ လာခေါ်တာကတော့ ဘယ်ကောင်းပါ့မလဲဗျာ။ ပြီးတော့ ခင်ဗျားက ပြောလိုက်သေးတယ်။ အဲ့ဒီ အန်ကယ်ကြီးက သွင်းကုန်ထုတ်ကုန်



ကုမ္ပဏီကြီးတစ်ခု ထောင်ထားတဲ့ လူကြီးလူကောင်းတစ်ယောက်ပါတဲ့။ အဲဒါ ကျုပ်နဲ့ ဘာဆိုင်လို့လဲဗျာ။ ကျုပ်က ဗေဒင်ဆရာပဲ။ အဲဒီ ကုမ္ပဏီပိုင်ရှင်ကြီးတွေနဲ့သိလို့လည်း ကျုပ်အတွက် ဘာမှထူးမလာပါဘူး။ ဗေဒင်ဆရာကတော့ ဗေဒင်ဆရာပါပဲ။ အင်း...ခင်ဗျားအနေနဲ့ကတော့ ဟုတ်မှာပေါ့လေ။ ဝန်ထမ်းလည်းလုပ်တယ်။ သွင်းကုန် ထုတ်ကုန် လုပ်ငန်းတစ်ခုခုကိုလည်း ခင်ဗျားရဲ့မိန်းမနာမည်နဲ့ မှတ်ပုံတင်ထားပြန်ဆိုတော့ အစစအရာရာမှာ အသိအကျွမ်းက အရေးကြီးတယ် မဟုတ်လား။

ထားပါတော့လေ။ အဲဒါ ခင်ဗျားအပိုင်းပဲ။ ကျုပ်အပိုင်းကတော့ အေးအေးပဲနေချင်တယ်။ ကျုပ်က ထမင်းကြမ်းခဲကို ယပ်ခတ်ပြီးစားချင်တဲ့သူဗျ။ လူပေါင်းမစုံချင်ဘူး။ နေရာမနှံ့ချင်ဘူး။ ကဲ တိုတိုပဲကျုပ်ပြောတော့မယ်။ ခင်ဗျားက အဲ့ဒီ အန်ကယ်ကြီးမှာ အိမ်တွင်းရေးပြဿနာတစ်ခုကြုံနေတယ်။ အဲ့ဒီအိမ်မှာ ဗေဒင်လိုက်တွက်ပေးဖို့မရမက ကျုပ်ကိုလာခေါ်တာမဟုတ်လား။ ကျုပ်က ငြင်းပါသေးတယ်။ ဒါပေမယ့် ဘယ်ရမလဲဗျာ။ ကျုပ်က အားနာတတ်တယ်မဟုတ်လား။

ခင်ဗျားရဲ့ကားကို လူဂုဏ်တန် သူဌေးကြီးတွေနေတဲ့ ရပ်ကွက်တစ်ခုဆီကို မောင်းသွားတယ်လေ။ ခင်ဗျားကတော့ မှီရတဲ့မျက်နှာမျိုးနဲ့ အာဝဇ္ဇန်းရွှင်လို့ပေါ့ဗျာ။ အင်းလေ...မျက်နှာလုပ်ဖို့ လက်ဖက်ထုပ်ကပါလာမှကိုးဗျ။ တစ်လမ်းလုံးလည်း ကျုပ် ဗေဒင်ဟောရမယ့်အန်ကယ်ကြီးဟာ တစ်လတစ်လ ဒေါ်လာဘယ်နှစ်သောင်းဝင်ကြောင်း မျိုးရိုးဂုဏ်ဆွေဂုဏ် ဘယ်လိုရှိကြောင်း။ အလှူအတန်းရေစက်ရေးပြီး ဘာသာရေးမှာ ဘယ်လိုကိုင်းရှိုင်းကြောင်း။ ခင်ဗျားက ရှေးရေလွှတ် တတွတ်တွတ်ပြောခဲ့တယ် မဟုတ်လား။ ဒါပေမယ့် ကျုပ် စိတ်မဝင်

www.burmeseclassic.com

www.burmeseclassic.com



စားပါဘူး။ ကြားလို့သာ နားထောင်နေရတာပဲရှိတယ်။ အဲ့ဒီအချိန်မှာ ကျုပ်ဘာကို စဉ်းစားနေသလဲသိလား။ ခါးနာပျောက်ဆေး၊ ယားနာပျောက်ဆေးတွေလိုပဲ အားနာပျောက်ဆေးရှိရင် သိပ်ကောင်းမှာပဲလို့ စဉ်းစားနေတာပေါ့ဗျာ။

ဒီလိုစကားတပြောပြောနဲ့ ခြံကြီးရှေ့ရောက်တော့ ခြံဝင်းတံခါးရှေ့ကို ကားခေါင်းကွေ့ပြီး စက်ရှိန်လျှော့လိုက်တယ်လေ။ ခြံထဲမှာ ပန်းပင်ရေဖျန်းနေတဲ့ ကုလားမလေးတစ်ယောက်က ခြံတံခါးကို လာဖွင့်ပေးတယ်။ ခြံကြီးထဲမှာ ကွန်ကရစ်ခင်းကားလမ်းလေးအတိုင်း ခင်ဗျားက ကားကို ဖြေးဖြေးချင်းမောင်းသွားခဲ့တယ်လေ။ ခြံကြီးကလည်း အကျယ်ကြီးပဲ၊ တကယ့်ဥယျာဉ်ကြီး တမျှပါပဲဗျာ။ စိုက်ထားတဲ့ ပန်းပင်တွေကလည်း ဖြူနီဝါပြာရောင်စုံဖြာလို့ပေါ့ဗျာ။ မြက်ခင်းတွေကလည်း အစိမ်းရောင်ကတ္တီပါကော်ဇောကြီး ခင်းထားသလိုပါပဲ။ ခင်ဗျားက ဒီခြံကြီးကို သိန်းနှစ်ထောင်နဲ့ ဈေးပေးထားတယ်လို့ပြောတော့ ကျုပ်ရဲ့ နားကိုတောင် ကျုပ်မယုံဘူး ဖြစ်သွားရတယ်။ ဘယ့်နှယ့်ဗျာ၊ နည်းနည်းနောနောငွေမှမဟုတ်တာပဲ။ ဒီတော့ ကျုပ်က ''ကျုပ်အနေနဲ့ဆိုရင် လောကစာလုံးပေါင်း သိန်းနှစ်ထောင်နဲ့ရောင်းမယ်ဆိုရင်တောင် အဲဒီလောကစာလုံး သိန်းနှစ်ထောင်ကို ဘယ်လိုရအောင်လုံးရပါ့မလဲ'' လို့ ပြောလိုက်မိသေးတယ်။

✣ ✣ ✣ ✣ ✣ ✣

အင်း...တိုက်ကြီးကတော့ အို့နေပါပြီဗျာ။ နှစ်ထပ်ဆင်ဝင်နဲ့ အိမ်ဟောင်းကြီးတစ်လုံးပါပဲ။ မျက်နှာဖြူအရေးပိုင်တွေနေခဲ့တဲ့ အိမ်မျိုး



ပါပဲဗျာ။ ဒါပေမယ့် ခိုင်ခိုင်ခန့်ခန့်တော့ရှိသေးတယ်။ ဆင်ဝင်အောက်မှာ ကားရပ်ပြီး ကားပေါ်က ကျုပ်တို့နှစ်ယောက် ဆင်းလိုက်ကြတယ်လေ။ အိမ်ဝင်ပေါက် သံဘာဂျာတံခါးကို အသက်နှစ်ဆယ်လောက်ရှိတဲ့ ကောင်မလေးတစ်ယောက်က လာဖွင့်ပေးတယ် မဟုတ်လား။

ဧည့်ခန်းကြီးက ခန့်ငြားထည်ဝါလိုက်တာ မပြောပါနဲ့တော့ဗျာ။ ပိတောက်သားကြမ်းခင်းတုန်းတွေကလည်း အရောင်တဖိတ်ဖိတ်တောက်နေတာ နင်းရက်စရာတောင် မရှိပါဘူး။ အိမ်ထောင်ပရိဘောဂတွေကိုတော့ ထည့်မပြောပါနဲ့တော့။ အဖိုးတန် နောက်ဆုံးပေါ်တွေချည်းပဲ။ ခင်ဗျားပြောတဲ့ အန်ကယ်ကြီးတို့ ဇနီးမောင်နှံကတော့ ဧည့်ခန်းအလယ်က ဆိုဖာကုလားထိုင်ကြီးပေါ်မှာ အမြိန့်သားထိုင်နေလေရဲ့။ သူတို့နှစ်ယောက်စလုံးရဲ့ အသက်တွေကတော့ ခြောက်ဆယ်ကျော်ရုံလောက်ပဲ ရှိဦးမယ်ထင်တယ်။ ဒါပေမယ့် အန်ကယ်ကြီးက အရွယ်ပိုတင်တယ်။ အသားအရည် တောင့်တောင့်တင်းတင်းပဲ။ ကျန်းမာရေးလိုက်စားထားပုံရတယ်။ ဥပဓိရုပ်ကတော့ မပြောနဲ့တော့ဗျို့။ ဟိုတုန်းက ရုပ်ရှင်မင်းသားကြီး ခင်မောင်ရင်လိုပုံမျိုးဗျ။ တကယ့် လူချောလူခန့်ကြီးပဲ။ ဆံပင်ဖြီးထားတာကလည်း ကျော့နေတာပဲဗျာ။ စပို့ရှပ်အပြာနုရောင်လေး ဝတ်ထားတာကတော့ သူ့အရွယ်နဲ့ဆိုရင် နုနုကလက်တယ်လို့ ဆိုရမှာပေါ့ဗျာ။ အကောင်းမြင်ဘက်က ကြည့်ရင်တော့ ခေတ်ဆန်တယ်လို့ ဝေဖန်လည်းရပါတယ်။ ဒါပေမယ့် အဲဒါတွေက သိပ်အရေးမကြီးပါဘူး။ အရေးကြီးတာက သူတို့နှစ်ယောက်ရဲ့ မျက်နှာအနေအထားပဲ။

ဟုတ်တယ်လေ ကျုပ်က ဗေဒင်ဆရာဆိုတော့မျက်နှာကဲခတ်ပညာကို တစ်ဘက်ကမ်းခတ်အောင် သင်ထားရတယ်ဗျာ။ လင်မှ

www.burmeseclassic.com

www.burmeseclassic.com



မယားပူမိနေတဲ့ မျက်နှာလား၊ သားဆိုးသမီးဆိုးဒဏ်ခံနေတဲ့ မျက်နှာလား။ ဥစ္စာပူ အချစ်ပူ ရာထူးပူမိနေတဲ့မျက်နှာလား။ နိုင်ငံခြားရောဂါ၊ ဗီဒီယိုရောဂါ၊ ကျောက်ရောဂါ၊ ဒေါ်လာရောဂါထနေတဲ့ မျက်နှာလား။ မြင်ရုံနဲ့ ဗေဒင်မတွက်ပဲတန်းပြီးသိနေအောင် လေ့ကျင့်ထားရတယ်ဗျ။

ခုလည်း ခင်ဗျားရဲ့အန်ကယ်ကြီးတို့ဇနီးမောင်နှံမျက်နှာကို ကြည့်ရတာကတော့ ရာသီဥတုသာယာပုံမရဘူး။ ပထမဦးဆုံး ခင်ဗျားက ကျုပ်ကို အန်ကယ်ကြီးနဲ့ မိတ်ဆက်ပေးတယ်လေ။ အဲဒီအချိန်မှာပဲ စောစောက တံခါးလာဖွင့်ပေးတဲ့အိမ်ဖော်မလေးက ကော်ဖီပန်းကန်ကို စတီးလင်ဘန်းတစ်ချပ်ပေါ်မှာတင်ပြီး ကျုပ်တို့ရှေ့က စားပွဲပေါ်မှာ လာချပေးသွားတယ်လေ။ ကော်ဖီကလည်း ကျဲလိုက်တာ မပြောပါနဲ့တော့။ ကော်ဖီအရောင်က မျက်နှာဖြူအထီးနဲ့ ကပ္ပလီမစပ်ပြီး မွေးထားတဲ့ ကလေးရဲ့အသားရောင်လိုပဲဗျာ။ ဒါပေမယ့် ကျုပ်ကတော့ သောက်ပါဦးလားလို့ အပြောတောင် စောင့်မနေတော့ဘူး။ ဘာဖြစ်လို့လည်း သိလား။ ဒီလို ကော်ဖီမျိုးက သူဌေးတွေအိမ်ရောက်မှ သောက်ရတာ ကိုးဗျ။

✧ ✧ ✧ ✧ ✧ ✧

ဒီလိုနဲ့ ညသ့်ခန်းမှာ စကားစမြည်နည်းနည်းပါးပါးပြောကြပြီး အိမ်ပေါ်ဘုရားခန်းကို တက်ခဲ့ကြတယ်လေ။ ဘုရားခန်းက အကျယ်ကြီး ပဲဗျာ။ ဘုရားစင်ကလည်း တော်တော်သပ္ပာယ်စရာကောင်းပါတယ်။ အမြောက်ဆံပေါက်င်း ကြေးပန်းအိုးကြီးတွေထဲမှာ ထိုးထားတဲ့ သစ္စာပန်းတွေကလည်း လှလိုက်တာမပြောပါနဲ့တော့ဗျာ။ ကန့်တော့ပွဲကြီးတွေ



ကလည်း ဟီးနေတာပဲ။ ခန်းလုံးပြည့် ကော်ဇောကြီးတွေကတော့ အိနေတာပေါ့ဗျာ။ ပထမဦးဆုံး ကျုပ်က ဘုရားဝတ်ပြုတယ်။ ကျုပ်တို့ ဗေဒင်မှာ ''ရတနာ့တ္တယံ၊ ကရိုဏ်းခံ၍၊ ပုဇ္ဇပရ မဆွမျက်မြောက်၊ ဉာဏ်နှင့်ထောက်၍''ဆိုတဲ့ ရှေးဗေဒင်ကဝိပညာရှင်ကြီးတွေရဲ့ သြဝါဒရှိတယ်ဗျ။ အဲဒီအဓိပ္ပာယ်က ဘာလည်းဆိုတာတော့ ''ရတနာမြတ်သုံးပါးကို ဦးစွာဝပ်တွား ရှိခိုးပြီးမှ ဗေဒင်ဟောပါလို့''မှာထားတာပေါ့ဗျာ။

✧ ✧ ✧ ✧ ✧ ✧

ကျုပ်တို့လေးယောက် ကော်ဇောကြီးပေါ်မှာ မျက်နှာချင်းဆိုင်ထိုင်ကြတယ်လေ။ အန်ကယ်ကြီးတို့ဇနီးမောင်နှံက ကျုပ်ရဲ့ရှေ့မှာ၊ ခင်ဗျားက ကျုပ်ရဲ့ ဘယ်ဘက်ဘေးမှာလေဗျာ။ မှတ်မိသေးလား။ မမှတ်မိလည်း ထားပါတော့။ စကားဦးမစမီမှာ အန်ကယ်ကြီးက အန်တီကြီး မျက်နှာကို လှမ်းကြည့်လိုက်တယ်။ အဲဒီအခါမှာ အန်တီကြီးက ဖြေးဖြေးလေး ခေါင်းညိတ်ပြလိုက်တယ်။ ငါပြောရတော့မလားလို့ပေါ့ဗျာ။ အရှိန်ယူပြီး ပြောရမယ့်အကြောင်းအရာဖြစ်မှန်း ကျုပ်ရိပ်မိလိုက်တယ်။ ဟုတ်လည်းဟုတ်ပါတယ်။ တကယ့် လူမှုရေးပြဿနာကြီးကိုးဗျ။

✧ ✧ ✧ ✧ ✧ ✧

အဲဒီအကြောင်းကို ခင်ဗျားလည်းကြားတယ်လေ။ ဒါပေမယ့် ကျုပ်က ပြန်ပြောချင်သေးတယ်။ ဖြစ်ပုံကဒီလိုဗျ။ စောစောက အိမ်

www.burmeseclassic.com

www.burmeseclassic.com



ဖော်မလေးရဲ့နာမည်က ''အဝင်း''လို့ခေါ်တယ်။ ကိုယ်လုံးကိုယ်ပေါက်က တစ်တစ်ရစ်ရစ်လေးဗျ။ မျက်နှာပေါက်လေးက ချစ်စရာလေး။ အရိုင်းပန်းလေးတစ်ပွင့်ပေါ့ဗျ။ ပြဿနာက အဲဒီကောင်မလေးမှာ ကိုယ်လေးလက်ဝန်ရှိနေတာကိုးဗျ။ နှစ်လသားလေးကို ဗိုက်မှာလွယ်ထားရပြီလေ။ အန်တီကြီးက ချော့တစ်လှည့်ခြောက်တစ်ခါ ဘယ်လိုမေးမေး ကောင်မလေးက ဖွင့်မပြောဘူး။ ငိုလို့သာနေရှာတယ်။ မခက်ဘူးလားဗျာ။ အန်ကယ်ကြီးကတော့ မိသားစုဂုဏ်၊ ဆွေဂုဏ်မျိုးဂုဏ်တွေတော့ ထိနိုက်ရပါပြီဆိုပြီး ဒေါသထောင်းထောင်းထွက်နေတာပေါ့ဗျာ။

အင်း...ခက်တာက ကောင်မလေးက ခြံထဲက ခြံပြင်တောင် ထွက်ရှာတာမဟုတ်ဘူး။ ခြံနီးဝန်းကျင်နဲ့လည်း ကူးလူးဆက်ဆံမှု မရှိဘူး။ ပြီးတော့ ဈေးဝယ်လည်းထွက်ရတာ မဟုတ်ဘူးဗျ။ ဈေးဝယ်ထွက်တာကတစ်ယောက်၊ ခြံတံခါးလာဖွင့်ပေးတဲ့ ''လက်ချမ်း''ဆိုတဲ့ ကုလားမလေးက ဈေးဝယ်ရတယ်။ ဒီတော့ တရားခံဘယ်သူလည်း။ ရှင်းပါတယ်ဗျာ။ အဲဒီအိမ်ကြီးထဲက ကြောင်ပါးမဟုတ်လို့ ဘယ်အိမ်က ကြောင်ပါးဖြစ်ရမှာလည်းဗျ။ ခက်တာက ဒီလိုဗျ။ အဲဒီအိမ်ကြီးထဲမှာက ခင်ဗျား အန်ကယ်ကြီးအပါအဝင် ပုရိသဆိုလို့ ငါးယောက်ပဲရှိတယ်။ သားအကြီးဆုံးက ပြီးခဲ့တဲ့ ဝါဆိုလဆန်းကမှ အသက်လေးဆယ်ပြည့်သွားတယ်။ မုဆိုးဖိုတစ်ယောက်ပေါ့ဗျ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သူ့မိန်းမဆုံးသွားရှာပြီ။ အစကတော့ အစိုးရအရာရှိတစ်ဦးပေါ့။ ခုတော့ သူ့အဖေကုမ္ပဏီမှာပဲ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအနေနဲ့ အလုပ်ဝင်လုပ်နေတယ်။ သူ့အောက်မှာ အသက်သုံးဆယ်ကျော်လောက်ရှိတဲ့ သားတစ်ယောက်ရှိတယ်။ ဆရာဝန်တစ်ဦးပဲ။ နာမည်တွေတော့ ထည့်မပြောတော့ပါဘူး။ အဲဒီဆရာဝန်မှာက မိန်းမရှိတယ်။ နောက်



သားတစ်ယောက်က သဘော်သား။ နိုင်ငံခြားက ပြန်ရောက်လာတာ ခြောက်လလောက်ရှိသွားပြီ။ အသက်နှစ်ဆယ့်ငါးနှစ်လောက် ရှိမယ်ထင်တယ်။ ဒီကောင်က လူပျိုလူလွတ်တစ်ယောက်ပဲ၊ ဆရာဝန်နဲ့ အဲဒီသဘော်သားနှစ်ယောက်ကြားမှာ သမီးတစ်ယောက်ရှိတယ်၊ အဲဒီသမီးကလည်း အိမ်ထောင်နဲ့ဗျ။ သူ့ယောက်ျားက ကားဝယ်ရောင်းသမားတစ်ယောက်ပေါ့ဗျာ။ အင်း... ခက်တာက အဲဒီကောင်ပဲဗျ။ ဒီကောင်က ပြဿနာနည်းနည်းရှိတယ်၊ မိန်းမရှုပ်တယ်လို့ သတင်းအနံ့ထွက်နေတာကြာပြီ။ အဲဒီကိစ္စနဲ့ပတ်သက်လို့ သူ့မိန်းမနဲ့တောင် လက်ကြိတ်ထိုးပြီး တကျက်ကျက်ဖြစ်နေကြတယ်။ အသောက်အစားလည်း မကင်းဘူးဗျ။ ဒါပေမယ့် အသောက်အစားကတော့ ဟိုသဘော်သားလေးလည်း ရှိပါတယ်ဗျာ၊ အဲဒီသဘော်သားလေးကတောင် ပိုဆိုးသေးတယ်။ ပန်းကုံးစွပ်တဲ့ စားသောက်ဆိုင်တွေက ပြန်လာတဲ့ညတွေဆိုရင် မိုးချုပ်တယ်။ လူမှန်းမသိအောင်လည်း သောက်သောက်လာတတ်တယ်။ အဲဒီအချိန်မှာဆိုရင်''အဝင်း''ကပဲ တံခါးစောင့်ပြီး ဖွင့်ပေးရတယ်။ တစ်အိမ်လုံးက အိပ်ကုန်ကြပြီလေ။ ဒါပေမယ့် ဒီကောင်က တစ်လိုင်းထဲဗျ။ မိန်မကိစ္စရှင်းတယ်။ အရက်ကလွဲလို့ ကျန်တဲ့အပျော်အပါး ကင်းတယ်၊ ဪ... ဟို ဆရာဝန်လား။ ဆရာဝန်ကတော့ လူအေးပါဗျာ။ ဆရာဝန်ဘွဲ့ရယ် မိန်းမကြောက်တဲ့ဂုဏ်ပုဒ်ရယ်ကလွဲပြီး ကျန်တဲ့ အရည်အသွေးကတော့ သိပ်ရှိပုံမပေါ်ဘူး။ အင်း...ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ဆရာဝန်ဖြစ်ခါစ နယ်မှာတာဝန်ကျတုန်းက မလွတ်မလပ် အမျိုးသမီးတစ်ဦးနဲ့ ငြိစွန်းဖူးတယ်ဗျ။ အဲဒီတုန်းကတော့ လူပျိုပေါ့ဗျာ။ မိဘတွေက အရှက်မရအောင် ဖုံးဖုံးဖိဖိနဲ့ လုပ်ပြီး နယ်ပြောင်းယူရသေးတယ်။ ဒါကတော့ ဆရာဝန် လူအ၊ မနူးမနပ်ဖြစ်လို့ ကျူးလွန်ခံရတဲ့ သဘော

www.burmeseclassic.com

www.burmeseclassic.com



မျိုးပေါ့ဗျာ။ ခွင့်မလွှတ်နိုင်တဲ့အပြစ်မျိုး ကျူးလွန်ခဲ့ပေမယ့် သူ့ကို မိန်းမပွေတယ်လို့ ပြောလို့မရသေးဘူးဗျ။ ဟို...မုဆိုးဖိုလား။ အောင် မလေးဗျာ။ အေးလိုက်တာကတော့ ဖရဲတုန်းပဲ။ အကျင့်စာရိတ္တက တော့ ဒေါင်ဒေါင်မြည်ပေါ့။ အသောက်အစားလည်းကင်းတယ်။ တကယ့် လူရိုးကြီးပါဗျာ။ သေသွားတဲ့မိန်းမကလွဲလို့ ကျန်တဲ့မိန်းမဆိုရင် ဖုတ်လေတဲ့ငါးပိပဲ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ကျန်တဲ့လူတွေက ကောင်မလေးအပေါ်မှာ မသိလိုက်မသိဖာသာပဲ ဆက်ဆံတယ် ခိုင်းစရာ ရှိခိုင်းတယ်။ ပြောစရာရှိရင်ပြောတယ်။ အိမ်ရှင်နဲ့ အိမ်ဖော် ဆက်ဆံရေး မျိုးပဲ။ သူကတော့ ဒီလိုမဟုတ်ဘူး။ ကောင်မလေးအပေါ်မှာ လိုက်လိုက် လျောလျောရှိတယ်။ အိမ်သားတစ်ဦးဦးက နိုင်လိုမင်းထက်ဆိုရင်တောင် မကြိုက်ဘူး။ ကောင်မလေးဘက်က ရှေ့နေလိုက်တယ်။ ကောင်မလေး ကို ခိုင်းစရာရှိရင်တောင် ချော့ချော့မော့မော့ခိုင်းတယ်။ ဆံပင်ညှပ်လှလှ လေးတွေ၊ ဘီးကုပ်လှလှလေးတွေတောင် ကောင်မလေးအတွက် ကြုံ ရင်ကြုံသလို ဝယ်လာပေးတယ်။ တခြားအိမ်သားတွေခိုင်းရင် သိပ် စိတ်ပါတာမဟုတ်ဘူး။ ဒါကတော့ အသွားရှိမှ အပြန်ရှိတာမျိုးကိုဗျ။ မဟုတ်ဘူးလား။ တစ်ခါက ဟိုဆရာဝန်ရဲ့မိန်းမကတောင် ကောင်မလေး ကို သူခိုင်းတာချက်ချင်းမလုပ်ရကောင်းလားဆိုပြီး သူ့ခယ်အို မုဆိုးဖို ကြီးနဲ့ သမုတ်ပြီး ခိုင်းနှိုင်းဆဲဆိုပွူးသေးတယ်။ ဒါပေမယ့် တစ်ခုတော့ရှိ တယ်ဗျ။ အဲဒီ မုဆိုးဖိုကြီးက အဲဒီကောင်မလေးမှ မဟုတ်ဘူး။ သူ့ ကုမ္ပဏီက စာရေးထီး၊ စာရေးမလေးတွေကိုလည်း ကြုံရင်ကြုံသလို လက်ဆောင်ပေးလေ့ရှိတယ်။ လိုက်လိုက်လျောလျောလည်း ဆက်ဆံ တယ်။ ဒီတော့ တစ်ယောက်ထဲအပေါ်မှာ စုပ်ပြုံးသဒ္ဒါပိုတာ မဟုတ်ဘူး ဆိုတာ ရှင်းနေတယ်။ သူက မရှိတဲ့လူတွေအပေါ်မှာ ကြင်နာတတ်တဲ့



နှလုံးသားရှိနေတာကိုးဗျ။ ဒရိုင်ဘာဆိုလည်း သူ့ကြောင့် ရောင့်တက်နေ တယ်လို့တောင် အိမ်သားတွေက ဗိုင်းပြောနေကြပြီ။ ဩော် အဲဒီဒရိုင် ဘာလား။ အသက်ကတော့ သုံးဆယ်ဝန်းကျင်လောက်ပဲရှိမယ်။ ဒါပေ မယ့် သူ့ကိုထည့်တွက်စရာ မလိုပါဘူးဗျာ၊ သူက မနက်လာ ညနေပြန် ပဲ။ အဲဒီအိမ်ကြီးမှာ ညမအိပ်ဘူး။ လူပျိုလူလွတ်တော့ ဟုတ်ပါတယ်။ ကောင်မလေးကို စိတ်ဝင်စားပုံမရှိပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ခပ်တန်းတန်းပဲ။ ဒရိုင်ဘာကလည်း ကားပေါ်ကဆင်းရတယ်မရှိပါဘူး။ အလုပ်ကများတော့ ကားက နားရတယ်မရှိပါဘူး။ အင်း...ဒါပေမယ့် တစ်ခုတော့ရှိတယ်။ လွန်ခဲ့တဲ့ နှစ်လကျော်လောက်က အဲဒီ ဒရိုင်ဘာ လေးကို ဆယ်ရက်လောက် ခေါ်သိပ်လိုက်ရသေးတယ်။ အိမ်ကြီးပေါ်မှာ တော့ မဟုတ်ပါဘူး။ ကားဂိုဒေါင်နောက်က ပစ္စည်းဟောင်းတွေ ထားဖို့ လုပ်ထားတဲ့ စတိုခန်းလေးထဲမှာပါဗျာ။ အဲဒီအချိန်မှာ သူတို့ကုမ္ပဏီနဲ့ ဆက်သွယ်နေတဲ့ စင်္ကာပူသားသုံးယောက်က အင်းယားလိတ်ဟိုတယ် မှာ ရောက်နေတာကိုးဗျ။ ဒရိုင်ဘာလေးက တောင်ဒဂုံမှာနေတော့ ဒီအိမ်ကြီးကို လာပြီး ကားထုတ်၊ ပြီးတော့ အင်းယားလိတ်ဟိုတယ်ကို သွားရမယ်ဆိုတော့ ဘယ်နည်းနဲ့မှ စောစောမရောက်နိုင်ဘူးလေ။ ဒါကြောင့်ကို ခေါ်သိပ်ရတာပေါ့ဗျာ။ အင်း...စဉ်းစားစရာတစ်ခုတော့ ရှိတယ်။ အဲဒီ ဒရိုင်ဘာလေး အိပ်တဲ့ညမှာ ဆရာဝန်ကတော်က ပြတင်း ပေါက်ကနေပြီး ကားဂိုဒေါင်နောက်ဘက်မှာ လူရိပ်လိုလို ဘာလိုလို မြင်လိုက်ရတယ်လို့ နောက်တစ်နေ့နံနက် လက်ဖက်ရည်ဝိုင်းမှာ စကား စွန်းအစ ထွက်လာသေးတယ်။

✧ ✧ ✧ ✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com



ကဲ ကိုမာတင် ဇာတ်လမ်းကတော့ တိမ်မယောက်နဲ့နက်၊ လွှယ်မယောင်နဲ့ခက်နေပြီဗျ။ ဒီတော့ ကျုပ်မေးမယ် ခင်ဗျားက ဘယ်သူ့ကို လက်ညှိုးထိုးမှာလဲ၊ ကဲ ပြောလေဗျာ၊ ကြောင်ပါး ဘယ်သူလဲလို့။ ကျုပ်ကတော့ မပြောနိုင်တာအမှန်ပဲ။ တင်ငါသည် ရေနစ်နေပြီဗျ။ အဲဒါဘယ်သူ့ကြောင့်လဲ ခင်ဗျားကြောင့်သိလား။ ဘယ့်နှယ်ဗျာ ဗေဒင်ဆရာကိုခေါ်ပြီး လင်ကောင်ဖော်ခိုင်းရတယ်လို့ ဖြစ်မှဖြစ်ရလေပေဗျာ။ သူ့တစ်ပါး သားပျိုသမီးပျိုကို ခြေတော်တင်တဲ့လူရဲ့ဇာတာဆိုတာကို ကျုပ်ဗေဒင်မှာ မသင်ခဲ့ရဘူးဗျ။ အင်းလေ ... ကျုပ်မတတ်လို့ပဲ ဖြစ်ရမယ်။ ဒီဟောကိန်းက တော်တော်အန္တရာယ်ကြီးတယ်ဗျ။ မှန်ရင် ပါးတစ်ချက်၊ မှားရင် ပါးနှစ်ချက် အရိုက်ခံရမဲ့ကိန်းမျိုးဗျ။ လူမှား ဟောမိရင် တစ်ဘက်လူက ခံမှာမဟုတ်ဘူး။ မှန်တယ်ပဲထားပါဦး။ ကာယကံရှင်က ငြင်းနေရင် ကျုပ်က ဘာနဲ့သက်သေပြနိုင်မှာလည်း။ တော်တော်မလွယ်တဲ့အလုပ်ဗျ။ သွေးအုပ်စုတို့၊ မျိုးရိုးဗီဇတို့နဲ့စစ်ရင်တော့ ရမလားမသိနိုင်ဘူး။ ခက်တာက မိသားစုဆိုတော့ သွေးအုပ်စုလည်း တူနေမှာပဲ။ ထားပါတော့လေ။ ဒါက မဖြစ်နိုင်တဲ့ကိစ္စပါ။ ခက်တာက ကျုပ်မှာက မာနရှိတယ်။ ဘာပဲလုပ်လုပ် မလုပ်နိုင်ဘူးလို့ ပြောရမှာကို ကျုပ်သိပ်ရှက်တယ်။ ဒီတော့ ကျုပ်က ခင်ဗျား အနက်ကယ်ကြီးကို ဗေဒင်နဲ့တွက်လို့မရနိုင်ပါဘူးလို့ ပြောရမှာကို ပြောမထွက်ဘူးဖြစ်နေတယ်။ ဒါဖြင့် ကြောင်ပါးဘယ်သူလဲ၊ ဒါလဲ...ဗေဒင်ပညာနဲ့ ဖော်မထုတ်နိုင်တာကတော့ အမှန်ပဲဗျာ၊ ကဲ...ဘယ့်နှယ့်ရှိစ ကိုမာတင်။ တစ်ခုတော့ရှိတယ်၊ ဘယ်နေ့သား ဘယ်လိုပုံပန်းသဏ္ဌာန်မျိုးဖြစ်မယ်လို့ ဆင်ခြေရန်ရှောင် ဟောလို့ရပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားအနက်ကယ်ကြီး ကြည့်ရတာကလည်း ဦးတိကျကြီးဗျ။ ဒီလောက်နဲ့



ကျေနပ်မှာမဟုတ်ဘူး။ ကျုပ်အဖို့တော့ ဘေးကျုပ်နံကျုပ်ပဲဗျို့၊ ပိုက်လုံးခေါင်းထဲကို လေးဘက်ထောက်ပြီး ဝင်မိသလိုဖြစ်နေပြီ။ ရှေ့တိုးလည်း မထူး။ နောက်ဆုတ်လည်းမထူး။ ကဲ...ဒီတော့ ဘာလုပ်မလဲ။ အဲဒီအချိန်မှာ ဘုရားခန်းထဲကို ကောင်မလေးကဝင်လာပြီး အန်တီကြီးကို "အောက်မှာ လက်သမားဆရာ ရောက်နေပြီ"လို့ ပြောလိုက်တယ်လေ။ ဒီတော့ အန်တီကြီးက "အိမ်ခေါင်မိုးက အုတ်ကျွတ်တန်းတွေ ပြုတ်ပြီး မိုးယိုနေလို့ လက်သမားဆရာတွေ မှာထားတာကြာပြီ၊ ခုမှပဲ ရောက်လာတယ်"လို့ မကျေမနပ် မြည်တွန်ပြီး အောက်ထပ်ကို ဆင်းလိုက်သွားတယ်လေ။ ဒီတော့မှ ကျုပ်ရင်ထဲက အလုံးကြီးပြုတ်ကျပြီး အသက်ရှူချောင်သွားတော့တာပါပဲဗျို့။ အဲဒီအချိန်ကစပြီး ကျုပ်အနေနဲ့ ခင်ဗျားကို အနားမှာ မရှိစေချင်တော့ဘူးဗျာ။ ဘာရယ်ကြောင့်တော့ မဟုတ်ပါဘူး။ ကိုယ်နဲ့မဆိုင်ပါပဲလျက် သူတစ်ပါးရဲ့အတွင်းရေးကို သိနေရတာ မကောင်းဘူးဗျ။ လူ့ကျင့်ဝတ်တစ်ခုပေါ့ဗျာ၊ မဟုတ်ဘူးလား။ ဒီတော့ ကျုပ်က "ကိုမာတင် အန်တီကြီးကိုသွားပြီး အကူအညီပေးလိုက်ပါလား"လို့ ပြောလိုက်တယ်လေ။ အဲဒီတုန်းက ခင်ဗျားက ကျုပ်ကို သိပ်ကြည့်ပုံမရဘူး။ အနက်ကယ်ကြီးမျက်နှာကို လှမ်းကြည့်လိုက်တယ် မဟုတ်လား။ ဒီတော့ အနက်ကယ်ကြီးကလည်း ခင်ဗျားကို ခေါင်းညိတ်ပြလိုက်တယ်လေ။ ဒီတော့မှ ခင်ဗျားလည်း ဘုရားခန်းထဲက မထွက်ချင်ထွက်ချင်နဲ့ ထွက်သွားရတယ်လေဗျာ။ ခင်ဗျားလည်း ဘုရားခန်းအပြင်ရောက်သွားတာနဲ့ ကျုပ်လည်းစာရွက်တစ်ရွက်ပေါ်မှာ နာမည်တစ်လုံးရေးချလိုက်ပြီး အဲဒီစာရွက်ကို အနက်ကယ်ကြီးရှေ့ကို တွန်းပြလိုက်တယ်။ အဲဒီမှာတင် ခင်ဗျားအနက်ကယ်ကြီး မျက်လုံးပြူးသွားတော့တာပါပဲဗျာ။ ဘယ်ရမှာလဲ ကိုမာတင်။ ဟူသာ နေပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ပညာက မနေဘူးဆိုတဲ့စကားကို ကြားဖူးတယ်မဟုတ်လား။ ခင်ဗျား အန္တကယ်ကြီးတော့ တော်တော်စိတ်ထိခိုက်သွားတယ်နဲ့တူတယ်၊ ကျွန်ုပ်ကို တော်တော်နဲ့စကားပြန်မပြောနိုင်တော့ဘူး။ ငြင်းတမှိုင်မှိုင်နေတော့တာပါပဲဗျာ။ သူနိုးမိလို့မှ မအော်ရဲတဲ့အဖြစ်မျိုးကိုးဗျ။ နောက်ဆုံးတော့ ဒီအကြောင်းကို ဘယ်သူ့ကိုမှ ဖွင့်မပြောဖို့ ကျုပ်ဆီက ကတိတစ်ခုတောင်းတယ်လေ။ ကျုပ်ကလည်း လွယ်လွယ်နဲ့ပဲ ကတိပေးလိုက်ပါတယ်။ ကတိဆိုတာ ဈေးပေါပါတယ်ဗျာ။ ကဲ...ကိုမာတင် ဇာတ်လမ်းကတော့ ဒါပါပဲ။

✣ ✣ ✣ ✣ ✣ ✣

လမ်းရောက်တော့ ခင်ဗျားက ကျုပ်ကို ''ဘယ်သူလဲ''လို့ မေးတယ်မဟုတ်လား။ ကျုပ်သေသေချာချာပြောပြမယ်။ မြေနီကုန်းမီးပွိုင့်မှာလေဗျာ။ အဲဒီတော့ ကျုပ်က ဘယ်သူ့ကိုမှ ဖွင့်မပြောပါဘူးလို့ ခင်ဗျားအန္တကယ်ကြီးဆီမှာ ကတိပေးလိုက်တယ်ပြောတော့ ခင်ဗျားက ကျေနပ်ပုံ သိပ်မပြဘူးမဟုတ်လား။ မကျေနပ်လည်း မတတ်နိုင်ဘူးလေဗျာ။ လူကြီးလူကောင်းတစ်ယောက်ကို ပေးခဲ့တဲ့ကတိ ကျုပ်အနေနဲ့ ဘယ်လိုလုပ်ပြီးလွယ်လွယ်နဲ့ ဖျက်ရမှာလည်းဗျာ။ ခင်ဗျားကတော့ ကြောင်ပါးဘယ်သူလည်းဆိုတာကို သိပ်သိချင်နေမှာပေါ့။ ဒါတော့ ခင်ဗျားသိမှာမဟုတ်ဘူး။ ကျုပ်ကို ငွေတွေတောင်လိုပုံပြီးပေးတောင် ကျုပ်ကတော့ ဖွင့်ပြောမှာမဟုတ်ဘူးဗျ။ ဘယ့်နှယ်ဗျာ။ လူကြီးလူကောင်းတစ်ယောက်ကို ပေးခဲ့တဲ့ကတိ လွယ်လွယ်နဲ့ဖျက်ပစ်ရင် ကျုပ်ရွှေဖြစ်သွားမှာပေါ့ဗျာ။ မဟုတ်ဘူးလား။



ဒါပေမယ့် ကျုပ်အနေနဲ့က ဘယ်လိုနည်းနဲ့ ဗေဒင်ဟောခဲ့သလည်းဆိုတာကိုတော့ နည်းနည်းပြောပြပါ့မယ်။ ဒီလိုဗျ ''ဖမ္ဘူဒီပါ လက်ျာတောင်ကျွန်း နိမိတ်ထွန်း''ဆိုတဲ့စကားကို ခင်ဗျား ကြားဖူးတယ် မဟုတ်လား။ ဘိုးတော်မင်းတရားကြီးလက်ထက်မှာ အယူတော်မင်္ဂလာအမတ်ကြီးဟာ နိမိတ်ဖတ်အတတ်နဲ့ ဗေဒင်ဟောခဲ့ဘူးတယ်ဗျ။ အဲဒီအမတ်ကြီးရဲ့နည်းကိုယူပြီး ကျုပ်က ခင်ဗျားအန္တကယ်ကြီးကို မျက်လုံးပြူးသွားအောင် ဟောနိုင်ခဲ့တာပေါ့ဗျာ။ အင်း...ဒီလောက်စောင်းပါးရိပ်ခြေပြောရုံနဲ့ ခင်ဗျားသိနိုင်မှာမဟုတ်ပါဘူးလေ။ ကျုပ်... နည်းနည်းရှေ့တိုး ပြောမယ်။ အိမ်ခေါင်မိုးပြင်ဖို့ လက်သမားဆရာတွေရောက်လာတဲ့နိမိတ်လေဗျာ။ ရှင်းပြီလား။ အင်း... ဒီလောက်အရိပ်ပြလို့လည်း ခင်ဗျားအကောင်မြင်မှာမဟုတ်သေးပါဘူး။ ဒီလိုဗျ ''ခေါင်ကမိုးမလုံ''ဆိုတဲ့ မြန်မာစကားတစ်ခွန်းကို ကြားဖူးတယ်မဟုတ်လား။ တော်ပြီ၊ တော်ပြီ ဒီလောက်ဆိုရင် ခင်ဗျား သိလောက်ပါပြီဗျာ။ ဒီထက်ပိုပြောရင် ကျုပ်ရဲ့ကတိ ပျက်သွားလိမ့်မယ်။ ဒီလောက်နဲ့ပဲ ကျေနပ်ပါတော့ ကိုမာတင်။ အဖြေမဖော်နိုင်ရင်တော့ ခင်ဗျားရဲ့အပြစ်ပဲမဟုတ်ဘူးလားဗျာ။

✣ ✣ ✣ ✣ ✣ ✣

ကျုပ်ကတော့ အပြန်လမ်းမှာ ရင်ထဲကခံစားချက်တစ်ခုနဲ့ ဆို့နင့်ပြီး ခင်ဗျားကားပေါ်မှာ လိုက်လာခဲ့ရတယ်လေဗျာ။ အဲဒီခံစားချက်က ဘာလည်းသိလား ''အဝင်း''ဆိုတဲ့ကောင်မလေးမျာမှာ သံဝေဂ သလျော်ကြေးလို့ခေါ်မလား။ မေထုန်မှုနစ်နာကြေးလို့ခေါ်မလား။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မွေးစရိတ်လို့ခေါ်မလား။ ဘယ်လိုခေါ်ကြသလည်းတော့ မသိဘူး။ ငွေလေး လေးငါးထောင်လောက်ပိုက်ပြီးတော့ လင်ကောင်မပေါ်တဲ့ ကလေးကို တောမှာ ပြန်မွေးတော့မယ်လေဗျာ။ မွေးလာမယ့်ကလေး ခမျာမှာလည်း အဖေ ဘယ်သူဘယ်ဝါဆိုတာ သူ့တစ်သက်မှာ သိရတော့မှာ မဟုတ်ဘူးလေ။

*"အဲဒီမွေးလာမယ့်ကလေးလေးကို ဥတ္တရာသီအပြောင်းအလွဲများလှတဲ့ ဘဝကောင်းကင်ပြင်မှာ အတောင်တစ်ဘက်နဲ့ ပျံရတော့မယ့်ငှက်ကလေးတစ်ကောင်လို့ပဲ ကျုပ်က တင်စားပြီး ပြောလိုက်ပါတော့မယ်ဗျာ"*

ပြောသာပြောရတယ်။ အားတော့နာပါတယ် ကိုမာတင်။

(အတောင်တစ်ဘက်နှင့် ပျံသန်းနေရရှာသော ငှက်ငယ်များကို ရည်ညွှန်းပါသည်။)

မှတ်ချက်။ ။ ကျွန်တော်၏မိတ်ဆွေနာမည်မှာ ကိုသောင်းညွှန့်ဖြစ်သော်လည်း အားနာသောကြောင့် ကိုမာတင်ဟု နာမည်ကို ပြောင်းလွဲရေးသားထားပါသည်။

*လူအချင်းချင်း စော်ကားခြင်း ကင်းရှင်းကြပါစေ... ။*

*ဝင်းဇော် (သစ်တော)*

ပြီးပါပြီ

BURMESE CLASSIC .com

www.burmeseclassic.com